
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

★ အခန်း (၁) ★

★ သစ္စာပန်းလေးပွင့်

★ "ဝ" တစ်လုံးဂိုဏ်း

★ သွေးရဲသူ

★ လျှို့ဝှက်စေတမန်များ

## အခန်း (၁)

## သစ္စာပန်းလေးပွင့်

BURMESE CLASSIC

တစ်ခုသောနံနက်ခင်း ...

နေခြည်အတန်ငယ်လင်းဖြာစပြုချိန်၊ ဆောင်းနှင်းမြူတို့ ပါးလျားသွားစဉ်သမယမှာပင် လွန်စွာချောမောလှပသော မိန်းမ ပျိုလေးတစ်ဦးသည် စစ္စပန်း (သစ္စာပန်း) စည်းလေးကိုကိုင်ကာ မော်လမြိုင်ကျွန်းမြို့၏အရှေ့ဘက်ခြမ်း ကမ်းနားဈေးဘက်မှနေ၍ 'လောကသကျမာရဇိန်' ဘုရားကြီးဘက်သို့ ဦးတည်လျက် ခြေ လှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းလာလေ၏။

သူမသည် ဘုရားစောင်းတန်းမုခ်ဦးအဝသို့ရောက်လျှင် ဘတ္တီပါခြေညှပ်ဖိနပ်လေးကိုချွတ်ကာ စောင်းတန်းထဲသို့ ဝင် ရောက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သံပေါင်၊ သံတိုင်ကြီးများဖြင့် ခမ်းနားခိုင်ခံ့စွာ တည်ဆောက်ထားသော ဘုရားစောင်းတန်းကြီးထဲတွင် လူသူရှင်းလင်းလျက်ရှိကာ သက်ရှိလူသားဟူ၍ စောင်းတန်း၏လက်ဝဲဘက်တိုင်တစ်တိုင်၏ ခြေရင်းတွင်ထိုင်လျက် . . . လက်ထဲမှကြေးစည်လေးကို သစ်သားဘုလေးဖြင့် တဒူဒူတဝေဝေထုနေသော ဝဝဖိုင့်ဖိုင့်ဖိုးသူတော်ကြီးတစ်ဦးသာ ရှိလေ၏။

မိန်းမပျိုလေးသည် 'လောကသကျမာရဖိန်' ရုပ်ပွားတော်ကြီး၏ ရှေ့မှောက်သို့ရောက်လေလျှင် ပန်းမျိုးစုံဖြင့် ဝေဆာလျက်ရှိသော ကြွေပန်းအိုးကြီးသုံးအိုးထဲသို့ စစ္စပန်း (သစ္စာပန်း) တစ်ခိုင်စီကို ထိုးစိုက်လိုက်ပြီးနောက် လက်ထဲတွင် ပန်းခိုင်တစ်ခိုင်ကိုကိုင်ကာ . . . ရုပ်ပွားတော်မြတ်ကြီး၏ရှေ့တွင် ပုဆစ်တုပ်ထိုင်လိုက်လေ၏။

ထို့နောက် သူမသည် ပန်းအဝါပွင့်လေး လေးပွင့်ပါသောပန်းခိုင်ကို နဖူးရှေ့တွင်ထားလျက် ဘုရားကိုအာရုံပြုရင်း . . . ပါးစပ်မှတီးတိုးရွတ်ကာ ဘုရားကန်တော့ခြင်းပြုလေ၏။

ဘုရားကန်တော့ပြီးလျှင် သူမသည် ထိုင်ရာမှထရပ်ကာ အလယ်ပန်းအိုးဆီသို့ လျှောက်သွားလျက် . . . လက်ထဲမှပန်းခိုင်ကို ပန်းအိုးထဲသို့ ထိုးစိုက်ပူဇော်လိုက်လေ၏။

ထိုမိန်းမပျို၏ လှုပ်ရှားမှုအားလုံးကို ဖိုးသူတော်ကြီးသည် ထိုင်လျက်မှ တစေ့တစောင်း လှေ့လာအကဲခတ်ကြည့်ရှုနေသော်





လည်း ဘုရားစောင်းတန်းထဲမှ မိန်းမပျိုလေး ပြန်လည်ထွက်လာသောအခါတွင်မူ . . . မမြင်ဟန်ပြုကာ ဦးခေါင်းကို ငုံ့ထားရင်း ကြေးစည်ကိုသာ အချက်မှန်မှန် ထုလျက်ရှိလေ၏။

မိန်းမပျိုလေးသည် စောင်းတန်းမုခ်ဝသို့ အရောက်တွင် ကတ္တီပါဖိနပ်လေးကိုစီးကာ အနောက်ဘက်သို့ မြေလမ်းလေးအတိုင်း လျှောက်သွားလေ၏။

ထိုအခါ ဖိုးသူတော်ကြီးသည် ထိုင်ရာမှထပြီး စောင်းတန်းထဲမှ ကပျာကယာထွက်ကာ မိန်းမပျိုလေး၏နောက် ခပ်လှမ်းလှမ်းမှ လိုက်ပါသွားလေ၏။

'လောကသကျမာရဖိန်' ဘုရားဝင်းကြီး၏နံဘေးရှိ 'ပြည်လုံးချမ်းသာဆုတောင်းပြည့်' ဘုရားကြီးဝင်းရှေ့မှ မြေလမ်းအတိုင်း မိန်းမပျိုလေးနှင့် ဖိုးသူတော်ကြီးတို့ ဖြတ်လျှောက်သွားစဉ် . . . ယင်းပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရားကြီး၏စောင်းတန်းထဲမှ အသက်နှစ်ဆယ်ခန့်ရှိ ဖိုးသူတော်လေးတစ်ဦးသည် ကြေးစည်လေးတစ်လုံးကို လက်တွင်ကိုင်ရင်း ခပ်သုတ်သုတ်ထွက်လာပြီးလျှင် ဖိုးသူတော်ကြီးတို့၏ နောက်နားခပ်ခွာခွာမှ ခပ်လျှိုလျှိုဖြင့် လိုက်ပါသွားတော့၏။

မိန်းမပျို၊ ဖိုးသူတော်ကြီးနှင့် ဖိုးသူတော်လေးတို့သည် တစ်ဦး၏နောက်မှ တစ်ဦး ကိုက်ငါးဆယ်ခန့်ခွာကာ မြေလမ်းလေးအတိုင်း အနောက်ဘက်အရပ်သို့ ဦးတည်လျှောက်လှမ်းသွား

www.burmeseclassic.com



ကြရာ . . .

ရှေ့ဆုံးမှ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းလျှောက်နေသော အမျိုးသမီးချောသည် သူမ၏နောက်မှ နောက်ယောင်ခံလိုက်ပါလာသည့် ဖိုးသူတော်ကြီးကို သတိထားမိဟန်မတူသလို . . . ယင်းမိန်းမပျိုလေးကိုသာ မျက်ခြည်ပြတ်မသွားရအောင် အာရုံစိုက်လိုက်ပါလာလျက်ရှိသော ဖိုးသူတော်ဝဝကြီးမှာလည်း သူ့နောက် ဝါးနှစ်ပြန်သုံးပြန်ခန့်အကွာမှ လိုက်ပါလာသည့် ဖိုးသူတော်လေးကို ဂရုပြုမိပုံမရချေ။

သူတို့သုံးဦး ရှေ့ဆင့်နောက်ဆင့်ဆိုသလို လမ်းလျှောက်လာလျက်ရှိသော မြေလမ်းလေးတွင် လူသွားလူလာ အတန်အသင့်ရှိကာ လမ်း၏ဝဲဘက်၌ သံဃာတော်များ သီတင်းသုံးတော်မမူသည်မှာ ကြာပြီဖြစ်ဟန်ရှိသည့် ရှေးဟောင်းအုတ်ကျောင်းကြီးနှင့် လမ်း၏လက်ယာဘက်တွင် ချုံနွယ်များ၊ ကိုင်းပင်များ အနှံ့အပြားပေါက်လျက်ရှိသော ကွင်းပြင်ကျယ်ကြီးရှိလေ၏။

အဆိုပါကွင်းပြင်ကျယ်ကြီးကို နံနက်လေပြည်က တဝေ့ဝေ့ တိုက်ခတ်ဖြတ်သန်းလာလျက် ကိုင်းပင်၊ ချုံနွယ်တို့ကို ယိမ်းလှုပ်စေပြီးလျှင် တစ်ပတ်လျှိုဆံထုံးလေးထုံးထားသည့် မိန်းမပျိုလေး၏ဆံနွယ်စတို့ကိုပါ ကလူကျီစယ်လျက်ရှိရာ ပိတုန်းရောင်ဆံနွယ်မျှင်တို့မှာ တလွင့်လွင့်ဝဲပျံလျက် ရှိလေ၏။

ပဒုမ္မာအကျီလက်ရှည် လက်စည်းလေးနှင့် ချိတ်ထဘီ





လေးကို လှပသိမ်မွေ့သပ်ရပ်စွာ ဝတ်စားထားသော . . . မိန်းမပျိုလေးမှာ လမ်းဆုံသို့အရောက်တွင် လမ်းဆုံကိုဖြတ်ကူးလိုက်ပြီး ရှေ့၌တွေ့ရသည့် မြေလမ်းအတိုင်း ဆက်လက်လျှောက်လှမ်းသွားလေ၏။

ဖိုးသူတော်ဝဝကြီး နှင့် ဖိုးသူတော်လေးတို့မှာ မိန်းမပျို၏နောက်မှ ရှေ့ဆင့်နောက်ဆင့်လိုက်ပါသွားလေရာ အတော်အတန်သွားမိလျှင် ယင်းမြေလမ်းလေး၏ ဝဲယာတွင် လူနေအိမ်ခြေတဲ တစ်လုံးစ,နှစ်လုံးစကိုသာ တွေ့ရပြီး လူသူလွန်စွာပြတ်လတ်သောလမ်းဖြစ်ကြောင်း သတိမူမိလေ၏။

ဆက်လျှောက်လေလေ လမ်း၏ဝဲယာဘက်တို့တွင် ချုံနွယ်ပိတ်ပေါင်းနှင့် သစ်ပင်ဝါးပင်တို့ကိုသာ မြင်ရလေဖြစ်ကာ လက်ဝဲဘက်၌ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းအိုကြီးနှင့် ထုံးတို့ပျက်ပြယ်လျက်ရှိသော စေတီအိုလေးတစ်ဆူကို တွေ့ရပြီး မကြာမီမှာပင် . . . သချိုင်းမြေသို့ ရောက်ရှိသွားတော့၏။

မြို့ကွက်နှင့်သီးခြားဖြစ်လျက်ရှိသော သချိုင်းမြေထဲတွင် ချုံနွယ်ပိတ်ပေါင်းတို့ ပိုမိုထူထပ်လျက်ရှိရာ မိန်းမပျိုလေးမှာ ယင်းချုံနွယ်ပိတ်ပေါင်းတို့ အကြားမှ အုတ်ဂူအချို့နှင့် မြေပုံမို့မို့တို့ကို ကွေ့ပတ်ဖြတ်သန်းသွားပြီးနောက် ဖိုးသူတော်ဝဝကြီး၏ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့၏။

"ဟာ . . . ဘယ်ရောက်သွားပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသူတော်ကြီးလည်း မြေပုံမှိုမှိုမည်းမည်းများ၊ အုတ်ဂူဟောင်းများနှင့် ချုံနွယ်ပိတ်ပေါင်းတို့အကြားသို့ ဟိုရှာသည်ရှာလုပ်ရင်း . . . သုသာန်ဇရပ်အိုကြီးကိုတွေ့ရာ ဇရပ်အပေါ်နှင့် နံဘေးဝန်းကျင်အနှံ့ကြည့်သည့်တိုင် မိန်းမပျို၏အရိပ်အယောင်သော်မျှ မတွေ့ရတော့ချေ။

ဖိုးသူတော်ကြီးသည် ရှေ့သို့သာ ကုန်းကိုင်းရှာဖွေကြည့်ရှုနေသဖြင့် သူ၏နောက်နားသို့ ရောက်ရှိလာသော ဖိုးသူတော်လေးကို သတိမမူမိချေ။

ဖိုးသူတော်လေးသည်လည်း ဖိုးသူတော်ကြီး၏နည်းတူ ဟိုသည်ကြည့်ရှုရှာဖွေလိုက်သော်လည်း မိန်းမချောလေးကို အစအနပင် မတွေ့ရချေ။

"ဘယ့်နှယ်လဲဗျ ဦးသူတော်ကြီးရဲ့ . . . လေးပွင့်သစ္စာဒေဝီကို မတွေ့တော့ဘူးမဟုတ်လား"

ဟု ဖိုးသူတော်လေးက မေးလိုက်ရာ အသက်ငါးဆယ်ကျော်ခန့်ရှိသော ဖိုးသူတော်ကြီးမှာ လန့်ဖျပ်ကာ ချာခနဲလှည့်ကြည့်လျက် သူ၏နောက်နား နှစ်လံခန့်အကွာ၌ ပိန်ပိန်ပါးပါး ဖိုးသူတော်လေးကို တွေ့လိုက်ရသည်တွင် လက်ထဲမှ ကြေးစည်လေးလွတ်ကျသွားမတတ် အံ့သြသွားလေ၏။

"အလိုလေး . . . ဘယ်လိုကဘယ်လိုပေါ်လာတဲ့ မောင်သူတော်လေးပါလိမ့်၊ မောင်သူတော်လေးကလည်း လေးပွင့်သစ္စာ





ဒေဝီကို သိသတဲ့လား"

"သိပြီလားဗျာ . . . ကျုပ်လည်း ဦးသူတော်ကြီးလိုပဲ လေးပွင့်သစ္စာဒေဝီကို မြို့ရွာအနှံ့လိုက်ရှာနေရာက ဒီမော်လမြိုင်ကျွန်းမြို့လေးရောက်မှပဲ ခြေရာခံမိတော့တယ်ဗျို့၊ နေရာတော့ ကျပြီ . . . ဟဲ ဟဲ ဟဲ"

"ဒါ . . . ဒါဆို မောင်သူတော်လေးလည်း 'ဝ' တစ်လုံး သူတော်ဂိုဏ်းကပဲပေါ့ . . . ဟုတ်လား"

"ဟုတ်ပါ့ဗျာ ဟုတ်ပ . . . ဦးသူတော်ကြီးလည်း အဲဒီဂိုဏ်းကပဲ မဟုတ်လား။ ခုလို တစ်ဂိုဏ်းတည်းသားချင်း ဆုံတော့လည်း ကျုပ်တို့နှစ်ယောက် လက်တွဲပြီး ကျုပ်တို့ဂိုဏ်းရဲ့ မဟာရန်သူ လေးပွင့်သစ္စာဒေဝီကို အပြတ်ရှင်းကြတာပေါ့ဗျာ . . . မဟုတ်လား . . . ဟဲ ဟဲ ဟဲ"

သူတော်လေးက ခပ်ရွှင်ရွှင်လေသံဖြင့် ပြောလိုက်လေလျှင် ဦးသူတော်ကြီးသည် ဘေးဘီသို့ ကပျာကယာလှည့်ကြည့်လိုက်ပြီး . . .

"ကျုပ်တို့နှစ်ယောက်ရဲ့အင်အား ပေါင်းစည်းမိတာတော့ ဟုတ်ပါပြီ၊ ကျုပ်တို့ရဲ့ပစ်မှတ် လေးပွင့်သစ္စာဒေဝီက ဒီသုသာန်ထဲမှာ ပျောက်ခြင်းမလှပျောက်သွားပါလား၊ ကျုပ်တို့ အခုချက်ချင်း တောနင်းရှာကြမှပဲ"

ဟု ပြောကာ လက်ထဲမှ ကြေးစည်ကို အချက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အပေါ်သို့ တင်လိုက်ပြီးနောက် ခါးကြားတွင်ဝှက်ထားသည့် ဓား မြှောင်တစ်ချောင်းကို ဆွဲထုတ်လိုက်လေ၏။

သူတော်လေးလည်း သူ၏လက်ထဲမှကြေးစည်ကို အုတ် ဂူတစ်ခုအပေါ် လှမ်းတင်လိုက်ပြီး ခါးကြားမှ ဓားမြှောင်ကိုဆွဲထုတ် ကာ ဇရပ်ပေါ်လှမ်းတက်လိုက်လျက် သချိုင်းမြေကို အပေါ်စီးမှ စီးမိုးကြည့်ရှုရင်း ပျောက်သွားသောမိန်းမပျိုကို ရှာဖွေလျက်ရှိ တော့သည်။

ထိုစဉ် ဇရပ်၏အရှေ့ဘက်ရှိ အုတ်ဂူနှစ်လုံးအကြားမှ ကပ်စေးနဲချုံကြီးမှာ ယိမ်းလှုပ်သွားပြီး ချုံနောက်မှ မိန်းမချော၏ မျက်နှာ ပေါ်လာလေ၏။

"ဟော ...တွေ့ပြီ ...သေပေတော့"

ဖိုးသူတော်လေးသည် မိန်းမချောအား တိုက်ခိုက်ရန် ဇရပ်ပေါ်မှနေ၍ အုတ်ဂူတစ်လုံးအပေါ်သို့ လှမ်းခုန်လိုက်စဉ် အမျိုး သမီးသည် လက်ယာလက်ကို လျှပ်ပြက်သလို လှုပ်ရှားလိုက်ရာ နေရောင်၌ လက်ခနဲမြင်လိုက်ရပြီး ဆင်စွယ်ရိုးတပ်ဓားမြှောင်တစ် ချောင်းသည် လေကိုခွင်းလျက် သူတော်လေး၏ရင်ဝဆီသို့ ပြေး ဝင်လာတော့၏။

'ဝှစ်'

'ဒုတ်'

"အား"





အုတ်ဂူနှစ်လုံးအကြားသို့ ဦးစိုက်ထိုးကျသွားသော သူ တော်လေး၏ဖြစ်အင်ကို တွေ့လိုက်ရသည့် ဖိုးသူတော်ဝဝကြီးမှာ ဓားမြှောင်ကိုဝင့်လျက် ဇရပ်ပေါ်သို့ ကပျာကသီတက်လာရာ လေး ပွင့်သစ္စာဒေဝီကလည်း အုတ်ဂူတို့အပေါ်မှ ကျော်ဖြတ်ကာ ဇရပ် ပေါ် တက်လာလေ၏။

"ဒီမှာ ဖိုးသူတော်အတုအယောင်ကြီး ...ရှင့်ရဲ့အသက် မသေချင်ရင် နောက်ဆုတ်လိုက်၊ ကျွန်မကို ရှင့်တို့ နောက် ယောင်ခံလိုက်ပြီး ခုလို အန္တရာယ်ပြုဖို့ကြိုးစားတာဟာ တစ် ယောက်ယောက်က ခိုင်းလို့မဟုတ်လား၊ ရှင်တို့ကို ဘယ်သူက ခိုင်းတာလဲ၊ ရှင်တို့ကို ကျွန်မ မသတ်ချင်ပေမယ့် သတ်နေရပြီ၊ ကျွန်မက ရှင်တို့ကို စေခိုင်းသူနဲ့ပဲ ရင်ဆိုင်ချင်တယ်၊ အဲဒီလူဟာ ဘယ်သူလဲ ...ပြောစမ်း"

လေးပွင့်သစ္စာဒေဝီက ဖိုးသူတော်လေးထံမှရယူလိုက် သည့် ဓားမြှောင်ကိုမြှောက်ကိုင်လျက် ဓားမြှောင်ဦးဖြင့် ဖိုးသူတော် ကြီး၏မျက်နှာကို ချိန်ရွယ်ကာ ခက်ထန်မာကျောစွာ မေးလိုက် တော့၏။

"မင်းရဲ့ဇီဝိန်ကိုခြွေဖို့ ကျုပ်တို့ကိုစေခိုင်းသူကတော့ ကျုပ်တို့ရဲ့ ဂိုဏ်းချုပ်ဆရာကြီး သူတော်ရွှေပဲ၊ မင်းကိုသုတ်သင် နိုင်ရင် ရွှေနှစ်ပိဿာဆိုတဲ့ ဆုတော်လာဘ်တော်ရမယ်၊ ဒါ ကြောင့် မင်းကို ကျုပ်တို့ရဲ့ 'ဝ'တစ်လုံးသူတော်ဂိုဏ်းသားတွေ



www.burmeseclassic.com

www.burmeseclassic.com

ဟာ မြို့ရွာအနှံ့ ရှာပုံတော်ဖွင့်နေတယ်၊ ခုတော့ ကျုပ်က ကံအားလျော်စွာ မင်းကို ဒီမော်လမြိုင်ကျွန်းမှာ လာတွေ့ရပြီပေါ့၊ ကဲ ... နောက်ဘဝကျူးဖို့သာ အသင့်ပြင်ထားပေတော့''

ဖိုးသူတော်ကြီးသည် ပါးစပ်မှကြိမ်းဝါးရင်း လေးပွင့်သစ္စာဒေဝီဆိုသည့် မိန်းမချောကို ခုန်အုပ်ကာဓားမြှောင်ဖြင့် ပက်ထိုးထိုးလိုက်တော့၏။

လေးပွင့်သစ္စာ ဒေဝီသည် နောက်သို့ ဘယ်ခြေတစ်လှမ်းဆုတ်လိုက်ပြီး တစ်ဟုန်ထိုးဝင်လာသည့် ဓားချက်ကို ပွတ်ကာသီကာ ရှောင်လိုက်ရင်းမှ နောက်ပြန်တွက်ဓားဖြင့် သူတော်ကြီး၏ဓားကိုင်လက်ရင်းကို တွက်ထည့်လိုက်၏။

'ရွပ်'

''အား .. လား .. လား''

သူတော်ကြီးမှာ ညည်းညူအော်ဟစ်လိုက်သော်လည်း လက်မောင်းရင်းမှ သွေးများဖြာကျသွားရုံမှတစ်ပါး လက်မှဓားမြှောင်မှာမူ လွတ်မကျဘဲ ခန္ဓာကိုယ်ကြီးကို မယုံနိုင်လောက်သောလျင်မြန်ခြင်းမျိုးဖြင့် ချာခနဲလှည့်ကာ လေးပွင့်သစ္စာအား ဓားမြှောင်ဦးဖြင့် စိုက်ထိုး ထိုးလိုက်တော့၏။

လေးပွင့်သစ္စာဒေဝီမှာ လှစ်ခနဲဝင်လာသော ဓားချက်ကို ငုံ့ရှောင်လိုက်ကာ သူတော်ကြီး၏ ဝမ်းပိုက်ပူပူကြီးထဲသို့ ဓားမြှောင်ဦးဖြင့် အားကုန်ပင့်ထိုးလိုက်တော့၏။





'ဇွပ်'

''အောင်မယ်လေးဗျ''

သူတော်ကြီးမှာ ဝမ်းခေါင်းသံကြီးဖြင့် အော်ဟစ်လိုက်ရင်း ဓားမြှောင်စိုက်လျက်တန်းလန်းဖြစ်နေသော သူ၏ဝမ်းဗိုက်ပူကြီးကို လက်နှစ်ဖက်ဖြင့် ပွေ့ပိုက်ကာ မျက်ဖြူလန်လျက်မှ ရယ်ကြမ်းပြင်ပေါ်သို့ ဘုံးခနဲပစ်လဲကျသွားပါတော့၏။

လေးပွင့်သစ္စာဒေဝီမှာ သွေးအိုင်ထဲ၌ ထွန့်ထွန့်လူးကာ အသက်ခင်လျက်ရှိသော 'ဝ' တစ်လုံးသူတော်ကိုထားသား ဖိုးသူတော်အတုအယောင်ကြီးကို စက်ဆုပ်စွာတစ်ချက်ငုံ့ကြည့်လိုက်ပြီးနောက် လူသေအလောင်းတို့ကို သရဏဂုံတင်ရာ သချိုင်းဇရပ်ပေါ်မှ ခြေတစ်လှမ်းချင်းလှမ်းကာ ဆင်းသက်သွားတော့၏။


ထို့နောက် သူမသည် လာရာလမ်းအတိုင်း သုသာန်တစပြင်ထဲမှ တရွေ့ရွေ့ ထွက်ခွာသွားပါတော့သတည်း။

□□□



www.burmeseclassic.com

www.burmeseclassic.com



## ဝ တစ်လုံးဂိုဏ်း

ရန်ကုန်–အင်းစိန်ဘက်ရှိ မီးရထားသံလမ်းနံဘေးမှ ခြံကျယ်ကြီးတစ်ခုထဲတွင် ချုံနွယ်ပိတ်ပေါင်းတို့ အလယ်၌ နှစ်ထပ်တိုက်အိုကြီးတစ်လုံးမှာ လကွယ်ည၏ ကြယ်ရောင်မှေးမှိန်မှိန်အောက်တွင် ထီးထီးမားမား ဆိတ်ငြိမ်စွာတည်ရှိနေပါ၏။

မြင့်မားသော အုတ်တံတိုင်းကြီးများ လေးဘက်လေးတန်ကာရံထားလျက် ခြံဝသံတံခါးကြီးကို သော့ခလောက်ကြီးဖြင့် ခတ်ပိတ်ထားကာ တစ်အိမ်လုံး မှောင်နှင့်မည်းမည်းဖြစ်နေသော်လည်း ယင်းတိုက်အိုကြီး၏အောက်ထပ်ရှိ ခန်းမကျယ်ကြီးထဲတွင်မူ လူအယောက်နှစ်ဆယ်ခန့်သည် စုဝေးရောက်ရှိလျက်ရှိလေ၏။

ခန်းမကျယ်ကြီး၏ မျက်နှာကြက်တွင် မီးလုံးတစ်လုံး





ထွန်းညှိထားပြီး ခန်းမ၏ထိပ်ရှိ ကြီးမားသောစားပွဲကြီး၏ ဖေါ်ဘက်မှ အုတ်နံရံတို့အပေါ်တွင် နံရံကပ်မီးလုံးတို့ ထွန်းထားသော်လည်း ပြတင်းမှန်တံခါးချပ်တို့၏ အတွင်းဘက်မှ လိုက်ကာထူထူကြီးများ ကာရံထားသဖြင့် အိမ်ကြီးထဲမှအလင်းရောင်တို့မှာ မြင်ပသို့ လုံးဝထွက်ပြူခြင်း မရှိချေ။

ကျွန်းစားပွဲကြီး၏နောက်မှ ပန်းကနုတ်ဘောင်များ ခတ်ထားသည့် ရွှေပိန်းချသစ်သားကုလားထိုင်ခုံမြင့်ကြီးပေါ်တွင် ငွေရောင် ဖဲဝတ်စုံဖားဖားကြီးဝတ်လျက် မျက်နှာ၌ ပဝါဖြူပါးပါးစည်းထားသည့် လူတစ်ဦးသည် ခန္ဓာကိုယ်ကို ခပ်မတ်မတ်ထိုင်လျက်ရှိကာ သူနှင့်မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်အသီးသီးတွင် သူကဲ့သို့ပင် အဖြူရောင်ဝတ်စုံဖားဖားကြီးများဝတ်လျက် မျက်နှာ၌ ပဝါဖြူပါးပါးတို့ စည်းထားကြသည့် လူတစ်ဆယ့်ခြောက်ယောက်တို့သည် ဆိတ်ငြိမ်စွာထိုင်လျက် ရှိကြလေ၏။

ခန်းမကြီး၏ နောက်ဘက်တံခါးဝတွင်မူ အရပ်အမောင်းမြင့်မားထွားကျိုင်းလှသည့် ဝတ်စုံဖြူဝတ်သူတစ်ဦးသည် မားမားမတ်မတ် ရပ်လျက်ရှိပါ၏။

ကျွန်းစားပွဲကြီးတွင် ထိုင်နေသောသူသည်ကား ထိုလူစု၏ အကြီးအကဲဖြစ်မှာနိုင်ရှိကာ သူ၏လက်ယာဘက်လက်ထဲမှ သစ်သားတူလေးဖြင့် စားပွဲမျက်နှာပြင်ကို သုံးချက်ထုလိုက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကျုပ်တို့ 'ဝ'တစ်လုံးသူတော်အဖွဲ့ကြီးရဲ့ အစည်းအဝေးကို စတင်ပါပြီ ...၊

ကျုပ် ဦးစွာ သင်တို့ကိုပြောလိုတာက .. သင်တို့ ရသင့်ရထိုက်တဲ့ ရန်ပုံငွေခွဲတမ်းတွေကို ကျုပ်ဘက်က တာဝန်ကျေပွန်စွာ ခွဲဝေပေးပြီးဖြစ်သလို ကျုပ်ညွှန်ကြားတာဝန်ပေးတဲ့အလုပ်ကိုလည်း အောင်မြင်အောင်ဆောင်ကြဉ်းပေးဖို့ သင်တို့မှာ တာဝန်ရှိပေတယ် ... ကျုပ်ပြောတာဟုတ်ရဲ့လား"

ဟု တည်ငြိမ်သော အသံဖြင့်မေးလိုက်ရာ တစ်ဆယ့်ခြောက်ယောက်သော ဝတ်စုံဖြူတို့သည် ဖြိုင်တူဝန်ခံခြင်းပြုကြလေ၏။

"ဟုတ်ပါတယ် ဆရာကြီးသူတော်ရှေ့"

"သို့ကလို သင်တို့မှာ တာဝန်ရှိပေမယ့် အဲဒီတာဝန်ကို သင်တို့ ကျေပွန်အောင် မထမ်းဆောင်နိုင်ခဲ့ကြဘူး"

'ဝ' တစ်လုံးသူတော်အဖွဲ့ကြီး၏ခေါင်းဆောင် သူတော်ရှေ့၏ ပြစ်တင်သံအဆုံးတွင် ဂိုဏ်းသားတို့မှာ ဇက်ပုသွားကြပြီး ပင့်သက်ရှိုက်သံကြီး ထွက်ပေါ်လာတော့၏။

"သင်တို့ကို နှစ်လတိတိအချိန်ပေးခဲ့ပေမယ့် ကျုပ်ရဲ့ မဟာရန်သူ လေးပွင့်သစ္စာဒေဝီကို သုတ်သင်ပစ်ရမယ့်တာဝန် သင်တို့ မရွက်ဆောင်နိုင်ခဲ့ဘူး"

ဤတွင် ဝတ်စုံဖြူအင်္ကျီ၏ရင်ဘတ်၌ အင်္ဂလိပ်ဂဏန်း





(၁၀) ကို အနီရောင်ပိုးချည်ဖြင့် ရေးထိုးထားသော အသင်းသားတစ်ဦးသည် စကားပြောခွင့်ပြုရန် လက်တစ်ဖက်ထောင်လိုက်ပြီးနောက် စောဒကတက်လိုက်လေ၏။

"ဒါက ဒီလိုရှိပါတယ် ဆရာကြီး ... လေးပွင့်သစ္စာဒေဝီကို ကျွန်တော်တို့ မြို့ရွာအနှံ့လှည့်ပြီး ရှာဖွေပေမယ့် လေးပွင့်သစ္စာဒေဝီဟာ ရုပ်အမျိုးမျိုးဖျက်ပြီး တိမ်းရှောင်နေတာကြောင့် သူ့ကို ခြေရာခံလို့ မမိဘူးဖြစ်နေရတာပါခင်ဗျာ၊ ခြေရာခံမိလို့ကတော့ ကျွန်တော်ရဲ့လက်က မလွတ်စေရပါဘူး"

"နံပါတ် (၁၀) ... သင်လိုအပြောကောင်းခဲ့တဲ့ အသင်းသားနံပါတ် (၈) နဲ့ နံပါတ် (၁၂) တို့ဟာ လေးပွင့်သစ္စာဒေဝီကို မော်လမြိုင်ကျွန်းဆိုတဲ့ မြစ်ဝကျွန်းပေါ်ဒေသက မြို့ကလေးမှာ ခြေရာလည်းခံမိရော မရှုမလှ သေပွဲဝင်ခဲ့ကြရရောမဟုတ်လား"

အသင်းဂိုဏ်းချုပ်သူတော်ရှေ့၏ ချက်ပိုင်ပိုင်စကားကြောင့် အသင်းသားတို့မှာ ခေါင်းပုသွားကြရပြန်လေ၏။

"သင်တို့သိထားဖို့က လေးပွင့်သစ္စာဒေဝီဟာ အရှောင်အတိမ်း ရုပ်ဖျက်ကောင်းသလောက် သူ့ရဲ့စွမ်းရည်ကလည်း အံ့မခန်း ထက်မြက်လှပေတယ်၊ သူဟာ အခုဆို သူ့ရဲ့ မဟာရန်သူတော်သုံးဦးအနက်က တစ်ဦးရဲ့အသက်ကို သတ်ဖြတ်နိုင်ခဲ့ပြီးဖြစ်တယ်၊ သူဟာ ကျုပ်နဲ့ နောက်တစ်ယောက်ကိုပါ သတ်ဖြတ်ဖို့ စောင့်, မိနစ်တိုင်း ကြံစည်နေမှာဖြစ်တယ်၊ ဒါကြောင့် ကျုပ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



သေမင်းဖြစ်တဲ့ သင်းကို ကျူပ်ဘက်က လက်ဦးမှုရယူပြီး ရှင်းပစ်နိုင်ဖို့ အရေးကြီးတယ်၊ ဒီတော့ သင်တို့ဟာ ကျုပ်ရဲ့ကိုယ်စား လေးပွင့်သစ္စာဒေဝီကို မရ,ရအောင် ရှာဖွေပြီး ရှင်းလင်းသုတ်သင်ပစ်ပါ၊ လေးပွင့်သစ္စာဒေဝီရဲ့ ခေါင်းကိုဖြတ်ယူလာနိုင်တဲ့ အသင်းသားကို ရွှေသုံးပိဿာတိတိ ချီးမြှင့်မှာဖြစ်တယ်''

သူတော်ရွှေ၏ စကားအဆုံးတွင် အသင်းသားအားလုံးမှာ လှုပ်လှုပ်ရွရွဖြစ်သွားကြပြီး 'ရွှေ . . . နိပ်လိုက်လေ'၊ 'မနေရကျပြီ'၊ 'ဆုလာဘ်က ရွှေနှစ်ပိဿာကနေ သုံးပိဿာ ဖြစ်သွားပါပေါ့လား . . . ကြိုးစားရမှာပ' စသည်ဖြင့် တက်ကြွသောလေသံတိုးတိုးများဖြင့် စိတ်လှုပ်ရှားစွာ ရေရွတ်လိုက်ကြရာ ခန်းမကြီးတစ်ခုလုံးမှာ တီးတိုးသံတို့၏စုပေါင်းမှုကြောင့် တဝေါဝေါဖြစ်သွားလေ၏။

'ဗုံး . . ဖုံး . . ဗုံး'

သူတော်ရွှေ၏ သစ်သားတူထုနက်သံကြောင့် ခန်းမကြီးမှာ ပြန်လည်ဆိတ်ငြိမ်သွားတော့ရာ သူတော်ရွှေက ချောင်းဟန့်ပြီး စကားဆက်ပြန်၏။

''အဟမ်း အဟမ်း . . . တစ်ခုရှိတာက လေးပွင့်သစ္စာဒေဝီနဲ့ ပက်ပင်းဆုံပါလျက် နိုင်အောင်သုတ်သင်နိုင်ခြင်းမရှိဘဲ အရှုံးနဲ့ပြန်လာလို့ကတော့ အသင်းရဲ့ အပြစ်ဒဏ်နံပါတ် ၁ ကို ဆုလာဘ်အဖြစ်ရမယ်ဆိုတာ သတိပြုကြပေတော့''





သူတော်ရွှေ၏ သတိပေးချက်အဆုံးတွင် ဂိုဏ်းသားများမှာ ဖက်ပုသွားကြပြန်ပြီး ပြိုင်တူသက်ပြင်းချသံကြီးမှာ လုံနေ့သည့်ခန်းမကြီးထဲတွင် ပဲ့တင်ရိုက်ခတ်သွားလေ၏။

ဤတွင် အသင်းသားနံပါတ်(၁၃)သည် လက်တစ်ဖက်ထောင်ကာ ခွင့်တောင်းလိုက်ပြီးနောက် . . .

''ဆရာကြီးသူတော်ရွှေခင်ဗျား . . . ဆရာကြီးပေးအပ်တဲ့ တာဝန်ကို ကျွန်တော်တို့ ကျေပွန်အောင် ထမ်းဆောင်မှာဖြစ်ပါတယ်ခင်ဗျား။ တာဝန်မကျေဘဲ ရှုံးနိမ့်လာရင်လည်း ဆရာကြီးစီရင်မယ့် အပြစ်ဒဏ်အမှတ် (၁) ဖြစ်တဲ့ အဆိပ်ငွေ့လွှတ် သတ်ဖြတ်မှုသေဒဏ်ကို ကျေကျေနပ်နပ်ကြီးခံယူမှာ ဖြစ်ပါတယ်ခင်ဗျား၊ သို့သော်လည်း ကျွန်တော်တို့ဂိုဏ်းသားအများစုဟာ ဆရာကြီးနဲ့ လေးပွင့်သစ္စာဒေဝီတို့ ဘာဖြစ်လို့ မဟာရန်သူများအဖြစ် ရန်ငြိုးကြီးနေရသလဲဆိုတာကို သိလိုကြပါတယ်ခင်ဗျ၊ ကျွန်တော်တို့ကို ပြောပြနိုင်ရင် ပြောပြပေးပါလားခင်ဗျာ''

ဟု တောင်းဆိုမှုပြုလိုက်ရာ အခြားဂိုဏ်းသားတို့ကသည်း နံပါတ်(၁၃)၏စကားကို ထောက်ခံကြဟန်ဖြင့် ခေါင်းအညိတ်ညိတ် ဖြစ်နေကြတော့၏။

ဆရာကြီးသူတော်ရွှေလည်း ခေါင်းညိတ်လိုက်ပြီး . . .

''နံပါတ် (၁၃) တင်ပြတောင်းဆိုတာ သဘာဝကျပါတယ်၊ သင်တို့လည်း ကျုပ်တို့ရဲ့ အမုန်းကမ္ဘာမကြေဖြစ်ရပ်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားကြမှာပါပဲ၊ ကျွပ်ကလည်း ကျုပ်နဲ့ လေးပွင့်သစ္စာ ဒေဝီတို့ ဘာကြောင့် တစ်ဦးကိုတစ်ဦး သတ်ဖြတ်ချင်ရလောက်အောင် မုန်းရသလဲဆိုတဲ့ အတိတ်အကြောင်းရင်းကို ပြောပြဖို့ ရည်ရွယ်ထားပါတယ်၊ ဒါပေမဲ့ ဒီတစ်ပတ်အစည်းအဝေးမှာတော့ အချိန်မရလို့ မပြောသေးဘူး၊ နောက်အပတ်အစည်းအဝေးကျမှ ပြောပြမယ်''

ဟု မိန့်ကြားလိုက်လေ၏။

''ဒီအပတ်အစည်းအဝေးမှာ အရေးကြီးတဲ့ တာဝန်တစ်ရပ် ပေးစရာရှိတယ်၊ ဒီတစ်ပတ်တော့ အဲဒါကိုပဲ ဦးစားပေးရမယ်၊ အဲဒါက ဘာလဲဆိုတော့ မော်လမြိုင်ကျွန်းမြို့မှာ သေဆုံးသွားတဲ့ ကျုပ်တို့ရဲ့ဂိုဏ်းသားနှစ်ယောက်ရဲ့နေရာမှာ ဂိုဏ်းသားအသစ်နှစ်ယောက်နဲ့ အစားဖြည့်ဖို့ကိစ္စပဲ ...၊

ဒီတော့ သင်တို့ဟာ နောက်အပတ်အစည်းအဝေး ကျင်းပတဲ့အခါ အသင်းသားသစ်နှစ်ယောက်ကို စနစ်တကျခေါ်ယူလာကြစေချင်တယ်၊ အသင်းသားသစ်ခေါ်ယူခန့်ထားခြင်းရဲ့ စည်းမျဉ်းဥပဒေသတွေကို သင်တို့အားလုံး သိပြီးဖြစ်တယ်၊ အဲဒီလို လစ်ဟာသွားတဲ့ အသင်းသားနှစ်ယောက်ရဲ့နေရာမှာ အစားဖြည့်ပြီးမှ သင်တို့ကို ကျုပ်တို့ရဲ့သမိုင်းကြောင်း ပြောပြမယ် ...၊

ကဲ ... ဒီတော့ အသင်းသားအားလုံးဟာ အသင်းသားအမှတ် (၃) ဆီမှာ ခရီးစရိတ်၊ ကုန်ကျစရိတ်တို့ ထုတ်ယူပါ၊ ယုံကြည်စိတ်ချအားထားရမယ့် အသင်းသားသစ်နှစ်ဦးကိုလည်း ရှာဖွေခဲ့ကြပေတော့၊ နောက်တစ်ကြိမ်ကျင်းပမယ့် အစည်းအဝေးမှာ အသင်းသားသစ်ခေါ်လာနိုင်သူကို ထိုက်တန်တဲ့ဆုလာဘ် ချီးမြှင့်ပေးမှာဖြစ်တယ်၊ ဒါပေမဲ့ တစ်ခုသတိပြုရမှာက အသင်းသားသစ်နဲ့ပတ်သက်တဲ့ကိစ္စမှန်သမျှဟာ ခေါ်လာသူရဲ့တာဝန်သာ ဖြစ်တယ်၊ အသင်းအပေါ်သစ္စာမဲ့သူကို ခေါ်လာမိရင်တော့ ခေါ်လာသူပါ ကြီးလေးတဲ့အပြစ်ပေးခြင်း ခံရမယ် ... နားလည်ကြသလား''

''ဟုတ်ကဲ့ ... နားလည်ပါတယ် ဆရာကြီးခင်ဗျာ''

''ကဲ ... ဒါဆို စားစရာရှိတာ စားသောက်ပြီး ခရီးစရိတ်ထုတ်စရာရှိတာ ထုတ်ယူလို့ သေဝစ်စွာ ပြန်နိုင်ကြပါပြီ၊ ငွတ်နိုက် 'ဝ' တစ်လုံးတို့''

''ငွတ်နိုက်ပါ ဆရာကြီး''

ထို့နောက် သူတော်ရွှေသည် သူ၏ ကုလားထိုင်လက်တန်းပေါ်မှ လျှို့ဝှက်ခလုတ်တစ်ခုကိုနှိပ်လိုက်ရာ ကုလားထိုင်မြင့်ကြီးမှာ နောက်ဘက်သို့ရွေ့လျားသွားပြီး ကုလားထိုင်နောက်ဘက်မှ နံရံ၌လေးထောင့်အပေါက်တစ်ခုဖြစ်ပေါ်လာကာ ကုလားထိုင်မှာ ယင်းအပေါက်ထဲဝင်သွားပြီးနောက် လျှို့ဝှက်တံခါးချပ်သည်လည်း ပြန်ပိတ်သွားတော့၏။ 'ဝ' တစ်လုံးသူတော်ဂိုဏ်းချုပ်ကြီး သူတော်ရွှေကား အသင်းသားတို့၏မြင်ကွင်းမှ တစ်မုဟုတ်ချင်း







www.burmeseclassic.com

www.burmeseclassic.com

ပျောက်ကွယ်သွားချေပြီတည်း။

ထိုအခါမှ အသင်းသားတို့သည် ထိုင်ရာမှထကြကာ ခန်းမကျယ်ကြီး၏ ဝဲဘက်နံရံအနီးရှိ စားပွဲရှည်ကြီးပေါ်၌ အသင့်တင်ထားသည့် စားကောင်းသောက်ဖွယ်နှင့် အဖျော်ယမကာတို့ကို မိမိတို့နှစ်သက်ရာ ရွေးချယ်ယူငင်စားသောက်ကြတော့၏။

သူတို့၏မျက်နှာရှေ့မှ ပဝါပါးလေးမှာ ဦးခေါင်းကို လွှမ်းခြုံပြီး နှာခေါင်းတစ်ဝက်ခန့်အထိသာ ဖုံးကွယ်စည်းထားခြင်းဖြစ်သဖြင့် ပါးစပ်မှာ ပဝါစအောက်နားမှ လွတ်လျက်ရှိရကား လွတ်လပ်စွာ စားသောက်နိုင်ကြချေ၏။

သူတို့သည် ယင်းသို့ ပျော်ရွှင်စွာစားသောက်ကြပြီးနောက် မိမိတို့ရွက်ဆောင်ရမည့် တာဝန်နှင့်ပတ်သက်သည်တို့ကို အချင်းချင်းပြောဆိုဆွေးနွေးကြရင်း အသင်းသားအမှတ်(၃)ထံမှ စားရိတ် ငွေတစ်ရာကျပ်စီကို လက်မှတ်ရေးထိုးထုတ်ယူကြလေ၏။ ယင်းသို့ လက်မှတ်ရေးထိုးရာ၌ မိမိတို့၏နာမည်ကို ရေးထိုးခြင်းမပြုရဘဲ မိမိတို့နှင့် ဆိုင်ရာအသင်းသားနံပါတ်ကိုသာ ရေးထိုးရခြင်းဖြစ်လေ၏။

ငွေထုတ်ယူပြီးသူတို့သည် လုံခြုံရေးတာဝန်ခံ အသင်းသားအမှတ်(၄)ထံမှ နောက်အပတ်အတွက် စကားဝှက်ယူပြီးနောက် အစည်းအဝေးကျင်းပရာတိုက်အိမ်ကြီးထဲမှ တစ်ဦးနှင့်တစ်ဦး တစ်မိနစ်စီခြားကာ လျှို့ဝှက်သိပ်သည်းစွာ ထွက်ခွာသွား





ကြလျက် ခြံထဲရောက်သည်နှင့် ဝတ်ရုံဖြူကြီးနှင့် မျက်နှာမှပဝါပါးတို့ကို ချွတ်ခွာလိုက်ကြလေ၏။

ထို့နောက် ဝတ်ရုံကို ပဝါနှင့်အတူလုံးထွေးကာ အသင့်ယူလာသော ဘက်အိတ်ထဲထည့်ပြီး ခြံဝင်းထဲမှ လှမ်းထွက်လျက် ညှို့အမှောင်ထုထဲသို့ အသီးသီး အသက အသက တိုးဝင်ပျောက်ကွယ်သွားကြလေကုန်သတည်း ...။

□□□

www.burmeseclassic.com

www.burmeseclassic.com



# သွေးရဲသူ

'ဝ' တစ်လုံးသူတော်ဂိုဏ်းကြီး၏ အစည်းအဝေးကျင်းပပြီးနောက် နှစ်ရက်မြောက်သောနေ့တွင် ဘိုကလေးမြို့ မြစ်ဆိပ်ကမ်းနှင့်တည့်တည့် လူစည်ကားသောလမ်းမကျယ်ကြီး၏နံဘေးတွင် တည်ရှိသည့် 'ရှန်ဟာ' ဟု အမည်ခေါ်တွင်သော တရုတ်ဟိုတယ်လေး၏ မြေညီထပ်စားသောက်ခန်းထဲတွင် အသက်နှစ်ဆယ်ကျော်ခန့်ရှိ လူငယ်တစ်ဦးသည် စားပွဲတစ်လုံး၌ တစ်ဦးတည်းထိုင်ကာ ရမ်နှစ်ပက်ကို ငါးရှဉ့်ကျပ်တိုက်နှင့် မြည်းလျက်ရှိလေ၏။

အချိန်မှာ အပုပ်ချိန်ခေါ် ညနေစောင်းရန် နှစ်နာရီခန့်လိုသေးသည်ဖြစ်၍ ဟိုတယ်လေး၏ စားသောက်ခန်းထဲတွင်





ယမကာမှိုဝဲသူ နည်းပါးသေးပြီး အထက်ဖော်ပြပါလူငယ်အပြင် နောက်ထပ်စားပွဲနှစ်လုံးမှာသာ ဖောက်သည်လေးငါးယောက်ခန့်ရှိလေ၏။

အခြားဝိုင်းနှစ်ဝိုင်းမှ ကစော်သမားတို့သည် ယမကာကိုမှိုဝဲလိုက်၊ အချင်းချင်း စကားဖောင်လောက်အောင်ပြောလိုက်ဖြင့် ဆူညံစွာ စားသောက်နေကြသော်လည်း ကုတ်အင်္ကျီခပ်နွမ်းနွမ်းနှင့် ရှမ်းဘောင်းဘီအနက်တို့ကို ဝတ်စားထားသည့်လူငယ်မှာ သက္ကလတ်ဦးထုပ်အဟောင်းကို စားပွဲပေါ်တင်ထားလျက်မှ တစ်ဦးတည်း ဆိတ်ငြိမ်စွာ ရမ်ကိုမော့လျက်ရှိလေ၏။

ကုတ်အင်္ကျီနှင့်လူငယ်သည် ဖန်ခွက်ထဲမှ အရက်လက်ကျန်ကုန်သွားသဖြင့် စားပွဲထိုးအား နောက်ထပ်ရမ်နှစ်ပက် ထပ်မှာနေစဉ်မှာပင် သားသားနားနားဝတ်စားထားသည့် အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးခန့်လူကြီးတစ်ဦးသည် ကျောပိုးအိတ်တစ်လုံးကိုလွယ်ကာ ဟိုတယ်ဆိုင်ခန်းထဲသို့ ဝင်လာလေ၏။

မြင်းချေးရောင် ဘန်ကောက်လုံချည်၊ ကာကီရောင်သက္ကလတ်ကုတ်အင်္ကျီ၊ ကော်လံကိုကြေတိုက်ထားသည့် ရှပ်အင်္ကျီအဖြူ၊ သားရေပြောင်ရှူးဖိနပ်တို့နှင့် သားနားစွာဝတ်စားထားသော လူကြီးမှာ လူငယ်၏နံဘေးမှစားပွဲတွင် ဝင်ထိုင်လိုက်ပြီး ကျောပိုးအိတ်ကို နံဘေးကြမ်းပြင်၌ချကာ ဝီစကီနှစ်ပက်နှင့် ဆိုဒါ၊ ကြက်သားကြော်၊ အသီးအရွက်ကြော်တို့ မှာလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သက္ကလတ်ကုတ်အင်္ကျီနှင့်လူကြီးသည် ဝီစကီကို ဆိုဒါရောပြီး ခပ်မျှင်းမျှင်းသောက်နေရာမှ ဆိုင်၏အနေအထားနှင့် ဆိုင်ထဲမှလူတို့ကို မသိမသာအကဲခတ်ကြည့်ရှုနေစဉ် ဆိပ်ကမ်းဘက်မှ ခပ်ယိုင်ယိုင်လျှောက်လာသော လူသုံးဦးသည် ဟိုတယ်လေးရှေ့သို့ ရောက်လာလေ၏။

ဖလန်နယ်အင်္ကျီအကြောင်အကြားတို့ ဝတ်ဆင်ထားကာ လုံချည်တိုတို၊ ဆံပင်စုတ်ဖွားဖွား ညှဉ်းသိုးသိုးနှင့် အရက်မူးနေဟန်ရှိသော ထိုလူသုံးဦး ဆိုင်ထဲဝင်လာသည်တွင် စောစောက ဆူညံစွာစားသောက်နေကြသည့် ယမကာဝိုင်းနှစ်ဝိုင်းမှာ အသံတိတ်သွားပြီး ထိုဝိုင်းတို့မှ လူများသည် ညှဉ်းသိုးသိုးအသွင်ရှိသောက် မျက်နှာပေါက်များက ခက်ထန်ကြမ်းတမ်းကာ ခန္ဓာကိုယ်တုတ်ခိုင်ကြသည့် လူသုံးဦးကို မသိမသာငဲ့စောင်းကြည့်ရင်း ငြိမ်သက်သွားကြတော့၏။

ဖလန်နယ်အနီကွက်ကြီးဝတ်ထားသူမှာ ကျန်ညှဉ်းသိုးသိုးနှစ်ယောက်ထက် ခေါင်းတစ်လုံးပိုမြင့်ကာ ပိုမိုတုတ်ခိုင်သန်စွမ်းပုံရပြီး သူတို့သုံးဦးထဲတွင် ခေါင်းဆောင်ဖြစ်ပုံရလေ၏။

ထိုသူသည် ဟိုတယ်လေးထဲမှ ယမကာဝိုင်းတို့ကို မျက်မှောင်ကြီးကြုတ်ကာ ဝေ့ဝဲကြည့်ရှုအကဲခတ်လိုက်ပြီးနောက် နိုင်ငံခြားဖြစ် အကောင်းစားဝီစကီကို သောက်လျက်ရှိသော သက္ကလတ်ကုတ်အင်္ကျီနှင့်လူကြီးရှိရာ စားပွဲဆီ ကားယားကားယားဖြင့်





လှမ်းလျှောက်လာကာ စားပွဲပေါ်ခ္ဓျထားသည့် ဝီစကီဖန်ခွက်ကို မပြောမဆို ကောက်ယူလျက် တစ်ရှိန်ထိုး မော့သောက်လိုက်လေ၏။

ထိုလူ၏ ရိုင်းစိုင်းစော်ကားသောအပြုအမူကို ကောင်တာတွင်ထိုင်နေသည့် ဆိုင်ပိုင်ရှင်ထောင်ကဲကြီးနှင့် ယမကာဝိုင်းနှစ်ဝိုင်းမှ လူတို့က မျက်လုံးအပြူးသားဖြင့်ကြည့်နေကြပြီး ကုတ်အင်္ကျီနွမ်းနွမ်းနှင့် လူငယ်ကမူ စီးကရက်တစ်လိပ်ကိုဖွာရင်း ပေစောင်းစောင်း ကြည့်နေလေ၏။

ဝီစကီပိုင်ရှင်လူကြီးကမူ ခပ်အေးအေးအမူအရာဖြင့် ညှဉ်းသိုးသိုးလူကို မော့ကြည့်နေရာမှ ထိုသူ ...ဖန်ခွက်ကို စားပွဲပေါ်သို့ ဝွပ်ခနဲပြန်ချလိုက်သည်နှင့် ထိုင်ရာမှ ရုတ်ခနဲထရပ်လိုက်ပြီး ညှဉ်းသိုးသိုးလူ၏မျက်ခွက်ကို ကြီးမားသော လက်သီးဆုပ်ကြီးဖြင့် အရှိန်ပြင်းစွာ တစ်ချက်တည်းထိုးချလိုက်လေတော့၏။

'ခွပ်'

'ဝုန်း'

လွန်စွာပြင်းထန်သော လက်သီးထိုးချက်ကြောင့် ညှဉ်းသိုးသိုးလူမှာ နောက်သို့ ခြေတစ်လှမ်းစာခန့်လွင့်သွားပြီး စားပွဲနှစ်လုံးအကြားသို့ ဖင်ထိုင်လျက်သား ဝုန်းခနဲ ပြုတ်ကျသွားကာ သူ၏နှာဝမှာ သွေးတို့ တပွက်ပွက်ထွက်ကျလာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် မူးဝေသွားဟန်ဖြင့် ထိုင်လျက်သားမှ ဒယိမ်းဒယိုင်ဖြစ်နေစဉ် သက္ကလတ်ကုတ်အင်္ကျီနှင့်လူကြီးသည် သူ၏စားပွဲမှ လှမ်းထွက်လိုက်ပြီး ရုတ်တရက်ဖြစ်ပျက်သွားသည့် ဖြစ်ရပ်ကို မယုံနိုင်သောမျက်လုံးများဖြင့် ငေးကြောင်ကြောင်ကြည့် နေကြသည့် ကျန်ညှဉ်းသိုးသိုးလူနှစ်ဦး၏ ဖက်ပိုးတို့အား လက်ကြမ်းကြီးနှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်ကာ ထိုသူနှစ်ဦး၏ ခေါင်းနှစ်လုံးကို အချင်းချင်း ဆောင့်တိုက်ထည့်လိုက်တော့၏။

'ခွပ်'

"အား ‥ လား ‥ လား"

"အူး"

ထိုသူနှစ်ဦးသည်လည်း အရက်မူးခြင်းနှင့် ခေါင်းမူးခြင်းတို့ ပေါင်းစပ်သွားကာ ဒယီးဒယိုင်ဖြစ်သွားကြတော့၏။

"ဟော့ကောင် နှစ်ကောင် … ထပ်မနာချင်ရင် မင်းတို့ရဲ့ အဖော်ကို ခုချက်ချင်း ဆိုင်ထဲကခေါ်ထုတ်သွားကြစမ်း"

သက္ကလတ်ကုတ်အင်္ကျီနှင့်လူကြီးက အသံဝါကြီးဖြင့် ဟိန်းဟောက်ပြီး ဆိုင်အဝဆီသို့ လက်ညှိုးညွှန်ပြလိုက်ရာ ညှဉ်းသိုးသိုးလူနှစ်ယောက်လည်း စောဒကမတက်ဝံ့တော့ဘဲ သူတို့၏ အဖော်ကို ချိုင်းတစ်ဖက်ဆီမှ မကာ ဟိုတယ်ဆိုင်လေးထဲမှ ကတိုက်ကရိုက် ခေါ်ထုတ်သွားကြလေတော့၏။

"ကောင်းလိုက်တဲ့ လက်သံဗျာ"

---





"ဟုတ်တယ် … ဆိုင်တကာလှည့်ပြီး ဗိုလ်ကျနေတဲ့ ကောင်တွေ ဒီလို ဆုံးမ,နှိပ်ကွပ်ရဲတဲ့သူနဲ့တွေ့မှ မှတ်မှာ"

"အားရလိုက်ပါပေ့ဗျာ … ပြတ်သားလိုက်ပါပေ့၊ ဒီလို လူဖော်မျိုးနဲ့ တွေ့တော့လည်း ကျားကြီးဝင်းဖေတို့ အမြီးကုပ်ပြီး လစ်ရတော့တာပါလား ဟရို့"

ဘိုကလေးမြို့၏ လူမိုက်အကျော်အမော် ကျားကြီးဝင်းဖေတို့လူစု ဆိုင်ထဲဝင်လာစဉ်က ငြိမ်ကုပ်နေကြသည့် ယမကာဝိုင်းနှစ်ဝိုင်းမှ လူတို့မှာ ခုမှ အာပေါင်အာရင်းသန်သန်ဖြင့် ချီးကျူးထောပနာစကားဆိုကြပြီးနောက် သူတို့၏လက်ထဲမှ ယမကာခွက်တို့ကို အားပါးတရ မော့လိုက်ကြလေတော့၏။

ထောင်ကဲကြီးမှာမူ ကောင်တာနောက်မှ မျက်စိပျက်မျက်နှာပျက်ဖြင့် အူယားဖားယားပြေးထွက်လာပြီးလျှင် …

"စုတ်ခပဲ … စုတ်ခပဲ … ဝဆိုင်တော့ စုတ်ခတွေ တွေ့ပါပြီ၊ မိုးစိုးစက်စီးရဲတဲ့ စားကြီးဝင်းဖေကိုမှ သူက ထိုးလိုက်ရသလား၊ လုတော့ ရာဇဝတ်အိုး စုတ်နဲ့ထိုးမိပြီ … စုတ်ခပဲ၊ စီနေကြာရင် စက်စီးမိုးစိုးလိုက်လာတော့မှာ ဝဆိုင်တော့ ပျက်တော့မှာပဲ"

ဟူ၍ မျောက်မီးခဲနင်းမိသလို ပြူးပြူးပျာပျာဖြင့် ခုန်ဆွခုန်ဆွပြုရင်း ခြိမ်းသံပါအောင် အထိတ်တလန့် ညည်းညူလေတော့၏။

---



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာလတ်ကုတ်အင်္ကျီနှင့်လူကြီးကမူ ထောင်ကဲကြီးကို ဂရုမစိုက်ဘဲ စားပွဲထိုးလေးအား ဝီစကီနှစ်ပက် ထပ်မှာကာ ကြက်ကြော်နှင့်မြည်းရင်း ဝီစကီကို အေးအေးဆေးဆေး ဆက်သောက်နေတော့၏။

ဆိုင်ရှင်ထောင်ကဲကြီးမှာမူ ရတက်မအေးနိုင်ရှာဘဲ ဆိုင်ဝထွက်ပြီး လမ်းမဘက်ငဲ့ကြည့်လိုက်၊ ကောင်တာဆီပြန်ပြေးလာလိုက်နှင့် ကမ္ဘာပြိုတော့မလို ထိတ်လန့်လျက်ရှိတော့၏။

ယမကာဝိုင်းနှစ်ဝိုင်းမှ လူတို့သည်လည်း ထောင်ကဲကြီးပြောမှ မကြာမီ ဤဆိုင်ထဲတွင် မုန်တိုင်းကျတော့မည်ကို မြို့ခံလူများဝီဝီ ကြိုတင်တွက်ဆမိသဖြင့် ...

"ဟုတ်တယ်ဟေ့ ...မိုးကြိုးချက်ကြီးက ရမ်းကရမ်းနဲ့ ...တော်ကြာ ငါတို့ ကျွန်ဝယ်ရာအဆစ်ပါနေဦးမယ်၊ ဒီဆိုင်က မြန်မြန်ခွာမှ သိန်းဇော်ရေ"

"ဟေ့ကောင် ဝင်းတင် ...ဘေမြန်မြန်ရှင်း ...လစ်မယ်၊ အခြေအနေမကောင်းဘူး"

မြို့ခံကစော်သမားများဖြစ်ကြသော အောင်မြင့်၊ သိန်းဇော်၊ ဝင်းတင်တို့သုံးဦးသားမှာ အရက်လက်ကျန်ကို မြန်မြန်ဖြတ်ပြီး ငွေရှင်းကာ ဆိုင်ထဲမှ ခပ်သုတ်သုတ်ထွက်သွားကြတော့၏။

"စုတ်ခပဲ ...စုတ်ခပဲ"

ထောင်ကဲကြီးမှာ ကောင်တာတွင်ထိုင်ကာ ရရှိလာသော





ငွေစက္ကူများကိုရေတွက်ရင်း သွေးပျက်စွာ ဆီမန်းမန်းသလို ညည်းတွားလျက်ရှိစဉ်မှာပင် ဂျစ်ကားစုတ်တစ်စီးသည် ဟိုတယ်ဆိုင်အဝသို့ ဂူးခနဲမောင်းနှင်ရောက်ရှိလာတော့၏။

"ဟော ...စုတ်ခပဲ စုတ်ခပဲ ...ဝထင်တဲ့အတိုင်းလာဘီ လာဘီ"

ထောင်ကဲကြီးမှာ ကောင်တာနောက်မှနေ၍ မျက်လုံးအပြူးသားဖြင့် ဆိုင်အဝသို့ ထိတ်လန့်တကြားငေးကြည့်နေစဉ်မှာပင် ဂျစ်ကား၏ခေါင်းခန်းမှ အသားမည်းမည်းထောင်ထောင်မောင်းမောင်းနှင့် ဘုတ်ခိုင်ထွားကျိုင်းသောလူတစ်ဦးသည် ရှေးဦးစွာဆင်းသက်လာပြီး ဟိုတယ်ထဲသို့ ခြေလှမ်းကျဲကြီးများဖြင့် ဝင်လာလေတော့၏။

ယင်းသူ၏ဆံပင်သည် လိမ်လိမ်ကောက်ကောက်ရှိပြီး ပါးမိုးကားကား၊ မျက်မှောင်ထူထူ၊ မျက်လုံးပြူးပြူးနှင့် ဘီလူးကဲ့သို့ ကြောက်မက်ဖွယ်ရုပ်အဆင်းရှိကာ ဂရိတ်ကုတ်အင်္ကျီအနက်ကြီးကို ဝတ်ထားပြီး ကုတ်အင်္ကျီ၏အောက်၌ ရုပ်အင်္ကျီအကြောင်းအကြားဝတ်ထားကာ ဘောင်းဘီရှည်မှာ သဏ္ဍာလတ်အနက်ရောင် ဖြစ်ချေ၏။

သူ၏လက်နှစ်ဖက်ထဲတွင် လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသော်လည်း သူ၏နောက်မှလိုက်ပါလာသူလေးဦး၏ လက်ထဲမှာမူ သစ်သားတုတ်များ၊ ငုက်ကြီးတောင်ဒေါ်း



www.burmeseclassic.com

www.burmeseclassic.com



များ ပါလာလေ၏။ ထိုသူသည်ကား ဘိုကလေးမြို့၏ လူမိုက်ထိပ်ခေါင် မိုးကြိုးချက်ကြီးပင်ဖြစ်ကာ သူသည် ဘိုကလေးမြို့၏ ဆိပ်ကမ်းဈေးတွင် ငါးပုစွန်အဝယ်ဒိုင်ကြီးဖွင့်ထားပြီး လူမိုက်တပည့်တပန်းတို့ဖြင့် နေထိုင်သူဖြစ်၏။

မြို့ပေါ်မှ ပုလိပ်အရာရှိတို့နှင့် ပလဲနံပသင့်သူဖြစ်ပြီး ထိုစဉ်က ဗြိတိသျှကိုလိုနီအစိုးရအား ဆန့်ကျင်ရန် လျှို့ဝှက်စွာကြိုးစားလျက်ရှိကြသည့် မျိုးချစ်တော်လှန်ရေးသမားတို့၏ သတင်းကို တပည့်တပန်းတို့မှတစ်ဆင့် ထောက်လှမ်းကာ ဗြိတိသျှအာဏာပိုင်များထံ လက်တို့သတင်းပေးလေ့ရှိရာ နယ်ချဲ့အစိုးရ၏ လက်ကိုင်တုတ်လိုဖြစ်နေပြီး သူ၏ဆိုးမိုက်မှုတို့ကို တာဝန်ရှိသူတို့ကိုယ်တိုင် မသိကျိုးကျွန်ပြုထားသဖြင့် မိုက်ရှုးကောင်းနေသူကြီးဖြစ်၏။

လူမိုက်ခေါင်းဆောင် မိုးကြိုးချက်ကြီးနှင့် အတူပါလာသူလေးဦးအနက် နှစ်ဦးမှာ စောစောက ကျားကြီးဝင်းဖေနှင့် အတူလိုက်ပါလာသည့် ညှဉ်းသိုးသိုးလူနှစ်ဦးဖြစ်ရာ ထိုလူတို့မှာ စောစောက အမြီးကုပ်ပြေးခဲ့ကြသလောက် ယခုမှာမူ သူတို့၏ဆရာလူမိုက်အဓိပတိကြီးပါလာသဖြင့် မြောက်ကြွကြွအသွင်ဆောင်ကာ သက္ကလတ်ကုတ်အကျီနှင့် လူကြီးဆီသို့ လက်ညှိုးညွှန်ပြလိုက်ပြီး

"အဲဒီလူပဲ ဘိုချက် ... ကျားကြီးကို နှံလိုက်တာ"

ဟု ပြောဆိုလိုက်ရာ လူမိုက်မိုးကြိုးချက်ကြီးသည် သက္ကလတ်ကုတ်အကျီနှင့်လူကြီးရှိရာ စားပွဲဆီသို့ ခြေလှမ်းကျဲကျဲဖြင့် ဦးတည်လျှောက်လှမ်းသွားလိုက်ပြီး ဘွတ်ဖိနပ်ကြီးစီးထားသည့် သူ၏ လက်ယာဘက်ခြေထောက်ကို စားပွဲပေါ်သို့တင်လိုက်ကာ လူကြီးကို ခါးထောက်ငုံ့ကြည့်လိုက်လေ၏။

ဟိုတယ်စားသောက်ခန်းထဲမှ လူအားလုံးမှာ သက္ကလတ်ကုတ်အကျီနှင့်လူကြီးအတွက် လွန်စွာစိုးရိမ်ပူပန်သောမျက်လုံးတို့ဖြင့် ဝိုင်းကြည့်နေကြသော်လည်း ရမ်သောက်နေသည့် လူငယ်ကမူ လူမိုက်အုပ်စုကို မျက်မှောင်ကြုတ်လျက်သာ စိုက်ကြည့်နေလေ၏။

သက္ကလတ်ကုတ်အကျီနှင့်လူကြီးက မိုးကြိုးချက်ကြီးအား ခပ်စောင်းစောင်းမော့ကြည့်လိုက်ပြီး ခက်ထန်တင်းမာစွာ ပြောဆိုလိုက်၏။

"ဟေ့ကောင် ... မင်း လူမှဟုတ်ရဲ့လား၊ သူတစ်ပါးရဲ့ စားပွဲပေါ်ကို ခြေထောက်တင်တယ်ဆိုတာ လူတွေလုပ်တဲ့ အလုပ်မဟုတ်ဘူးကွ၊ ခွေးတိရစ္ဆာန်တွေရဲ့အလုပ် ... သိရဲ့လား"

"ဘာဗျ"

ထိုစဉ်က ဘိုကလေးမြို့ပေါ်တွင် တော်ရုံလူမှာ မိုးကြိုးချက်ကြီးကို နင်ပဲငဆပြောဝံ့ဖို့ နေနေသာသာ ... ပေစောင်းရှိမျှ ကြည့်ရဲသည်ဖြစ်ရကား ... ယခုလို ခွေးတိရစ္ဆာန်နှင့်နှိုင်းကာ အပြောခံလိုက်ရသဖြင့် မိုးကြိုးချက်ကြီးသည် မီးတောင်ပေါက်ကွဲ







www.burmeseclassic.com

www.burmeseclassic.com



သလို ဒေါသအိုးပေါက်ကွဲသွားကာ လူကြီး၏မျက်နှာကို ညာလက်ဝါးစောင်းဖြင့် ဖြတ်ခုတ်ချလိုက်တော့၏။

သို့သော် သက္ကလတ်ကုတ်အင်္ကျီနှင့်လူကြီးက သန်မာသောလက်ဖြင့် အရှိန်ပြင်းစွာကျရောက်လာသည့်လက်ကို ဖျတ်ခနဲ ဖမ်းဆုပ်ထားလိုက်ပြီးနောက် ကြမ်းပြင်၌ ထောက်လျက်ရပ်ထားသော မိုးကြိုးချက်ကြီး၏ ဝဲဘက်ခြေထောက်သခေါက်ခွက်ကို ရှူးဖိနပ်ဦးဖြင့် ဆောင့်ကန်ထည့်လိုက်ရာ မိုးကြိုးချက်ကြီးမှာ ပါးစပ်မှ 'အူး' ခနဲအော်လိုက်ပြီးနောက် ဟိုတယ်ကြမ်းပြင်ပေါ်သို့ အရပ်ကြိုးပြတ် ပြုတ်ကျသွားပါတော့၏။

ထိုခဏ၌ လူကြီးက ဖျတ်ခနဲထရပ်လိုက်ရာ မိုးကြိုးချက်ကြီး၏ တပည့်လူမိုက်တို့မှာ တုတ်တို့ဖြင့်ဝင်ရိုက်သလို၊ ဓားရှည်ကိုင်ထားသူတို့ကလည်း ဓားဖြင့် ဝင်ပိုင်းတော့၏။

'ဗိုး'

'ဝုန်'

'ဝုန်'

သို့သော် လူမိုက်အုပ်စု၏တုတ်၊ ဓားတို့သည် လေကိုသာဖြတ်ရိုက်ခုတ်သွားနိုင်ကြပြီး လူကြီးက ကိုယ်ကိုယို့၍လည်းကောင်း၊ နံဘေးသို့ ခြေတစ်လှမ်းတိမ်း၍လည်းကောင်း လျင်မြန်စွာ ရှောင်တိမ်းလိုက်လေရာ ဦးစွာသော တုတ်ချက်၊ ဓားချက်တို့မှာ အချည်းနှီးဖြစ်သွားရလေတော့၏။





လူမိုက်ခေါင်းဆောင်မိုးကြိုးချက်ကြီးမှာမူ သူ့တပည့်များကို မကူညီနိုင်ဘဲ အကြောပြတ်သွားသလား ထင်မှတ်ရသည့်နာကျင်လှစွာသော သူ၏ဝဲဘက်ခြေထောက်သခေါက်ခွက်ကိုသာ ညာလက်နှစ်ဖက်ဖြင့်ဆုပ်နယ်ကာ တအီးအီးအော်ညည်းရင်း ကြမ်းပြင်ပေါ်ဝယ် ဘယ်လူးညာလိမ့် ဖြစ်နေတော့၏။

"သေစမ်းကွာ . . . ခေါင်းကြောမာတဲ့လူ"

လူမိုက်တစ်စုမှာ လက်နက်အားကိုး အုပ်စုအားကိုးဖြင့် ကျားရဲတစ်ကောင်ကို ခွေးအတို့ဝိုင်းဆွဲသလို တုတ်၊ ဓားတို့ဖြင့် သက္ကလတ်ကုတ်အင်္ကျီနှင့်လူကြီးအား အဆက်မပြတ် ဝိုင်းဝန်းထိုးရိုက်ခုတ်ကြပြန်ရာ လူကြီးကလည်း တတ်နိုင်သမျှရှောင်တိမ်းခုခံနေရင်းမှ တစ်ချိန်တွင် သူ၏ဝဲဘက်လက်မောင်းရင်း ပခုံးစွန်းကို တုတ်ချက်မိသွားပြီး နံဘေးမှ လူငယ်ထိုင်နေရာစားပွဲဘက် ခန္ဓာကိုယ် ယိုင်ကျသွားလေတော့၏။

"အသေဆော်ဟေ့"

လူမိုက်အုပ်စုသည် တအားတက်သွားပြီး သက္ကလတ်ကုတ်အင်္ကျီနှင့်လူကြီးကို သွေးသံရဲရဲနှင့် ပွဲသိမ်းနိုင်ရန် တုတ်၊ ဓားတို့ကိုမြှောက်ရင်း ပြေးဝင်လာကြရာ ရမ်သောက်နေသည့်လူငယ်မှာ ထိုင်ရာမှ ဆတ်ခနဲထရပ်လိုက်ကာ သူ၏ ကုလားထိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်မြှောက်ရင်း ဆီးခံလိုက်လေတော့၏။

'ဒုတ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒုတ်'

'ရှုတ်'

လူမိုက်အုပ်စု၏ တုတ်ချက်၊ ဓားချက်တို့မှာ သက္ကလတ်ကုတ်အင်္ကျီနှင့်လူကြီး၏ကိုယ်ပေါ်သို့ မကျရောက်နိုင်တော့ဘဲ သစ်သားကုလားထိုင်ကိုသာ ရိုက်မိ၊ ခုတ်မိလေတော့၏။

လူငယ်သည် ကုလားထိုင်ကို နံဘေးဝေးဝေးသို့ ပစ်ချလိုက်ပြီး သက္ကလတ်ကုတ်အင်္ကျီနှင့်လူကြီး၏ရှေ့မှ မားမားမတ်မတ်ရပ်ကာ လူမိုက်အုပ်စုကို ရင်ဆိုင်လိုက်လေ၏။

"လာလေကွာ . . . လက်နက်အားကိုး၊ အုပ်စုအားကိုးနဲ့ လူမိုက်လုပ်ချင်တဲ့ကောင်တွေ"

ရဲဝံ့စွာစိန်ခေါ်ကာ ဝင်ရောက်စွက်ဖက်လာသည့် လူငယ်ကို ကြောင်ကြည့်နေရာမှ လူမိုက်လေးဦးမှာ ဒေါသအမျက်ခြောင်းခြောင်းထွက်သွားကြပြီး . . .

"တောက် . . . မဆိုင်ဘဲ ဝင်ရှုပ်တဲ့ မသာကောင်လေး . . . သေစမ်းကွာ"

ဟု ကြိမ်းဝါးလျက် တုတ်ဖြင့်ရိုက်၊ ဓားဖြင့်ပိုင်းခုတ်လေတော့၏။

'ဗိုး'

'ဝှစ်'

'ဝှစ်'





လူငယ်ကား ဝင်လာသမျှ တုတ်ချက်၊ ဓားချက်တို့ကို ဖျတ်လတ်စွာရှောင်ရင်း လျှပ်ပြက်သလို မြန်ဆန်လှသော လက်သီးထိုးချက်၊ ခြေကန်ချက်တို့ဖြင့် ပြင်းထန်စွာ ပြန်လည်တုံ့ပြန်တိုက်ခိုက်လေ၏။

ဦးစွာ ဝဲဘက်မှ စလွှယ်သိုင်းရိုက်ချလိုက်သည့် တုတ်ချက်ကို ညာခြေတစ်လှမ်းဆုတ်ကာ ဦးခေါင်းကိုငုံ့လျက် ဒူးညွှတ်ရှောင်လိုက်ပြီး လွဲသွားသည့်တုတ်ချက်နှင့်အတူ ရှေ့သို့ ငိုက်ဆင်းလာသည့် လူမိုက်၏နံကြားသို့ ဘယ်ထောက်လက်သီး ပစ်သွင်းလိုက်ရာ ပြင်းထန်အားပါလှသည့် လက်သီးချက်ကြောင့် အဆိုပါလူမိုက်မှာ နံရိုးကျိုးသွားဟန်ရှိကာ နံကိုလက်ဖြင့်ဖိရင်း အအင်းအင်းညည်းတွားလျက် ကြမ်းပြင်ပေါ်သို့ ပစ်လဲကျသွားတော့၏။

ထိုစဉ် ရှေ့တည့်တည့်မှ မိုးခုတ်လိုက်သည့် ဓားတစ်စင်းသာ လူငယ်၏ခေါင်းပေါ် ဝဲခနဲကျရောက်လေရာ လူငယ်က ညာခြေကို ရှေ့သို့ဖျတ်ခနဲတိုးရင်း ညာဒူးညွှတ်လျက် လက်နှစ်ဖက်ကို ကြက်ခြေခတ်ပြုကာ ဓားကိုင်လက်ကို ဖမ်းတားလိုက်ပြီး ညာထက်ဖြင့် ရန်သူ၏ဓားကိုင်လက်အား လျှပ်တစ်ပြက် လိမ်ချိုးချလိုက်လေ၏။

ရန်သူလူမိုက်မှာ ရှေ့သို့ ငိုက်ပါလာရာမှ လက်ကို ပြင်းထန်စွာ အလိမ်ခံလိုက်ရသဖြင့် ဆုပ်ကိုင်ထားသည့်ဓားကို လွှတ်



www.burmeseclassic.com

လိုက်မိရာ ဓားမှာ လှုငယ်၏လက်ထဲသို့ ပါသွားပြီး တစ်ချိန်တည်းမှာပင် လှုငယ်၏ညာဒူးပင့်တိုက်ချက်က အဆိုပါလူမိုက်၏ အရှိုက်ကို ကျကျနနကြီး ထိသွားလေသဖြင့် ထိုသူသည် ပါးစပ်မှ အီးခနဲညည်းတွားရင်း ရှေ့သို့ ခွေကျသွားတော့၏။

ယခုအခါ လှုငယ်၏လက်ထဲသို့ ဓားတစ်စင်းရောက်ရှိသွားပြီဖြစ်ရာ ကျန် တုတ်ကိုင်လူမိုက်နှင့် ဓားကိုင်လူမိုက်တို့မှာ ရှိန်သွားကြရာမှ နောက်သို့ဆုတ်ရန်လည်း မဖြစ်နိုင်တော့ရကား တုတ်ကိုင်လူက ဦးစွာလွှဲရိုက်ချလိုက်သည်တွင် ယင်းတုတ်ချက်ကို လှုငယ်က ဓားသွားဖြင့်ဆီးခံလိုက်ပြီး ညာခြေကန်ချက်က ထိုသူ၏ဆီးအိမ်ဆီ လှစ်ခနဲ ပစ်ဝင်သွားတော့၏။

'ဖောင်း'

"အား"

ထိုသူမှာ တုတ်ကိုလွှတ်ချလျက် သူ၏ဆီးခုံကို လက်နှစ်ဖက်ဖြင့်အုပ်ရင်း နာကျင်စွာ အော်ဟစ်ကာ ခွေခနဲကျသွားစဉ် နောက်ဆုံးကျန်ရှိသည့် ညာဘက်ဆုံးမှ လူမိုက်၏ဓားချက်က လှုငယ်ဆီသို့ လှစ်ခနဲ စလွယ်သိုင်းပြေးဝင်လာတော့၏။

ညာဘက်မှဝင်လာသည့် စလွယ်သိုင်းဓားချက်အား လှုငယ်သည် ခန္ဓာကိုယ်ကို ဝဲဘက်သို့တိမ်းလိုက်ပြီး ပင့်ဓားဖြင့် ဆီးခံလိုက်ရာမှ လက်ကောက်ဝတ်ကစားပြီး လက်ထဲမှဓားကို အောက်သို့ စက်ပိုင်းသဏ္ဍာန်ဝိုက်ဆွဲချလျက် လူမိုက်၏ညာခြေ





အောက်ပိုင်းအား ခုတ်ချလိုက်လေ၏။

'ရွှင်'

'ဂုစ်'

'ရှပ်'

"အား"

ဓားချက်က အဆိုပါလူမိုက်၏ ဘောင်းဘီရှည်အသားကို ထိုးဖြတ်ကာ ခြေသလုံးအား ဖြတ်ဆွဲသွားရာ ထိုသူမှာ အောင်မလေးဗျဟုအော်ရင်း ခြေသလုံးဆီမှ သွေးတို့ ရဲခနဲဖြာထွက်လာလျက် နာကျင်လွန်းသဖြင့် ဓားကို လက်ထဲမှလွှတ်ချကာ ကြမ်းပြင်ပေါ်သို့ ခွေခနဲကျသွားပြီး သူ၏ဝဲဘက်ခြေသလုံးအား လက်နှစ်ဖက်ဖြင့်အုပ်ကိုင်ရင်း ထွန့်ထွန့်လူးနေတော့၏။

ဟိုတယ်ကြမ်းပြင်ပေါ်တွင် ဖယိုဖရဲပြိုလဲကာ ရုပ်ပျက်ဆင်းပျက် အရေးနိမ့်သွားကြရသည့် လူမိုက်ဥသျှောင် မိုးကြိုးချက်ကြီးနှင့်အဖွဲ့မှာ လဲကျနေကြရာမှ ဒယီးဒယိုင်ဖြင့် လူးလဲထကြပြီးလျှင် ဒဏ်ရာပြင်းထန်စွာရသွားသူတို့ကို အချင်းချင်း တွဲဖက်ခေါ်ရင်း ဟိုတယ်ထဲမှ ကသုတ်ကယက်ထွက်သွားကြကာ ဂျစ်ကားပေါ်တက်ပြီး မောင်းပြေးတော့၏။

လှုငယ်က လက်ထဲမှဓားကို ဟိုတယ်ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ပြီး ပါးစပ်အဟောင်းသားဖြင့် ငေးကြောင်ကြည့်နေသည့် ပိုင်ရှင်တရုတ်ကြီးဘက်လှည့်ကာ . . .

www.burmeseclassic.com



"ကဲ ... ထောင်ကဲ ... ခင်ဗျားအမြင်ပဲနော်၊ အဲဒီကောင်တွေက ခင်ဗျားရဲ့ဟိုတယ်ထဲဝင်လာပြီး စော်ကားတာ၊ ဖြစ်ပျက်သမျှ ကျုပ်တို့အလွန် မဟုတ်ဘူး"

ဟု ပြတ်သားစွာပြောလိုက်သည့်တွင် ထောင်ကဲလည်း ကောင်တာနောက်မှ အူယားဖားယားပြေးထွက်လာပြီးလျှင် ...

"ဟုတ်ပါတယ် ... ဝ သိပါတယ်၊ ဝ အားလုံးမြင်သားပဲ ... လူတို့အလွန် မဟုတ်ပါဘူး၊ မိုးစိုးစက်စီးတို့ အလွန်ပါ၊ ဒီနေရာမှာ လူတို့မဟုတ်ဘဲ တခြားလူတွေသာဆို မိုးစိုးစက်စီးတို့ လက်စက်နဲ့ ဈေးချောင်းစီးမှာ"

ဟု ခြေကားယားလက်ကားယားဖြင့်ပြောရင်း လူမိုက်တို့ ကျန်ရစ်ခဲ့သည့် တုတ်၊ ဓားတို့ကို ပုလိပ်ဌာနအုပ်အား သက်သေခံပစ္စည်းအဖြစ်တင်ပြရန် သူ၏စားပွဲထိုးလေးတို့ကို ကောက်ယူသိမ်းဆည်းစေလိုက်၏။

သက္ကလတ်ကုတ်အင်္ကျီနှင့်လူကြီးလည်း သူ့အတွက်တင်မက ... လူငယ်သောက်စားထားသမျှကိုပါ ရှင်းပေးလိုက်ပြီး ကျောပိုးအိတ်ကိုကောက်လွယ်လိုက်ကာ လူငယ်၏ညာလက်ဖဝါးကို ဆုပ်ကိုင်လျက် ...

"မောင်ရင်ရဲ့ သတ္တိနဲ့စွမ်းရည်ကိုတော့ ကျုပ် လွှတ်သဘောကျသွားပြီ၊ ကျုပ်နဲ့ လိုက်ခဲ့စမ်းပါ၊ ကျုပ်မှာ မောင်ရင့်ကို ပြောစရာစကားတွေ အများကြီးရှိသွားပြီ၊ မောင်ရင့်အတွက်





အကျိုးမနည်းစေရပါဘူး ... လိုက်ခဲ့စမ်းပါ"

ဟု အတင်းဖိတ်မန္တကပြု ခေါ်ငင်လေတော့ရာ လူငယ်သည်း ငြင်းဆန်ခြင်းမပြုဘဲ သက္ကလတ်ဦးထုပ်ကို ကောက်ဆောင်းကာ လိုက်ပါခဲ့ရာ သူတို့နှစ်ဦးသည် ဟိုတယ်လေးထဲမှ ထွက်ပြီး ကမ်းနားဆိပ်ဘက်သို့ လျှောက်ခဲ့ကြတော့၏။

"ကျုပ်ရဲ့နာမည်က ဦးသီလလို့ခေါ်တယ်၊ ရန်ကုန်က ဘာတာပဲ၊ ပင်လယ်ပိုင်းကိုပတ်ပြီး မနက်ကပဲ ဒီဘိုကလေး ရောက်လာရာက ဒီနေ့တစ်နေ့လုံး ဘိုကလေးမြို့ပေါ် လျှောက်သွားရင်း ဒီညအဖို့တော့စောစောက တရုတ်ဟိုတယ်လေးမှာ အည်းမယ်လို့ ရည်ရွယ်မိတာပဲ၊ မောင်ရင့် နာမည်ကရော ဘယ်လိုခေါ်တုံး၊ ဒီဘိုကလေးကပဲလား"

"မဟုတ်ပါဘူး ... ကျွန်တော်က မြင်းကကုန်းကပါ၊ နာမည်က လူရဲပါ၊ ဒီဘိုကလေးမှာ အလုပ်အကိုင်ပေါ်တယ်ကြားလို့ အလုပ်ရှာရအောင်လာခဲ့တာပါ၊ သူငယ်ချင်းအိမ်မှာ တည်းပါတယ်၊ ရောက်နေတာတော့ နှစ်ရက်,သုံးရက်လောက် ရှိပါပြီ၊ ကျွန်တော့်သူငယ်ချင်းက ငါးဖမ်းစက်လှေနဲ့ ပင်လယ်ဘက်လိုက်သွားလို့ ကျွန်တော်ရောက်လာတော့ သူနဲ့မတွေ့ဘူး၊ သူမရှိဘဲ အိမ်မှာလည်း ဆက်မတည်းခိုချင်တော့တာနဲ့ မြင်းကကုန်းပြန်ဖို့ သင်္ဘောစောင့်ရင်း စိတ်ညစ်လို့ အရက်ဝင်သောက်မိပါတယ်၊ နာနဲ့ တန်းတိုးတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . မောင်လူဂုံရဲ့အဖြစ်က ဒီလိုကိုး၊ ဘာပဲဖြစ်ဖြစ် မောင်ရင်ဟာ ကျုပ်ရဲ့ကျေးဇူးရှင်ဖြစ်သွားပြီ၊ ကျုပ်က မတရားတာကို လုံးဝမခံချင်ပေမယ့် အုပ်စုကောင်းတဲ့ လူမိုက်တွေနဲ့ ယှဉ်ရာမှာ အရေးနိမ့်မလိုဖြစ်တုန်း မောင်ရင်ဝင်ကူပေလို့ ခေါင်းနဲ့ကိုယ် အိုးစားမကွဲခဲ့ရတာပဲ၊ ကဲ . . . အလုပ်လိုချင်တဲ့ မောင်ရင် ကျုပ်နဲ့ဆုံရလေမှတော့ အလုပ်ရဖို့ကိစ္စအတွက် ပူစရာမရှိပေဘူး . . . နေရာကျပြီသာ မှတ်လိုက်ပေရော့"

ဟု ဦးသီလက ပြုံးပြုံးကြီးပြောလိုက်ရာ လူရဲမှာ အံ့အားသင့် ဝမ်းသာသွားဟန်ဖြင့် . . .

"ဦးပြောပုံအရဆို ဦးက ကျွန်တော့်ကို အလုပ်ပေးနိုင်တယ်ပေါ့ . . . ဟုတ်လား၊ ဦးက ရန်ကုန်ကလုပ်ငန်းရှင်ကြီးများလား"

ဟု ဦးသီလ၏ သုံးပုံစွဲပုံ၊ ဝတ်စားပုံ ဂိုက်ဆိုက်ကိုကြည့်ကာ လွန်စွာအထင်ကြီးဟန်ဖြင့် မေးလိုက်လေ၏။ ကမ်းစပ်ဝယ်ရပ်လျက် ဦးသီလက ပြုံးလိုက်ရင်း သူ၏ သက္ကလတ်ကုတ်အင်္ကျီအောက်အိတ်ထဲမှ ငွေစီးကရက်ဘူးပြားလေးကို ထုတ်ကာ ဝှ
ပလေးယားစီးကရက်နှစ်လိပ်ကို ထုတ်ယူလျက် တစ်လိပ်ကို သူ၏နှုတ်ခမ်း၌ တပ်လိုက်ပြီး ကျန်တစ်လိပ်ကို လူရဲအား ကမ်းပေးလိုက်လေ၏။

ပြီးနောက် ငွန်ဆန်မီးခြစ်ကို ထောက်ခနဲခြစ်လိုက်ကာ





စီးကရက်မီးညှိလိုက်လျက် လူရဲကိုလည်း မီးညှိစေလိုက်ပြီးမှ မီးခြစ်အဖုံးကို ဖြောက်ခနဲ ဟန်ပါပါပိတ်လိုက်ပြီးနောက် . . .

"ကျုပ်က လုပ်ငန်းရှင်ကြီးတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ မောင်ရင့်လို အစွမ်းအစရှိတဲ့လူငယ်မျိုးကို ငွေဖောဖောသီသီ ရနိုင်စေမယ့် လုပ်ငန်းကိုင်ငန်းတစ်ခုရစေဖို့ ကောင်းကောင်းကြီး ဆက်သွယ်ဆောင်ကြဉ်းပေးနိုင်သူတော့ ဖြစ်တယ်ကွယ့်၊ တစ်ခုတော့ ရှိတယ် . . . မောင်ရင်ဟာ ကျုပ်ရဲ့စကားကို အတိအကျလိုက်နာပြီး သစ္စာရှိဖို့တော့ လိုတယ်"

ဟု ပြောလိုက်ရာ ငွေဖောဖောသီသီရစေမည့်အလုပ်ဟု ဆိုသဖြင့် လူရဲမှာ စိတ်ဝင်စားသွားပြီး . . .

"ပြောပါဦးဗျာ . . . ဘယ်လိုအလုပ်မျိုးလဲ၊ ငွေသာ များများရမယ်ဆိုရင် ကျွန်တော်လုပ်ချင်ပါတယ်၊ ဦးဟာ ကျွန်တော်ရဲ့ အကျိုးကို လိုလားသူဖြစ်ရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်၊ ဒါကြောင့် ဦးရဲ့စကားကို လိုက်နာဖို့လည်းမခဲယဉ်းပါဘူး၊ သစ္စာလည်း ရှိစေရပါ့မယ်"

ဟု စိတ်အားထက်သန်စွာ ပြောလေ၏။

ဦးသီလလည်း စီးကရက်ကို ဟန်ပါပါဖွာရှိုက်ရင်းမှ လူရဲကို ခြေဆုံးခေါင်းဆုံး ပြုံးကြည့်လိုက်ပြီးနောက် . . .

"ကဲ . . . မောင်လူရဲ . . . ကျုပ်ကိုယုံကြည်တယ်ဆိုရင် ကျုပ် ဒီညနေသင်္ဘောနဲ့ ရန်ကုန်ပြန်မယ်၊ တစ်ခါတည်းလိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေတော့၊ သဘော်ပေါ်ကျမှ လုပ်ငန်းကိုင်ငန်းကိစ္စနဲ့ပတ်သက်ပြီး အသေးစိတ်ပြောပြတော့မယ်၊ အလုပ်ကတော့ စွန့်စားရမယ့် အလုပ်မျိုးပဲ၊ သတ္တိဗျတ္တိရှိဖို့လိုတယ်၊ သစ္စာရှိဖို့လိုတယ် . . . အခု တော့ ဒီလောက်ပဲပြောထားပါရစေ၊ ငွေအတွက်ဖြင့်မပူနဲ့ . . . တောသူဌေးသားတစ်ယောက်လောက်တော့ မောင်ရင်သုံးနိုင်စွဲနိုင် စေရမယ်၊ ကြိုးစားရင် ကြိုးစားသလောက် အကျိုးအမြတ်ရမှာ ဘယ်နှယ့်လဲ . . . ကျုပ်နဲ့လိုက်နိုင်မလား''

ဟု သွေးတိုးစမ်းမေးလိုက်ရာ ရဲရင့်သောလူငယ်ဖိုးဖိုး စွန့်စားရမည့်အလုပ်မျိုးကို ဝါသနာပါသူဖြစ်ရကား လူရဲမှာ စိတ်ပါ လက်ပါ ခေါင်းညိတ်လိုက်လေတော့၏။

''လိုက်မယ် ဦးရာ . . . လိုက်မယ်''

''ရွှေ . . . ကြိုက်ပြီ၊ ဒါဆို ခုပဲ သဘော်လက်မှတ်ဖြတ် လိုက်ရအောင်''

သို့ဖြင့် ဦးသီလသည် သဘော်လက်မှတ်ရောင်းသော ဆိပ်ခံဘောတံတားအဆင်းနားမှ လက်မှတ်ရုံလေးသို့သွားကာ ရန်ကုန်သို့ လက်မှတ်နှစ်စောင်ကို ပထမတန်းမှ ဖြတ်လိုက်လေ ၏။

ထို့နောက် ဦးသီလသည် ဆိပ်ကမ်းအနီးမှ ခေါက်ဆွဲ ကြော်ဆိုင်သို့ လူရဲအား ခေါ်သွားကာ ညစာအဖြစ် ခေါက်ဆွဲကြော် နှစ်ထုပ် မှာလေ၏။ စတိုးဆိုင်တစ်ဆိုင်မှ ဝီစကီတစ်ပုလင်း





ဝယ်လေ၏။

မကြာမီ နေဝင်ရီတရောမှာပင် မော်လမြိုင်ကျွန်းဘက်မှ ခုတ်မောင်းလာသည့် ရောဝတီနှစ်ထပ်သဘော်ကြီးမှာ ဘိုကလေး ဆိပ်ကမ်းသို့ ဆိုက်ရောက်လာရာ အခြားခရီးသည်များနှင့်အတူ ဦးသီလတို့လည်း သဘော်ပေါ်သို့ တက်ကြလေ၏။

သဘော်၏ အပေါ်ထပ်ဦးပိုင်းနားမှ ပထမတန်းနှစ် ယောက်အိပ်ခန်းအတွင်း ရောက်ရှိပြီး နာရီဝက်ကျော်ကျော်ခန့် အကြာ သဘော်ထွက်လေမှ ဦးသီလသည် အခန်းတံခါးကိုရော ပြတင်းတံခါးတို့ကိုပါ ပိတ်လျက် ဝီစကီသောက်၊ ခေါက်ဆွဲ ကြော်စားရင်း လုပ်ငန်းကိုင်ငန်းကိစ္စကို စတင်ပြောကြားလေတော့ ၏။

❒

''ဗျာ . . . 'ဝ' တစ်လုံးသူတော်ကိုဏ်း . . . ဟုတ်လား ဦး''

''ဟုတ်တယ်ကွယ့်၊ အင်မတန် သိပ်သိပ်သည်းသည်း နဲ့ စနစ်တကျဖွဲ့စည်းထားတဲ့ လျှို့ဝှက်ဂိုဏ်းတစ်ခုပေါ့ကွယ်၊ 'ဝ' တစ်လုံးလို့ နာမည်ယူထားရတာကတော့ ဆင်းရဲသားတွေ



www.burmeseclassic.com

www.burmeseclassic.com



အပေါ် လူပါးဝပြီး ကုပ်သွေးစုတ်အမြတ်ထုတ်နေတဲ့ ချစ်တီးသူဌေးတွေ, စိန့်ဘာဘူတွေ, မြေပိုင်ရှင်လယ်ပိုင်ရှင်တွေ, ပိုက်ဆံဝါလားတွေအပေါ် ပြန်လည်လူပါးဝမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ အဲဒီနာမည်ယူထားတာပဲကွယ့်၊ နောက်ပြီးတော့ ဂိုဏ်းသားအားလုံးဟာ စွန့်စွန့်စားစားလုပ်ငန်းတွေလုပ်ပြီး အောင်မြင်မှုအသီးအပွင့်တွေကို ဝဝလင်လင်စားသုံးကြမယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးလည်း ပါတယ်၊ ပြီးတော့ အသင်းအပေါ်သစ္စာမဲ့သူတွေကို သေမင်းရဲ့လက်ထဲ ရက်ရက်စက်စက်ကြီး ဝကွက်အပ်မယ်ဆိုတဲ့ အနက်အဓိပ္ပါယ်လည်း သက်ရောက်သပေါ့ကွယ်''

ရန်ကုန်မြို့ဆီ ဦးတည်ခုတ်မောင်းလျက်ရှိသောရေဝတီနစ်ထပ်သင်္ဘောကြီး၏ အပေါ်ထပ်ရှိ ပထမတန်းအိပ်ခန်းထဲမှ ခုတင်တစ်လုံးပေါ်တွင် ဦးသီလမှာ တင်ပျဉ်ခွေထိုင်ရင်း မျက်နှာချင်းဆိုင်ခုတင်ပေါ်၌ ထိုင်နေသည့် လူရဲအား 'ဝ'တစ်လုံးသူတော်ဂိုဏ်းနှင့်ပတ်သက်သမျှကို ဆက်လက်ရှင်းပြလျက်ရှိလေ၏။

သင်္ဘော (First Class) အိပ်ခန်းအတွင်းမို့ အသံလုံသည်ဖြစ်ရကား သူတို့နှစ်ဦးမှာ လွတ်လပ်စွာ စကားပြောဆိုဆွေးနွေးနိုင်လေ၏။

''ဂိုဏ်းကိုဦးဆောင်တဲ့ ဂိုဏ်းချုပ်ဆရာကြီးရဲ့နာမည်က သူတော်ရွှေလို့ ခေါ်တယ်ကွယ့်၊ ဒါကြောင့် ကျုပ်တို့ရဲ့ဂိုဏ်းဟာ 'ဝ'တစ်လုံးသူတော်ဂိုဏ်းလို့ အမည်တွင်ရတာပါပဲ၊ အဲ ...





သူတော်ရွှေဆိုတာက ဂိုဏ်းချုပ်ကြီးရဲ့ မှုရင်းနာမည်ဟုတ်ချင်မှဟုတ်မယ်ပေါ့၊ သူတော်ရွှေဟာ ဘယ်သူလဲဆိုတာ၊ ဘယ်သူမှမသိကြဘူးကွယ့်၊ သိသွားတဲ့ဂိုဏ်းသားဟာလည်း ပြန်လမ်းမရှိစေတဲ့နေရာကို အော်တိုမစ်တစ်သွားရမှာပါပဲ''

''အင်း ... ဒီလိုဂိုဏ်းမျိုးရှိတယ်ဆိုတာ ကျွန်တော်ဖြင့်ကြားတောင်မကြားဖူးပါဘူး ဦးရယ်၊ ရန်ကုန်မြို့ကြီးကိုတော့သုံးလေးခေါက် အလည်အပတ်ရောက်ဖူးပါရဲ့၊ ဒါပေမဲ့ အဲဒီလိုလျှို့ဝှက်ဂိုဏ်းမျိုးရှိမှန်း မသိပါဘူး၊ ကျွန်တော်ကလည်း နယ်မြို့လေးမှာပဲ မွေးဖွားကြီးပြင်း ကျင်လည်ခဲ့ရတာမဟုတ်လား ... ခင်ဗျာ''

''အေး ... အဲဒီလိုလူမျိုးကိုပဲ ကျုပ်က လိုချင်တာကွယ့်၊ ဂိုဏ်းချုပ်ကြီးက ကျုပ်တို့ဂိုဏ်းသားတွေကို ဂိုဏ်းသားအသစ်ရှာဖွေပေးဖို့ တာဝန်နဲ့စေလွှတ်လေတော့ ကျုပ်ဖြင့် တွံတေး, ကျိုက်လတ်, ဖျာပုံ, ကျုံကဒွန်း, စက်ဆန်းဘက် လှည့်ပတ်ပြီး လူရှာခဲ့ရာက စိတ်တိုင်းကျမတွေ့တာနဲ့ ပင်လယ်ဘက်ကပြန်ပြီး ငါးဖမ်းလှေနဲ့လိုက်လာခဲ့ရင်း ဘိုကလေးရောက်မှ ကံအားလျော်စွာ မောင်ရင်နဲ့တည့်တည့်တိုးခဲ့တာပါပဲ၊ မောင်ရင်ကတော့ သွက်လက်ဖျတ်လတ်မှုရော, ရဲစွမ်းသတ္တိနဲ့ တိုက်ရည်ခိုက်ရည်ရှိမှုရော, ရိုးသားမှုရော ရှိပုံရလို့ ... ကျုပ်စိတ်ကြိုက်ဖြစ်ပြီလို့ဆိုရမှာပဲ၊ အဲ ... မောင်ရင်က ကျုပ်တို့အဖွဲ့ကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားပြီး အဖွဲ့ဝင်ဖို့ပဲ လိုတော့တာပေါ့ကွယ်''

ဦးသီလ၏စကားကို နားထောင်ရင်း လူရဲမှာ ခုတင်ပေါ်၌ လှဲလျောင်းလိုက်ကာ ခေါင်းအုံးပေါ်တွင် ခေါင်းမေးတင်လျက် စဉ်းစားတွေးတောနေလေ၏။

''အင်း ... ဦးသီလပြောပုံအရဆို 'ဝ' တစ်လုံးသူတော်ဂိုဏ်းဟာ ဥပဒေနဲ့မလွတ်ကင်းတာတွေကို လျှို့ဝှက်လုပ်နေတဲ့ ဂိုဏ်းပါလား။ ငါ့ဝါသနာအရ စွန့်စွန့်စားစားလုပ်ရမယ့် လုပ်ငန်းမျိုးတွေ ရှိနေတဲ့ဂိုဏ်းပဲ၊ ဥပဒေနဲ့ မလွတ်ကင်းတာကို မလုပ်ချင်ပေမယ့် လောလောဆယ် ငါ့ရဲ့ဘဝရပ်တည်ရေးအတွက် အလုပ်တစ်ခုခုလိုအပ်နေလေတော့ ငွေဖောဖောသီသီရနိုင်တဲ့ အဲဒီဂိုဏ်းထဲဝင်လိုက်ရင် ကောင်းမယ်ထင်တယ်၊ မြင်းကကုန်းကို ပြန်အခြေချဖို့တော့ မဖြစ်နိုင်တော့ဘူး။ ငါ့ဘဝမှာ အဖေရော၊ အမေရော မရှိတော့ဘူး။ အမေမဆုံးခင်က အမေ့ကို ဆေးကုရတာနဲ့ ငါတို့မိသားစုပိုင်တဲ့အိမ်ပိုင်းလေး ပြုတ်ခဲ့ရပြီ၊ ဒါကြောင့် ငါလည်း စေလိုရာစေဆိုပြီး ထွက်လာလိုက်တာ ဦးသီလနဲ့မှ တည့်တည့်လာတိုးနေတယ်၊ လောလောဆယ် အလုပ်မရှိအကိုင်မရှိနဲ့ ရေ့လျှောက် စားဖို့သောက်ဖို့တောင် အခက်အခဲဖြစ်နေတဲ့ ငါ့အဖို့ ဦးသီလတို့ရဲ့ 'ဝ'တစ်လုံးသူတော်ဂိုဏ်းထဲဝင်လိုက်ရင် လက်ရှိကြုံတွေ့နေရတဲ့ဘဝပြဿနာတွေ ပြေလည်သွားမှာတော့ အမှန်ပဲ''

ခုတင်ပေါ်တွင် ပက်လက်လှန်အိပ်ရင်းစဉ်းစားတွေးဆ





နေဟန်ရှိသည့် လူရဲကို ဦးသီလသည် စီးကရက်သောက်လျက်မှ အကဲခတ်ကြည့်ရှုလိုက်ပြီး ...

''ဘယ်နှယ့်လဲ မောင်လူရဲရဲ့ ... စွန့်စားရမယ့်အလုပ်ဆိုသို့ တွန့်သွားသလား။ တော်တော့ ယောကျ်ားတွေကတော့ ကျုပ်တို့ရဲ့အသင်းအဖွဲ့ထဲ ဝင်ဖို့ စိတ်ကူးဝံ့မယ်မထင်ဘူး''

ဟု လှုယ်သာသာဖြစ်သော လူရဲ၏စိတ်ကို မခံချင်အောင် ဆွပြီးမေးလိုက်လေ၏။

ထိုအခါ လူရဲသည် လှဲလျောင်းနေရာမှ ငေါက်ခနဲထထိုင်ပြီးလျှင် မခံချင်သောလေသံဖြင့် ပြန်ပြောလိုက်လေ၏။

''စွန့်စားရမှာမို့ တွန့်တာမဟုတ်ပါဘူးဦးရယ်၊ အကျိုးအမြတ်ရှိမယ့်ကိစ္စမျိုးအတွက် စွန့်စားရမှာဖြင့် အသက်စွန့်ရချင်စွန့်ရပါစေ ... လူရဲတို့က နောက်မတွန့်တတ်ပါဘူး''

''နေရာကျလိုက်လေကွယ် ... ကျုပ်ကလည်း အဲလိုစိတ်ဓာတ်မျိုးမှ ကြိုက်တာကွယ်''

''ဒါထက် ... ဦးတို့ရဲ့ဂိုဏ်းထဲဝင်ရင်ကော ကျွန်တော့်အတွက် အကျိုးအမြတ်တကယ်ရှိမှာ သေချာတယ်နော်''

''ရော် ... သေချာပြီလားကွယ်၊ ကျုပ်တို့အဖွဲ့မှာ နံပါတ်(၁) ဂိုဏ်းချုပ်အပါအဝင် ဂိုဏ်းသားအယောက်နှစ်ဆယ်ရှိတယ်၊ အားလုံးဟာ သူ့နေရာနဲ့သူ လူစွမ်းလူစ ရှိသူတွေချည်းပဲကွယ့်၊ တချို့က ဖောက်ထွင်းရာမှာ ကျွမ်းကျင်တယ်၊ တချို့က



www.burmeseclassic.com

www.burmeseclassic.com



မှင်မောင်းကောင်းပြီး အရေးရှိလို့ တစ်ဖက်သားကိုယုံလောက်အောင်ပြောဖို့ဆိုရင် လွှတ်အားကိုးရတယ်၊ တချို့ကျတော့ အသတ်အပုတ်မှာ ဝိဇ္ဇာ၊ ဗေဒင်ကလည်း ယဉ်မှယဉ်၊ တချို့ကျတော့ ခြောက်ထပ်တိုက်လောက်ကို သံချိတ်အကူ၊ ကြိုးအကူမပါဘဲ ပင့်ကူတစ်ကောင်လို တက်နိုင်ဆင်းနိုင်တယ်၊ အဲဒီလို လူမျိုးတွေချည်း လက်ရွေးစင်ကောက်သင်းကောက်စုထားတာကွယ့်၊ ရလာတဲ့အကျိုးအမြတ်ကို အပုံ(၂၂)ပုံ ပုံပြီး (၃)ပုံကို ဂိုဏ်းချုပ်သူတော်ရွှေက ယူတယ်၊ ကျန်တဲ့ (၁၉) ပုံကိုတော့ ဂိုဏ်းသား (၁၉) ယောက်က တစ်ပုံစီ အညီအမျှရယူခွင့်ရှိတယ်ကွယ့် …၊

ပြီးခဲ့တဲ့နှစ်ကဆို ဘဏ်ဖောက်မှု နှစ်မှု၊ ပြန်ပေးဆွဲမှု သုံးမှု၊ သုံးဆယ်က ချစ်တီးအိမ်ဓားပြတိုက်မှုနဲ့ လဏ္ဍာလမ်း (ယခု လသာလမ်း) တရုတ်တန်းက ဘိန်းခန်းပိုင်ရှင် လျောင်ကီးကို အနုကြမ်းစီးမှုတို့နဲ့ နှစ်သိန်းကျော်လောက်ရခဲ့ပြီလား။ ဒီတော့ တွက်ကြည့်စမ်း … ကျုပ်တို့အသင်းသားတွေအဖို့ ဘယ်လောက်မြက်မြက်ကလေးရလိုက်တယ်ဆိုတာ၊ အဲဒီကရတဲ့ဝေစုနဲ့တင် ကျုပ်ဟာ ပွဲစားလုပ်ငန်းဗန်းပြပြီး စမ်းချောင်းဘက်မှာ တိုက်ခန်းနဲ့ဘာနဲ့ ဟန်ကျပန်ကျနေနိုင်တာ မောင်လူရဲရဲ့၊ ဟော …ခုလို ဂိုဏ်းချုပ်ခိုင်းတဲ့ကိစ္စနဲ့ ခရီးလမ်းပန်းထွက်ရတော့လည်း ခရီးစရိတ်ရသေးတယ်ကွ …ဘယ်လောက်ဟန်ကျသတုံး၊ ခရီးစရိတ်ဆိုတာက ပေးတာနဲ့မလောက်ရင် စိုက်သုံးထား …ပြီးချင်





စာရင်းပြန်တင်ပြီး ထပ်ထုတ်လို့ရသေးတယ်၊ ဟဲ ဟဲ …ဒါကြောင့် ကျုပ် ဖောဖောသီသီ သုံးစွဲနိုင်တာပေါ့၊ မောင်ရင့်လို အစွမ်းအစမျိုးနဲ့ ကျုပ်တို့အသင်းထဲဝင်လို့ အသင်းအတွက် အားကိုးအားထားထိုက်ပြီး နေရာကျပြီဆိုရင် မောင်ရင် တစ်သက်လုံး အေးအေးချမ်းချမ်းနေနိုင်ပြီ မှတ်ပေရော့၊ လူချမ်းသာတစ်ယောက်လို ဖောဖောသီသီသုံးနိုင်မယ်၊ လူကြီးလူကောင်းတစ်ယောက်လို ခမ်းခမ်းနားနားနေနိုင်မယ်၊ ကျုပ်တို့အသင်းအပေါ် သစ္စာရှိနေသရွေ့ ချမ်းသာမှာ ကောန်မလွဲပဲကွယ့်”

ဦးသီလ၏ မစားရဝခမန်းစကားတို့ကို နားထောင်ရင်း ဘဝတစ်လျှောက်လုံးဆင်းရဲခဲ့သမျှ လူချမ်းသာဖြစ်ချင်နေသော လှရဲမှာ စိတ်အားတက်ကြွလာပြီး …

“ကောင်းပြီ ဦးရာ …ဝင်မယ်၊ အဲဒီအဖွဲ့ထဲ ဝင်မယ်”

ဟု ကတိပြုလိုက်လေတော့၏။

ဦးသီလလည်း သက်ပြင်းကြီး ကျိတ်ချလိုက်ပြီးနောက် ဝေပြည့်ပြည့်မျက်နှာကြီးကို ပြုံးလိုက်လျက် …

“အေး …ဒီလိုမှပေါ့ကွယ်၊ မောင်ရင်လေးဟာ ကြီးပွားရာကြီးပွားကြောင်းအတွက် ရလာတဲ့အခွင့်အရေးကို လက်မလွှတ်တမ်း ဆုပ်ကိုင်နိုင်မယ်ဆိုတာ ကျုပ်က ယုံကြည်ပြီးသားပါ၊ ဘယ့်နှယ့် …ဒီလို လူရည်လူသွေးမျိုးဟာ ဒုံးဝေးရမယ်လို့၊ ခုတော့ နေရာကျပြီ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျေနပ်စွာပြောကာ စီးကရက်တိုကို အခန်းထောင့်သို့ တောက်ထုတ်လိုက်ပြီး ပီတိအပြုံးနှင့်အတူ ခုတင်ပေါ် လှဲအိပ်လိုက်ပါတော့သတည်း။

❒

နောက်တစ်နေ့နံနက် မိုးမလင်းမီမှာပင် ရောဝတီ သင်္ဘောကြီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လေရာ ဦးသီလနှင့် လူရဲတို့သည် ကမ်းပေါ်သို့တက်ခဲ့ပြီးနောက် မိုးလင်းရန် အချိန်အတန်ငယ်လိုသေးသည်နှင့် ဆိပ်ကမ်းအနီးမှ ကုလားကာဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ရင်း လက်ဖက်ရည်တစ်ခွက်စီနှင့် စမူဆာကြော်တို့စားကာ ဟာနေသောဝမ်းကို ဖြည့်ကြလေ၏။

သူတို့သည် ချောင်ကျသောစားပွဲတွင် ထိုင်လျက်ရှိကြပြီး ဆိုင်၏အတွင်းပိုင်း၌ လူသူရှင်းလျက်ရှိရာ လူရဲက သိလိုသည်တို့ကိုခပ်တိုးတိုးမေးလိုက်လေ၏။

"နေပါဦး ဦးရဲ့ ... ကျွန်တော်က ဦးတို့ရဲ့အသင်းထဲ ဘယ်တော့ဝင်ရမှာလဲ၊ ဘယ်လိုဝင်ရမှာလဲ ... သေချာပြောပါဦး။ ကျွန်တော့်မှာ ဘဝရှေ့ရေးအတွက် စိတ်လေသလိုဖြစ်နေလို့သာ ကောက်ကာငင်ကာ လိုက်လာရတယ် ... တည်းခိုတဲ့အိမ်က





အဝတ်အစားအပိုထည့်ထားတဲ့ လွယ်အိတ်လေးမှ ပြန်မယူဖြစ်ခဲ့ဘူး။ လက်ထဲမှာလည်း ငွေက ငါးကျပ်ပြည့်အောင်တောင် မရှိဘူးရှေ့ ... ဘယ်လိုနေ, ဘယ်လိုစားလို့, ဘယ်လိုဆက်လုပ်ရမှာလဲဗျ"

"ဒါ့အတွက်များတော့ မပူပါနဲ့ငါ့လူရယ်၊ ဒီမှာ ... မောင်ရင်လုပ်ရမယ့် အစီအစဉ်နဲ့ ကျုပ်စီမံပေးမှာတွေကို ပြောပြမယ် ... သေချာနားထောင်"

ဦးသီလက လက်ဖက်ရည်တစ်ကျိုက်မော့လိုက်ပြီးနောက် ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်လိုက်ကာ လည်ချောင်းရှင်းလိုက်ပြီးမှ စကားဆက်သည်။

"ဒီလို မောင်လူရဲရဲ့ ... မိုးနည်းနည်းလင်းတာနဲ့ အငှားကားငှားပြီး ကျုပ်ရဲ့တိုက်ခန်းရှိရာ စမ်းချောင်းဘက်ကို သွားမယ်၊ မောင်ရင်က လောလောဆယ် ကျုပ်ရဲ့အခန်းမှာ ကျုပ်နဲ့အတူ လိုက်နေရမယ်၊ ကျုပ်ငှားထားတဲ့တိုက်ခန်းမှာက ကျုပ်တစ်ယောက်တည်းနေတာကွယ့်၊ ကျုပ်ဟာ အိမ်ထောင်ကျပြီးပေမယ့် ကျုပ်ကို မိန်းမပေွလို့ရုပ်လို့ဆိုပြီး ကျုပ်ရဲ့ဇနီး ရွှေညာသူက ပစ်ထားခဲ့တာ ကြာပေါ့၊ ကျုပ်ကလည်း ကြက်များလိုရှုပ်ကျရာ ပျော်ပြီး စပါးပွဲစားဘဝက တစ်ရွာတစ်ကျီဆောက်မိတော့ ကျုပ်ရဲ့မိန်းမ မိချမ်းဝေလည်း ကျုပ်ကိုစိတ်နာပြီး ကလေးနှစ်ယောက် လက်ဆွဲလို့ အိမ်ပေါ်ကဆင်းသွားတာ နှစ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်လောက် ရှိပြီကွယ့်၊ ကျုပ်ရဲ့သမီးကြီးဆို မောင်ရင်တို့ အရွယ်လောက် ရှိရော့မယ် . . . ဒါတွေထားပါတော့လေ''

ဦးသီလက စီးကရက်မီးညှိဖွာပြီးနောက် ဆက်ပြောပြန်သည်။

''ကျုပ်ဟာ နာမည်သာ သီလ . . . လုပ်သမျှဟာ ဒုသီလ အလုပ်ချည်းပါပဲ၊ စပါးပွဲစားလုပ်ရင်း ခရမ်း,သုံးခွဘက်မှာ ကြွက်ပိုင်းဝင်လောင်းမိရာက စတီးဘရားသားကုမ္ပဏီက စပါးဝယ်ဖို့ပေးလိုက်တဲ့ ငွေတွေပါ လောင်းကြေးရှုံးတဲ့အထဲ ပါသွားလို့ တရားစွဲခံရတယ်လေ၊ အဲဒါနဲ့ အလုပ်ပြုတ်, ထောင်ကျရာက ထောင်ကထွက်လာတော့ စတီးဘရားသားကုမ္ပဏီဆီ ပြန်သွားပြီး မှားတုန်းက မှားခဲ့ပါတယ်၊ မှားမိတဲ့ဝဋ်ကြွေးကိုလည်း ဆပ်ပြီးပါပြီ၊ ကျုပ်ကို အလုပ်ပြန်ခန့်ပါလို့ ဒူးနဲ့မျက်ရည်သုတ်မတတ် တောင်းပန်တာတောင် မျက်နှာဖြူမန်နေဂျာနဲ့အဖွဲ့က အလုပ်မပေးတဲ့အပြင် မောင်းထုတ်ခဲ့တယ်လေ၊ အဲဒီမှာ ကျုပ်လည်း မျက်နှာဖြူကောင်တွေနဲ့ ငွေရှင်ကြေးရှင်တွေအပေါ် စိတ်အနာကြီးနာသွားခဲ့ရာက ကြည့်မြင်တိုင်ဘက်မှာ မြင်းလှည်းမောင်းသမားအဖြစ် ရရာအလုပ်ဝင်လုပ်ခဲ့ရသေးတယ်ကွယ့် . . .၊

အဲဒီလို မြင်းလှည်းမောင်းရင်း သုံးနှစ်လောက်အကြာမှာပဲ တစ်ညမှာတော့ ကျုပ်ရဲ့မြင်းလှည်းကို လှည်းတန်းဘက် ငှားစီးသွားပြီး လိုရာခရီးလည်းရောက်ရော မြင်းလှည်းခမပေး





ဘူးလို့ ပြောင်ငြင်းတဲ့အပြင် ရိုက်မယ်,ပုတ်မယ်လို့ ခြိမ်းခြောက်ကြတဲ့ ဂေါ်ရာစစ်သားသုံးယောက်ကို ကျုပ်လည်း လှည်းရုံတိုင်မှာ အပ်ချည်ထားတဲ့ ရှားနှစ်သားတုတ် ဖြုတ်ပြီးတွယ်ထည့်လိုက်တာ သင်းတို့ လမ်းဘေးမှာမှောက်သွားရော . . .၊

အဲဒီမှာတင် ကျုပ်တို့ရဲ့ရန်ပွဲကို ဘယ်အချိန်ကတည်းက စောင့်ကြည့်နေမှန်းမသိတဲ့ လူတစ်ယောက်ဟာ လမ်းဘေးမှောင်ရိပ်ထဲက ထွက်လာပြီး ကျုပ်ရဲ့လက်ထဲ ငွေတစ်ဆယ်နဲ့ စာရွက်ခေါက်တစ်ရွက် လာထည့်တယ် . . .၊

သူက . . . ခင်ဗျားတော့ ရာဇဝတ်အိုး တုတ်နဲ့ထိုးမိပြီ၊ ကြာခင် ဒီနေရာဆီ ဂေါ်ရာစစ်သားတွေ အုံနဲ့ကျင်းနဲ့ရောက်လာတော့မယ်၊ မြင်းလှည်းခအဖြစ် အဲဒီငွေကိုယူပြီး ပြေးပေတော့၊ နောက်ဖြန်တော့ စာရွက်ထဲကလိပ်စာအတိုင်း မနက်ကိုးနာရီထိုးမီ လာခဲ့၊ ခင်ဗျားရဲ့သတ္တိနဲ့ ထိုက်တန်တဲ့ အလုပ်ကောင်းပေးမယ် . . . လို့ ပြောတယ်ကွယ့် . . .၊

အဲဒီနောက် အဲဒီလူက မှောင်ရိပ်ထဲဝင်ပြီး ပျောက်သွားတော့ ကျုပ်လည်း မြင်းလှည်းကိုပြန်ကွေ့ပြီး လာရာလမ်းအတိုင်း အစ်ချိုးတည်းလစ်ခဲ့ရတာပေါ့ . . .၊

နောက်နေ့မနက်မှာတော့ ညကလူ ပေးခဲ့တဲ့လိပ်စာအတိုင်း သွားခဲ့တယ်၊ လက်စသတ်တော့ အဲဒီလူဟာ 'ဝ'တစ်ခုံးသူတော်ကိုဏ်းသား ဖြစ်နေတာကိုး၊ အဲဒီမှာတင် သူက ဘောင်



www.burmeseclassic.com

www.burmeseclassic.com



ရင့်ကို ကျုပ်ပြောတဲ့စကားမျိုးတွေပြောပြီး ‘ဝ’တစ်လုံးသူတော် ဂိုဏ်းရဲ့အကြောင်း ရှင်းပြတော့တာပဲ၊ သူက ကျုပ်ရဲ့သတ္တိကို သဘောကျပြီး ‘ဝ’ တစ်လုံးသူတော်ဂိုဏ်းထဲ ဝင်စေချင်တယ်တဲ့ ကျုပ်လည်း မြင်းလှည်းသမားဘဝကို ငြီးငွေ့နေတာနဲ့ အဲဒီလူရဲ့ ဆက်သွယ်ပေးမှုနဲ့ ‘ဝ’တစ်လုံးဂိုဏ်းထဲ ဝင်ခဲ့တာ ခုအထိပဲ ‘ဝ’တစ်လုံးဂိုဏ်းထဲဝင်ခဲ့တဲ့ အချိန်ကစပြီး ကျုပ်ရဲ့ဘဝလည်း အိုကေပြီး တင့်တင့်တယ်တယ်ဖြစ်လာရတာပါပဲ”

ထို့နောက် ဦးသီလသည် အာခြောက်သွားဟန်ဖြင့် ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်လိုက်ပြန်လေ၏၊ ပြီးမှ စကားကို ဆက်လေ၏။

“ဒီတော့ကာ မောင်ရင်ဟာ ကျုပ်ရဲ့တိုက်ခန်းကို လိုက်ပြီး အေးအေးဆေးဆေးသာနေ၊ လောလောဆယ် မောင်ရင်ဝတ်ဖို့ အဝတ်အစားသုံး,လေးစုံလောက် ကျုပ်ဝယ်ပေးမယ်၊ ပြီးရင် မောင်ရင်နဲ့ပတ်သက်တဲ့ ကိုယ်ရေးအချက်အလက်တွေကို ကျုပ်က ရယူပြီး ဂိုဏ်းချုပ်ဆရာကြီးသူတော်ရွှေနဲ့ တွေ့ရဖို့ကြိုးစားမယ်၊ ဆရာကြီးနဲ့တွေ့တဲ့အခါ ကျုပ်က မောင်ရင့်ရဲ့ ကိုယ်ရေးအချက်အလက်တွေ သူ့ဆီတင်ပြမယ်၊ သူနှစ်သက်လက်ခံတယ်ဆိုမှ လက္ခဏာယ်နေ့ညတိုင်းကျင်းပတဲ့ အစည်းအဝေးဆီ မောင်ရင့်ကို ခေါ်သွားပြီး ဆရာကြီးသူတော်ရွှေနဲ့ တွေ့ပေးရမယ်၊ အဲဒီလို တွေ့ပေးလို့ သူမေးစရာရှိတာ မောင်ရင့်ကိုမေးပြီး ကျေနပ်လက်ခံ ဘယ်ဆိုရင် မောင်ရင်ဟာ အသင်းဝင်တစ်ဦးဖြစ်သွားပြီ၊ အစည်းအဝေးကို တစ်ခါတည်းတက်ရလိမ့်မယ်၊ တကယ်လို့ ကျုပ်အစီရင်ခံစာတင်တဲ့အခါမှာဖြစ်စေ, မောင်ရင့်ကို လူတွေ့စစ်မေးတဲ့ အခါမှာဖြစ်စေ ဆရာကြီးသူတော်ရွှေက သဘောမကျဘူးဆိုရင်တော့ အဖွဲ့ထဲ ဝင်ခွင့်မရဘဲနေလိမ့်မယ်၊ အဲဒီအခါကျလည်း ဘာမှအားမငယ်ပါနဲ့ . . . မောင်ရင် သွားလိုရာသွားပြီး အခြား အလုပ်တစ်ခုခုရှာဖို့ ကျုပ်က စရိတ်ငွေအစိတ် ထောက်ပံ့လိုက်ပါမယ် . . . ဘယ့်နှယ့်လဲ”

လူရဲမှာ ရွေးစရာလမ်းမရှိသဖြင့် ခေါင်းညိတ်လိုက်ရသတော့၏၊

“ကောင်းပါပြီ . . . သင့်သလို စီမံပါတော့ ဦးရယ်”

သို့ဖြင့် သူတို့နှစ်ဦးမှာ မိုးသောက်ရောင်နီလင်းလာချိန်တွင် ကာကာဆိုင်ထဲမှထွက်ပြီး အငှားကားတစ်စီးငှားကာ စမ်းချောင်းဘက်သို့ ဦးတည်ထွက်ခွာသွားကြပါတော့သတည်း။

□□□







www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်စေတမန်များ

လကွယ်ညသို့ ရောက်ခဲ့ပြီ ...။

အင်းစိန်ဘူတာရုံအနီးတွင် အငှားကားကို ထိုးရပ်စေ လိုက်ပြီး မြောက်ဘက်သို့ လျှောက်လာခဲ့လေ၏။

ညဆယ်နာရီခန့်သာရှိသေးသော်လည်း အေးစိမ့်နေ သော ဆောင်းလယ်ညမို့ လမ်းဘေးဝဲယာရှိအိမ်တို့မှာ ခြံတံခါး အိမ်တံခါးတို့ ပိတ်ကာ ဆိတ်ဆိတ်ငြိမ်နေသလို လမ်းတစ် လျှောက်လုံးမှာလည်း လူသူကင်းရှင်းလျက်ရှိလေသည်။ ကိုတ် နှစ်ရာနီးပါး လျှောက်လာမိသည်တွင် လမ်းဘေးဝဲယာ၌ လူနေ အိမ်ခြေတို့ မရှိတော့ဘဲ ချုံပုတ်များ၊ သစ်ပင်ဝါးပင်များကိုသာ မှိန်မှိန်မည်းမည်းတွေ့ရကာ ခြံစည်းရိုးပျက်နေသည့် အချို့သော





ခြံကျယ်ကြီးများထဲဝယ် ဂိုဒေါင်ပျက်များ၊ တိုက်ဟောင်းများကို ကြယ်ရောင်အောက်တွင် တစ္ဆေမည်းကြီးတွေလို မြင်တွေ့ရလေ သည်။

ပုရစ်သံ၊ ပုစဉ်းရင်ကွဲအော်သံ တစီစီကို နားခံကာ ကြယ် ရောင်အောက်မှ လမ်းဖွေးဖွေးအတိုင်း လျှောက်လှမ်းလာရင်း ဦးသီလက လမ်းချိုးတစ်ခုသို့အရောက်တွင် သူ၏ဘက်အိတ်ထဲမှ ဝတ်စုံဖြူတစ်စုံကို ထုတ်ကာ လူရဲထံ ကမ်းပေးလိုက်တော့၏။

"ရော့ ... ဒီဝတ်စုံကိုယူထား၊ ပဝါဖြူလည်း ပါတယ်၊ ရှေ့တစ်ခြံကျော်တာနဲ့ ဌာနချုပ်ကိုရောက်ပြီ၊ ခြံထဲဝင်လိုက်တာနဲ့ မျက်နှာနဲ့ခေါင်းမှာ ပဝါပတ်ပြီး ဝတ်စုံဖြူကို အပေါ်က ထပ်ဝတ် လိုက်တော့"

ဦးသီလက သူ့အတွက်ဝတ်စုံကိုပါ ဘက်အိတ်ထဲမှ ထပ် ထုတ်လိုက်သည်။

"ဒီဝတ်စုံတွေ, မျက်နှာဖုံးတွေ ဝတ်ရ,တပ်ရတာဟာ မိတ်သားအချင်းချင်း မမှတ်မိအောင်ပေါ့ ... ဟုတ်လား"

"ဟုတ်တယ်၊ များသောအားဖြင့် 'ဝ' တစ်လုံးသူတော် စင်အဖွဲ့ဝင်တွေဟာ တစ်ဦးနဲ့တစ်ဦး အပြင်မှာ ဘယ်သူဘယ်ဝါဆို တာ မသိကြဘူး၊ ဒါက အန္တရာယ်ကို ကြိုတင်ကာကွယ်ထားတဲ့ သဘောပဲ၊ တစ်ဦးနဲ့တစ်ဦး ချောက်မချနိုင်အောင်လို့၊ ပြီးတော့ တစ်စုံတစ်ဦးကို သက်ဆိုင်ရာက ဖမ်းမိသွားရင်လည်း နောက်လူ



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဖော်ကောင်မလုပ်နိုင်အောင်လို့ ဝတ်စုံဖြူတွေဝတ်, မျက်နှာ ပဝါတွေစည်းပြီး အစည်းအဝေးတက်ကြရတယ်၊ အသံကိုလည်း မူလအသံနဲ့မတူအောင် ဖျက်ပြောရတယ်၊ အသင်းသားအားလုံးကို ဆရာကြီးသူတော်ရှေ့တစ်ဦးပဲ သိခွင့်ရှိတယ်၊ သူ့ကိုတော့ ဘယ်သူမှ သိခွင့်မရှိဘူး . . . ၊

ဂိုဏ်းသားအချင်းချင်းသိတာဆိုလို့ မောင်ရင်နဲ့ ကျုပ်လို ဂိုဏ်းနဲ့ဆက်သွယ်ပေးသူနဲ့ အသစ်ဝင်ရောက်လာသူတွေပဲ သိကြတယ်၊ အပြင်မှာ အလုပ်အတူတွဲလုပ်တဲ့အခါတော့ တစ်ဦးကိုတစ်ဦး မလွှဲမရှောင်သာ တွေ့ကြ,သိကြရတယ်၊ ဒီလိုအဖြစ်မျိုးကလည်း နည်းပါးတော့ ဂိုဏ်းသားတစ်ဦးဦးက သစ္စာဖောက်ပြီး ဖော်ကောင်လုပ်ချင်ရင်တောင် ပုလိပ်အဖွဲ့က အလွန်ဆုံးဖမ်းမိရင် တစ်ယောက်,နှစ်ယောက်ပဲမိမယ်၊ ဂိုဏ်းကို ဖြိုခွင်းနိုင်စွမ်းရှိမှာ မဟုတ်ဘူး။ အဲဒီလို ဘေးကင်းအောင် ပိပိရိရိဖွဲ့စည်းတဲ့အဖွဲ့အစည်းဖြစ်တယ်ကွယ့်''

''အဲဒီလို သစ္စာဖောက်ဖော်ကောင်လုပ်တဲ့လူမျိုးရောရှိသလား ဦးရဲ့''

''လူ့အမျိုးမျိုး စိတ်အထွေထွေဆိုသလို ပုလိပ်ဘက်ကိုမျက်နှာလိုအားရ သတင်းပေးချင်တဲ့လူလည်း ရှိတတ်တာပေါ့။ အဲဒီလိုမျိုး နောက်ဆုံးကြံစည်မိတဲ့ လူတစ်ယောက်ရဲ့အလောင်းကို ဒညင်းကုန်းဘူတာအနားမှာ ရထားဖြတ်ကြိတ်ထားလို့ ခန္ဓာကိုယ်





ဆုံးပိုင်းပြတ်နေတာ တွေ့ရဖူးတယ်''

ဦးသီလ၏စကားကြောင့် လူရဲမှာ ပခုံးတွန့်လိုက်မိ၏။

''ကဲ . . . ခြံရှေ့ရောက်ပြီ၊ ခြံတံခါးက အစည်းအဝေး ...နီးမှ ပိတ်မှာ၊ ခြံထဲရောက်တာနဲ့ စကားမပြောနဲ့တော့၊ ကျုပ်နဲ့ ...ပြီး လိုက်ခဲ့၊ တိုက်တံခါးဝအရောက်မှာ ပြောရမယ့် လျှို့ဝှက် ...ားက 'ဂမုန်းသူတော်' 'ဝ'သူတော်' ဖြစ်တယ်''

ဦးသီလက ယင်းသို့ ခပ်တိုးတိုးပြောပြီးနောက် ခပ်ဟဟ ...နေသောခြံတံခါးမှ ဝင်သွားကာ ချုံနွယ်ပိတ်ပေါင်း ထူထပ်စွာ ...က်ရောက်နေသည့် ခြံကြီးထဲ ကြယ်ရောင်ကို အားပြုလျက် ...ာက်သွားရင်း ဝတ်စုံဖြူကိုအပေါ်မှ ထပ်ဝတ်လိုက်သလို ...ဖြူကိုလည်း ဦးခေါင်းနောက်မှ စည်းလိုက်လေ၏။

ခဏအကြာတွင် ဦးသီလသည် အမှောင်ရိပ်လွှမ်းနေ ...ာ ပေါ်တီကိုကြီးအောက်တွင် ပျောက်ကွယ်သွားရာ ထိုအခါမှ ...ရဲလည်း ခြံကြီးထဲသို့ တစ်လှမ်းချင်းဝင်လာခဲ့တော့၏။

လကွယ်ညမို့ လမဲ့သောကောင်းကင်ယံဝယ် အလင်း ...နည်းလှသည့် ကြယ်ပွင့်လေးတို့ချည်း ပြိုးပြိုးပြက်လျက်ရှိပြီး ...ောင်းကင်၏အလင်းဖြင့်သာ ချုံနွယ်တို့အကြားမှ လူသွားလမ်း ... တွေ့ရလေ၏။ လူရဲသည် ပေါ်တီကိုအနီးအရောက်တွင် ...ထဲမှဝတ်စုံဖြူကို ရှပ်အင်္ကျီအပေါ်မှ ထပ်ဝတ်လိုက်ပြီး ပဝါဖြူ ...ကိုလည်း ဦးသီလသင်ပြဖူးသည့်အတိုင်း နှာခေါင်းဝ ဖော်



www.burmeseclassic.com

www.burmeseclassic.com



လျက် ဦးခေါင်းနောက်မှ ပတ်စည်းလိုက်လေ၏။

မှောင်မည်းလျက်ရှိသော ပေါ်တီကိုအောက်သို့ ဝင်လိုက် ချိန်တွင် အမှောင်ထဲဝယ် မျက်စိကျင့်သားရသွားပြီမို့ အနည်းငယ် ဟနေသည့်တိုက်တံခါးဝ၌ ဝတ်စုံဖြူဝတ်ထားသော ထောင် ထောင်မောင်းမောင်းလူကြီးတစ်ဦး ရပ်နေသည်ကို တွေ့ရလေ၏

''ဂမုန်းသူတော် 'ဝ' သူတော်''

လူရဲက အသံဖျက်ကာ စကားဝှက်ကို ခပ်တိုးတိုးပြော လိုက်ရာ အပေါက်ဝမှလူသည် ဖယ်ပေးလိုက်ပြီး တံခါးရွက်ကို အတန်ငယ် တွန်းဟပေးလိုက်လေ၏။

လူရဲလည်း တံခါးပေါက်မှ ဝင်လိုက်ရာ နံရံကပ်မီးလုံး မှိန်မှိန်လေးများ ထွန်းထားသည့် အခန်းလွတ်တစ်ခုထဲသို့ ရောက် သွားလေ၏။

ထိုအခါ ရင်ဘတ်တွင် ဂဏန်းအမှတ်(၈)ကို ပိုးချည်အ ရောင်ဖြင့်ရေးထိုးထားသည့် ဝတ်စုံဖြူတစ်ဦးက လူရဲ၏ လက် တစ်ဖက်ကို လာဆွဲကိုင်ပြီး အခန်းတံခါးဝတစ်ခုဆီသို့ ခေါ်ဆော င် သွားလေ၏။ ထိုဝတ်စုံဖြူမှာ ဦးသီလဖြစ်ပါ၏။

ဝတ်စုံဖြူအမှတ် (၈) က အခန်းတံခါးဘေးမှ လျှပ်စစ် ခေါင်းလောင်းခလုတ်လေးကိုနှိပ်လိုက်ပြီးနောက် ကျွန်းတံခါးရွက် ကြီးကို ခပ်ဖြည်းဖြည်းတွန်းဖွင့်ကာ ရှေ့မှဦးဆောင်ဝင်သွား၏ လူရဲက နောက်မှလိုက်ဝင်လိုက်ရလေ၏။





သူတို့နှစ်ယောက်လုံး အခန်းထဲရောက်သည်နှင့် ဝတ်စုံ ဖြူအမှတ် (၈) က အခန်းတံခါးကို ပြန်ပိတ်လိုက်ပြီး တံခါးရွက်မှ သက်ကိုင်ကြေးဘုလုံးလေးကို လှည့်လိုက်ရာ ချောက်ခနဲမြည်သွား ပြီး တံခါးသော့ပိတ်သွားလေ၏။

လူရဲက ပဝါပါးပါးလေးအောက်မှ မျက်လုံးအစုံဖြင့် အခန်းကို ဝေ့ဝဲအကဲခတ်ကြည့်လိုက်ရာ နံရံကပ်မီးလုံးလေးလုံးကို နံရံလေးဘက်လေးတန်တွင် ထွန်းထားသဖြင့် အလင်းရောင် ကောင်းစွာရနေသော ရှုံးခန်းသဏ္ဌာန်အခန်းထဲတွင် ကော်ဇော အစိမ်းကြီးကို ခန်းလုံးပြည့်ခင်းထားကာ ကျွန်းစားပွဲကြီးတစ်လုံး နှင့် ကုလားထိုင်နှစ်လုံးရှိပြီး ကျွန်းစားပွဲကြီးနောက်ဘက်မှ ကျွန်း ကုလားထိုင်ပေါ်တွင် ဝတ်စုံဖြူတစ်ဦးသည် ခပ်မတ်မတ်ထိုင် လျက်ရှိလေ၏။

ထိုဝတ်စုံဖြူ၏ရင်ဘတ်၌ ရွှေပိုးချည်မျှင်ဖြင့် အင်္ဂလိပ်ဂ ဏန်း (၁) ကိုရေးထိုးထားပြီး ဝတ်စုံကလည်း ရိုးရိုးပိတ်သား ဝတ်စုံမဟုတ်ဘဲ ငွေရောင်ဖဲဝတ်စုံဖြစ်ရာ မီးရောင်အောက်တွင် ဖိတ်ဖိတ်လက်နေတော့၏။

ဝတ်စုံဖြူနံပါတ်(၈)က စားပွဲရှေ့မှကုလားထိုင်ကို ညွှန် ပြလိုက်ရာ လူရဲက ထိုကုလားထိုင်တွင် ဝင်ထိုင်လိုက်ရလေ၏။

ထို့နောက်တွင် ဝတ်စုံဖြူနံပါတ် (၈) က နံပါတ် (၁)အား အလွတ်ကာ အရိုအသေပြုလိုက်ပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးခင်ဗျား . . . ကျွန်တော်တာဝန်ယူခေါ်လာတဲ့ လူသစ်ရောက်ရှိပါပြီ"

ဟု သတင်းပို့တင်ပြလိုက်လေ၏။

ခုံညားထည်ဝါသည့် ကိုယ်နေဟန်ထားဖြင့် ခပ်မတ်မတ် ထိုင်နေသော သူတော်ရှေ့ (ခေါ်) ဝတ်စုံဖြူ(၁) သည် သူ၏ ရှေ့စားပွဲပေါ်တွင် ဖွင့်ထားသည့် မှတ်တမ်းစာအုပ်ကြီးကို ငုံ့ကြည့်လိုက် လူရဲကို မော့ကာ စေ့စေ့ကြည့်လိုက်ဖြင့် ဆယ်မိနစ်ခန့်ကြာမှ ဖျက်ထားပုံရသည့် ဩရှရှအသံဖြင့် စတင်ပြောလိုက်တော့၏။

"သင်ရဲ့ ကိုယ်ရေးအချက်အလက်အားလုံးကို သဘောကျပါတယ်၊ ဗမာ့သိုင်းကို အတော်တတ်တယ်ပေါ့ . . ဟုတ်လား ဘယ်ဆရာဆီမှာ သင်ကြားခဲ့သလဲ"

"မြင်းကကုန်းက မားစလွယ်ဘိုးမြတ်သျှင်ဆီမှာ ငယ်ငယ်ကတည်းက ခန်းဝင်ခန်းထွက်ပြီးတဲ့အထိ သင်ခဲ့ပါတယ် ခင်ဗျာ"

"ဩော် . . . ဆရာကြီးဘိုးမြတ်သျှင်ရဲ့တပည့်ကိုး၊ ကျုပ်လည်း ဆရာကြီးဆီက တစ်လုံးမားကွက်တွေ သင်ယူဖူးပါတယ် မောင်ရင်က ဆရာကြီးရဲ့လက်ထွက်ဆိုတော့ ကျုပ်တို့အဖွဲ့အတွက် အားထားရမှာပဲထင်တယ်"

နှုတ်ခမ်းမွေးထူထူကော့ကော့ကြီးအောက်မှ ပိရိသေသပ်သောနှုတ်ခမ်းကို ပြုံးလိုက်ပြီးနောက် ချက်ချင်းပြန်တည်သွားကာ





ပြတ်သားသည့်လေသံဖြင့် သူတော်ရှေ့က အမိန့်ပေးလိုက်လေ၏၊

"သင့်ရဲ့မျက်နှာဖုံးကို ဖြည်လိုက်စမ်း"

လူရဲလည်း မျက်နှာမှပဝါဖြူကို ဖြည်လိုက်လေ၏။

လင်းကျင်းလျက်ရှိသော မီးရောင်အောက်မှ စိုပြည်သန့်ရှင်းသလောက် မျက်ခုံးမွေးထူထူတန်းတန်း၊ နှာတံမြင့်မြင့်ဖြင့် ယောကျ်ားပီသချောမောသည့် လူရဲ၏မျက်နှာနှင့် ကုပ်ပိုးသားကောင်းကောင်း ပခုံးဆင်းလှလှခန္ဓာကိုယ်အား အတန်ကြာ စူးစိုက်ကြည့်နေပြီးနောက် . . .

"ရပြီ"

ဟု သူတော်ရှေ့က ပြောလိုက်ရာ လူရဲမှာ ပဝါဖြူကို တော့ ပြန်စည်းလိုက်ရလေ၏။

"သင့်ကို အသင်းသားအမှတ် (၁၂) နေရာမှ ခန့်အပ်တယ်၊ အသင်းဝင်ဝင်ချင်း ခံစားခွင့်ငွေသားကို နံပါတ်(၂) ထံ သွားထုတ်ယူပါ . . . သွားနိုင်ပြီ"

'ဝ'တစ်လုံး သူတော်အသင်းသားအဖြစ် ရှောရှူးစွာခန့်အပ်ခြင်းခံရသဖြင့် လူရဲမှာ စိတ်အေးကျေနပ်သွားရသလို ဝတ်ဖြူ (၈)ထံမှ သက်ပြင်းချသံကြီးကြားလိုက်ရပြီးနောက် သူတို့နှစ်ဦးသည် မတ်တတ်ရပ်လျက်မှ သူတော်ရှေ့ကို ဦးညွှတ်အရိုအသေပြုလိုက်ကြလေ၏။

ထို့နောက် တံခါးရွက်ကိုဖွင့်ကာ သူတော်ရှေ့၏ရုံးခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှ ထွက်ခဲ့ကြပြီး ဝတ်စုံဖြူ(၈)က အခန်းတံခါးတစ်ခုဆီ ဦးတည်သွားရာ လူရဲလည်း နောက်မှ လိုက်ပါသွားရလေတော့၏။

ဝိုမိုကျယ်ပြောသောတံခါးပေါက်ကြီးမှ တံခါးရွက်ကို ဝတ်စုံဖြူ (၈) က အသာတွန်းဖွင့်ကာ အစည်းအဝေးခန်းမကြီးထဲ ဝင်လိုက်ရာ လူရဲလည်း နောက်မှ လိုက်ဝင်လေ၏။

အစည်းအဝေးခန်းမကြီးမှာ ကျယ်ပြောကာ မှန်ပြတင်းပေါက်အားလုံးကို ကတ္တီပါလိုက်ကာထူထူကြီးများဖြင့် ပိတ်ဆီးထား လ၏။

ပြတင်းပေါက်တစ်ခုနှင့်တစ်ခုအကြားမှ နံရံကပ်မီးအိမ်တို့၏အလင်းကြောင့် ခန်းမကြီးတစ်ခုလုံး လင်းကျင်းနေလေသည်။

ခန်းမထိပ်ရှိ ကျွန်းစားပွဲကြီးနှင့် နှစ်လံခန့်အကွာဘွင် ငလောာထိုင်များစီတန်းချထားရာ ဝတ်စုံဖြူတော်တော်များများ ရောက်ရှိနေကြပြီး ကုလားထိုင်များထက်တွင် ငြိမ်သက်စွာထိုင်နေကြလေ၏။

လူရဲနှင့် နံပါတ် (၈)တို့လည်း သင့်ရာကုလားထိုင်တို့၌ ဝင်ထိုင်လိုက်ကြတော့၏။

ဝတ်စုံဖြူတို့မှာ တစ်ဦးပြီးတစ်ဦး စည်းဝေးခန်းကြီးထဲ ဝင်ရောက်လာကြရာ နောက်ထပ်မိနစ်နှစ်ဆယ်ခန့်အကြာတွင် ကုလားထိုင်အားလုံးမှာ လူပြည့်သွားတော့၏။

ယင်းအချိန်မှာပင် ကျွန်းစားပွဲကြီးနောက်မှ နံရံဝယ်





လေးထောင့်အပေါက်တစ်ခုဖြစ်ပေါ်သွားပြီး နံပါတ် (၁) မှာ ပန်းကနုတ်ဘောင်ခတ် ကျွန်းကုလားထိုင်ကြီးပေါ် ခံ့ခံ့ညားညားထိုင်လျက်အပေါက်ထဲမှ တရွေ့ရွေ့ထွက်လာကာ စားပွဲအနီးသို့ရောက်ရှိသွားသည်နှင့် နံရံမှ လေးထောင့်အပေါက်မှာ အလိုအလျောက်ပြန်ပိတ်သွားလေတော့၏။

ထိုအခါ အသင်းသားအားလုံးမှာ ထိုင်ရာမှထကာ နံပါတ် (၁) ကို ဦးညွတ်အရိုအသေပြုလိုက်ကြလေ၏။

အားလုံးနေသားတကျထိုင်ပြီးသည်နှင့် နံပါတ် (၁) ဖြစ်သော '၀' တစ်လုံးသူတော်ကိုဏ်း၏ ဂိုဏ်းချုပ်ဆရာကြီး သူတော်ရွှေသည် သစ်သားတူလေးဖြင့် စားပွဲမျက်နှာပြင်ကို သုံးချက်ထုလိုက်ကာ အစည်းအဝေးစတင်ကြောင်း အချက်ပေးလိုက်တော့၏။

"'၀' တစ်လုံးတို့ . . . အခုဆိုရင် ကျုပ်တို့ရဲ့ ဆုံးရှုံးသွားတဲ့ နံပါတ် (၇) နဲ့ နံပါတ် (၁၂) အသင်းသားတို့ရဲ့နေရာမှာ လူသစ်နှစ်ဦးကို အစားထိုးခန့်ထားပြီးဖြစ်တယ်၊ ဒီတော့ သင်တို့ကို ကျုပ်ကတိပေးထားတဲ့အတိုင်း ကျုပ်နဲ့လေးပွင့်သစ္စာဒေဝီတို့ရဲ့ အကြားမှာ အမုန်းတရားတွေ ဘာဖြစ်လို့ဖြစ်ပေါ်နေရသလဲဆိုတာ ရှင်းပြမှာဖြစ်တယ်"

"ဖြစ်ရပုံကတော့ ဒီလို"



www.burmeseclassic.com

www.burmeseclassic.com



(ဤနေရာတွင် "ဝ" တစ်လုံးသူတော်ဂိုဏ်း ခေါင်းဆောင် သူတော်ရှေ့ရှင်းပြသည့် နောက်ကြောင်းအဖြစ်အပျက်တို့ကို ဝတ္ထုသွားဖြင့် ဖော်ပြပါမည်။

စာရေးသူ)

❒❒❒

အခန်း ၂

★ ပင်လယ်ဘီလူး

★ ရောဘီလူးရန်စွယ်

★ နရသိန်သို့

★ သစ္စာမဲ့သူ

★ လေးပွင့်သစ္စာ

★ မြို့မာန်အာဝ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

## ပင်လယ်ဘီလူး

လေမိုးသာသည့် တစ်ခုသောနံနက်ဝယ် ...

ဘင်္ဂလားပင်လယ်အော်၏ ရေပြင်ကျယ်ထဲတွင် ဗိုလ် ကင်း (ခေါ်) ပင်လယ်ဓားပြရွက်လှေကြီးတစ်စီးမှာ နိုင်ငံတကာ ရေကြောင်းလမ်းအနီးမှ လူသူမဲ့သော ကျွန်းတစ်ကျွန်း၏ ကမ်းခြေ ကျောက်ဆောင်များကို ကွယ်လျက် ရွက်များရုပ်သိမ်းရပ်ထားကာ သားကောင်ကို စောင့်ဆိုင်းလျက်ရှိလေ၏။

ယင်းပင်လယ်ဓားပြရွက်သင်္ဘောကြီးမှာ ပင်လယ်ဓား ခေါင်းဆောင် ကျောက်တစ်လုံးယက္ခဦးစီးသော 'ပင်လယ်ဘီလူး' ဓားပြအဖွဲ့ပိုင်ဖြစ်ပြီး ပင်လယ်ဘီလူးတို့သည် ကမ်းရိုးတန်းသွား သင်္ဘောများ၊ ရွက်လှေများ၊ စက်လှေများနှင့် နိုင်ငံတကာ





သင်္ဘော၊ ရွက်သင်္ဘောတို့ကို အက်ဒမန်ကျွန်း၊ ကပ္ပလီကျွန်းစုနှင့် မြိတ်ကျွန်းစုတို့အကြားရှိ ရေပြင်ကျယ်ထဲလှည့်လည်သွားကာ ဓားပြတိုက်လုယက်မှုတို့ကို မကြာခဏ ပြုလုပ်လေ့ရှိရာ ပင်လယ်ဘီလူးဟေ့ဆိုလျှင် ရေကြောင်းသွားလာသူအပေါင်းမှာ ဖိမ့်ဖိမ့်တုန်အောင် ကြောက်လန့်ရလေ၏။

နယ်ချဲ့ဗြိတိသျှအစိုးရ၏ ကမ်းခြေစောင့်သင်္ဘောတို့က လည်း အက်ဒမန်ကျွန်းတစ်ဝိုက်နှင့် မြိတ်ကျွန်းစုတစ်ဝိုက်တွင်သာ တစ်ခါတစ်ရံ ကင်းလှည့်စောင့်ကြပ်လေ့ရှိပြီး ပင်လယ်နက်ပိုင်းမှာမူ အုပ်ချုပ်သူတို့နှင့် အလှမ်းဝေးလျက်ရှိရာ ပင်လယ်ဘီလူးတို့မှာ သောင်းကျန်းချင်တိုင်း သောင်းကျန်းလျက်ရှိလေ၏။

ယခုရက်ပိုင်းတွင် မလေးကျွန်းဆွယ်ဘက်မှ အိန္ဒိယကမ်းခြေဆီဦးတည်လာလျက်ရှိသော ရွက်သင်္ဘောကြီးတစ်စီးသည် မလေးကျွန်းစုသို့အလည်အပတ်သွားရောက်ရင်း ကွယ်လွန်အနိစ္စရောက်ခဲ့ရသည့် မဟာရာဇာတစ်ဦး၏အလောင်းကို ပင်လယ်အော်မှဖြတ်ကာ သယ်ဆောင်ရွက်လွှင့်လာမည်ဟု သတင်းရထားသဖြင့် ပင်လယ်ဘီလူးတို့မှာ ရေမှော်ကျွန်းဟုခေါ်တွင်သော လူသူမဲ့ရာ ပင်လယ်နက်အပိုင်းမှကျွန်းကလေး၌ ပုန်းခိုရင်း သားကောင်၏အလာကို ကျားချောင်းချောင်းနေကြခြင်းဖြစ်လေ၏။

သင်္ဘောဦးတွင် သစ်သားလက်ရန်းပေါ် ခြေတစ်ဖက်တင်ကာ မားမားကြီးရပ်ရင်း မှန်ပြောင်းရှည်ကြီးဖြင့် ပင်လယ်ပြင်၏

www.burmeseclassic.com



အရှေ့တောင်ဘက်အရပ်ဆီသို့ ကြည့်နေသော ပင်လယ်ဓားပြ ခေါင်းဆောင်ကြီး ကျောက်တစ်လုံးယက္ခမှာ အဝေးမိုးကုပ်စက် ဝိုင်းဆီမှ တစ်စစကြီးလာသည့် အနက်စက်လေးကို တွေ့ရှိသွား လေ၏။

"လာပြီ ထင်တယ်ဟေ့ ... အားလုံး အသင့်ပြင်ထား ကြစမ်း"

ကြမ်းတမ်းခက်ထန်သော လေးထောင့်စပ်စပ်မျက်နှာ ကြီး၏အလယ်မှာ ကန့်လန့်ဖြတ်ဓားဒဏ်ရာအမာရွတ်ကြီးရှိနေပြီး ယင်းဓားဒဏ်ရာကြီးသည် ဝဲဘက်မျက်လုံးနေရာကို ဖြတ်သွား လျက်ရှိကာ ဟောက်ပက်ဖြစ်ခဲ့သည့် မျက်လုံးအိမ်၌ ကျောက်မျက် လုံးတစ်လုံးတပ်ထားသဖြင့် ကျောက်တစ်လုံးယက္ခဟု သတင်း ကြီးနေသည့် ပင်လယ်ဓားပြခေါင်းဆောင်ကြီးမှာ ဦးခေါင်းတွင် ကျေးတစ်ရာပိုးပဝါစကို စည်းထားပြီး ရှပ်အင်္ကျီရင်ဘတ်ဟပြကို လက်မောင်းတို့မှာ ဖြစ်သလို ခေါက်လိပ်တင်ထားလေရာ အမွေး အမျှင်ထူပြောသည့် ရင်ဘတ်မောက်မောက်ကြီးနှင့် ကြွက်သား အပြိုင်းပြိုင်းထနေသော လက်မောင်းသားကြီးတို့ကို အတိုင်းသား မြင်နေရလေ၏။ သူသည် ခြေထောက်တို့၌ လည်ရှည်ဖိနပ်ကြီး များ စီးထားပြီး သက္ကလတ်ဘောင်းဘီရှည်အနွမ်းကို ခြေဖျား နေရာမှ ခေါက်လိပ်တင်ထားလေ၏။

ခါးတစ်ဖက်တစ်ချက်၌ ခြောက်လုံးပြူးတစ်လက်နှင့် ဓား





ညှိကောက်ကောက်ကြီးတို့ ချိတ်ဆွဲထားသည့် ကျောက်တစ်လုံး ယက္ခမှာခံ့ညားထည်ဝါကာ မြင်ရသူအပေါင်းအဖို့ ဘီလူးသဘက် သို့ ကြောက်ရွံ့ဖွယ်ရာအဆင်းရှိသဖြင့် ပင်လယ်ဘီလူးဟုလည်း နာမည်ကျော်သူဖြစ်၏။

ပင်လယ်ဘီလူးဖြစ်သော ကျောက်တစ်လုံးယက္ခကို အားကျစိတ်ဖြင့် အမြဲလိုလိုအကဲခတ်ကြည့်ရှုလေ့ရှိသူမှာ ပင်လယ် ဓားပြအဖွဲ့ဝင်တစ်ဦးဖြစ်သော ရန်ကြီးရွှေပင် ဖြစ်လေ၏။

ရန်ကြီးရွှေမှာ သူ၏ဇာတိ ပခုက္ကူနယ်ဘက်မှ တော ကျေး မြို့မကျေး ပခန်းမြို့လေးဝန်းကျင်တွင် နာမည်ကျော်လူမိုက် တစ်ဦး ဖြစ်ခဲ့လေ၏။ ငယ်စဉ်ကတည်းက သူနှင့်တွေဖော်တွေ ဖက်၊ မိုက်ဖော်မိုက်ဖက်ငယ်သူငယ်ချင်းတို့မှာ မိုးပွင့်နှင့် ကျောက် ခဲဖြစ်၏။

သူတို့သည် ကာလသားအရွယ်လွန်မြောက်လာချိန်ဝယ် ရပ်ရွာလူမိုက်ဘဝမှ ဓားပြဘဝသို့ ကူးပြောင်းပြီး ရေစကြို၊ မြိုင်၊ ပင်းကတောစသည့် နယ်တစ်ဝိုက်တွင် ဓားပြတိုက်၊ လုယက် သောင်းကျန်းရာမှ ဓားပြမှု၊ လူသတ်မှုတို့ဖြင့် ပုလိပ်တပ်ဖွဲ့၏ နှိမ်နင်းဖမ်းဆီးခြင်းခံရကာ တစ်ကျွန်းသို့ အပို့ခံခဲ့ရလေ၏။

သူတို့သူငယ်ချင်းသုံးဦးသည် တစ်ကျွန်းအပြစ်ဒဏ်ကို နှစ်ခန့်ခံစားရပြီးနောက် အက်ဒမန်ကျွန်းမှ လှေတစ်စင်းဖြင့် လျှို့ဝှက်စွာထွက်ပြေးခဲ့ကြရာတွင် မုန်တိုင်းနှင့်တိုးကာ လှေ...ပြီး

www.burmeseclassic.com



ကံကောင်းထောက်မသဖြင့် လူသူမရှိသော ကျောက်ဆောင်ကျွန်းလေးတစ်ကျွန်းပေါ်၌ သောင်တင်နေခဲ့လေ၏။

ယင်းကျွန်းကတုံးလေးပေါ်တွင် အစာငတ်ရေငတ်ဖြင့် ဆယ်ရက်ကျော်နေခဲ့ကြစဉ် သားစိမ်းငါးစိမ်းနှင့် ခရုတို့ကို အစိမ်း လိုက်စားကာ အသက်ဆက်နေခဲ့ကြရာမှ ပင်လယ်ဘီလူး ဓားပြ ရွက်လှေကြီးက တွေ့ရှိပြီး ပင်လယ်ဓားပြအဖွဲ့၏ဖမ်းဆီးခြင်း ခံခဲ့ရလေ၏။

သူတို့သုံးဦးသည် ပင်ကိုကပင် လူမိုက်လူတေများဖြစ်ရ ဓားပြခေါင်းဆောင်ကြီး ကျောက်တစ်လုံးယက္ခက သူတို့၏ဘ အတိတ်အကြောင်းများမေးမြန်းပြီးနောက် သူ၏ဓားပြအဖွဲ့ထဲ ဝင်မည်လားဟု မေးသည်တွင် မဆိုင်းမတွ ခေါင်းညိတ်ခဲ့ကြလေ၏။

သို့ဖြင့် ... ရန်ကြီးရွှေတို့သူငယ်ချင်းသုံးဦးမှာ ပင်လယ်ဘီလူး ပင်လယ်ဓားပြအဖွဲ့ဝင်များအဖြစ်ရောက်ရှိကာ ပင်လယ်အတွင်း သတ်ဖြတ်လုယက်သည့်အလုပ်ကို သုံးလေးနှစ်ခန့် ပျော်ပျော်ကြီး လုပ်လာခဲ့ကြလေ၏။

ရန်ကြီးရွှေ၏ဗီဇစိတ်မှာ လူမိုက်လုပ်လျှင်လည်း ခေါင်းဆောင်လုပ်ရမှ၊ ဓားပြလုပ်လျှင်လည်း ခေါင်းဆောင်လုပ်ရမှ ကျေနပ်သူဖြစ်သည်။ အခုတော့ အခြေအနေအရ နောက်လိုက် ပင်လယ်ဓားပြအဖွဲ့ဝင်အဖြစ် နေနေရရာ ခေါင်းဆောင်ဖြစ်လို





သောစိတ်ဖြင့် ကျောက်တစ်လုံးယက္ခကြီးကိုသာ အားကျနေရတော့၏။

"ဟုတ်တယ်ဟေ့ ...ဒါ အိန္ဒိယရွက်သင်္ဘောပဲ၊ စံကျော် ...ပွဲစင်ပေါ်မှာ အသင့်ပြင်ထား၊ ရန်ကြီးရွှေ, ဘလူရှိန်တို့အဖွဲ့ ...သင်္ဘောချင်းကပ်တာနဲ့ ခုန်ကူးပြီး အားလုံးကို အပြတ်ရှင်း၊ မဟာရာဂျာရဲ့အလောင်းကလွဲပြီး သင်္ဘောပေါ်မှာ ဘယ်သူ့အလောင်းမှ ငါမမြင်ချင်ဘူး၊ ဝင်းမြတို့, သန်းဇော်တို့ ...ရေသီကြိုးဖြတ်ဖို့ အသင့်ပြင်ထားကြ"

ပင်လယ်ဓားပြခေါင်းဆောင်ကြီး ကျောက်တစ်လုံးယက္ခက မှန်ပြောင်းဖြင့် အိန္ဒိယသင်္ဘောဆီကြည့်လိုက်၊ စီမံခန့်ခွဲ အမိန့်ပေးလိုက် လုပ်နေစဉ်မှာပင် အိန္ဒိယရွက်သင်္ဘောကြီးမှာ အန္တရာယ်ကိုမရိပ်မိဘဲ လေကြောင်းသင့်သည့်အတိုင်း ရေလယ်ကျွန်းလေး၏အနောက်ဘက်မှ ဖြတ်သွားရင်း ကုက္ကလံတလူလူနှင့် ရေပြင်ဟို ဟဲခနဲ၊ ဟဲခနဲ ခွဲကာ ထောင်ချောက်ထဲ တိုးဝင်သာလျက်ရှိလေ၏။

"ရွက်ဖွင့်"

ကျောက်တစ်လုံးယက္ခကြီး၏ အော်ဟစ်အမိန့်ပေးသံ ထွက်ပေါ်လာသည်နှင့် ပင်လယ်ဓားပြသင်္ဘောသားများဖြစ်ကြသော ဝင်းမြနှင့် သန်းဇော်တို့အဖွဲ့က ရွက်တိုင်တို့တွင် ယာယီချည်နှောင်ထားသည့် ရေသီကြိုးတို့ကို လျင်မြန်စွာဖြတ်လိုက်ကြ

www.burmeseclassic.com



ကာ ကြိုးစမှနေ၍ ဖြောင်းခနဲ ဖြောင်းခနဲ ဆောင့်ဆွဲချလိုက်ကြတော့၏။

'ဖြောင်း ‥ ဖြောင်း ‥ ဖြောင်း'

ရွက်လက်တို့ပေါ်တွင် ခေါက်တုံ့ချည်နှောင်ထားသည့် ရေသီကြိုးစတို့ ပြေသွားကာ ရွက်တို့အား ချည်နှောင်ထားသည့် သင်အူကြိုးတို့မှာ တဖြောင်းဖြောင်း၊ တဖြုတ်ဖြုတ်နှင့် ပြတ်သတ် ပြေကျကုန်ပြီး ရွက်ဖုံများသည်လည်း တဖြန်းဖြန်းပြေကျလာလျက် ရွက်အားလုံးမှာ လေထဲတွင် ပွင့်ကားထွက်သွားကြတော့၏။

ထိုရောအခါ လေအဟုန်၏တိုက်ခတ်မှုကြောင့် ပင်လယ်ဘီလူးရွက်သင်္ဘောကြီးမှာ ဒေါမာန်ကြီးလှစွာသော ဟိုင်းဆင်ကြီး တစ်ကောင်မှန်ယိုကာ ကဆုန်ချလာသည့်နှယ် ပုန်းကွယ်နေရာ ကျောက်ဆောင်များနောက်မှ ဘွားခနဲပေါ်လာပြီး အိန္ဒိယရွက်သင်္ဘောကြီးဆီသို့ တစ်ဟုန်ထိုးထွက်လိုက်လေတော့၏။

"ဟာ … ပင်လယ်ဓားပြတွေဟေ့"

အိန္ဒိယရွက်သင်္ဘောမှ မာလိန်မှူးနှင့်သင်္ဘောသားတို့မှာ ရွက်တိုင်ထိပ်မှ အနက်ရောင်အောက်ခံပေါ်တွင် လူ့အရိုးခေါင်းကို လက်ဖျံရိုးနှစ်ချောင်း ကြက်ခြေခတ် နောက်ခံပုံရေးဆွဲထားသည့် ပင်လယ်ဓားပြတို့၏ အထိမ်းအမှတ်အလံအား တွေ့လိုက်သည်တွင် အန္တရာယ်ဟုသိလိုက်သော်လည်း ထိုအသိမှာ များစွာ





နောက်ကျသွားချေပြီ။

ပင်လယ်ဘီလူးရွက်သင်္ဘောကြီးသည် အိန္ဒိယရွက်သင်္ဘောကြီးနှင့် ဘေးချင်းယှဉ်လာမိသည်နှင့် ပင်လယ်ဓားပြတို့သည် တစ်ဖက်ရွက်သင်္ဘောမှ ဗုံလုံတိုင်၊ ကျောက်ထမ်း၊ ရာတိုင်တို့သို့ မနီလာကြိုးကွင်းတို့ဖြင့် ပစ်ကာ သင်္ဘောချင်း ပူးကပ်သွားအောင် ကြိုးစားကြသလို …

ပင်လယ်ဓားပြသင်္ဘောဦးပိုင်းမှ ကျောက်တစ်လုံးယကွေ့ အလည်း ခြောက်လုံးပြူးဖြင့် တစ်ဖက်သင်္ဘောပေါ်သို့ တဒိုင်းဒိုင်း ပစ်ခတ်လျက် ရှိလေ၏။

ရွက်သင်္ဘောချင်းပူးမိသည်နှင့် ရန်ကြီးရွှေ၊ ဘလုရှိန်၊ နီပွင့်၊ ကျောက်စိမ်း၊ စိန်သော်တာ၊ မြမောင်၊ ကုလားပုတို့ဓားပြအဖွဲ့သားများမှာ ဂေါ်ရခါးဓားရှည်ကောက်ကောက်ကြီးများကို ကိုင်လျက် ကြာသံပေးပြီး တစ်ဖက်သင်္ဘောပေါ်သို့ ခုန်တက်ကြလေ၏။

အိန္ဒိယသင်္ဘောသားတို့နှင့် မဟာရာဂျာ၏ ကိုယ်ရံတော်တို့သည်လည်း ဓား၊ လှံတို့ဖြင့် အပြင်းအထန်ခုခံကြရာ သံသံချင်းထိခတ်သံ တချွင်ချွင်နှင့် အော်ဟစ်ကြိုးဝါးသံများ၊ ဒဏ်ရာအနာတရဖြစ်သွားသဖြင့် အော်ဟစ်ညည်းတွားသံများ၊ သေနတ်သံများမှာ ဖရဲပွက်သလို ဆူညံစွာ ထွက်ပေါ်လျက်ရှိလေတော့၏။

သို့သော်အထိုးအခုတ် ကျွမ်းကျင်ကာ ရက်ရက်စက်စက်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်တတ်သော ပင်လယ်ဓားပြတို့၏ ဓားချက်အောက်တွင် တစ်ဖက်လူများမှာ တစ်ဦးပြီးတစ်ဦး ဖိုဝိန်ကြွေကုန်ကြလျက် ထိုသူတို့၏ အလောင်းတို့ကို ဓားပြခေါင်းဆောင်ကြီး ကျောက်တစ်လုံးယက္ခက မမြင်လိုသဖြင့် အလောင်းများမှာ ရေထဲသို့ ပစ်ချခြင်းခံရလေ၏။

မကြာမီပင် ပင်လယ်ဓားပြတို့သည် အိန္ဒိယသင်္ဘောကြီးကို လုံးဝစီးမိသွားပြီး ယင်းသင်္ဘောပေါ်ပါလာသူအားလုံးမှာ ရက်စက်စွာသတ်ဖြတ်ခံရပြီး ရေသချိုင်းထဲ မြှုပ်နှံခြင်းခံရလေ၏။

ပင်လယ်ဘီလူးတို့သည်ကား မဟာရာဂျာ၏ ရွှေပိန်းချခေါင်းတလားကြီးကိုဖွင့်ကြည့်ကြရာ တလားကြီးထဲတွင် မဟာရာဂျာ၏အလောင်းကြီးနှင့်အတူ ရွှေငွေကျောက်သံပတ္တမြား လက်ဝတ်လက်စားတို့ကို တွေ့သဖြင့် ဖြုတ်ယူကြလေ၏။

မဟာရာဂျာ၏ရတနာသေတ္တာကိုလည်း သင်္ဘောအခန်းတစ်ခုထဲမှ ရရှိလေ၏။

ပင်လယ်ဘီလူးတို့သည် အဖိုးတန်ရတနာတို့ကိုယူပြီးနောက် အိန္ဒိယရွက်သင်္ဘောကြီးကို မီးရှို့နှစ်မြှုပ်ပစ်လိုက်လေတော့သတည်း။

□□□





## ရေဘီလူးရန်စွယ်

ထိုနေ့ တစ်နေ့လုံး ... ပင်လယ်ဘီလူးတို့မှာ အောင်ပွဲခံသည့်အနေဖြင့် သောက်ပွဲစားပွဲကြီး ကျင်းပရင်း အောင်သေအောင်သားစားကြရာ ညနေစောင်းနေဝင်ခါနီးအချိန်အထိ အပျော်ကျူးမဆုံးဖြစ်နေတော့၏။

“ဟော့ ... ဟိုး အနောက်မြောက်ဘက်ကောင်းကင်ပေါ်က ကြက်မတစ်ဝပ်စာလောက်ရှိတဲ့ တိမ်မည်းအုပ်အုပ်လေးကဘာလဲကွ”

“ဟာ ... အဲ ... အဲဒါမုန်တိုင်းပဲ”

“လေပြင်းတွေ တိုက်လာပြီဟေ့ ... ရွက်တွေသိမ်းစမ်း၊ ရွှင်စမ်း”



www.burmeseclassic.com

www.burmeseclassic.com



တက်မကိုင်နှင့် ကျောက်တစ်လုံးယက္ခကြီးတို့၏ အဝေ
တကြီး အော်ဟစ်အမိန့်ပေးသံနှင့်အတူ ပင်လယ်ဘီလူးများသည်
လည်း တစ်နေ့လုံး စိတ်လွတ်ကိုယ်လွတ်ခံစားလာခဲ့ကြသော
ဆက်ရက်မင်းစည်းစိမ်တို့ ကြက်ပျောက်ငှက်ပျောက် ပျောက်က
ကာ ပျာယာခတ်ပြေးလွှားကုန်ကြတော့၏။

ပင်လယ်ဘီလူးတစ်ယောက်က သိုရုံး (ခေါ်) ရွက်ထ
ရွက်ချကြိုးကို လျင်မြန်စွာ လျှော့ချလေရာ အခြားသုံးယေ
ယောက်တို့က ကျလာသည့်ရွက်များကို ရုပ်သိမ်းကြလေ၏
ရုပ်သိမ်းပြီးသောရွက်များကို ရွက်လက်တို့အပေ
ခေါက်တင်ကာ သင်အူကြိုးများဖြင့် ချည်နှောင်တုပ်စည်းကြ
၏။

ထို့နောက် သိုရုံးကြိုးတို့ကို ဝိုင်းဆွဲကာ ရွက်လက်တို့
ရွက်တိုင်အထက်သို့ ဆွဲတင်ကြပြီးနောက် ရွက်လက်ကြီး
ပြုတ်မကျစေရန် သိုရုံးကြိုးကို နွားတိုင်၌ ချည်သူချည်ကြလေ
အချို့လည်း ဂျက် (ခေါ်) တညင်းလုံးသံချောင်း၌ ရစ်ပတ်
နှောင်ကြလေ၏။

ယင်းသို့ ဝင်းမြတ်တို့လူစုက ရွက်များကိုသိမ်းလျက်ရှိ
ကျောက်စိမ်းတို့၊ စိန်သော်တာတို့၊ ကုလားပုတို့မှာ ပြင်း
သည့်လှိုင်းလုံးကြီးများ၏ ရိုက်ခတ်လွှမ်းမိုးဆွဲချမှုကြောင့် ပင်လ
ထဲသို့ လိမ့်ပါနိုင်မည့် သစ်သားစည်ကဲ့သို့သော ပစ္စည်းပစ္စ





ကို ကြိုးတို့ဖြင့် အခိုင်အမာတုပ်နှောင်ကြတော့၏။

ပါးနပ်သော ရန်ကြီးရွှေမှာမူ အခြားသူများ ပျာယာခတ်
လှုပ်ရှားနေစဉ် သူက အခြေအနေအရပ်ရပ်ကို သုံးသပ်လျက်ရှိ
လေ၏။

"အင်း ... မုန်တိုင်းက အတော်ကြီးမားပြင်းထန်မယ့်
ပုံပဲ၊ ကြည့်စမ်းပါဦး ... ကြက်မတစ်ဝပ်စာလောက် တိမ်မည်း
အုပ်လေးဟာ ချက်ချင်း လေမိုးတွေထန်လာပြီး ကောင်းကင်တစ်
ခုလုံးမည်းမှောင်သွားတဲ့အထိ လွှမ်းမိုးသွားပြီ၊ သင်္ဘောဆီ ပြေး
ဝင်လာနေတဲ့ လှိုင်းလုံးကြီးတွေရဲ့အောက်မှာ ငါတို့ရွက်သင်္ဘော
ကြီး မြုပ်သွားနိုင်တယ်၊ အဲဒီလို သင်္ဘောနစ်မြုပ်ရင် ငါတို့ရထား
တဲ့ ရတနာပစ္စည်းတွေဟာ ပင်လယ်ကြမ်းပြင်အောက် ရောက်
သွားတော့မှာပဲ၊ ငါ အဲဒီလို အဖြစ်မခံနိုင်ဘူး။ အဲဒီရတနာတွေကို
ရအောင်ယူရမယ်"

အားလုံးက မိမိတို့၏အသက်ရှင်ရေးအတွက် မျက်ကလူး
ဆန်ပျာဖြစ်နေချိန်တွင် ရန်ကြီးရွှေကမူ မိမိ၏ အသက်ထက်
ရတနာပစ္စည်းများအတွက် ရတက်ပိုနေလေ၏။

"ဟုတ်ပြီ ... အခွင့်သင့်တာနဲ့ အဲဒီရတနာတွေကို ရ
အောင်ယူရမယ်"

ယင်းအချိန်မှာပင် မုန်တိုင်းသည် ပင်လယ်ဘီလူးရွက်
သင်္ဘောကြီးကို မွှေ့တိုက်လိုက်ကာ တောင်ပူစာတမျှမြင့်မားသည့်

www.burmeseclassic.com



လှိုင်းလုံးကြီးတို့က အရှိန်ပြင်းစွာ ရိုက်ခတ်လျက် ရွက်သင်္ဘောကို ဝါးမျိုရန် ကြိုးစားတော့၏။

ရေဘီလူးသည်ကား ပင်လယ်ဘီလူးကို စားချေတော့မည်။

'ဝေါ'

'ဝေါ'

'ဂုန်း'

ပင်လယ်ဘီလူးသည် လှိုင်းလုံးကြီးများအကြားတွင် အလူ လူး အလဲလဲဖြစ်နေကာ သင်္ဘောပေါ်သို့ ဝေါခနဲ၊ ဝေါခနဲ ထိုးတက်လာသည့် လှိုင်းလုံးကြီးများမှာ ကုန်းပတ်ပေါ်မှတွေ့သမျှ လူသူပစ္စည်းပစ္စယတို့ကို ပင်လယ်ထဲဆွဲချတော့ရာ အားလုံးလည်း နီးစပ်ရာ ရွက်တိုင်၊ ဗုံလုံတိုင်၊ ခေါင်တိုင်၊ ရာတိုင်၊ ဝရန်တာ စသည်တို့ကို ကုတ်ကတ်တွယ်ဖက်ထားရလေ၏။

ပင်လယ်ဘီလူးရွက်သင်္ဘောကြီးသည်ကား ဆန်ကောထဲ တွင် ဆီးဖြူသီးထည့်လှိမ့်သလို ညှာတာခြင်းကင်းမဲ့သော လှိုင်း လုံးကြီးတို့အကြားတွင် အလူးလူးအလဲလဲ ဖြစ်လိုက်၊ ဦးထောင်း ထောင်ဖြစ်လိုက်နှင့် နစ်မြုပ်လုလုဖြစ်လာသည့် အပြင် လှိုင်းထေ က ပိုမိုကြမ်းသည်ထက်ကြမ်းတမ်းလာတော့၏။

'ဝေါ'

'ဝေါ'





'ဂုန်း'

"အောင်မယ်လေးဗျ"

လှိုင်းရိုက်ချက်ကြောင့် ပင်လယ်ထဲလွင့်ပါသွားသူတို့ကို လည်း မည်သူကမျှ မကူညီနိုင်ကြချေ။ တောင်မင်းကို မြောက် မင်းမကယ်နိုင် ဖြစ်နေရချေပြီ။

ပင်လယ်ဓားပြခေါင်းဆောင်ကြီး ကျောက်တစ်လုံးယက္ခ ကိုယ်တိုင် ရွက်တိုင်ကို အတင်းဖက်တွယ်ထားသည့်ကြားမှ ရွက် တိုင်ကျိုးကျသံကြားသဖြင့် မော့ကြည့်လိုက်ပြီးနောက် သူ့ခေါင်း ပေါ်သို့ ရွက်တိုင်တန်းများပြုတ်ကျလာမည်စိုးသောကြောင့် ရွက် တိုင်ခြေကိုလွှတ်ကာ ရာတိုင်ဆီပြေးကပ်ရန် ကြိုးစားစဉ် ...

'ဝေါ'

'ဂုန်း'

"အား"

ကြီးမားပြင်းထန်လှသည့် လှိုင်းလုံးကြီးတစ်လုံးက သူ့ကို ပြင်းထန်စွာရိုက်ခတ်လိုက်ရာ ကုန်းပတ်ပေါ်မှ နေ၍ပင်လယ်ထဲသို့ ဦးစောက်ကျွမ်းပြန် လွင့်ထွက်သွားလေတော့၏။

"ငါမျှော်လင့်ထားတဲ့ အခွင့်အရေးရပြီ"

အကြံသမား ရန်ကြီးရွှေမှာ လှိုင်းလေများကြားမှပင် အောင်အခန်းများဆီကူးသွားပြီး ကျောက်တစ်လုံးယက္ခ၏ သီး သန့်ကေဗင်အခန်းထဲသို့ ဝင်လိုက်စဉ် သင်္ဘောကြီးမှာ စောင်းသွား

www.burmeseclassic.com



သဖြင့် ရန်ကြီးရွှေသည် အခန်းထဲသို့ တလိမ့်ခေါက်ကွေးရောက်ရှိသွားတော့၏။

'ဝေါ်'

'ဝေါ်'

'ဝေါ်'

'ဝုန်း'

"အား ... ကယ်ကြပါဦးဗျ"

အပြင်ဘက်၌ ရေပွက်သံတမျှ ဆူညံရှုပ်ထွေး ယောက်ယက်ခတ်လျက်ရှိစဉ် ရန်ကြီးရွှေမှာ ကေဗင်အခန်း၏ထောင့်၌ရှိသော ကျောက်တစ်လုံးယက္ခ၏ သံသေတ္တာကြီးအနီး ကြုံးစားချဉ်းကပ်သွားကာ သေတ္တာမျောက်လက်မှ အာမခံသော့ခလောက်ကြီးကို အခန်းထဲတွင်တွေ့ရသည့် ရောမပေါက်ဆိန်ကြီးဖြင့် ရိုက်ထုဖွင့်တော့၏။

'ဝေါ်'

'ဝေါ်'

'ဝုန်း'

သေတ္တာသော့ဖျက်သံက လှိုင်းသံလေသံကြားဝယ်နစ်ဝင်သွားလေသည်။

ခဏအကြာတွင် မျောက်လက်ကွေးကောက်သွားပြီး သော့ခလောက်လည်း ပြုတ်ထွက်သွားရာ အလူးလူးအလိမ့်လိမ့်





...မှပင် သံသေတ္တာကြီး၏အဖုံးကိုဖွင့်ကာ အထဲမှ အလျား...ပေ၊ အနံတစ်ပေ၊ အမြင့်တစ်ပေခန့်ရှိ သံမဏိသေတ္တာငယ်ကို ...ယူလိုက်လေ၏။

သူသည် မဟာရာဂျာ၏ ရတနာများထည့်ထားသည့် ...သေတ္တာငယ်ကို ပိုက်ကာ ကေဗင်အခန်းမှ ပြန်ထွက်စဉ် ...

'ဝေါ်'

'ဝုန်း'

"အောင်မယ်လေး"

ရေလုံးကြီးက တံခါးဝမှ ဆောင့်ဝင်လာရာ ရန်ကြီးရွှေမှာ ...က်သို့ လွင့်ထွက်လျက် အခန်းနံရံနှင့် ပြင်းတန်စွာဆောင့်မိ...သော်လည်း လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ပွေ့ဖက်...ထားသည့် သံမဏိသေတ္တာမှာမူ လက်မှလွတ်သွားခြင်းမရှိချေ။

ရေလုံးကြီးများကား အဆက်မပြတ် ဝင်လာလျက် ကေ...အခန်းမှာ တဖြည်းဖြည်း ဖောက်ထိုးဖြစ်သွားတော့၏။

"အလိုလေး ... သင်္ဘောနစ်ပြီပဲ"

သူက ချောင်ပိတ်မမိစေရန် ဝဲဘက်လက်ဖြင့် သေတ္တာ...ရင်း လက်ယာလက်ဖြင့် အားယူကာ ရေပြည့်လာပြီဖြစ်...ကေဗင်အခန်းထဲမှ ရုန်းကန်ကူးခပ်ထွက်လိုက်လေ၏။

နေရာတကာတွင် ရေတွေကိုသာ မြင်ရသည်။

သူသည်ကား သင်္ဘောကြီးနှင့်အတူ ရွှေအောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လျက်ရှိချေပြီ။

သူသည် ဖွဲ သတ္တိ ပြင်းထန်သူဖြစ်ပြီး မည်သည့်အခြေအ
နေကိုရောက်ရောက် တော်ရုံဖြင့် အလျှော့မပေးတတ်သူမို့ မည်း
မည်းမှောင်နေသောရေထဲမှာပင် ရေပြင်ပေါ်သို့ ကြိုးစားရုန်းကန်
ကူးခပ်တက်တော့၏။

သူမျှော်လင့်ထားသည်ထက် သူ့ကိုယ်က ပေါ့ပါးနေခြင်း
မှာ ရေလုံသော သံမဏိသေတ္တာလေးကြောင့်ဖြစ်ကြောင်း သူ
သတိပြုမိလိုက်စဉ်မှာပင် သူ့ဦးခေါင်းပိုင်းက လှိုင်းထန်နေသည့်
ရေမျက်နှာပြင်ပေါ်သို့ ဘွားခနဲပေါ်သွားတော့၏။

လှိုင်းလေကြားဝယ် ပင်လယ်ဘီလူးရွက်သင်္ဘောကြီးကို
ကား အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။ ပင်လယ်ဘီလူးကို
ရေဘီလူးက ဝါးမျိုသွားချေပြီ။

ရန်ကြီးရွှေမှာ ကြီးမားသည့် လှိုင်းလုံးကြီးများအကြား
တွင် ကိုယ်ကိုဖော့ကာ အလိုက်သင့်မျောပါလျက်ရှိတော့၏
ရေလုံသည့် သံမဏိသေတ္တာလေးကို လက်နှစ်ဖက်ဖြင့် ရင်ခွင်ထဲ
ဆွဲသွင်းပွေ့ပိုက်ထားရာ အသက်ကယ်ဘောကိုခိုနေရသလို ဖြစ်
ပြီး ခြေကုန်လက်ပန်းကျခဲ့သမျှအတွက် အမောအပန်းဖြေနိုင်ခဲ့ချေ
၏။

"ဟား ဟား ဟား ...ငါ ဒီမုန်တိုင်းကို လွန်မြောက်
ဖြတ်ကျော်နိုင်ရင် သူဌေးဖြစ်ပြီ၊ ငါတစ်ယောက်တည်း သူဌေးဖြ





ပြီ ...ဟား ဟား ဟား"


သူက စိတ်ထဲမှကြုံးဝါးရင်း အသံထွက်၍ပင် အော်ရယ်
လိုက်ရာ လှိုင်းကြားလေကြားမှ သူ့ရယ်သံကြီးကို လူတစ်စုက
ကြားသွားပါတော့၏။

"ဟ ...ဒါ ရန်ကြီးရွှေရဲ့ ရယ်သံပဲ၊ ဒီ ...ဒီကောင်
ခသေပါလား"

❐❐❐

www.burmeseclassic.com

www.burmeseclassic.com



## နရသိန်သို့

'ဝုန်း'

'ဖူး ‥ ဖရူး'

ရုတ်တရက် လှိုင်းလုံးကြီးတစ်လုံးက မျက်နှာရှေ့တည့်တည့်မှဝင်ဆောင့်လိုက်သဖြင့် ရန်ကြီးရှေ့သည် ရေမွန်းသွားပြီး ဆားငန်ရေတို့မှာ ရယ်နေသည့် သူ့ပါးစပ်ပြဲပြဲထဲ ဝေါခနဲဝင်သွားတော့ရာ ရေပိုမိုမွန်းသွားတော့၏။ ရေတွေကို ပါးစပ်မှ ထွေးထုတ်ရင်းက သတိလစ်ချင်သလိုဖြစ်သွားစဉ် ပိုက်ထားသော သံမဏိသေတ္တာလေးမှာ လက်ကြားထဲမှ ချော်ထွက်သွားတော့သည်။

''ဟာ ... သွားပြီ''

သူ စိုးရိမ်တကြီးဖြင့် သံမဏိသေတ္တာလေးကို လှမ်းဆွဲ





ိုက်ရာ လက်ချောင်းအဖျားတို့နှင့် ထိခါမှ သေတ္တာလေးကို န်းလိုက်သလို ဖြစ်သွားပြီး ရေဟိုက်သွားသည့် ချိုင့်ထဲသို့ သေတ္တာလေးမှာ လူးလိမ့်ပါသွားကာ သူသည်လည်း ရေအဟိုက်ထဲသို့ ဦးစိုက်ပါသွားလျက် လှိုင်းလုံးတစ်ချက်ဝုန်းခနဲအဖုံးဝယ် အောက်ထဲ ရောက်သွားတော့၏။

"သွားပြီ ... ရတနာသေတ္တာတော့ ဆုံးပါပြီဗျာ"

လှိုင်းလုံးတို့က သူ့ကိုဝါးမျိုရန် ကြိုးစားနေကြသည်ကို သတိမမူနိုင်ဘဲ ရတနာသေတ္တာဖောသာကပ်နေလျက် ရေမျက်နှာပြင်ပေါ်သို့ အတင်းရုန်းကန်ကူးခပ်တက်ပြန်၏။

သို့သော် ရေမျက်နှာပြင်ပေါ်အရောက်ဝယ် သံမဏိသေတ္တာလေးကို ရှာမတွေ့တော့ချေ။

သူသည် ငိုချင်သလိုဖြစ်သွားပြီး တောင်မြောက်လေးပါး ကပျာကသီလှည့်ပတ်ရှာကာ ကောင်းကင်ရောင်၊ ကြယ်ရောင်ကြောင့် လင်းခနဲ၊ ဖြူခနဲ ဖြစ်သွားသည့်ရေလှိုင်းတို့ကိုပင် သံမဏိသေတ္တာလေးဟု ထင်ကာ အငမ်းမရလိုက်ဖမ်းတော့၏။

"ဟာ ... သံမဏိသေတ္တာလေးမှ မဟုတ်ဘဲ"

သူသည်ကား သဲကန္တာရအလယ်၌ တံလျှပ်ကိုရေထင်မှတ်သူကဲ့သို့ အရူးတစ်ပိုင်းဖြစ်ရချေပြီ။

ဆပ်ပြာသည် လင်ပျောက်သလို အူယားဖားယားနှင့် ရှာသည်ရှာ ဟိုကူးသည်ကူးလုပ်ရင်း သူ၏ လက်ကျန်ခွန်အား



www.burmeseclassic.com

www.burmeseclassic.com



တို့ကို အလဟာသဖြုန်းတီးမိသွားရာ လှိုင်းလေ အတန်ငယ်ငြိမ်သွားသော်လည်း သူသည် ခြေကုန်လက်ပန်းကျကာ ဆက်လက်ကူးခပ်ခြင်းငှာ မစွမ်းသာတော့ဘဲ ရေထဲမြုပ်လုလုဖြစ်လာတော့၏။

ယင်းအချိန်ဝယ်သူသည် တိမ်မည်းမည်းအုပ်အုပ်တို့လွင့်ထွက်ပြေးလျက်ရှိကာ ကြယ်ပွင့်လေးများထွက်ပြူစပြူလာသည့် ကောင်းကင်ကြီးကိုမော့ကြည့်ရင်း လွန်စွာဝမ်းနည်းကြေကွဲလာတော့၏။

သူဌေးကြီးဖြစ်ပြီဟု အပိုင်တွက်ထားခါမှ အရာအားလုံးကို လက်ဖျစ်တစ်တွက်အတွင်း ဆုံးရှုံးရလျက် သူ၏အသက်ပင် ကောန်မုချ သေရတော့မည်။

ရေထဲတွင်လှုပ်ခတ်နေသည့် ခြေလက်တို့လေးလံသည်ထက် လေးလံလာကာ သူ၏ခန္ဓာကိုယ်တစ်ခုလုံး ရေထဲသို့ ခဲတစ်လုံးနှယ် နစ်မြုပ်လုလုမှာပင် . . .

လက်တစ်ဖက်က သူ၏လက်မောင်းကို ဖမ်းဆွဲလိုက်တော့၏။

"ရန်ကြီးရွှေကို တွေ့ပြီဟေ့"

❐





သတိလစ်လုလုဖြစ်နေသည့် ရန်ကြီးရွှေကို အသက်ကယ်လှေလေးပေါ်မှ လူလေးဦးက ဝိုင်းဝန်းဆွဲတင်လိုက်ကြလေ၏။

"သံ . . . သံမဏိသေတ္တာလေး . . . သံမဏိသေတ္တာလေး"

ရန်ကြီးရွှေမှာ ပါးစပ်မှ ကယောင်ကတမ်းအော်ဟစ်ရင်းသုံးဝ သတိလစ်သွားတော့ရာ အသက်ကယ်လှေပေါ်တွင် ဘလုမိန်က သတိပြန်လည်လာအောင်ပြုစုပေးလေ၏။ အသက်ကယ်လှေပေါ်တွင် အတူပါလာကြသည့် မိုးပွင့်၊ ကျောက်စိမ်းနှင့်မိန်းသော်တာတို့ကလည်း ရန်ကြီးရွှေ၏ဝမ်းထဲ၌ရှိနေသော ဆားငန်ရေများထွက်သွားအောင် ရန်ကြီးရွှေ၏ခန္ဓာကိုယ်ကို လှေကြမ်းပြင်တွင်မှောက်စေပြီး ကျောကုန်းကို ဖိပေးကြလေ၏။ ဆားငန်ရေများ အတော်ထွက်သွားမှ ရန်ကြီးရွှေမှာ အသက်ပြန်မှန်လာပြီး သတိရစပြုလာတော့သည်။

"အင်း . . အင်း . . အင်း"

"ရန်ကြီးရွှေ . . . ရန်ကြီးရွှေ . . . သတိရပြီလား"

"မိုး . . . မိုးပွင့်"

"အေး . . . ငါတို့ မင်းကို အသက်ကယ်လှေပေါ် ဝိုင်းပြီးဆွဲတင်ခဲ့ကြတာကွ၊ စိတ်အေးအေးထား . . . မင်း ဘာမှ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွား"

"သံ ...သံမဏိသေတ္တာလေး ...သံမဏိသေတ္တာ
လေး"

"ဘာလဲကွ ...သံမဏိသေတ္တာဆိုတာ"

"ငါ ...ငါ ကျောက်တစ်လုံးရဲ့ သံသေတ္တာကြီးထဲက
သံမဏိသေတ္တာလေးကို ယူနိုင်ခဲ့တယ်"

"ဟင် ဟုတ်လား ...မဟာရာဂျာရဲ့ ရတနာသေတ္တာ
လား"

"ဟုတ် ...ဟုတ်တယ်၊ ရေထဲမှာ ငါ့ရဲ့လက်ထဲ
လွတ်သွားတယ်၊ ဒါပေမဲ့ အဲဒီသေတ္တာလေးက လေလုံတော
ရေပေါ်မှာပေါ်တယ်၊ အဲဒီသေတ္တာကို ရှာ ...ရှာမှဖြစ်မယ်
ရှာ ...ရှာမှဖြစ် ...ဖြစ်"

ရန်ကြီးရွှေမှာ သတိပြန်လစ်သွားတော့၏။

"ဒီကောင်ကွာ ...ဒီလောက်သေရေးရှင်ရေးမှာ
တောင် ရတနာသေတ္တာကို ရအောင်ယူသေးတယ်"

"အေး ...ငါတို့ဆို လှိုင်းရိုက်ပြီးလွင့်ပါမသွားအောင်
တွယ်မိတွယ်ရာကို မနည်းတွယ်ထားရတာ၊ အဲဒီရတနာသေတ္တာ
ကို သတိရဖို့ဝေးသေး"

ခုတော့ ဘာထူးသေးသလဲ ...ရတနာသေတ္တာ ဆုံး
မဟုတ်လား"





သူတို့ တစ်ယောက်တစ်ခွန်းဝေဖန်ရင်း လှိုင်းလုံးတို့
အကြား စီးမျောနေခဲ့ကြသည်။ ရန်ကြီးရွှေကတော့ ပင်ပန်း
နွမ်းနယ်လွန်းသောကြောင့်လားမသိ ...သတိလစ်ရင်းမှ နှစ်
ခြိုက်စွာ အိပ်မောကျလျက်။

ယင်းသမယမှာ မုန်တိုင်းက အားလျော့သွားပြီမို့ လှိုင်း
လေတို့ သိပ်မထန်တော့။ ညအမှောင်ထဲတွင် နာရီများစွာစီးမျော
နေရာမှ အရုဏ်သန်းစပြုလာခဲ့ပြီ၊

ကောင်းကင်ဝဥ္စာပြင်တစ်ခုလုံးမှာ တိမ်ဖြူတို့ ကင်းစင်
လျက် ကြည်နူးရလျက်ရှိသော အဏ္ဏဝါရေပြင်ကျယ်ကြီးမှာ ညက
ပြောင်းဆန်သောင်းကျန်းခဲ့သမျှ ယခုတော့ သူ မဟုတ်ခဲ့သလို
ပင်။

ရန်ကြီးရွှေကတော့ အသက်ကယ်လှေငယ်ထဲ ပိုးလိုး
ပက်လက်လဲလျောင်းကာ အိပ်မောကျကောင်းဆဲ။ မိုးပွင့်နှင့်
ကျောက်စိမ်းတို့သည်လည်း လှေနံကိုကျောမှီကာ ငိုက်မျဉ်းနေ
ကြသည်။ စိန်သော်တာကမူ နံနက်ဦးနေခြည်၏ အလင်းပွင့်
စက်များကြောင့် ဖျတ်ဖျတ်လက်နေသည့် ပင်လယ်ရေလှိုင်းတို့ဆီ
ငေးကြည့်ရင်း တစ်စုံတစ်ရာကို ရှာဖွေနေသလို မျက်လုံးအကြည့်
တို့ ဝဲယာရှေ့နောက် ရေပြင်ကျယ်အနှံ့သို့ ဟိုမှသည်မှ ရွေ့လျား
နေ၏။

ဘလုရှိုန်က ဝါးခနဲသမ်းလိုက်ရာမှ စိန်သော်တာ၏အမူ



www.burmeseclassic.com

www.burmeseclassic.com



အရာကို အကဲခတ်မိသွားပြီး သရော်ပြုံးပြုံးလိုက်သည်။

"ဟော့ကောင် စိန်သော်တာ . . . ရေလှိုင်းတွေကြားထဲ မင်း ဘာကိုရှာဖွေနေတာလဲ၊ ဥစ္စာရှုးရန်ကြီးရွှေပြောတဲ့ သံမဏိ သေတ္တာကို ရှာနေတာမဟုတ်လား"

"ဟုတ် . . . ဟုတ်တယ် ဘလုရေ၊ သောင်မမြင်, ကမ်း မမြင်မယ့် အတူတူ ဒီရေပြင်ရဲ့တစ်နေရာရာမှာ အဲဒီသေတ္တာကို တွေ့လိုတွေ့ငြားပေါ့ကွာ"

"မင်းလည်း အရူးပဲ၊ ခုလိုအချိန်အခါအခြေအနေမှာ ငါတို့ ဘယ်နှရက်အသက်ဆက်ရှင်မလဲဆိုတာတောင် မှန်းလို့ မရဘူးကွ၊ ငါတို့မှာ သောက်စရာရေလည်း မပါခဲ့ဘူး၊ စားစရာ လည်း နတ္ထိ၊ မကြာခင် နေထွက်ပြီး နေက ကျောက်ခဲ့အောင်ပူလာ တော့မယ်၊ ငါတို့မှာ အစာငတ်,ရေငတ်နဲ့ ပင်လယ်ပြင်ထဲမှာ နေခြောက်လှန်း ကျပ်တင်ခံရမယ့် အရေးကို မင်းတွေးပူမိရဲ့လား ဒီလို အရှင်လတ်လတ်ငရဲခံရမယ့် အနေအထားမျိုးမှာ မင်းတို့ ရတနာသေတ္တာဆိုတာကို စိတ်ဝင်စားနေသေးတယ်ကွာ . . . ထွီ . . . ကျလည်းကျတဲ့ကောင်တွေ"

ဘလုရှိန်က ရှုတ်ချသလိုပြောရင်း လေ့နံ့နံ့ဘေးသို့ လှည့် ပြီး တံတွေးထွေးလိုက်သည်။ သူ၏မျက်လုံးအကြည့်က ဝါးနှင့် ပြန်ခန့်အကွာမှ ရေပြင်တစ်နေရာသို့ ရောက်သွားရာ . . .

"ဟင် . . . ဟိုက တလက်လက်နဲ့ဘာလဲကွ"





ဘလုရှိန်ညွှန်ပြရာသို့ စိန်သော်တာက ချာခနဲလှည့်ကြည့် သည်။

"ဟာ . . . အဲဒါ ရေလှိုင်းကို နေရောင်ဟပ်နေတာ မဟုတ်ဘူးကွ၊ သတ္တုတစ်ခုခုက နေရောင်ပြန်ဟပ်နေတာ၊ သံ မဏိသေတ္တာလားမသိဘူး"

စိန်သော်တာ၏ဝမ်းသာအားရစကားသံက ကျယ်သွား သဖြင့် ငိုက်မျဉ်းနေသည့် မိုးပွင့်နှင့် ကျောက်စိမ်းတို့ပါ ခေါင်း ထောင်လာကြတော့၏။

"ဘယ် . . . ဘယ်မှာလဲကွ သံမဏိသေတ္တာ"

"ဟိုမှာလေကွာ . . . ဟိုမှာ"

စိန်သော်တာ လက်ညှိုးညွှန်ပြရာသို့ ပြူးတူးပြဲတဲကြည့် လိုက်ကြပြီးနောက် လှိုင်းကြက်ခွပ်များကြား၌ နေရောင်ခသည့် ပေါ်တိုင်တလက်လက်ဖြစ်နေသည့်အရာကို မြင်လိုက်ကြရာ . . .

"ဟာ . . . ဟုတ်တယ်ဟေ့၊ ရေထဲမှာ တစ်စွန်းတစ်စ ပေါ်နေတာ သတ္တုပစ္စည်းတစ်ခုခုပဲကွ၊ သံမဏိသေတ္တာရဲ့ ရေပေါ် ပေါ်နေတဲ့ အစိတ်အပိုင်းဖြစ်နိုင်တယ်"

မဟာရာဇာ၏ အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုး ကြီးလှသည့် ရတနာသေတ္တာဟူသော အသိကြောင့် သူတို့ လေးဦးစလုံး၏အတ္တလောဘစိတ်က ရှန်းကြွလာကြ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းပုတ်သဖြင့် သံမဏိသေတ္တာလေးက သူတို့နှင့် ဝေး ... ဝေ

သွားသလို ထင်ရသည်။

"ဟာ ... တရွေ့ရွေ့ဝေးသွားပြီကွ"

မုန်တိုင်းထဲတွင် သေပြေးရှင်ပြေး အတင်းဆွဲချလာ

သည့် အသက်ကယ်လှေလေးထဲတွင် ခတ်တက်တို့ပါမလာသဖြ

သံမဏိသေတ္တာနောက်သို့ သူတို့ လှော်ခြင့်လိုက်ရန် မဖြစ်နိုင်ချေ

"ဘယ်လိုလုပ်ကြမလဲ ... ဝေး ... ဝေးသွားပြီကွ

"ရေဆင်းကူးပြီးလိုက်မှ ဖြစ်မှာကွ"

တစ်ယောက်တစ်ပေါက် ဝေဖန်နေကြသော်လည်း ဖ

ပန်းနွမ်းနယ်နေကြသဖြင့် ပင်လယ်ရေထဲဆင်းကူးလိုက်ရန် မျ

သူမျှ မဝံ့ကြချေ။

'ဝုန်း'

မပြောမဆိုဖြင့် ပင်လယ်ရေပြင်ထဲ ဒိုက်ဗင်ထိုးဆင်းသ

သူက ဘလှရှိန်ဖြစ်၏။ ဘလှရှိန်က ဝါးသုံးပြန်အကွာခန့် ရော

သွားပြီဖြစ်သော သံမဏိသေတ္တာလေးရှိရာသို့ လက်ပစ်ကူးသ

သည်။

ရခိုင်ကမ်းရိုးတန်းတွင် ကြီးပြင်းခဲ့သော ဘလှရှိန်

ပင်လယ်ဖျံတစ်ကောင်နှယ် ရေကူးကျွမ်းကျင်သူဖြစ်၏။

သူက လက်ပစ်ကူးရင်း သံမဏိသေတ္တာလေးရှိရာ

ရောက်သွားရာ သေတ္တာလေးကို ဝဲဘက်လက်ဖြင့်ပိုက်လျ





လှေဆီပြန်ကူးလာခဲ့သည်။

"ဝေး ... ဘလှကွ"

စိန်သော်တာက ဦးစွာ အော်ဟစ်အားပေးလိုက်ရာ

ကျောက်စိမ်းနှင့်မိုးပွင့်တို့ကလည်း ဝိုင်းဝန်းအော်ဟစ်အားပေးလိုက်

ကြလေ၏။

"ဟုတ်ပြီ ... ဘလှရှိန်ကွ ... ဘလှရှိန်"

သူတို့၏ အော်ဟစ်သံများကြောင့် ရန်ကြီးရွှေမှာ လန့်နိုး

လာပြီး အခြေအနေအရပ်ရပ်ကို သိသွားသည့်နောက်တွင် သူပါ

ဝမ်းမြောက်ဝမ်းသာဖြစ်သွားတော့၏။

ရတနာသေတ္တာလေး လှေပေါ်ရောက်တော့ ပါလာသည့်

ဓားမြှောင်ဦးဖြင့် စိန်သော်တာက သေတ္တာသော့ခလောက်ကို

ကြိုးစားပမ်းစား ကလန့်ဖွင့်သည်။ ဖောက်ထွင်းစိတ်ဖြာလုပ်ဖူးသူမို့

ခဏအတွင်းမှာပင် သော့ပွင့်သွားရာ သားရေအနားသားပါသည့်

သေတ္တာအဖုံးကို ဖွင့်ကြည့်ပြီးနောက်မှာတော့ သူတို့ငါးဦးစလုံး

အဖို့ အနာဂတ်ဘဝအိပ်မက်ကို မက်ခွင့်ရသွားကြလေတော့၏။

"ငါတို့တော့ ချမ်းသာပြီဟေ့"

"ပွတာပဲကွာ ပွတာပဲ ... ဟား ဟား ဟား"

ထိုထက်ပို၍ ဝမ်းသာစရာကောင်းသည်က မကြာမီမှာ

ပင် မိုးကုပ်စက်ဝိုင်းတစ်နေရာ၌ ကုန်းမြေတစ်စွန်းတစ်စကို သူတို့

တွေ့ရှိရပြီး ရေလှိုင်းတို့က သူတို့၏လှေလေးကို ထိုကုန်းမြေရှိရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ တွန်းပို့နေခြင်းပင် …။

"ကျောက်ဆောင်ကျွန်းလေးပါလားကွ"

"လူသူရှိပုံ မရဘူး"

သစ်ပင်သစ်တောကြီးကြီးမားမားမရှိဘဲ သစ်ပင်ငယ်၊ ချုံနွယ်များနှင့် ကျောက်ဆောင်ကျောက်တုံးကြီးများသာ ရှိသော ကျွန်းလေးပေါ်သို့ သူတို့ နောက်နှစ်နာရီခန့်တွင် ရောက်ရှိသွားတော့၏။

တစ်မိုင်ပတ်လည်ခန့်သာရှိမည့် ကျွန်းလေးပေါ်ဝယ် စားစရာသီးနှံပင်များမရှိသော်လည်း ကျောက်ခွက်များပေါ်တင်ကျန်ရစ်သည့်မိုးရေကို သူတို့သောက်သုံးခွင့်ရကြသည်။

ကမ်းခြေဝယ် ငါး၊ ပုစွန် ဖမ်း၍ရသည်။ ခရုများကောက်၍ ရသည်။ ဘာပဲဖြစ်ဖြစ် သူတို့ အသက်ဆက်လက်ရှင်သန်ဖို့ ရိက္ခာနှင့် နေပူဒဏ်မှကာကွယ်ရန် ကျောက်ဆောင်အရိပ်ကောင်းကောင်း ရသည်။

"ငါတို့ ဒီရတနာသေတ္တာကို ဘယ်လိုလုပ်ကြမလဲ"

"ခုနေတော့ ငါတို့ကိုယ်နဲ့မကွာ ယူသွားနေလို့ မဖြစ်ဘူး။ ငါတို့ ဘာဆက်ဖြစ်လာမလဲ မသိနိုင်သေးဘူး"

"ဟုတ်တယ် … တခြားစားပြအဖွဲ့တွေနဲ့လည်း တိုးနိုင်တယ်"

နောက်ဆုံး သူတို့ငါးဦးစလုံး သဘောတူဆုံးဖြတ်ကာ





ကျွန်း၏အလယ်ကောင် တောပန်းရိုင်းများနှင့် သစ်ပင်အုပ်အုပ်လေးရှိရာ ကုန်းမြေတစ်နေရာတွင် သုံးလေးတောင်ခန့်တွင်းတူးပြီး သေတ္တာလေးကို ယာယီမြှုပ်နှံထားလိုက်ကြ၏။ ထိုနေရာ၏ ထူးခြားမှုက စစ္စပန်း (ခေါ်) သစ္စာပန်းဝါဝါများ ပေါများစွာပေါက်ရောက်နေခြင်းပင်။

ထို့နောက် ရက်သတ္တတစ်ပတ်ခန့် သူတို့ ကျွန်းလေးပေါ်တွင် အနာဂတ်မဲ့စွာရှိနေခဲ့ကြရာမှ …

တစ်နံနက်၌ သူတို့ အိပ်ရာမှနိုးစမှာပင် အင်ဂျင်စက်သံတစ်ခု ကြားလိုက်ရသဖြင့် ဝမ်းသာအယ်လဲ လူးလဲထလိုက်ကြလေ၏။

"ဟာ … အ … အစိုးရမော်တော်ပါလား"

ကံဆိုးချင်တာလား၊ ကံကောင်းချင်တာလားမသိ … ကမ်းခြေစောင့်ကင်းလှည့်မော်တော်လေးမှာ သဲသောင်ကမ်းစပ်တွင် ဆိုက်ကပ်လာပြီး လက်နက်ကိုင်ကမ်းခြေစောင့်တပ်သားများ ကျွန်းလေးပေါ်တက်လာရာ …

သူတို့ကို ပင်လယ်ဓားပြများမှန်းသိသဖြင့် ဖမ်းခေါ်သွားကြတော့၏။

သူတို့ကို လက်ပြန်ကြိုးများတုပ်ကာ ရခိုင်ကမ်းမြောင်အသရှိ ဆိပ်ကမ်းတစ်ခုဆီ ခေါ်ဆောင်သွားရာ …

တစ်နေ့လုံးခုတ်မောင်းပြီး ညနေမှောင်လုလုတွင်မှ ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ခြေအနီးရောက်သွားစဉ် တုပ်နှောင်ထားသည့် ကြိုးကို ကြိုးစားဖြုတ်နိုင်သော ရန်ကြီးရွှေမှာ ကမ်းခြေစောင့်တပ်သားများအလစ်တွင် မော်တော်ပေါ်မှ ခုန်ချကူးပြေးလေ၏။

တပ်သားတို့က ရေထဲသို့ သေနတ်များဖြင့် စွတ်ပစ်ပြီးနောက် မှောင်မှောင်မည်းမည်းတွင် မီးမောင်းထိုးကာ ရှာသေးသော်လည်း ရန်ကြီးရွှေကို အစအနပင်မတွေ့ရတော့ချေ။

□□□



## သစ္စာမဲ့သူ

နောက်နှစ်နှစ်ခန့်အကြာတွင် ...

ရန်ကြီးရွှေမှာ ပုသိမ်မြို့မှ ငါးအဝယ်ဒိုင်တွင် နာမည်...မျိုးဖြင့် တာလီစာရေးအဖြစ် လုပ်ကိုင်လျက်ရှိလေ၏။ ...သည် ဉာဏ်ရည်ထက်မြက်ပြီး ကြိုးစားသူဖြစ်သဖြင့် ကူလီ...မှ တာလီစာရေးဖြစ်လာခြင်းဖြစ်သည်။

သူသည် ကြီးမားသောရည်မှန်းချက်ဖြင့် မနားမနေကြိုးစားသူ၊ ရသမျှငွေကို ချွေတာစုဆောင်းသူ ဖြစ်၏။ သူ၏...ရည်မှန်းချက်မှာ လူသူမဲ့သော ပင်လယ်နက်ထဲမှ ကျွန်း...တွင် သူတို့မြှုပ်နှံထားခဲ့သည့် မဟာရာဂျာ၏ ရတနာ...ကို သွားရောက်တူးဖော်ယူဖို့ပင် ...။

---

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်လေးကောင်ကတော့ စစ်တွေထောင် ထောင်ငါးနှစ်စီကျနေတယ်လို့ သတင်းရတယ်၊ သင်းတို့မလွ လာခင် အဲဒီသံမဏိသေတ္တာလေးကို ငါ ဦးအောင်သွားဖော်ယူ မယ် ...၊

တကယ်တော့ အဲဒီသေတ္တာလေးဟာ သင်းတို့နဲ့ ဘာ မဆိုင်ဘူး။ ငါ အသက်စွန့်ပြီး ရယူလာခဲ့ရတဲ့ ရတနာသေတ္တာ ငါသာ ဆိုင်သင့်တာပေါ့"

သူ၏အတွေးက သူ့ဘက်မှ မဲတင်းခဲ့သည်။

သို့ဖြင့် နောက်တစ်နှစ်ကျော်ခန့်အကြာတွင် စက်လေ တစ်စီးကို စင်းလုံးငှားကာ သူရောက်ခဲ့ဖူးသောကျွန်းလေး ရှာဖွေဖို့ ပင်လယ်ထဲ ထွက်ခဲ့သည်။

သူမှတ်သားထားခဲ့ဖူးသော အရပ်လေးမျက်နှာ အမှ အသားများ၊ သန္တာကျွန်းတို့၏အနေအထားတို့ကို တွက်ချက်လ ခဲ့သဖြင့် ရတနာသေတ္တာမြှုပ်နှံခဲ့ရာ ကျွန်းလေးဆီ ဆိုက်ဆိုက် မြိုက်မြိုက်ရောက်သွားတော့၏။

ကျောက်ဆောင်ကျောက်တုံးကြီးများနှင့် သစ်ပင်ချုံနွယ် တို့ အတော်အသင့်ရှိသော ကျွန်းလေး၏ကမ်းခြေဝယ် စက်လေ ဆိုက်ကပ်ပြီး ညစာချက်ပြုတ်စားသောက်ကြစဉ် စက်လှေသား များ၏အလစ်၌ သူအသင့်ယူလာသော အိပ်ဆေးမှုန့်တို့ကို ဟင် အိုးထဲထည့်လိုက်လေသည်။





ညစာစားပြီး မကြာမီ စက်လှေသမားတို့ လူမှန်းသူမှန်း မသိအောင် ပိုးလိုးပက်လက် အိပ်မောကျသွားသည်တွင်မှ သံတူ ရွင်းတစ်ချောင်း၊ ဂေါ်ပြားတစ်လက်ထမ်းကာ ကျွန်းလေး၏ အလယ်ကောင်သို့ သူချီတက်ခဲ့၏။

လရောင်ပြိုးပြက်လျက်ရှိသဖြင့် ယခင်က မှတ်သားထား ခဲ့သည့် အမှတ်အသားတို့ကို သူကောင်းစွာမြင်ရသည်။

"ဟုတ်ပြီ ... ရှေ့က သစ္စာပန်းဝါဝါတွေရှိတဲ့ နေရာပဲ"

စစ္စပန်း (ခေါ်) သစ္စာပန်းဝါဝါတို့ ပေါများစွာပေါက် ရောက်နေရာ ကုန်းမြင့်လေးပေါ်မှ အနက်ရောင် ကျောက်တုံးကြီး တစ်လုံးနှင့် အဖြူရောင်ကျောက်တုံးတို့အကြားကို တူးဆွခြင်းပြု လေ၏။

မှျော်လင့်ချက်အပြည့်ဖြင့် တက်ကြွစွာ သူ ကြိုးစားတူး ဖော်သည်။

ကြိုးစားသူအတွက် အရာရာသည် အချည်းနှီးမဖြစ်ပါ။

မကြာမီလရောင်ဟပ်သဖြင့် လိုးလိုးလက်လက်ရောင် ဖြန့် ထွက်ပေါ်နေသည့် သံမဏိသေတ္တာ၏အဖုံးကို တွေ့ရှိရတော့ သည်။

ရန်ကြီးရွှေသည် သံမဏိသေတ္တာလေးကို လက်ဖြင့် အုယားဖားယားယက်ကာ တူးဖော်ထုတ်ယူလိုက်ပြီး အငမ်းမရ ဆွဲပိုက်လိုက်လျက် လရောင်အောက်ဝယ် မျက်နှာကိုမော့ကာ



www.burmeseclassic.com

www.burmeseclassic.com



အားရပါးရကြီး ဟစ်ကြွေးရယ်မောလိုက်ပါတော့သည်။

"ဟား ဟား ဟား ...ဥစ္စာရင်းမှန်လို့ ငါရတာကွ၊ ငါချမ်းသာပြီ ...ချမ်းသာပြီ ...ဟား ဟား ဟား ...ငါလိုလူ ဗမ္ဗူရှိသေးရဲ့လား ...ဟား ဟား ဟား"

❐

ရန်ကြီးရွှေသည် နောက်တစ်နှစ်ကျော်ခန့်အကြာတွင် ဧရာဝတီမြစ်ဝကျွန်းပေါ် မြို့ကြီးတစ်မြို့တွင် နာမည်တစ်မျိုးဖြင့် အခြေချကာ စီးပွားရေးလုပ်ငန်းရှင်ကြီးအဖြစ် လုပ်ကိုင်နေခဲ့လေ၏။

သို့သော် သူ၏ဇာတာက တစ်မျိုးဖြစ်ဟန်ရှိသည်။ ကောင်းရောင်းကောင်းဝယ်ဖြင့် အကျိုးမပေးလို့ပဲလား မသိ ... စီးပွားရေးလုပ်ငန်း ဘာလုပ်လုပ် အဆင်မပြေဖြစ်နေသည်။ ယင်းမြို့ဝယ် သူနှင့်စီးပွားပြိုင်ဘက်မှာ တရုတ်သူဌေးတစ်ဦး ဖြစ်၏။

ရန်ကြီးရွှေနှင့် တရုတ်သူဌေးတို့မှာ ရေလုပ်ငန်းကို အပြိုင်အဆိုင် လုပ်ကိုင်ခဲ့ကြလေ၏။

ရန်ကြီးရွှေသည် သူရရှိခဲ့သော မဟာရာဇ္ဇာ၏ ရတနာပစ္စည်းတို့မှ အချို့ကို ထုခွဲရောင်းချပြီး ငါးဖမ်းစက်လှေများထောင်

ခု နစ် စဉ် ကြယ် စာ ပေ



ရေလုပ်ငန်းကို အကြီးအကျယ်လုပ်ခဲ့ရာတွင် သူ၏ငါးဖမ်းလှေနှစ်စင်းမှာ ဘင်္ဂလားပင်လယ်အော်ထဲဝယ် မုန်တိုင်းမိကာ မြုပ်ခဲ့ရ၏။

"ဟဲ ဟဲ ဟဲ ...လူချင်းသာပြိုင်လို့ ရမယ်၊ ဝကိုတော့ ချင်းလာပြိုင်လို့ မရဘူးလေ ...ဟဲ ဟဲ ဟဲ"

သူ့စက်လှေများမှာ မုန်တိုင်းဒဏ်မှ သီသီလေးလွတ်မြောက်ခဲ့သဖြင့် ပေါက်ဖော်ကြီးမှာ ပြောအားရှိခဲ့သည်။

ဆန်စက်တည်ပြန်တော့လည်း ကုလားသူဌေးတစ်ဦးနှင့် င်နဲ့အပြိုင်အဆိုင် ဖြစ်ခဲ့ရ၏။

ယင်းဆန်စက်သည်လည်း စပါးပေါ်ချိန်နှစ်ရာသီခန့်သာ ည်ပတ်လိုက်ရပြီး တစ်ညဝယ် မီးသင့်လောင်ကာ ဆုံးရှုံးခဲ့ရ၏။

သတင်းစုံစမ်းထောက်လှမ်းကြည့်တော့ စီးပွားပြိုင်ဘက် ားသူဌေးတပည့်များ၏ ရှို့မီးကြောင့် ဆန်စက်မီးလောင်ခံ ြင်းဟုသိခဲ့ရရာ ထိုအချိန်မှစပြီး ရန်ကြီးရွှေမှာ တိုင်းတစ်ပါး လုပ်ငန်းရှင်များအပေါ် အငြိုးအတေးထားလာခဲ့မိသည်။

သို့ဖြင့် နောက်ဆုံး သစ်လုပ်ငန်းလုပ်ပြန်တော့လည်း ချဲ့ဗြိတိသျှအရင်းရှင်ကုမ္ပဏီနှင့် ပြိုင်ဆိုင်လုပ်ကိုင်ရာမှ ဘုံ ားမားကုမ္ပဏီ၏ အမျိုးမျိုးသော အနှောင့်အယှက်ပေးမှု ကြောင့် ဆုံးရှုံးမှုများဖြစ်လာခဲ့ရ၏။

"တောက် ...ဘယ်လုပ်ငန်းလုပ်လို့မှ အဆင်မပြေပါ

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လား။ ငွေရှင်ကြေးရှင်, နေရှင်တွေဟာ သူတို့အတွက်အကျိုးအတွ ပဲ ကြည့်တာပါလား၊ တိုင်းတစ်ပါးသားလုပ်ငန်းရှင်တွေဆို ပို သေးတယ်၊ လုပ်ငန်းတူတွေအပေါ် နည်းနည်းမှ စာနာထော ထားခြင်း မရှိကြဘူး၊ သမ္မာအာဇီဝနည်းနဲ့ သင်းတို့ကို မယှဉ် ရင်တော့ အသမ္မာအာဇီဝနည်းနဲ့ ယှဉ်ပြိုင်မှနဲ့တူပါရဲ့''

ငယ်စဉ်က ဆိုးမိုက်,အကြမ်းဖက်ချင်သည့်ဗီဇက တ တစ်ရံ ပေါ်လာချင်သေး၏။

သို့သော် လက်ထဲဝယ် နောက်ထပ်လုပ်ငန်းများ ထောင်ရင်းနှီးရန် ရတနာပစ္စည်းများရှိနေသေးသဖြင့် တိုက်ဟ ခိုက်ဟယ် မလုပ်ချင်သေး။

သို့သော် သွေးထွက်သံယိုတိုက်ခိုက်မှုများကို ရှောင် ချင်ခါမှ လူသတ်မှုကျူးလွန်ရန်ကံကြမ္မာက ဖန်လာသေးသည်

ဖြစ်ရပုံမှာ ဤသို့ဖြစ်၏။

တစ်နေ့သောနံနက်တွင် သူသစ်ကုမ္ပဏီ၏ ရုံးခန်းစာ ပေါ်၌ ဖက်စိမ်းဖြင့်ထုပ်ထားသော စစ္စပန်း (သစ္စာပန်း) အဝါစည် တစ်စည်းနှင့်အတူ စာအိတ်တစ်အိတ်ကိုတွေ့ရာ ရန်ကြီး လွန်စွာအံ့ဩသွားရသည်။

''ဟေ့ စံလှ ...လာစမ်းပါဦး ...ဒီပန်းစည်း ဒီ ဘယ်သူလာထားတာလဲကွ''

ရုံးခန်းသန့်ရှင်းရေးဝန်ထမ်း ကိုစံလှအား ဒေါသသံဖြ





ဘ်ဟစ်ခေါ်ယူမေးမြန်းလိုက်ရာ ကိုစံလှမှာ ကြက်မွေးတံမြက် ည်းတစ်ချောင်းကိုင်လျက် ရုံးခန်းထဲပြေးဝင်လာပြီး စားပွဲမျက် ပြင် မှန်ပြားထက်မှပန်းစည်းကို မျက်လုံးအကြောင်သားနှင့် ည့်ကာ ဖြေသည်။

''ဆရာတို့အရွယ် လူကြီးတစ်ယောက်ပဲခင်ဗျ၊ ဆရာမှာ းလို့ လာပို့တာ၊ ရုံးခန်းစားပွဲပေါ်မှာ ထားလိုက်ပါဆိုပြီး ဆရာ့ တွက် စာအိတ်တစ်အိတ်ပါပေးသွားလို့ ကျွန်တော်တင်ထား ာပါ''

''အဲဒီလူကို မင်းမသိဘူးလား ...ဒီမြို့ကပဲလား''

''ဒီမြို့ကတော့ မဟုတ်ဘူးဆရာ၊ ပုံစံက ခပ်ညိုးညိုးနွမ်း ပဲ၊ မျက်နှာထားတော့ တင်းတယ်၊ အသားညိုညို၊ အရပ်မြင့် ''

''အေး ...သွားတော့''

ကိုစံလှထွက်သွားမှ စာအိတ်ကို ဖောက်ဖတ်လိုက်ရာ ာကိုယ်တစ်ခုလုံးရှိ အကြောအားလုံး တောင့်တင်းသွားသလို းလိုက်ရတော့၏။

*ရန်ကြီးရေ...*

*သစ္စာပန်းအဝါတွေရှိတဲ့ကျွန်းကို ငါတို့လေးယောက်စလုံး ရောက်ပြီးပြီ။*

www.burmeseclassic.com



*ဒီလောက်ဆို မင်း သဘောပေါက်လိမ့်မယ်ထင်တယ်၊*
*အဲဒီကိစ္စနဲ့ပတ်သက်ပြီး မင်းကို တွေ့ချင်တယ်၊*
*ဒီနေ့ညနေ (၅)နာရီတိတိမှာ မြို့တောင်ဘက်စွန်းက ဘုရား*
*အိုကုန်းကို လာခဲ့ပါ။*

*စိန်သော်တာ*

"ဟာ ဒီ . . . ဒီ . . . ဒီကောင်တွေ ထောင်ကလွတ်[...] ဟိုကျွန်းလေးဆီ သွားပြီးပြီပဲ၊ ငါ့ကိုလည်း ခြေရာခံမိသွား[...]

ပထမတော့ တုန်လှုပ်ချောက်ချားသွားသလို ဖြစ်သွ[...] သော်လည်း ပင်ကိုဗီဇ မိုက်သွေးမိုက်စိတ်တို့က တစ်ကိုယ်လုံး[...] ဆူပွက်လာတော့၏။

"တကယ်ဆို အဲဒီရတနာတွေဟာ ငါ့ကြောင့်ရခဲ့တာ[...] အဲဒီကောင်တွေကို ဘာဖြစ်လို့ ရင်မဆိုင်ရဲရမှာလဲ၊ တွေ့ကြသေ[...] တာပေါ့"

❐

ထိုနေ့ညနေမှာပင် မြို့တောင်ဘက်စွန်းမှ ဘုရားအိုကု[...] လေးသို့ ရာလေးစက်ဘီးလေးစီးကာ ရန်ကြီးရွှေတစ်ဦးတည်[...]





ထွက်လာခဲ့လေ၏။

ဘုရားအိုကုန်းကား မြို့နှင့် နှစ်ဖာလုံခန့်ဝေးကာ မြစ်[...]ကမ်းစပ် လူသူပြတ်လတ်ရာ ဖုန်းဆိုးမြေမှာရှိသည်။ ယင်းကုန်းထက်မှ ရှေးဟောင်းစေတီအိုလေးမှာ ပြုပြင်စောင့်ရှောက်သူ[...]မဲ့ခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာပြီဖြစ်၍ ပြိုကျပျက်စီးကာ ချုံနွယ်[...]ပိတ်ပေါင်းတို့အလယ်တွင် အုတ်ပုံတစ်ခုအဖြစ် အထီးထီးတည်ရှိနေပါ၏။

ကုန်းမြင့်လေး၏အခြေတွင် စက်ဘီးကိုဒေါက်ထောက်[...]ရပ်ပြီး ချုံနွယ်တို့ကိုရှောင်ကွင်းကာ ကုန်းမို့မို့လေးပေါ်သို့ ရန်ကြီး[...]ရွှေ တစ်လှမ်းချင်းတက်လာတော့ ဆည်းဆာနေညိုစပြုပြီ။

မြစ်ကမ်းဘက်ဆီမှ တသွဲ့သွဲ့တိုက်ခတ်လာသော လေ[...]အေးအေးကြောင့် မိုးနှံပင်များနှင့် လမုပင်တို့၏ ကိုင်းဖျား[...]တိုင်းနားတို့ ယိမ်းလှုပ်သွားကာ ပိန်ညင်းငှက်တို့ တောင်ပံတဖျတ်[...]ဖျတ်ခတ်ရင်း မြစ်ဘက်သို့ ထိုးဆင်းသွားကြ၏။

ရန်ကြီးရွှေက ဘုရားအိုကုန်းပေါ်တွင် ခြေတစ်လှမ်းချင်း[...]လှမ်းကာ မျက်မှောင်ကြုတ်လျက် ဟိုသည်ကြည့်နေစဉ် မြစ်ကမ်း[...]စပ် ကနစိုပင်တစ်ပင်နောက်မှ လူတစ်ဦးထွက်လာသည်ကို တွေ့[...]ရလေ၏။

ထိုသူမှာ ကာကီရောင်ရုပ်အင်္ကျီအနွမ်းနှင့် ပုဆိုးကွက်[...]ကြဲကို ခပ်တိုတိုဝတ်ကာ တဘက်ဟောင်းတစ်ထည်ကို လည်ပ[...]



www.burmeseclassic.com

www.burmeseclassic.com



ပတ်ထားပြီး ဦးခေါင်းတွင် သက္ကလတ်ဦးထုပ်အဟောင်းကို ဆောင်းထား၏။

"စိန်သော်တာ"

တစ်ချိန်က မန္တလေးမှ ဖောက်ထွင်းဝိဇ္ဇာတစ်ဦး။ အိမ်ဖောက်ထွင်းစဉ် လူမိသဖြင့် အိမ်ရှင်လင်မယားကို ဓားဖြင့်ထိုးသတ်မှုဖြစ်ကာ တစ်သက်တစ်ကျွန်းကျခဲ့သူ။ တစ်ကျွန်းမှ ထွက်ပြေးပြီး ပင်လယ်ဓားပြမှုဖြင့် ထောင်နန်းစံခဲ့ရသူ။ ခုတော့ မဟာရာဇ၏ ဝေစုတောင်းဖို့ သူ့ကိုချိန်းဆိုခြင်းပင်ဖြစ်ရမည်။

"ရန်ကြီးရွှေ ... မင်း ရတနာသေတ္တာ တူးယူသွားတာကို ငါတို့သိတယ်၊ ဒီတော့ ရထားတဲ့ရတနာတွေကို ငါးပုံပုံပြီး ငါတို့ကို တစ်ပုံစီခွဲပေးပေတော့"

"ငါတို့ဆိုတာ ဘယ်သူတွေလဲ"

"မင်းရဲ့တပည့်ဟောင်း မိုးပွင့်, ကျောက်စိမ်းနဲ့ ဘလုရှိန်၊ သူတို့နဲ့ ငါ အဆက်အသွယ်ရှိတယ်၊ မင်းကို ငါတို့အားလုံးရှာနေတာ ထောင်ကလွတ်လာကတည်းက ... တစ်နှစ်ကျော်ပြီ၊ မနက်ကတော့ မင်းကို ဒီမြို့မှာတွေ့ပြီဆိုတဲ့အကြောင်း သူတို့ရှိရာမြို့တွေဆီ ငါ ကြေးနန်းရိုက်လိုက်ပြီးပြီ"

ရန်ကြီးရွှေ အံကြိတ်လိုက်မိ၏။

"အဲဒီရတနာတွေ ငါရသွားတယ်လို့ မင်းတို့ ဘာဖြစ်လို့ စွပ်စွဲနိုင်သလဲ"





"ဟ ... အဲဒီကျွန်းမှာ ရတနာသေတ္တာမြှုပ်ထားတာကို သိတာ ငါတို့ငါးယောက်တည်းလေကွာ၊ ငါတို့လေးယောက် ထောင်ကျနေတုန်း မင်းမယူလို့ ဘယ်လူညီးသမားက လာယူမှာလဲ ဒီမှာ ရန်ကြီးရွှေ ... ဝေ့လည်ကြောင်ပတ် မလုပ်နဲ့နော်၊ အခုကယ်ဆို ရတနာတွေရပြီး ကြီးပွားနေတဲ့မင်းဟာ ထောင်ကျနေတဲ့ငါတို့ကို တစ်နည်းနည်းနဲ့ဆက်သွယ်ပြီး ကူညီပံ့ပိုးသင့်တယ်၊ ငါတို့ဟာ ထောင်ထဲမှာ အငတ်ငတ်အပြတ်ပြတ်နဲ့ ငရဲသားလို နေခဲ့ရတယ်၊ မင်း ခုလို ငါတကော ကောမနေသင့်ဘူး၊ မင်းရဲ့ အသက်ကို ပင်လယ်ထဲကနေ ငါတို့ကယ်ခဲ့တာပါကွ"

"ပြီးတာတွေ ချေးခြောက်ရေနှူးမနေနဲ့ စိန်သော်တာ၊ မင်း အခု ဘာဖြစ်ချင်သလဲ"

"ငါ့အတွက် ဝေစုလိုချင်တယ်"

"မပေးဘူးဆိုရင်ကောကွာ"

"ရတယ်လေ"

စိန်သော်တာက ပြောပြောဆိုဆို ကျောနောက်မှာထိုးထားသောရဲတင်းကို ဆွဲထုတ်လိုက်၏။

ရန်ကြီးရွှေကလည်း ကုတ်အင်္ကျီဖြင့်ဖုံးထားသော ခါးကြားမှဓားမြှောင်ကို ဆွဲထုတ်လိုက်၏။ သူ ရတနာတွေ အပိုင်စီးခဲ့ကတည်းက သည်လိုပြဿနာမျိုး တစ်နေ့ကြုံလာရမည်ကို ကြိုတွက်ထားပြီးဖြစ်သဖြင့် သူ့ဘက်က အန္တရာယ်ဟူသမျှကို ရင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ဖို့ အရာရာကြိုတင်ပြင်ဆင်ပြီးသားဖြစ်သည်။

"အဲဒီရတနာတွေဟာ ငါ့အသက်နဲ့ရင်းပြီး ရယူခဲ့တာကွ မင်းတို့နဲ့ ဘာမှမဆိုင်ဘူး၊ မဆိုင်ဘဲ လောဘတက်တဲ့ကောင်တွေ သေစမ်းကွာ"

'ဝုစ်'

'ချွင်'

ဘုရားအိုကုန်းပေါ်မှ စီးချင်းတိုက်ပွဲက ပြင်းထန် သည်။ လူမိုက် လူမိုက်ချင်း စာရင်းရှင်းသည့်ပွဲ၊ ဇ,ရှိသူချင်း စွမ်းရည်ပြိုင်ပွဲ၊ သွေးစွန်းဖူးသောလက်ချင်း အသက်လုပွဲ။

ဘဝရှေ့ရေးအတွက် အမြဲသတိရှိပြီး ရောက်ရာအရပ် ဆရာအဆူဆူထံမှ ဖိုက်ခိုက်ရေးပညာများကို ဆည်းပူးဖြ ဆည်းထားသော ရန်ကြီးရွှေကို ရေရှည်မှာ စိန်သော်တာမယှဉ် ပါ။

ရန်ကြီးရွှေ၏ ဆန်းပြား၍ ပညာသားပါသော ဓားကွ အောက်တွင် စိန်သော်တာ အသက်ပျောက်ရပြီ။

"သေစမ်းကွာ"

"အ"

"မင်း . . . မင်းကို ငါ . . . ငါတို့လေးယောက် သ . . . သစ္စာပြုထားတဲ့ သစ္စာပန်းတွေက ကျိန် . . . ကျိန်စာသင့် လိမ့်မယ် . . . သိရဲ့လား"

---

ခု နစ် စဉ် ကြယ် တ ပေ



ပါးစပ်မှ ကယောင်ကတမ်းပြောရင်း သွေးတို့ အန်ထွက် ကာ ဘုရားကုန်းမြေပေါ် စိန်သော်တာခွေကျသွား၏။

"ဟား ဟား ဟား . . . ဥစ္စာရူးတွေ . . . စမ်းချင်ရင် ကြဉ်း၊ အကြောင်းသိသွားစေရမယ် . . . ဟား ဟား ဟား"

❐❐❐

www.burmeseclassic.com

www.burmeseclassic.com



## လေးပွင့်သစ္စာ

မကြာမီ ရက်ပိုင်းအတွင်း ဘလူရိုန်တို့သုံးဦး ရောက် လာတော့မည်မှာ သေချာနေသဖြင့် ထိုမြို့မှာခွာကာ ခြေ ဖျောက်ရန် ရန်ကြီးရွှေချက်ချင်းစီမံရပြီ။

စိန်သော်တာ၏အလောင်းကို မြစ်ရေထဲ ပစ်ချဖျော ဖျက်လိုက်ပြီးဖြစ်သည်။ ယင်းအလောင်းမှာ မြစ်ရေအတက်အ ဖြင့် လေးငါးရက် စုန်ဆန်မျောနေရင်းမှ ပုပ်ပွပေါ်လာတော့ ဤအရပ်သားမဟုတ်သဖြင့် ပုလိပ်ဘက်မှ သေဆုံးသူမည်သူ ပင် မသိနိုင်ရာ ထိုအမှုကို ဖိဖိစီးစီးလိုက်မှာမဟုတ်ကြော တွက်ဆပြီးဖြစ်၏။

ရန်ကြီးရွှေက သစ်ခွဲစက်နှင့် ဂိုဒေါင်၊ ရုံးခန်း၊ သို့သေ





သားသစ်တို့ကို ဘုံဘေဘားမားသစ်ကုမ္ပဏီသို့ လျှော့ဈေးဖြင့် ပိုင်းအတွင်း ထိုးအပ်ရောင်းချလိုက်သည်။

အိမ်ကိုတော့ ပွဲစားလက်ထဲအပ်ထားခဲ့ကာ ထိုမြို့မှ သုံး အတွင်း ခြေရာဖျောက်ခွာခဲ့လိုက်၏။

ရန်ကုန်မြို့သို့တက်ခဲ့ကာ ဗိုလ်တစ်ထောင်ဘက်၌ တိုက် တစ်ခန်းငှားလျက် နာမည်တစ်မျိုးပြောင်းပြီး သိုသိုသိပ်သိပ် ထိုင်ခဲ့၏။

"အင်း . . . ငါရထားတဲ့ ရတနာပစ္စည်းတွေဟာ လေးပုံ ပုံလောက် ကျန်သေးတယ်၊ စုဆောင်းမိထားတဲ့ငွေနဲ့ အဲဒီ နာတွေကိုထုခွဲလို့ရတဲ့ငွေ ပေါင်းပြီး သိုသိုသိပ်သိပ်စား က်နေထိုင်ရင်း လေး,ငါးနှစ်လောက် ခြေရာဖျောက်နေမှ"

သူရည်မှန်းထားသည့်အတိုင်း ပထမတစ်နှစ်တော့ လွတ် အေးဆေးစွာ နေထိုင်နိုင်ခဲ့၏။

သို့သော် တစ်ခုသော ညနေဆည်းဆာအချိန် . . .

ဗိုလ်တစ်ထောင်ဆိပ်ကမ်းအနီးမှ ချောင်ကျကျ စား ဆိုင်လေးထဲဝယ် ဘီယာသောက်ရင်း ပျင်းရိငြီးငွေ့ဖွယ် သည့် သူ့ဘဝအတွက် စိတ်ဖြေရာရှာနေစဉ် လူနှစ်ဦးက မှာ မပြောမဆို လာထိုင်လိုက်ကြလေ၏။

အာလူးကြော်ကိုလက်လှမ်းနေရာမှ သူမျက်မှောင်ကြုတ် မော့ကြည့်လိုက်တော့ ကုတ်အင်္ကျီအနက်ကြီးများ ဝတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် ထိုသူနှစ်ဦးမှာ သက္ကလတ်ဦးထုပ်ဆောင်းထားသော ခေါင်းကြီးများကိုငုံ့ကာ သူ့ရှေ့ဝယ် မလှုပ်မယှက်ထိုင်နေကြရာ ထိုသူတို့မှာ မည်သူမည်ဝါတွေမှန်း မသိ၊ အဘယ်ကြောင့် သူ့စားပွဲသို့ လာထိုင်မှန်းမသိသဖြင့် အံ့ဩစိတ်နှင့်အတူ စိတ်ရှုပ်ထွေးသွား၏။ ထိုသူတို့ထံမှ အေးစက်စက်စကားသံ ထွက်ပေါ်လာလေ၏။

"မင်း ဘယ်ကိုပဲ ပုန်းရှောင်ပြေးပြေး . . . ငါတို့ရဲ့လက်ထဲက မလွတ်ပါဘူး ရန်ကြီးရွှေ"

"ဟင်"

ရင်းနှီးနေသော အသံ၊ ပတ်သက်နေသော အကြောင်းတရားတို့ကြောင့် ရန်ကြီးရွှေ တုန်လှုပ်သွားသည်။

သက္ကလတ်ဦးထုပ်ဆောင်းထားသူတို့က ငုံ့ထားသော ခေါင်းတို့ကို မော့လိုက်ကြသည်။

"ဟုတ်တယ် . . . မင်းနဲ့ သေဖော်သေဖက်ဖြစ်ခဲ့ကြတဲ့ မိုးပွင့်နဲ့ ကျောက်စိမ်းတို့ပဲ ရန်ကြီးရွှေ မင်း ငါတို့ကို လုံးဝငဲ့မကြည့်ဘဲ တစ်ကိုယ်ကောင်းဆန်ခဲ့တယ်၊ ပြီးတော့ စိန်သော်တာကိုလည်း မင်းသတ်ခဲ့တယ်"

"ဟာ . . . ငါ . . . ငါ မသတ်"

"မင်း ငြင်းလို့မရဘူး ရန်ကြီးရွှေ၊ စိန်သော်တာဆီက ကြေးနန်းရရချင်း ငါတို့ မင်းရှိရာမြို့ဆီ လိုက်လာခဲ့တော့ မင်း ပြောင်းပြေးပြီဆိုတာ သိခဲ့ရတယ်၊ စိန်သော်တာရဲ့အလောင်းက ဝေနံမြစ်ဝမှာ ပေါ်ခဲ့တယ်၊ ငါတို့ကလည်း မင်းကိုရှာရင်း ဝေနံမြစ်နားကရွာဆီအရောက် အလောင်းတစ်လောင်း မြစ်ထဲမှာပေါ်လာတယ်ဆိုလို့ သွားကြည့်တော့ စိန်သော်တာရဲ့အလောင်းဖြစ်နေတာကို တွေ့ရတယ်၊ အလောင်းက ဒဏ်ရာဒဏ်ချက်တွေကို မြင်လိုက်တာနဲ့ ဘယ်သူ့လက်ချက်ဆိုတာ ငါတို့သိခဲ့တယ်၊ ပုလိပ်ကိုတော့ ငါတို့သတင်းမပေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပုလိပ်ကို သတင်းပေးမိရင် မင်းကို ငါတို့ရဲ့လက်နဲ့ လက်တုံ့မပြန်ရမှာစိုးလို့ပဲ"

ရန်ကြီးရွှေ သက်ပြင်းရှိုက်လိုက်မိသည်။ အခက်အခဲအကျပ်အတည်းက သူမျှော်လင့်ထားတာထက် ပိုမိုထုထည်ကြီးမားနေပါလား။ သူက လှုပ်ရှားလျက်ရှိသော စိတ်ကိုထိန်းချုပ်ပြီး ချောင်ပိတ်မိနေရာမှ ရုန်းထွက်ဖို့ ဦးနှောက်ကို အလုပ်ပေးလိုက်သည်။ ခဏချင်းမှာပင် ပျက်သွားသည့်မျက်နှာကို ပြင်လိုက်ပြီး

"မင်းတို့နှစ်ယောက်တည်း ငါ့ဆီလာတာလား . . . ငကောင် ဘလှရှိန်ရော"

ဟု တည်ငြိမ်စွာ မေးလိုက်၏။

"ဘလှရှိန်ဟာ အရင်က ကျိုက်လတ်မှာနေတယ်၊ ဒါပေမဲ့ မော်လမြိုင်ကျွန်းသူတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး သူ့မိန်းမရဲ့ဇာတိမြို့ဆီလိုက်သွားတာ နှစ်နှစ်လောက်ရှိပြီ၊ ဒါကြောင့် ကျိုက်လတ်လိပ်စာနဲ့ စိန်သော်တာရိုက်လိုက်တဲ့ကြေးနန်း သူ့







www.burmeseclassic.com

www.burmeseclassic.com



ဆီရောက်ပုံမရဘူး၊ ငါတို့ပဲ ကြေးနန်းရလို့ တွဲတေးကနေ လိုက်လာခဲ့ကြတာ''

ရန်ကြီးရွှေက ပြုံးလိုက်ကာ ကျောက်စိမ်း၏မျက်နှာကို တည့်တည့်ကြည့်သည်။

''ဒီမှာ ကျောက်စိမ်း ...မင်းတို့က ငါ့ကို ရန်ပြုဖို့လာတာပေါ့ ...ဟုတ်လား၊ ရန်ပြုချင်တဲ့အကြောင်းရင်းကလည်း မင်းတို့ကို ဝေစုခွဲမပေးလို့ပေါ့ ...ဟုတ်လား၊ ငါက မင်းတို့ကို ဘာဖြစ်လို့ ခွဲမပေးရမှာလဲ၊ ဘလှရှိန်နဲ့ စိန်သော်တာတို့ဟာ ငါရဲ့ငယ်ပေါင်းတွေ မဟုတ်ဘူးကွ၊ အဲဒီကောင်တွေကို မပေးနိုင်ပေမယ့် ငါရဲ့ငယ်ပေါင်းတွေဖြစ်တဲ့ မင်းတို့နှစ်ယောက်ကို ငါ ဘာဖြစ်လို့ ခွဲဝေမပေးနိုင်ရမှာလဲ ...မဟုတ်ဘူးလား''

ခပ်ပြုံးပြုံးပြောလိုက်သော ရန်ကြီးရွှေ၏စကားကြောင့် မိုးပွင့်နှင့် ကျောက်စိမ်းတို့မှာ ဇဝေဇဝါဖြစ်သွားကြကာ တင်းနေသောမျက်နှာတို့ တစ်ပတ်လျှော့သွားကြလျက် တစ်ယောက်မျက်နှာ တစ်ယောက်လှည့်ကြည့်လိုက်ကြ၏။

ရန်ကြီးရွှေက လူအတန်အသင့်ရှင်းလျက်ရှိသော ဆိုင်ဝန်းကျင်ကို အကဲခတ်ဝေ့ကြည့်လိုက်ပြီးနောက် ကိုယ်ကိုရှေ့သို့ကိုင်းကာ ခပ်တိုးတိုးဆက်ပြောသည်။

''ဒီမှာ သူငယ်ချင်းတို့ရ ...မင်းတို့အတွက်ဝေစု ရစေရမယ် ...ငါပေးမှာပါ၊ ဒါပေမဲ့ ဒီဆိုင်ထဲမှာ ဒီစကားတွေ ဆက်





ပြောနေဖို့ မသင့်ဘူး၊ ဒီတော့ ငါ့ရဲ့တိုက်ခန်း လိုက်ခဲ့ကြကွာ၊ အေးအေးဆေးဆေးဆက်ပြီး ပြောဆိုဆွေးနွေးကြတာပေါ့''

ရန်ကြီးရွှေ၏မျက်လုံးများကို စိုက်ကြည့်နေကြပြီးနောက် ကျောက်စိမ်းနှင့် မိုးပွင့်တို့မှာ ယုံကြည်မှုရှိသွားကာ ကုတ်အင်္ကျီအောက်၏အောက်အိတ်များထဲ နှိုက်ထားသည့်လက်တို့ကို နှုတ်ထုတ်လျက် ထိုင်ရာမှ ထရပ်လိုက်ကြလေ၏။

''ကောင်းပြီ ရန်ကြီးရွှေ ...သွားတာပေါ့''

❐

သူတို့မြင်းရထားစီးပြီး ရန်ကြီးရွှေ၏တိုက်ခန်းသို့ရောက်သော့ ညမှောင်ရီသန်းစပြုချေပြီ။

''ကဲ သူငယ်ချင်းတို့ ...လွတ်လွတ်လပ်လပ်နေကွား၊ ဒီတိုက်ခန်းက အသံလုံးဝလုံတယ်၊ ဒီမှာဆိုတော့ ငါတို့စိတ်ကြိုက်ပြောဆိုဆွေးနွေးလို့ရတာပေါ့''

ရန်ကြီးရွှေက မှန်ဗီရိုထဲမှ ဝီစကီပုလင်းကို ထုတ်လျက် အမြည်းခွက်များနှင့် မြေပဲလှော်ထုပ်များချပေးကာ ပေါင်းကောင်းသင်းကောင်းတို့ကို တည်ခင်းလိုက်သည်။

''ဒီမှာ သူငယ်ချင်းတို့ရ ...ငါကလည်း မင်းတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့အတူတူ ဟိုနှစ်ကောင်ရောပါနေလို့ အဆက်အသွယ် ဖြတ်နေခဲ့ရတာပါကွ၊ မှန်တာပြောရရင် မင်းတို့လို ငယ်သူငယ် ချင်းတွေအပေါ်မှာတော့ ငါ ဘယ်တစ်ကိုယ်ကောင်းဆန်မှာလဲကွ တစ်ခုတော့ရှိတယ် . . . ငါလည်း အဲဒီရတနာတွေကိုထုခွဲပြီး စီးပွားရေးလုပ်တာ ဘာလုပ်လုပ် အဆင်မပြေဖြစ်ပြီး ရတနာ တွေရဲ့ လေးပုံတစ်ပုံလောက် လျော့သွားတယ်ကွ၊ ကျန်တဲ့သုံးပုံကို အညီအမျှခွဲပြီး မင်းတို့နှစ်ယောက်ကိုပေးမယ် ကျေနပ်လား"

ရန်ကြီးရွှေထံမှ ခါးခါးသီးသီးငြင်းဆန်မှုကို တွေ့ကြုံ ရလိမ့်မည်ဟု မျှော်လင့်ထားခဲ့ကြသော ကျော်စိမ်းတို့မှာ သူတို့ အတွက် အထိုက်အလျောက်သောဝေစုတို့ကို ရှာရှူစွာရမည် ဆို၍ ကျေနပ်သဘောကျသွားကြလေ၏။

"အေး . . . ဒါဆိုရင်တော့ ကျေနပ်တယ်ကွာ"

ဝမ်းသာအားရပြောပြီးမှ တစ်စုံတစ်ရာကို သတိရသွား ဟန်ဖြင့် ကျော်စိမ်းတို့မှာ တုံ့ဆိုင်းဆိုင်းဖြစ်သွားရသည်။

"အေးကွာ . . . ခက် . . . တာ . . . က"

"ဘာခက်တာလဲကွ"

"ဒီလိုကွ ရန်ကြီးရွှေရဲ့ . . . ငါတို့ဟာ ဘလှရှိန်, စိန် သော်တာတို့နဲ့အတူ လေးပွင့်သစ္စာဆိုထားမိကြတယ်ကွ"

"ဘာ . . . ဘာဖြစ်တယ် . . . ဘာလဲကွ . . . လေးပွင့် သစ္စာဆိုတာ"





"ဒီလိုကွာ . . . ငါရှင်းပြမယ်"

ကျော်စိမ်းမှာ ရန်ကြီးရွှေနားရှင်းစေရန် အောက်ဖော် ပြပါ လေးပွင့်သစ္စာအကြောင်းကို ရှင်းပြလိုက်တော့၏။

❐

စစ်တွေထောင်မှလွတ်မြောက်လာပြီးနောက် ဘလှရှိန်၊ ကျော်စိမ်း၊ မိုးပွင့်နှင့် စိန်သော်တာတို့မှာ ရန်ကြီးရွှေ၏သတင်း ကို တစ်လခန့်စုံစမ်းသေးသော်လည်း မည်သို့မျှ စုံစမ်းမရသဖြင့် နောက်ဆုံး လက်လျှော့လိုက်ကြရတော့သည်။

"ငါတို့ကို ကမ်းခြေစောင့်မော်တော်ဖမ်းလာကတည်းက အဲဒီကောင် ရေထဲခုန်ချရင်း သေများသွားသလားကွာ"

"မပြောတတ်ဘူး၊ အဲဒီကောင်က ရောဝတီမြစ်ကမ်းခြေ မှာ ကြီးပြင်းခဲ့တာမို့ ဖျံလောက်နီးနီး ရေတော့ကျွမ်းတယ်ကွ၊ ဒါပေမဲ့ ကမ်းခြေစောင့်တပ်သားတွေရဲ့ သေနတ်မှန်ခဲ့ရင်တော့ ကြွသွားနိုင်တာပေါ့လေ"

"သူ့ကိုရှာလို့မတွေ့လည်း ငါတို့မြှုပ်ခဲ့တဲ့ ရတနာ သေတ္တာကို သွားဖော်ကြတာပေါ့ကွာ၊ ရရင် ငါးပုံပုံပြီး သူ့အတွက် တစ်ပုံဖယ်သိမ်းထားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ငါတို့ လေးပုံကိုခွဲယူပြီး သူ့အတွက် တစ်ပုံကို သိမ်းထားကြမယ်၊ သူမသေခဲ့လို့ ပြန်တွေ့ရင် သူ့ကို ပေးကြတာပေါ့ကွာ"

သို့ဖြင့် သူတို့လေးဦးသည် ငါးဖမ်းစက်လှေတစ်စီးတွင် ဝင်ရောက်အလုပ်လုပ်ကြပြီးနောက် ငွေစုကာ နောက်တစ်နှစ်ခန့် အကြာတွင် စက်လှေတစ်စီးငှားကာ ရတနာသေတ္တာမြှုပ်နှံခဲ့ရာ ပင်လယ်ထဲမှ ကျွန်းလေးဆီသို့ သွားရောက်ခဲ့ကြလေ၏။

သို့သော် ကျွန်းလေးဆီရောက်တော့ သူတို့ ခဲလေသမျှ သဲရေကျ ဖြစ်ရပြီ။

"ဟာ ... ဒီမှာ တစ်ယောက်ယောက် ယက်ဖော်ထားလို့ တွင်းဖြစ်နေပါလား။ ရတနာသေတ္တာလည်း မရှိတော့ဘူး"

အားလုံး အံ့သြတုန်လှုပ်စွာဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

သူတို့အထဲတွင် ဒေါသတကြီး ရှူးရှူးရှဲရှဲအဖြစ်ဆုံးက ဘလှရှိန်ဖြစ်၏။

"တောက် ... ဒါဟာ ရန်ကြီးရွှေရဲ့လက်ချက်ပဲ ဖြစ်ရမယ်ကွ၊ ငါတို့ ထောင်ထဲမှာ ငါးနှစ်သွားနေရတုန်း အဲဒီကောင် တစ်ယောက်တည်း လာတူးဖော်ယူသွားတာ ဖြစ်ရမယ်"

"ဟုတ်တယ်၊ ဒါကြောင့် ဒီကောင် လက်စဖျောက်သွားတာဖြစ်မယ်"





စိန်သော်တာက ဘလှရှိန်၏စကားကို ထောက်ခံလိုက်သည်။

"အဲဒီအတိုင်းဆိုရင်တော့ ဒီကောင် သစ္စာမဲ့တာပဲကွ၊ အဲဒီရတနာတွေကို ငါတို့ငါးယောက် အတူတူပြန်တူးဖော်ကြပြီး အညီအမျှခွဲဝေယူကြမယ်လို့ သဘောတူထားပြီးမှ ဒီလိုတစ်ကိုယ်ကောင်းဆန်သွားတာတော့ ဘယ်ကောင်းမလဲ"

"သေ...ာ်သေဖက်ချင်း ဒီလိုမလုပ်သင့်ဘူးကွာ၊ ဆန်ကောလောက်မှ စောက်မနက်တဲ့အကြံ ကြံသွားတာပဲ၊ တကယ်ဆို ရတနာတွေကို ရယူထုခွဲပြီးရင် ငါတို့ကို ကြည့်ရှုသင့်တာပေါ့၊ ခုတော့ ... တောက် ... ရက်စက်လေခြင်း ရန်ကြီးရွှေရယ်"

မိုးပွင့်ကလည်း လုံးဝမကျေနပ်။

"ကဲ ... ဟောကောင်တွေ ရန်ကြီးရွှေရဲ့ရက်စက်ယုတ်မာမှုကတော့ ထင်ရှားနေပြီ၊ မင်းတို့ အဲဒီကောင်ကို ခွင့်လွှတ်နိုင်ကြသလား"

"ခွင့်မလွှတ်ဘူး"

"ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

"ငါက အမုန်းချေပစ်ချင်တာ ... တောက်"

ဘလှရှိန်၏အမေးကို ကျန်သုံးယောက်စလုံးက မုန်းတီးနာကြည်းမှုခံစားချက်အပြည့်ဖြင့် ပြန်လည်တုံ့ပြန်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပြီ … ဒါဆို ငါတို့အပေါ် ရက်စက်ယုတ်မာပြီး သစ္စာမဲ့သွားတဲ့ ရန်ကြီးရွှေကို တွေ့ရာသချိုင်း မားမဆိုင်းစတမ်း သုတ်သင်လက်စားချေဖို့ ငါတို့ တညီတညွတ်တည်း ဆုံးဖြတ်ကြ ရအောင်”

“နေဦး ဘလုရှိန် … ငါတို့နဲ့တွေ့တဲ့အခါ သူက ဝေ ခွဲပေးပါ့မယ်ဆိုရင်ကော”

“ရှောရှောရှူရှူခွဲပေးရင်တော့ ခွင့်လွှတ်လိုက်ပေါ့ကွာ ခွဲမပေးဘဲ တစ်ကိုယ်ကောင်းဆန်လို့ကတော့ ငါတို့ရဲ့ဘုံရန်သူ အဖြစ် တွေ့တဲ့နေရာမှာ စတေးပစ်ကြစို့”

“အေး … ကောင်းတယ်၊ ငါထောက်ခံတယ်”

“ငါလည်း သဘောတူတယ်”

“ငါ့ဘက်က ကန့်ကွက်စရာ မရှိဘူး”

“ဟုတ်ပြီ … ဒါဆို ဟောဒီကုန်းလေးပေါ်မှာ ပေါက်နေ တဲ့ ဟောဟို စစ္စပန်း (သစ္စာပန်း) တွေနဲ့ သစ္စာပြုတိုင်တည်ကြစို့”

ဘလုရှိန်က ပြောပြောဆိုဆိုဖြင့် တောပန်းတို့နှင့်အရော သဘာဝအလျောက် အလေ့ကျပေါက်နေသော စစ္စပန်း (သစ္စာ ပန်း) လေးခိုင်ကို မားမြောင်ဖြင့်ဖြတ်ယူလိုက်ကာ တစ်ဦးကို ပန်းတစ်ခိုင်စီ ဝေပေးလိုက်လေ၏။

“ကဲ … ဒီသစ္စာပန်းတွေနဲ့ ငါ သစ္စာပြုတိုင်တည်မယ် မင်းတို့ လိုက်ရွတ်ဆိုကြ”





ဘလုရှိန်က လက်နှစ်ဖက်ဖြင့် အဝါရောင်စစ္စပန်း (သစ္စာ …) ခိုင်ကို ကိုင်မြှောက်ကာ မျက်စိမှိတ်ပြီး ကျယ်လောင်စွာ …ဆိုရာ ကျန်လူသုံးဦးက နောက်မှ လိုက်ရွတ်ဆိုကြလေ၏။

“ဤကျွန်းကိုစောင့်သော, ဤပင်လယ်ပြင်ကို စောင့် …သော, ဤကမ္ဘာလောကကိုစောင့်သော နတ်ဒေဝါများခင်ဗျား … ကျွန်ုပ်တို့လေးဦးအပေါ်တွင် သစ္စာမဲ့သွားသော ရန်ကြီးရွှေ … ပြန်လည်တွေ့ရှိပါက သစ္စာယွင်းပျက်ကြောင်း သေချာလျှင် …ရာသချိုင်း မားမဆိုင်းစတမ်း သုတ်သင်လက်စားချေ အပြစ် …ခတ်ရန် ကျွန်ုပ်တို့လေးဦး သဘောတူဆုံးဖြတ်ပါ၏။ ဤဆုံး …ချက်အတိုင်း လိုက်နာရန်ကတိပြုပါကြောင်း ဤမည်သော …ပန်းခိုင်လေးခိုင်အား သက်သေပြုပါ၏။ ကတိပျက်ယွင်းသူ, …ပျက်ယွင်းသူတို့မှာ ရန်ကြီးရွှေနည်းတူ အပြစ်ပေးခံရမည့် …ပြင် ကျိန်စာသင့်ကာ အသေဆိုးဖြင့် သက်တမ်းမစေ့မီ မရှုမလှ …ရပါစေသတည်း”

ယင်းသို့ သစ္စာပန်းလေးခိုင်အား သက်သေပြုကာ သူတို့ …ဦး၏ သစ္စာစကားရွတ်ဆိုသံမှာ ကျောက်ဆောင်ကျွန်းလေး …ာစ်ဆင့် ပင်လယ်အထွတ္တဝါရေပြင်ကိုဖြတ်ကျော်ပြီး အရပ်ရှစ် …နှာသို့တိုင် ပဲ့တင်ရိုက်ခတ်ပျံ့လွင့်သွားသလား ထင်မှတ်ရ …

❒



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ဟာ အဲဒီလို အဝါရောင်စစ္စပန်း (သစ္စာယ
လေးခိုင်ကို သက်သေပြုပြီး ကတိသစ္စာဆိုထားခဲ့ကြတယ
ရန်ကြီးရွှေရဲ့ ... အဲဒါ လေးပွင့်သစ္စာပဲ"

"ဟ ... အဲဒီလို သစ္စာဆိုထားတော့ ဘာဖြစ်လဲ ...
မင်းတို့ရဲ့ဝေစုကို ခွဲပေးမှတော့ ငါ့ကို သစ္စာပျက်ယွင်းတယ်
ဆိုနိုင်မလား၊ ဝေစုရရင် မင်းတို့ကျေနပ်တယ်မဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ်ကွာ ... ဝေစုရရင် ငါတို့ကျေ
နပ်ပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲကွ"

"လေးပွင့်သစ္စာအရဆိုရင် စိန်သော်တာကို မင်း ဝေ
မပေးဘဲသတ်ပစ်လိုက်ကတည်းက မင်းဟာ သစ္စာမဲ့သူဖြစ်သွား
ကွ"

"ဩ ... ဒါဆို မင်းတို့နှစ်ယောက်က သစ္စာမဲ့ကြောင်
သေချာရင် တွေ့ရာသင်္ချိုင်းမားမဆိုင်းစတမ်း သုတ်သင်ရမယ်
ဆိုတဲ့ လေးပွင့်သစ္စာရဲ့စကားအတိုင်း ဝေစုရတာတောင် ငါ့
သုတ်သင်ဖို့ကြိုးစားဦးမယ်ဆိုတဲ့ သဘောလား၊ ဒီမှာ ... မင်း
ငါ့ကို လျှော့မတွက်နဲ့နော် ... ငါက မင်းတို့ကိုကြောက်လို့ ဝေ
ခွဲပေးတာ၊ အလျှော့ပေးလိုက်တာလို့မထင်နဲ့၊ မင်းတို့နှစ်ယော





တာ ငါ့ရဲ့ငယ်သူငယ်ချင်းတွေဖြစ်ပြီး ပခုက္ကူဘက်မှာကတည်းက
သေဖော်သေဖက်တွေဖြစ်ခဲ့လို့ မင်းတို့နဲ့ငါ့ကြားမှာ သွေးထွက်သံ
ယိုရက်စက်မှုမျိုး မဖြစ်ချင်တာနဲ့ တစ်စုခွဲပေးတာ ... အလျှော့
ပေးလိုက်တာပဲ၊ ဒါကိုမှ မကျေနပ်နိုင်သေးဘဲ ငါ့ကိုဒုက္ခပေးချင်
သေးတယ်ဆိုလည်း ရတယ် ကျောက်စိမ်းနဲ့ မိုးပွင့်"

ရန်ကြီးရွှေက ကျွဲမြီးတိုကာ ခက်ထန်ပြတ်သားစွာပြော
လိုက်ရာ ကျောက်စိမ်းတို့မှာ မျက်နှာပျက်သွားကြပြီး ...

"ငါတို့ကလည်း ငယ်သူငယ်ချင်းဖြစ်တဲ့ မင်းနဲ့ ပြဿနာ
ဖြစ်ချင်ပါဘူးကွာ"

ဟု လေသံလျော့ဖြင့် ပြောလိုက်ကြတော့၏။

"အေး ... ဒါဆို ပြီးတာပဲပေါ့ ... လေးပွင့်သစ္စာတွေ့
ဘာတွေ ဂရုစိုက်နေစရာမလိုပါဘူးကွာ၊ ငါ အခုပဲ မင်းတို့ကိုဝေစု
ခွဲပေးမှာပါ၊ တစ်ခုရှိတာက ... မင်းတို့နဲ့ငါ သွေးကွဲခြင်းမရှိဘဲ
ညီညွတ်မှု,စည်းလုံးမှုရသွားပြီး ရတနာတွေခွဲယူလိုက်ပြီဆိုတာ
သိသွားတဲ့အခါ ဘလုရှိန်ဟာ ငါတို့သုံးယောက်စလုံးကို မဟာရန်
သူအဖြစ် သတ်မှတ်မှာကျိန်းသေတယ်ကွ"

"အေး ... ဟုတ်တယ်၊ သူဟာ ငါတို့ကိုပါ သစ္စာဖောက်
ပြီး ရန်ပြုလာမှာသေချာတယ်"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ"

ရန်ကြီးရွှေက ကျောက်စိမ်းနှင့်မိုးပွင့်တို့အား ပြုံးကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ ...

"ဟား ဟား ဟား ... လွယ်ပါတယ်ကွာ ... သူက ငါတို့ကို ရန်မပြုမီ သူ့ကိုငါတို့က အရင်ရှင်းပစ်လိုက်တာပေါ့ ဘလှရှိန် ဒီလောကကြီးထဲမှာမရှိမှ ငါတို့စိတ်အေးရမှာကွ ဒီတော့ ဘလှရှိန်ကို ငါတို့သူငယ်ချင်းသုံးယောက်ရဲ့ ဘုံရန်သူအဖြစ် သတ်မှတ်ထားရမယ်၊ သူရှိမယ့်အရပ်ကို မင်းတို့ သေချာစုံစမ်းပါ ... သူရှိရာအရပ်ကို သိရရင် ငါတို့သုံးယောက်စလုံး သွားပြီး သင်းကို လက်ဦးမှုရယူ ရှင်းပစ်လိုက်ကြတာပေါ့ ... မဟုတ်ဘူးလား ... လွယ်လွယ်လေးပါကွာ ... ဟား ဟား ဟား"

ဟု ရယ်သွမ်းသွေးပြောလိုက်ရာ မိုးပွင့်နှင့်ကျောက်စိမ်းတို့မှာ သဘောပေါက်သွားကာ ပြုံးတူခေါင်းညိတ်လိုက်ကြတော့၏။

"အေး ... ဟုတ်တယ် ... အဲဒီနည်းပဲရှိတယ်"

"ဟုတ်တယ် ... အဲဒါဆို လေးပွင့်သစ္စာကိုလည်း စိုက်စရာမလိုတော့ဘူး"

"ဒါပေါ့ကွ ... လွယ်လွယ်လေးပါ သူငယ်ချင်းတို့ရဲ့ ... ဟား ဟား ဟား"

□□□





ပြိုးမာန်အစ

ဝေစုများရရှိပြီးနောက် ကျောက်စိမ်းမှာ တွံတေးသို့ပြန်သွားလေ၏။ တွံတေးသူလေးတစ်ဦးနှင့်ငြိနေသဖြင့် တွံတေးမှာပင် အခြေချမည်ဟု ပြောသွား၏။ မိုးပွင့်ကမူ ... မော်လမြိုင်ကျွန်းဘက်လိုက်သွားပြီး ဘလှရှိန်၏သတင်းကို စုံစမ်းမည်ဟုဆိုသည်။

"ဘလှရှိန် မော်လမြိုင်ကျွန်းမှာရှိတာသေချာရင် ငါတို့နှစ်ယောက်စလုံးဆီ သံကြိုးရိုက်အကြောင်းကြားလိုက်မယ် ... အဲဒီကောင်ကို ရန်ကြီးရွှေပြောသလို လက်ဦးမှုရယူပြီး ရှင်းမှ ငါတို့ဘဝရှေ့ရေးအတွက် စိတ်အေးရမှာကွ၊ အဲဒီကောင်က မြွေလိုအဆိပ်ပြင်းတယ်၊ အဲဒီကောင်က လောင်းကစားသကွ ... ရခိုင်ကျောက်ဖြူဘက်မှာ နာမည်ကြီး လေးကောင်



www.burmeseclassic.com

www.burmeseclassic.com



ဂျင်ဒိုင်လုပ်ရင်းက ကစားသမားချင်း မသင့်မတင့်ဖြစ်ပြီး ဓားခုတ်မှုဖြစ်ရာက ပုလိပ်လိုက်လို့ပြေးရင်း ပင်လယ်ဓားပြအဖွဲ့ထဲ ရောက်ခဲ့တာ ... လက်ယဉ်သလောက် ဒေါသအမြိုးသိပ်ကြီးတဲ့ကောင်သူ့ကို လျှော့တွက်လို့မဖြစ်ဘူး''

ဟု မိုးပွင့်က ပြောသွားသည်။

မိုးပွင့်တို့ထွက်သွားပြီး နှစ်ပတ်ခန့်အကြာတွင် ရန်ကြီးရွှေထံသို့ မိုးပွင့်ဆီမှကြေးနန်းတစ်စောင်ရောက်လာသည်။ ယင်းကြေးနန်းမှာ ရန်ကြီးရွှေမျှော်လင့်ထားသလိုမဟုတ်ချေ။

*ရန်ကြီးရွှေ...*
*မော်ကျွန်းမှာ ဘလှရှိန်မရှိတော့။ သူမိန်းမသေသွားပြီး..*
*သူ့သမီးလေးနဲ့ မော်ကျွန်းမှထွက်သွားဟု သိရ။*
*ဘယ်ထွက်သွားမှန်းမသိ...သတင်းရမှ ထပ်အကြောင်းကြားမည်။*

*မိုးပွင့်*

ထို့နောက် ရန်ကြီးရွှေမှာ ကျောက်စိမ်းမိုးပွင့်တို့နှင့် သုံးနှစ်ခန့် အဆက်အသွယ်ပြတ်သွားလေ၏။

သို့သော် ...တစ်နေ့သောအခါတွင် ကျောက်စိမ်းနှင့်မိုးပွင့်တို့ သူ့ထံ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာကြလေသည်





"ငါတို့ ဘလှရှိန်ရဲ့သတင်းကို သိရပြီ ရန်ကြီးရွှေ ... အဲဒီကောင် ကျောက်ဖြူပြန်ရောက်နေတယ်''

"ကောင်းပြီလေ ...ငါတို့ ကျောက်ဖြူလိုက်သွားကြတာပေါ့''

ဘလှရှိန်မှာ သူတို့သုံးယောက်အတွက် အမှိုက်ဖြစ်နေသည်။ ထိုအမှိုက်က သူတို့အတွက် မြွေဆိုးဆိုလည်း ဟုတ်သည်။ အချိန်မရွေး ထပေါက်ကွဲနိုင်သည့် ချိန်ကိုက်ဗုံးဆိုလည်း ဟုတ်သည်။

မည်သို့ဖြစ်စေ ဘလှရှိန် ဤလောက၏တစ်နေရာဝယ် အသက်ရှင်လျက်ရှိနေသရွေ့ သူတို့သုံးယောက်အတွက် ကျောထုံ့သလို ခံစားရ၏။

သည်တော့ ... ဘလှရှိန်ကိုအပြတ်ရှင်းပစ်ရန် ဆုံးဖြတ်ကာ ကျောက်ဖြူသို့ သူတို့သူငယ်ချင်းသုံးဦး ခြေဆန့်ခဲ့ပါတော့၏။

"ဘလှရှိန်ဟာ သူ့မိဘအမွေအဖြစ်ထားခဲ့တဲ့ ကျောက်ဖြူမြို့စွန်က ရဲတိုက်လိုလို တိုက်ဟောင်းကြီးမှာ သူ့သမီးလေးနဲ့အတူနေတာတဲ့ကွ၊ နောက်အိမ်ထောင်တော့ မပြုသေးဘူးလို့ သိရတယ်''

❐



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖြူမြို့အစွန် ပင်လယ်ကမ်းခြေအနီးရှိ ရဲတိုက်လိုလိုတိုက်အဝါကြီးက ကမ်းခြေကျောက်ဆောင်များကိုနောက်ခံပြုလျက် ထီးထီးမားမားတည်ရှိနေသည်။

ရန်ကြီးရွှေက ယင်းတိုက်အိမ်ကြီးနှင့် မလှမ်းမကမ်း ကျောက်ဆောင်များကြားမှာ ပုန်းခိုနေရစ်ပြီး ကျောက်စိမ်းနှင့် မိုးပွင့်တို့ကသာ တိုက်အဝါကြီးအနီးသို့ ချဉ်းကပ်သွားကြ၏။

တိုက်ထဲမှထွက်လာသည့် ရခိုင်အမျိုးသားကြီးတစ်ဦးနှင့် ခြင်းတောင်းတစ်လုံး လက်မှာဆွဲထားသော မိန်းမကြီးတစ်ယောက်တို့ကို ဟထားသည့်ခြံတံခါးအဝနားမှာ ဆုံမိသည်။

"ဒီတိုက်ဟာ ဘလုရှိန်ရဲ့တိုက်မဟုတ်လား"

"ဟုတ်ပါတယ်"

"သူရှိလား"

"ရှိပါတယ်"

"ခင်များတို့ကရော ဒီအိမ်ကပဲလား"

"ဟုတ်တယ်၊ ကျုပ်တို့လင်မယားက ဆရာတို့သားအအတွက် ထမင်းဟင်းချက်ပေးရတယ်"

အမျိုးသမီးကြီးကပါ ဝင်ပြောသည်။

"ခု ဈေးသွားမလို့ . . . ရှင်တို့က ဆရာ့ညှိသည်တွေလား"





"ဟုတ်တယ် . . . ဘလုရှိန်ရဲ့ သူငယ်ချင်းတွေပါ"

"ဪ . . . ဒါဆိုဝင်သွားလေ ဆရာ တိုက်ထဲမှာရှိတယ်"

ထမင်းချက်ဇနီးမောင်နှံထွက်သွားမှ ကျောက်စိမ်းတို့နှစ်ယောက်တိုက်ကြီး၏ဆင်ဝင်အောက်ဆီလှမ်းလာခဲ့ကြသည်။ ဘလုရှိန်၏ မိဘများမှာ ကျောက်ဖြူတွင် အတော်အသင့်ချမ်းသာသူများဟု ကြားဖူးသည်။ ဘလုရှိန်မှာ ငယ်စဉ်ကပင် ဆိုးမိုက်သောညဉ်ရှိပြီး လောင်းကစားဝါသနာအိုးမို့ မိဘများက နှင်ချထားခဲ့ကြောင်း ကြားဖူးသည်။ ယခုတော့ သူ့မိဘတွေလည်း ကွယ်လွန်ကုန်ပြီမို့ မိဘ၏လက်ငုတ်လက်ရင်း ဤတိုက်ကြီးနှင့် အမွေအနှစ်အချို့ ရခဲ့ဟန်တူ၏။

မည်သို့ဖြစ်စေ အတ္တလောဘအတွက် လေးပွင့်သစ္စာကိုချိုးဖောက်ခဲ့ကြပြီဖြစ်သော သူတို့နှစ်ဦးကမူ သူတို့၏ဆရာလည်းဖြစ်သလို သူငယ်ချင်းလည်းဖြစ်သော ရန်ကြီးရွှေနှင့်ပူးသာစ်သာ ဘလုရှိန်ကို ဤကမ္ဘာလောကကြီးထဲမှ ရွှေ့လျားထွ ခွင့်ခရရတော့မည်သာဖြစ်သည်။

ဧည့်ခန်းကြီးထဲသို့ လှမ်းဝင်လာသည့် သူတို့၏အရိပ်ကို ပြတ်ခနဲတွေ့သည်နှင့် ဆိုဖာဟောင်းကြီးပေါ်ထိုင်နေသည့် ဘလုရှိန်မှာ ထရပ်ပြီးဖြစ်သည်။

"ဟင် . . . ကျောက်စိမ်း . . . မိုး . . . ပွင့်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးက မှင်သေသေဖြင့်ပြုံးရင်း ဘလှရှိန်၏ရှေ့မှ ဆိုဖာဟောင်းကြီးများပေါ်ဝယ် အေးအေးလူလူပုံစံမျိုးဖြင့် ထိုင်လိုက်ကြသည်။

"မင်း ... ကျောက်ဖြူပြန်သွားတယ်လို့ သတင်းရလို့ မော်လမြိုင်ကျွန်းကနေတစ်ဆင့် ငါတို့ လိုက်တာလာ"

ဘလှရှိန်က ဆိုဖာမှာပြန်ထိုင်ရင်း ခေါင်းဆတ်သည်။

"အေး ဟုတ်တယ် ... ငါ ဒီရောက်နေတာ သုံးနှစ်ကျော်လောက်ရှိပြီ၊ မင်းတို့ရော ဘယ်မှာနေကြသလဲ၊ ဘာလုပ်နေသလဲ အိမ်ထောင်ရော ကျကုန်ကြပြီလား"

"ငါက တွံတေးမှာ အိမ်ထောင်ကျတာ နှစ်နှစ်လောက်ရှိပြီ၊ သားသမီးတော့ မရဘူး၊ မိုးပွင့်ကတော့ ပခုက္ကူဘက် ...နှ်သွားလိုက် ရန်ကုန်ဆင်းလိုက်ပဲ၊ ဒီကောင်က ပွဲစားလုပ်နေ ...၊ ဒါထက် ... မင်းတစ်ယောက်တည်းလား"

အိမ်အတွင်းပိုင်းဆီ ဝေ့ကြည့်ရင်း ကျောက်စိမ်းက မေး ... သူ၏လက်ယာဘက်လက်ကတော့ မိုးပွင့်လိုပင် ကုတ် ...ျအောက် အိတ်ထဲသို့ နှိုက်ထားဆဲ ...

"ဟုတ်တယ် ... ထမင်းချက်လင်မယားက ဈေးသွားတယ်၊ သမီးလေးကတော့ အပေါ်ထပ်မှာ အိပ်နေတုန်းထင်တယ်၊ ဟေ့ကောင်တွေ ... ဒါထက် ဟိုသစ္စာဖောက်ကောင် ရန်ကြီးမွေ့ ရော ... သူ့သတင်းမရသေးဘူးလား"





"အေး ... ရှုပ်ပြီဆိုပါတော့၊ အဲဒီအတွက် မင်းဆီ အခု ...ဆိုလာခဲ့ကြတာပဲ၊ သူ့ကို မင်း အခုနေတွေ့ရင် ဘာလုပ်မလဲ ...လှရှိန်"

"ဘာလုပ်ရမလဲ အမှုန့်ချေပြီး သတ်ပစ်မှာပေါ့ကွာ"

ဘလှရှိန်၏မျက်နှာက ဒေါသသွေးတို့ဖြင့် နီမြန်းသွား ...ည်။ အသံကမာကာ ဟိန်းထွက်လာ၏။ သူ့ရင်ထဲမှ အငြိုး ...တားတို့ မပြေမှန်း ထင်ရှားသည်ပင်။

"မင်း ... သူ့ကို ခွင့်လွှတ်မေ့ပစ်လို့ မရဘူးလား"

"ဘာဖြစ်လို့ ခွင့်လွှတ်ရမှာလဲ၊ ဒီကောင်ရသွားတာတွေ ...ည်းတာမဟုတ်ဘူး၊ ဒီကောင့်ကို ငါကိုယ်တိုင် ရေထဲကနေ ...ဆွဲခေါ်တင်ခဲ့ရတာ၊ ပြီးတော့ ... ရေထဲမျောပါပြီး ဆုံးရှုံး ...မယ့် ရတနာသေတ္တာကို ငါကိုယ်တိုင် ရေထဲကပြန်လိုက် ...ယူခဲ့ရတာ၊ အဲဒီလိုကောင်က သစ္စာမဲ့ပြီး လူပေါ်လူညွန့်ခွ ...တာ ငါမေ့ပစ်လို့ရမလား၊ ငါဆိုတဲ့ကောင်က ငါ့ဘဝတစ် ...ျောက်လုံးမှာ ငါ့အပေါ်ကြောသွားတဲ့သူကို ဘယ်တော့မှ ခွင့် ...လွှတ်တတ်ဘူး၊ ကောင်းကောင်းကြီး လက်စားချေ လက်တုံ့ပြန် ... ကျေနပ်တဲ့ကောင်"

ဘလှရှိန်ကိုကြည့်ရသည်မှာ မီးတောင်တစ်လုံး ပေါက်ကွဲ ...သလား ထင်ရသည်။ ဒါလောက်ဆို သေချာပြီ ...။ ဘလှ ...သည် တကယ့်အန္တရာယ်။ သူတို့အတွက် မြွေဆိုး။ သူတို့၏

www.burmeseclassic.com



ဘဝကို အချိန်မရွေး ဖောက်ခွဲဖျက်ဆီးနိုင်သည့် တိုင်းပုံးတစ်လုံး ကောင်းပြီ ...ဒါဆိုလည်း မူလအစီအစဉ်အတိုင်း ရှေ့ဆက် ပေါ့။

ကျောက်စိမ်းက ဘလှရှိန်၏မျက်နှာကို တည့်တည့်ရှု ကြည့်လိုက်လျက် ခပ်တိုးတိုးပြောသည်။

"သူကလည်း မင်းကိုတွေ့ချင်နေတယ်"

"အောင်မယ် ...ဒီကောင်ကများ ...ဘာလဲ ... မင်းတို့ သူနဲ့ဆုံပြီးပြီလား"

"အေး ...အခု ငါတို့နဲ့အတူပါလာတယ်"

"ဘာ"

ဘလှရှိန်လှုပ်လှုပ်ရှားရှားဖြစ်သွားစဉ်မှာပင် အိမ်ရှေ့ တံခါးဝမှ ရန်ကြီးရွှေ ဝင်လာသည်။

ဘလှရှိန်က ဖျတ်ခနဲထရပ်လိုက်ပြီး သူထိုင်ခဲ့သည့် ဆ ဖာကို ဝုန်းခနဲကန်ပစ်လိုက်ကာ နံရံဆီပြေးသွားလျက် အလှချိတ် ထားသည့် ငွေလက်ကိုင်ရိုးတပ်ဓားရှည်ကြီးကို ဆွဲထုတ်လိုက်၏ သူ၏ဟန်က ကျားရဲတစ်ကောင်လို ...

ဘလှရှိန်လှုပ်လှုပ်ရှားရှားဖြစ်နေသော်လည်း ကျောက် စိမ်း၊ မိုးပွင့်နှင့်ရန်ကြီးရွှေတို့၏အသွင်က တည်ငြိမ်နေသည်။

ကျောက်စိမ်းနှင့် မိုးပွင့်တို့က ထိုင်ရာမှထရပ်လိုက်ကြပြီး နံဘေးသို့အေးဆေးတည်ငြိမ်စွာ ဖယ်ပေးလိုက်ကြသည်။

ခု နစ် စဉ် ကြယ် တာ ပေ



ရန်ကြီးရွှေက ကုတ်အင်္ကျီအနက်အောက်အိတ်ထဲသို့ လက်နှစ်ဖက်နှိုက်လျက် ခပ်ပြုံးပြုံးအမူအရာဖြင့် တစ်လှမ်းချင်း င်လာသည်။

အခြေအနေကို သုံးသပ်လိုက်မိသည်နှင့် ဘလှရှိန်၏ ျက်နှာက ဒေါသသွေးတို့ဖြင့် ရဲရဲတောက်သွား၏။

"ဩ ...မင်းတို့က ပေါင်းစည်းသွားပြီပေါ့ ...ဟုတ် ား ကျောက်စိမ်း၊ မိုးပွင့် ...မင်းတို့က လေးပွင့်သစ္စာကို ျိုးဖောက်လိုက်ပြီပေါ့ ...ဟုတ်လား"

"ဟုတ်တယ် ...ငါတို့ ရန်ကြီးရွှေနဲ့ညှိလို့ရသွားတယ် လေ"

"ထို့ ...စိန်သော်တာအသတ်ခံရတာကို ငါသိတယ်၊ ြားတယ်၊ အဲဒါ မင်းတို့လက်ချက်ပေါ့ ...ဟုတ်လား"

"ရန်ကြီးရွှေ စနက်ပါ"

"တောက် ...ဒါတောင် မင်းတို့က သစ္စာဆို, ကတိ ေးခဲ့တာကို ဖောက်ဖျက်ခဲ့ပြီပေါ့ ...ဟုတ်လား။ မင်းတို့ပါ ဲ့ မဟာရန်သူဖြစ်သွားပြီ၊ သေဖို့သာပြင်ပေတော့ သစ္စာ ောက်ကောင်တွေ"

ဘလှရှိန်က ဒေါသတကြီးကြုံးဝါးရင်း ...လွှားခနဲ ှေ့သို့ခုန်ကာ ကျောက်စိမ်းကို ဓားဖြင့်ပိုင်းချလိုက်၏။

'ဝှစ်'

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



'ဒိုင်း'

ရန်ကြီးရွှေ၏လက်ထဲမှ ခြောက်လုံးပြူးအဝမှ လီမွှော်ရောင်မီးပွင့်ကလေး လက်ခနဲဖြစ်သွားသည်။

"အ"

ဘလုရှိန်၏ခန္ဓာကိုယ်ကြီးက နောက်သို့ယိမ်းယိုင်သွား၏။

ကျောက်စိမ်း၏ လပ်ယာလက်က ကုတ်အင်္ကျီအိတ်ထဲမှ လှစ်ခနဲထွက်လာကာ လက်ထဲတွင်ဆုပ်ကိုင်ထားသည့် ဓားမြှောင်ဖြင့် ဘလုရှိန်၏ရင်ညွန့်ကို ထိုးစိုက်လိုက်သည်။

မျက်လုံးပြူး အံကြိတ်ရင်း ဘလုရှိန်ဒူးညွှတ်ကျသွားစဉ်

'ဇွပ်'

"အား"

မိုးပွင့်က လက်ထဲမှဓားမြှောင်ဖြင့် ဘလုရှိန်၏နောက်ကျောကို ထိုးထည့်လိုက်၏။ ဘလုရှိန်ခန္ဓာကိုယ်ကြီး တွန့်ခနဲဖြစ်သွားပြီးနောက် ကြမ်းပြင်ပေါ်သို့ ဘုန်းခနဲပစ်လဲကျသွားတော့သည်။

"အလောင်းကို ကျောက်ဆောင်တွေနောက်ဘက် ယူသွားပြီး ပင်လယ်ထဲပစ်ချကြမလား"

"မလုပ်နဲ့ ... သေနတ်သံကြောင့် လူတွေရောက်လာတော့မယ်၊ အချိန်မရှိဘူး ... ငါတို့လစ်စို့"





မကြာမီပင် အချင်းဖြစ်ပွားရာနေရာမှ နှစ်မိုင်ခန့်အကွာသို့ သူတို့ရောက်သွားခဲ့ကြ၏။

ပုလိပ်အဖွဲ့ဝင်များ ဘလုရှိန်၏အလောင်းကို စစ်ဆေးစဉ်အချိန်မှာမူ သူတို့ကျောက်ဖြူမြို့မှ ထွက်ခွာသွားခဲ့ကြပြီဖြစ်ပါသတည်း။

❒

"ဖြစ်ရပ်ကတော့ ... အဲဒီအတိုင်းပါပဲ 'ဝ' တစ်လုံးတို့"

'ဝ'တစ်လုံးသူတော်ကိုဏ်းခေါင်းဆောင် သူတော်၏အားအဆုံးတွင် အသင်းသားနံပါတ် (၇) က လက်တစ်ဖက်ထောင်ခွင့်တောင်းလိုက်ပြီး ...

"ဆရာကြီးပြောသွားတဲ့အထဲမှာ လေးပွင့်သစ္စာဒေဝီရဲ့အကြောင်း မပါသေးပါလားခင်ဗျာ၊ သူက ဘယ်သူပါလဲ၊ သူနဲ့ဆရာကြီးတို့ရဲ့ ငြိုးမာန်ဖွဲ့ဖြစ်တဲ့အကြောင်းလေး ရှင်းပြပါဦးလားခင်ဗျာ"

ဟု တောင်းဆိုလိုက်၏။

"ပြောမယ်လေ ... အဲဒီတုန်းက ကျုပ်တို့ဟာ ဘလုရှိန်ကို သုတ်သင်ပြီးရင် ဗယားရှင်းပြီလို့ထင်ခဲ့တာ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ပွဲပြီးမီးသေမဖြစ်ခဲ့ဘူး၊ ဘလုရှိန်ကိုရှင်းပြီးလို့ နောက်ထပ် သယ်
ခြောက်နှစ်လောက်အကြာမှာ အဝါရောင်စစ္စပန်း (သစ္စာပန်း
စည်းတစ်စည်းနဲ့ စာအိတ်တစ်အိတ်ဟာ တွံတေးမြို့မှာ အိုးလု
ငန်းလုပ်နေတဲ့ ကျောက်စိမ်းရဲ့အလုပ်စားပွဲပေါ် ရောက်လာ
တယ်''

''စာအိတ်ကိုဖွင့်ဖတ်ကြည့်တော့ ...

လေးပွင့်သစ္စာကိုဖောက်ဖျက်ခဲ့တဲ့ သင့်ကို မကြာခင် သေ
ဒဏ်အပြစ်ပေးမည်။

... လို့ ရေးထားပြီး အောက်ကနေ 'လေးပွင့်သစ္စာဒေ
လို့ ကမ္ပည်းထိုးထားတယ် ...'

ကျောက်စိမ်းဟာ အဲဒီအကြောင်းကို စာရေးပြီး ကျုပ်
သတင်းပို့ခဲ့တယ်၊ သူ့ဆီကစာကို သုံးရက်လောက်ကြာမှ ကျုပ်
ခဲ့တယ်၊ စာရတဲ့နေ့မှာပဲ သူရိယနဲ့မြန်မာ့အလင်းသတင်းစာထဲ
မှာခင်းသတင်းတစ်ပုဒ်ပါလာတာ ဖတ်ရတယ်၊ သတင်းကတော့
နံနက်တိုင်း တစ်ဦးတည်းလမ်းလျှောက်ထွက်လေ့ရှိတဲ့ တွံတေး
က အိုးလုပ်ငန်းရှင်ဦးကျောက်စိမ်းရဲ့အလောင်းကို ရင်ဝမှာ
မြှောင်တန်းလန်းနဲ့ မြစ်ဆိပ်ရေစပ်မှာ တွေ့တဲ့သတင်းပဲ၊
နှောင့်မှာ ငွေလက်ကိုင်ရိုးတပ်ထားပြီး လက်ကိုင်ရိုးအပေါ်





လေးပွင့်သစ္စာဒေဝီလို့ ကမ္ပည်းရေးထိုးထားတယ်လို့ ဆိုတယ်၊
အဲဒီကိစ္စဖြစ်ပြီးကတည်းက ကျုပ်လည်း လေးပွင့်သစ္စာ
ဒေဝီနဲ့ပတ်သက်ပြီး နည်းမျိုးစုံနဲ့ စုံစမ်းတော့ လေးပွင့်သစ္စာဒေဝီ
ဆိုတာ ဘလုရှိန်ရဲ့တစ်ဦးတည်းသောသမီးဖြစ်နိုင်တာကို သိရ
တယ်၊ အဲဒီကောင်မလေးဟာ သူ ... ကလေးအရွယ်မှာ ကျုပ်တို့
သုံးယောက်က သူ့အဖေကိုသတ်တာ မြင်သွားခဲ့ပုံရတယ်၊ ကျုပ်
တို့ရဲ့ဖာတ်လမ်းတွေကိုလည်း သူ တစ်နည်းနည်းနဲ့ သိပုံရတယ်၊
ဒါကြောင့် သူဟာ သူ့အဖေအတွက် ကျုပ်တို့သုံးယောက်ကို
လက်စားချေတုံ့ပြန်ဖို့ ကြိုးစားတာပဲဖြစ်ရမယ်၊ သင်းကို လျှော့
တွက်လို့တော့မရဘူး၊ တိုက်ခိုက်သတ်ဖြတ်မှုမှာ အတွေ့အကြုံ
ရှိနေတဲ့ ကျောက်စိမ်းကို ကြက်ကလေးငှက်ကလေးလို အနိုင်ယူ
သွားနိုင်ခဲ့တဲ့ သူ့စွမ်းရည်ဟာ မသေးဘူး၊ သူဟာ ... ကျုပ်နဲ့
ဇော်ထွင့်ကိုလည်း ရန်ရှာမှာကျိန်းသေတယ်၊ ဒါကြောင့် ကျုပ်ဟာ
အဲဒီအချိန်ကစပြီး ကိုယ်ယောင်ဖျောက်ပစ်လိုက်တယ်၊ ရန်ကြီးရွှေ
ဆိုတယ်သူလဲလို့ သူ့အစကောက်လို့ မရအောင် လုပ်ပစ်လိုက်
တယ်''

ဤတွင် အသင်းသားနံပါတ် (၉)က လက်တစ်ဖက်
ထောင် ခွင့်တောင်းပြီး မေးခွန်းထုတ်လိုက်၏။

''ဆရာကြီးဟာ ... ဦးရန်ကြီးရွှေဖြစ်ကြောင်း ဦးမိုးပွင့်
ကတော့ သိမှာပေါ့နော် ဆရာကြီး''

www.burmeseclassic.com



"သူငယ်ချင်းဖြစ်တဲ့ မိုးပွင့်နဲ့ ကျုပ်ရဲ့မိသားစုကလွဲ ကျုပ်ရဲ့သိဟောင်းကျွမ်းဟောင်း ဘယ်သူမှကျုပ်ကိုမမှတ်မိအော လုပ်ပစ်လိုက်တယ်"

"ဗျာ"

"ဟဲ ဟဲ ဟဲ ... သင်တို့နားမရှင်းဘူးလား၊ ရန်ကြီး ကို ကျုပ်က အပြီးတိုင် သင်္ဂြိုဟ်ပစ်လိုက်တာ၊ ကျုပ်ရဲ့မျက်နှာ အိန္ဒိယခွဲစိတ်ပါရဂူဆရာဝန်ကြီးတစ်ဦးရဲ့ အကူအညီနဲ့ ပလ စတစ်ဆာဂျရီလို့ခေါ်တဲ့ မျက်နှာခွဲစိတ်ပြုပြင်မှုလုပ်ပြီး ရုပ်သဏ္ဌာ ကို ရန်ကြီးရွှေရဲ့ မူလရုပ်နဲ့မတူအောင် ပြောင်းပစ်လိုက်တ သိပြီလား ... ဟား ဟား ဟား"

"ဟင်"

"ဟာ"

အသင်းသားများထံမှ အာမေဍိတ်သံများ ထွက်ပေါ်လ လေ၏။ ပလတ်စတစ်ဆာဂျရီ (ခေါ်) မျက်နှာခွဲစိတ်ပြုပြင်မှုပည ရုပ်အကြောင်းကို သူတို့ကောင်းစွာမကြားဖူးသဖြင့် အံ့သြသွား ဟန်တူလေ၏။

"အဲဒီလို မျက်နှာခွဲစိတ်ပညာကို အာရှတိုက်သား ပည ရှင်တွေထဲက ဦးဆုံးတတ်ကျွမ်းခဲ့တဲ့ အိန္ဒိယဆရာဝန်ကြီး အနောက်တိုင်းပညာဆည်းပူးပြီးတဲ့နောက် ရန်ကုန်ကို အလ အပတ်ရောက်လာတုန်း ကျုပ်က သူ့သတင်းအစအနရတာ





သူနဲ့ဆက်သွယ်ပြီး ငွေကုန်ကြေးကျခံလို့ ခွဲစိတ်ပြုပြင်မှု လုပ်ခဲ့ တာပဲ ...၊

ဘာပဲဖြစ်ဖြစ် ရန်ကြီးရွှေဟာ ဒီကမ္ဘာလောကကြီးထဲမှာ မရှိတော့ဘူး၊ ကျုပ်ကို ငယ်စဉ်ကမြင်ဖူးနိုင်တဲ့ လေးပွင့်သစ္စာ ဒေဝီဟာ ကျုပ်ကို မှတ်မိစရာမရှိတော့ဘူး"

ဤတွင် အသင်းအမှတ် (၉) ကပင် လက်ထောင်ကာ နှင့်တောင်းလိုက်ပြန်ပြီး ...

"ဒါဆိုလည်း ဆရာကြီးအနေနဲ့ လေးပွင့်သစ္စာဒေဝီကို ရှာဖွေပြီးသုတ်သင်ပစ်ဖို့လိုသေးသလားခင်ဗျာ"

ဟု စောဒကတက်လိုက်လေ၏။

"ဟုတ်တယ် ... ယေဘုယျအားဖြင့်တော့ သူ့ရဲ့ရန် အားပြီလို့ ယူဆနိုင်စရာရှိတယ်၊ ဒါပေမဲ့ ကျုပ်ဟာ ဘယ်တော့ မှ ရန်သူကိုလျှော့မတွက်တတ်ဘူး၊ လေးပွင့်သစ္စာဒေဝီ ငယ်ငယ် တုန်းက ကျုပ်ပင်ခုတ်ကျုပ်ငုတ်မကျန် မရှင်းလင်းခဲ့လို့ ကျုပ်ရဲ့ သူငယ်ချင်းကျောက်စိမ်း ဘဝဆုံးခဲ့ရတာပဲ၊ ဒီတော့ ... ကျုပ် က ရုပ်ပြောင်းထားလို့ သူ့ရဲ့ရန်က လွတ်နိုင်ပေမယ့် ကျောမလုံ သေးတာတော့ အမှန်ပဲ၊ ဒါကြောင့် ဇယားတကယ်ရှင်းသွား အောင်ရော, ကျုပ်ရဲ့သူငယ်ချင်း မိုးပွင့်ကို ကာကွယ်ပေးတဲ့ အနေနဲ့ရော, ကျုပ်ရဲ့အချစ်ဆုံးသူငယ်ချင်း ကျောက်စိမ်း အတွက် လက်စားချေတဲ့အနေနဲ့ရော လေးပွင့်သစ္စာဒေဝီကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေထောက်လှမ်းသုတ်သင်ဖို့ စီမံရတာပဲ''

''ကဲ ... သင်တို့ဟာ ကျုပ်နဲ့လေးပွင့်သစ္စာဒေဝီတို့
အကြားက ရာဇဝင်ရေးကြောင်းတွေအကြောင်းသိပြီးပြီမို့ ကျုပ်ရဲ့ဆ
အတိုင်း နှစ်လအတွင်း လေးပွင့်သစ္စာဒေဝီကို အပြတ်ရှင်းနိုင်
ကြိုးစားထောက်လှမ်းရှာဖွေကြပါ၊ သူ့ရဲ့ခေါင်းကို အသေရ
အရှင်ရရ ကျုပ်လိုချင်တယ်၊ အဲဒီကိစ္စအတွက် အသင်းသားအ
လုံး လုံ့လထုတ်ကြပါ''

ဂိုဏ်းချုပ်ဆရာကြီးသူတော်ရွှေ၏ဆန္ဒကို ဖြည့်ဆည်း
'ဝ' တစ်လုံးဂိုဏ်းသားတို့က စိတ်အားထက်သန်စွာ ပြိုင်တူက
ပေးလိုက်ကြပါတော့သတည်း။

''စိတ်ချပါ ဆရာကြီး ... လုံ့လအပြည့်ထုတ်ပြီး ကျွ
တော်တို့ တာဝန်ကျေရပါစေ့မယ်''

''လေးပွင့်သစ္စာဒေဝီကို ကျွန်တော်တို့ အမှုန့်ကြိတ်ပစ
မယ်''

''သင်း ... မြေလျှိုးမိုးပျံနေတာတောင် မလွတ်စေရ
ဘူး''

''အသင်းသားဟောင်း နံပါတ် (၅)နဲ့ နံပါတ် (၁၂)
အတွက် သင်းကို လက်စားချေတုံ့ပြန်ပါ့မယ်''

❐❐❐

★ အခန်း (၃) ★

★ အထူးစေတမန်


★ သွေးစွန်းဒေဝီ

★ မရဏမင်းလက်ဦးခြင်း

★ ရင်ခုန်ဆည်းဆာ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

## အထူးစေတမန်

အစည်းအဝေးပြီးဆုံးသောအခါ အသင်းသားအ
ဖြစ်သူ အသင်းသားအမှတ်(၁၂) နေရာတွင် အစားဝင်ရသ
လူရဲနှင့် အသင်းသားအမှတ်(၅) နေရာတွင် အစားဝင်ရသ
သူတို့မှာ အသင်းဝင်ဝင်ချင်း ခံစားခွင့်ငွေသားထုတ်ယူရန် ချ
ခဲ့ရရာ သူတို့ကို တာဝန်ယူဆက်သွယ်ပေးသည့် အသင်းသ
အမှတ် (၈) နှင့် အသင်းသားအမှတ်(၁၀) တို့ပါ နေရစ်ခဲ့ရလေ
ကျန်အသင်းသားအားလုံးမှာမူ အစည်းအဝေးကျင်း
အဆောက်အအုံကြီးထဲမှ တစ်ဦးပြီးတစ်ဦး လျှို့ဝှက်သော
ထွက်ခွာသွားကြတော့၏။
ခန်းမကြီးထဲတွင် အသင်းသားများရှင်းလင်းသွ





အသင်းသားအမှတ် (၂) က လူရဲတို့ရှိရာရောက်လာရာ ထိုအခါ ထိုသူမှ အမျိုးသမီးတစ်ဦးဖြစ်ကြောင်း လူရဲ သတိမူမိတော့၏။ ကိုယ်လုံးကိုယ်ပေါက်အတော်တောင့်တင်းလှပဟန်ရှိသော အသင်းသားအမှတ် (၂) ဖြစ်သူ အမျိုးသမီးက အသံဖျက်ထား သည့် သြရှရှအသံဖြင့် ...

"အသင်းသားသစ်နှစ်ယောက်နဲ့ အမှတ် (၈)၊ အမှတ် (၁၀) တို့ နံပါတ် (၁) ရဲ့ရုံးခန်းထဲ ပြန်လာခဲ့ပါဦးတဲ့၊ ငွေကိုလည်း အဲဒီမှာထုတ်ပေးမယ်တဲ့လာ ... လိုက်ခဲ့ကြ"

ဟုခေါ်ရာ လူရဲတို့လူစုမှာ အမှတ် (၂) နောက်မှ လိုက်ပါ သွားရလေ၏။

ရုံးခန်းထဲသို့ရောက်လေလျှင် နံပါတ် (၁) ဆရာကြီး သူတော်ရွှေအား ဦးညွှတ်ဂါဝရပြုလိုက်ကြပြီးနောက် ဆရာကြီး သူတော်ရွှေက လက်ဟန်ဖြင့်ပြကာ ထိုင်ခွင့်ပြုလိုက်သဖြင့် စားပွဲ ရှေ့မှ ကုလားထိုင်များတွင် ထိုင်လိုက်ကြရလေ၏။

ဤတွင် အမှတ်(၂)က ငွေတစ်ထောင်ကျပ်စီကို လူရဲနှင့် အသင်းသားသစ် အမှတ်(၅)တို့အား ပေးအပ်ရာ လူရဲတို့က ဆက်ခံရယူပြီး စာရင်းစာအုပ်တွင် မိမိတို့၏အသင်းသားနံပါတ်ကို အမှတ်အဖြစ်ရေးထိုးပေးလိုက်ရ၏။

ထိုအခါမှ လင်းကျင်းနေသော မီးရောင်အောက်တွင် မီးခါနံဘေးခုံ၌ ထိုင်နေသည့် အသင်းသားသစ် အမှတ်([illegible])မှာ



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ဦးပင်ဖြစ်ကြောင်း လူရဲအံ့အားသင့်စွာ သတိပြုမိ လိုက်ပါတော့၏။

"အင်း ...'ဝ'တစ်လုံးသူတော်အဖွဲ့ကြီးထဲမှာ အမျိုး သမီးတွေ အတော်ပါဝင်တာပါလား၊ အေးပေါ့လေ ...တစ်ခါ တလေ အရေးကြီးတဲ့နေရာဌာနတွေမှာ အမျိုးသမီးတွေက ပို အသုံးဝင်တတ်တာပဲ"

လူရဲ တစ်ကိုယ်တည်းတွေးနေစဉ် သူတော်ရွှေသည် လူရဲနှင့်နံပါတ်(၅)တို့အား ငြိမ်သက်စွာကြည့်နေပြီးလျှင် အတန် ကြာမှ စကားဆိုလေသည်။

"သင်တို့ဟာ ကျုပ်တည်ထောင်ထားတဲ့ အသင်းထဲ နောက်ဆုံးမှ ဝင်လာသူတွေဖြစ်ပေမယ့် ယယ်ရွယ်နုပျိုပြီး တိုက် ရည်ခိုက်ရည် စွမ်းရည်ထက်မြက်ရဲရင့်သူလေးတွေဖြစ်ကြောင်း သင်တို့ကို အသင်းထဲခေါ်သွင်းလာသူတွေက အပြည့်အဝထောက် ခံထားတယ်၊ မှန်တာပြောရရင် ကျုပ်ကလည်း အသင်းထဲမှာ တက်ကြွဖျတ်လတ်တဲ့ မျိုးဆက်သစ်လူငယ်တွေရှိစေချင်တယ်

ဒီတော့ ကျုပ်ရဲ့ရုန်သူနံပါတ်(၁) ဖြစ်တဲ့ လေးပွင့်သစ္စာ ဒေဝီကို ရှာဖွေပြီးသုတ်သင်ရှင်းလင်းတဲ့နေရာမှာ သင်တို့နှစ် ယောက်ကို အခြားသူတွေထက် ပိုပြီးအားကိုးလိုတယ်၊ အဲဒီပွဲမှာ သင်တို့ရဲ့အစွမ်းကို ကျုပ်မြင်လိုတယ်၊ အထူးအာရုံစိုက်ပြီး ကြိုး စားပါ"





"ကဲ ...ဘာမေးစရာရှိသလဲ"

ဤတွင် လူရဲက ဘာမှမပြောသော်လည်း အသင်းသား သစ်အမှတ်(၅)က သူတော်ရွှေကို ဦးညွတ်ဂါဝရပြုလိုက်ပြီးနောက်

"ဆရာကြီး သူတော်ရွှေ ...အစည်းအဝေးခန်းမထဲမှာ ရှင်းပြသွားတာကို ကျွန်မ နားထောင်မှတ်သားပြီးဖြစ်ပါတယ်၊ အဲဒီမှာ သိချင်တာတစ်ခုရှိလို့ မေးပါရစေ"

ဟု ရဲ့ရဲ့သောအသံဖြင့်မေးလိုက်ရာ အသံဖျက်ပြောသည့် ဟိုင် ဖျံ့မျစ်လတ်ဆတ်သော သူမ၏အသံကို နားထောင်ရခြင်း အားဖြင့် ထိုမိန်းကလေးမှာ သူနှင့်ရွယ်တူခန့်ပင်ဖြစ်ရမည်ဟု လူရဲခန့်မှန်းမိလေ၏။

"မေးစရာရှိတာ မေးပါ နံပါတ်(၅)"

"ဆရာကြီးဟာ ဒီ'ဝ'တစ်လုံးသူတော်အဖွဲ့ကို ဘယ်လို ရည်ရွယ်ချက်နဲ့ ဘယ်အချိန်ကစပြီး ဘာကြောင့်ဖွဲ့စည်းဖြစ်ခဲ့သလဲ ဆိုတာသိလိုပါတယ်"

"ကောင်းပြီ ...ပြောပြမယ်၊ ကျုပ်ဟာ လက်ကျန် ဘာနာပစ္စည်းတွေကို ကျောက်စိမ်းနဲ့မိုးပွင့်တို့လက်ထဲ ခွဲဝေပေး လိုက်တော့ လက်ထဲမှာ သိပ်မကျန်တော့ဘူး၊ လက်ထဲမှာ တစ် သိန်း,နှစ်သိန်းလောက်ပဲကျန်တော့တယ်၊ အဲဒီငွေရင်းပြီး မဂိုလမ်း (ယခုရွှေဘုံသာလမ်း) က ကျောက်ပွဲစားတန်းမှာ ကျောက်ဝယ် ရောင်းလုပ်ကြည့်တုန်း မဂိုကုလားကျောက်ပွဲစားလူရှုပ်တစ်ဦးရဲ့



www.burmeseclassic.com

www.burmeseclassic.com



လိမ်တာ ခံလိုက်ရတယ်၊ အဲဒီမှာတင် ကောင်းရောင်းကောင်းဝယ် လုပ်ရင် ကျူပ်ဟာ အကျိုးမပေးဘူးလို့ယူဆပြီး ဒုစရိုက်အလုပ်တွေ ဆက်လုပ်ဖြစ်ခဲ့တယ် ...၊

ကျူပ်ရဲ့ဘဝကို ဒုက္ခရောက်အောင်လုပ်ခဲ့သူတွေဟာ ဈေးရှင်ကြေးရှင်ပိုက်ဆံဝါလားတွေချည်းမို့ သင်းတို့ကိုစိတ်နာပြီး သင်းတို့ကိုပဲ ရွေး ဒုက္ခပေးရာက အဲဒီလုပ်ငန်းကို အနောက်တိုင်းသူလျှိုအသင်းကြီးတွေလို စနစ်တကျပိပိရိရိနဲ့ ဂိုဏ်းတစ်ခု အသင်းအဖွဲ့အစည်းတစ်ခု ထူထောင်ပြီး လုပ်ကိုင်ဖို့ စိတ်ကူးရလာခဲ့တယ် ...၊

ဒီလိုနဲ့ ... ဒုစရိုက်လောကသားတွေထဲက စွမ်းရည်ထက်မြက်ပြီး စိတ်ချရတဲ့နှစ်ဦးနဲ့ 'ဝ'တစ်လုံးအဖွဲ့ကို လွန်ခဲ့တဲ့နှစ်နှစ်ကပဲ စတင်ဖွဲ့စည်းခဲ့တာပဲကွယ့်၊ ရည်ရွယ်ချက်ကတော့ ပိုက်ဆံဝါလားတွေကိုဒုက္ခပေးပြီး ချမ်းသာကြီးပွားအောင်လုပ်ဖို့ကဲ ... ဘာသိချင်သေးသလဲ''

''မသိချင်တော့ပါဘူး ဆရာကြီး''

''ကောင်းပြီ ... ဒါဆို သင်တို့သွားနိုင်ပြီ''

သို့ဖြင့် ... နောက်မိနစ်နှစ်ဆယ်ခန့်အကြာတွင် လူရဲနှင့်ဦးသီလတို့မှာ မူလအရပ်ဝတ်များဖြင့် အင်းစိန်လမ်းမကြီးအတိုင်း လျှောက်လာကြရာမှ အော်ဒါပို့ပြီးပြန်လာဟန်ရှိသည့် အငှားကားတစ်စီးကို ကံအားလျော်စွာ ငှားရမ်း၍ရသဖြင့် ယင်းအငှားကားဖြင့် ဦးသီလ၏တိုက်ခန်းသို့ ပြန်လာခဲ့ကြပါတော့သတည်း။





❒

''မောင်လူရဲရေ ... ဓာတ်ပုံလည်း ပေါက်ထွက်သွားပါဦးမယ်ကွာ''

လူရဲက အသင်းသားတိုင်းရရှိထားသော လေးပွင့်သစ္စာအဒိဌာန်၏ဓာတ်ပုံကို အခါခါကြည့်ရှုနေသဖြင့် ဦးသီလက ဧည့်ခန်းအတွင်းရှိ ပက်လက်ကုလားထိုင်ကြီးပေါ်တွင်ထိုင်ရင်း ဒန်းဟောင်းလ်ဆေးတံကြီးခဲနေရာမှ နောက်လိုက်ခြင်းဖြစ်လေသည်။

တွံတေးမြို့မှ ဦးကျော်စိမ်းကိုသတ်ဖြတ်သွားသော လေးပွင့်သစ္စာဒေဝီဆိုသည်မှာ ကျောက်ဖြူမြို့မှ ဦးဘလှရှိန်၏သမီး ဖြစ်နိုင်သည်ဟု သူတော်ရှွေက ယူဆသဖြင့် 'ဝ'တစ်လုံးသူတော်ဂိုဏ်းဝင်အချို့ကို ကျောက်ဖြူမြို့သို့စေလွှတ်ပြီး ဦးဘလှရှိန်၏သမီးအကြောင်းကို လျှို့ဝှက်ထောက်လှမ်းစုံစမ်းခြင်း ပြုစေခဲ့လေ၏။

ယင်းသို့ စုံစမ်းထောက်လှမ်းရာမှ ဘလှရှိန်၏သမီးအမည်မှာ ပန်းမြတ်ဒေဝီဖြစ်ကြောင်းသိရပြီး သူမသည် ယခုအသက်နှစ်ဆယ်ခန့်ရှိကာ ကျောက်ဖြူမြို့မှထွက်ခွာသွားသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ခန့်ရှိပြီဟု သိရလေ၏။

ကျောက်ဖြူမြို့စွန် ပင်လယ်ကမ်းခြေနားမှ တိုက်ဝါ ကြီးကို သော့ခတ်ပိတ်ပြီးထွက်သွားရာ မည်သည့်အရပ်သို့ မည် သည့်ကိစ္စနှင့်သွားမှန်း မည်သူမျှမသိချေ။ သူမ လေးနှစ်သမီး အရွယ်တွင် ဖခင်ဖြစ်သူဦးဘလှရိုက်လူသတ်ခံရပြီးနောက် ဖခင်၏ နှမဝမ်းကွဲက သူမကို စောင့်ရှောက်မွေးမြူခဲ့ကြောင်း။ သူမသည် ငယ်စဉ်ကပင် လွန်စွာစိတ်ထက်ပြီး တိုက်ခိုက်ရေးပညာများကို ဝါသနာပါသဖြင့် ရမ်းဗြဲမှရခိုင်လူမျိုးသိုင်းဆရာကြီး စောကောင်း ဖြူထံမှ ဓားသိုင်း၊ တုတ်သိုင်း၊ လက်သိုင်းနှင့် ကျင်ကိုင်ပညာတို့ ကို နှစ်ပေါင်းများစွာသင်ယူခဲ့ကြောင်း၊ သူ့အသက် ၁၈ နှစ်အ ရောက်တွင် သူမ၏အဒေါ်အပျိုကြီး ကွယ်လွန်သွားရာ အိမ်ဖော် ထမင်းချက်အမျိုးသမီးနှစ်ဦးနှင့်အတူ နေထိုင်ခဲ့ကြောင်း၊ စီးပွားရေး လုပ်ငန်းအဖြစ် ငါးဖမ်းစက်လှေတစ်စီး ထောင်ထားကာ စက်လှေ ကိုကြီးကြပ်ရန် မန်နေဂျာတစ်ဦးငှားထားကြောင်း ...။

လွန်ခဲ့သောတစ်နှစ်ခန့်ကမူ စက်လှေကို ပြန်လည် ရောင်းထုတ်လိုက်ပြီး အဖော်အမျိုးသမီးနှစ်ဦးကိုပါ အလုပ်မှ ရပ်စဲလိုက်ကာ တိုက်ဝါကြီးကိုသော့ပိတ်လျက် ကျောက်ဖြူမြို့မှ ထွက်ခွာသွားကြောင်းသိရလေ၏။

'ဝ' တစ်လုံးသူတော်ဂိုဏ်းသားအချို့သည် လူသူမနေ သည့် တိုက်ဝါကြီးထဲသို့ ညဘက်တွင် လျှို့ဝှက်စွာ ဖောက်ထွင်း





ဝင်ရောက်ခဲ့ပြီးလျှင် မွှေနှောက်ရှာဖွေခဲ့ရာ အဖိုးတန်ပစ္စည်း တစ်စုံ တစ်ရာမတွေ့ရှိသလို ပန်းမြတ်ဒေဝီနှင့်ပတ်သက်သည့် ထူးထူး ခြားခြားအထောက်အထားမရရှိခဲ့ကြဘဲ ပန်းမြတ်ဝေဒီ၏ မှန် ဘောင်သွင်းထားသော ဓာတ်ပုံတစ်ပုံကိုသာရရှိခဲ့လေ၏။

ယင်းဓာတ်ပုံကို 'ဝ'တစ်လုံးသူတော်ဂိုဏ်းချုပ်ကြီး သူ တော်ရွှေထံအပ်နှံခဲ့ရာ သူတော်ရွှေက ဓာတ်ပုံဆရာတစ်ဦးထံတွင် ဓာတ်ပုံမိတ္တူများ ကူးစေခဲ့လေ၏။ ယင်းဓာတ်ပုံမိတ္တူတို့ကို ဂိုဏ်း သားအားလုံးထံ ဝေငှထားပြီး ယင်းဓာတ်ပုံကိုအခြေခံကာ လေး ပွင့်သစ္စာဒေဝီကို ရှာဖွေခဲ့လေ၏။

"ဓာတ်ပုံကိုချည်း သိပ်ကြည့်မနေနဲ့လူရဲရေ၊ ဆရာကြီး သူတော်ရွှေပြောတာ မကြားဖူးလား ... လေးပွင့်သစ္စာဒေဝီဟာ အမျိုးမျိုးဖျက်ပြီး လှုပ်ရှားနေတာတဲ့၊ အပြင်မှာ အဲဒီဓာတ်ပုံ ထဲကအတိုင်း ဟုတ်ချင်မှ ဟုတ်မှာ"

"ဘာပဲဖြစ်ဖြစ် ... ဒီဓာတ်ပုံကိုတော့ အခြေခံရမှာပဲ ဦးလေးသီလရာ၊ ကျွန်တော် ဒီဓာတ်ပုံကို ခဏခဏကြည့်နေမိ တာက လေးပွင့်သစ္စာဒေဝီရဲ့ ရုပ်အဆင်းဟာ အင်မတန် တည် ငြိမ်ကျက်သရေရှိပြီး ဒီလိုဥပဓိရုပ်မျိုးနဲ့ လူသတ်မှုတွေကို ရက် ရက်စက်စက်ကျူးလွန်ခဲ့တယ်ဆိုတာ မယုံနိုင်စရာဖြစ်နေလို့ပါ"

ဦးသီလက ဆေးတံကြီးဖွာလိုက်ပြီးနောက် ...

"ခါးပိုက်နှိုက်တွေဟာ ဥပဓိရုပ်ကောင်း၊ ဂိုဏ်ကောင်း၊

www.burmeseclassic.com



ဆိုက်ကောင်းတတ်ကြတယ်ဆိုတာ မင်းကြားဖူးမှာပေါ့၊ တခ်
လူလိမ်ကြီးတွေဆို ဘုရားဂေါပကလူကြီးတွေ အရှုံးပေးရလောက်
အောင် ဥပမိရုပ်က ကြည်ညိုလေးစားယုံကြည်ချင်စရာပုံ ဖေ
ထားတတ်ကြတာပဲကွ၊ ဒီလိုပဲ ... လူတွေရဲ့အပြင်သဏ္ဌာန်
အတွင်းမနောဟာ တစ်ခါတလေ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တယ်
ကြတယ် မောင်လူရဲရဲ့"

ဟုမှတ်ချက်ပြုလိုက်ရာ လူရဲက ခေါင်းကိုဖြည်းဖြည်း
ယမ်းလိုက်လေ၏။

"လေးပွင့်သစ္စာဒေဝီနဲ့ပတ်သက်လို့တော့ ကျွန်တော်
အဲဒီလို မယူဆဘူး ဦးလေးသီလ၊ သူ့ရဲ့ဥပမိရုပ်ဟာ တည်ငြိမ်
အေးချမ်းဟန်ဆောင်ထားတဲ့ ဥပမိရုပ်မျိုးမဟုတ်ဘူး၊ ပင်ကို စိတ်
ရင်းကောင်းမြတ်ဖြူစင်တည်ကြည်သူ ကောန်ဖြစ်ရမယ်၊ သူ့ခ
သူ့အဖေ ရက်ရက်စက်စက်ကြီးအသတ်ခံရတာကို ကြုံခဲ့ရလို့
သူ အရွယ်ရောက်လာတော့ ဖအေ့အတွက် သွေးကြွေးဆပ်
အလုပ်တွေ လုပ်လာရတာဖြစ်မယ်"

ဦးသီလက ဆေးတံကို ပါးစပ်မှချွတ်လိုက်ပြီး စိတ်
ရှည်သလို မေးလိုက်၏။

"ဘာပဲဖြစ်ဖြစ် မင်းလည်း အခြားသူတွေလိုပဲ လေးပွင့်
သစ္စာဒေဝီကိုရှာဖွေရမှာပဲ မဟုတ်လား"

"ရှာရမှာပေါ့ဗျာ"





"အေး ... ရှာရမှာပေါ့ကွ ... ရွှေသုံးပိဿာဆိုတာ
သေးမှတ်လို့"

"ရွှေသုံးပိဿာကို စိတ်ဝင်စားလို့မဟုတ်ပါဘူးဗျ ...
ခင်မတန်ချောမောပြီး သိပ်ကျက်သရေရှိတဲ့ ပန်းမြတ်ဒေဝီကို
စိတ်ဝင်စားလို့ပါ"

"အေးပါ ... စိတ်ဝင်စားပါ ... စိတ်အဝင်စားလွန်ပြီး
သူ့ရဲ့အတွေ့မှာ မျောသွားမှ သူ့ကိုခေါင်းမဖြတ်နိုင်ဘဲ မင်းရဲ့
ခေါင်း ပြတ်နေဦးမယ်"

"ကြည့်လိုက်လေ"

ပြောသာပြောလိုက်ရသော်လည်း လူရဲမှာ ပန်းမြတ်ဒေဝီ
ခေါ်) လေးပွင့်သစ္စာဒေဝီအပေါ် အပြစ်မမြင်ရက်ဘဲ စာနာစိတ်
နှင့်အတူ ကရုဏာသက်သလိုဖြစ်ကာ သူမနှင့်ရင်ဆိုင်တွေ့ပါက
သက်ဖျားနှင့်ပင် တို့မိမည်မဟုတ်ဟု စိတ်ထဲမှ ထင်မြင်ယူဆ
ချက် ရှိနေပါတော့သတည်း။

□ □ □



www.burmeseclassic.com

www.burmeseclassic.com



## သွေးစွန်းဒေဝီ

လူရဲသည် သူတော်ရွှေ၏တာဝန်ပေးချက်အရ လေးပွ
သစ္စာဒေဝီအား ရှာဖွေရန် ရန်ကုန်မှ တစ်ကိုယ်တည်းထွက်ခဲ့
လေးပွင့်သစ္စာဒေဝီသည် ပခုက္ကူနယ်သားဖြစ်သော ဦးမိုးပွင့်
သွေးကြွေးဆပ်ရန် ပခုက္ကူနယ်ဘက်သို့သွားရောက်ရှာဖွေနေ
သည်ဟုယူဆပြီး ဦးစွာ ပခုက္ကူမြို့သို့ ဦးတည်ထွက်ခဲ့လေ၏

သူသည် ပခုက္ကူမြို့နှင့်အနီးအပါးမြို့ရွာများဖြစ်ကြသော
ပခန်းကြီး၊ ရေစကြို၊ မြစ်ခြေ၊ ပေါက်၊ မြိုင်စသည့် ဒေသများ
ခြေဆန့်လျက် တစ်မြို့တစ်ရွာတွင် တစ်ရက်နှစ်ရက်အချိန်ယူ
ရှာဖွေထောက်လှမ်းခြင်းပြုလေ၏။

"အင်း ...ဦးသီလကတော့ လေးပွင့်သစ္စာဒေဝီဟာ





မိခင်ရဲ့အမျိုးတွေရှိရာ ရောဝတီတိုင်းမှာပဲရှိနေလိမ့်မယ်လို့
ဆပြီး မော်လမြိုင်ကျွန်းတို့၊ မအူပင်တို့၊ ပန်းတနော်တို့ဘက်ပဲ
သွားသလားမသိဘူး၊ 'ဝ'တစ်လုံးဂိုဏ်းသားအချို့ဟာလည်း
လေးဘက် တက်ရှာမယ်လို့ ဦးလေးသီလကပြောတယ်၊ ဘာပဲ
ဖြစ် 'ဝ'တစ်လုံးဂိုဏ်းသားတွေဟာ မြန်မာပြည်အနှံ့ လူခွဲပြီး
သည်းအသန် ရှာဖွေနေကြတာ တစ်နေရာမှာတော့ လေးပွင့်
စ္စာဒေဝီကို တွေ့မှာသေချာတယ်"

သို့ဖြင့် တစ်နေ့နံနက်တွင် လူရဲသည် ရောဝတီမြစ်ကမ်း
သားမှ မြို့လေးတစ်မြို့၏ဈေးထဲ မယောင်မလည် လျှောက်
ကြည့်နေရာ ပန်းဆိုင်တန်းဘက်ရောက်ရှိလာသည်တွင် ဆိုင်တစ်
ဆိုင်၌ အဘွားအိုတစ်ဦးသည် စွယ်ပန်း (သစ္စာပန်း) အဝါများကို
ချယ်ဝယ်ယူလျက်ရှိကြောင်းတွေ့ရသဖြင့် စိတ်ဝင်စားစွာ တ
တစောင်း လှေ့လာအကဲခတ်ကြည့်နေမိလေ၏။

ယင်းအဘွားအိုမှာ ဆံပင်များ အတော်ဖြူနေကာ ဆင်
ယ်တီးတစ်ချောင်းဖြင့် ဆံပင်ဖြူဖြူတို့ကိုလှန်ဖြီးလျက် ဦးခေါင်း
နောက်ပိုင်းတွင်ထုံးဖွဲ့ပတ်ထားရာ အရေအနည်းငယ်တွန့်နေသည့်
ဆိုင် နဖူးပြင်မှာ ပြောင်ရှင်းနေလေ၏။ ပါးရေနားရေများတွန့်နေ
သော်လည်း အသားအရေဖြူစင်ကာ သနပ်ခါးဖွေးဖွေးလိမ်းထား
သည့် ဥပမိရုပ်ကောင်းသော အဘွားအိုမှာ ပန်းခိုင်ရွေးလိုက်စဉ်
သည်ပင်း၌ ပတ်ထားသည့်သိုးမွေးတဘက်သည် ပြေကျက်



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့လျှောကျသွားလေ၏။

အဘွားအိုက တဘက်ကိုလက်တစ်ဖက်ဖြင့် လှမ်းဖ[...] လိုက်စဉ် လူရဲက လစ်ဟသွားသောအဘွားအို၏လည်ပင်းနှ[...] ကော်လံရိုးရှိရာသို့ လှစ်ခနဲကြည့်လိုက်မိရာ အတော်အံ့အားသ[...] သွားမိလေ၏။

အဘွားအိုသည် ပဒုမ္မာအင်္ကျီလက်ရှည်လက်စည်းကို[...] လည်းကောင်း၊ ချိတ်ထဘီခြေမျက်စိဖုံးကိုလည်းကောင်း လုံ[...] စွာဝတ်ထားပြီး လည်ပင်း၌သိုးမွေးတဘက်ပတ်ထားရာ လက်ဖ[...] များနှင့် မျက်နှာကိုသာ ထင်ရှားစွာမြင်ရသည်၌ မြင်ရသ[...] လက်ဖမိုး၊ ခြေဖမိုးနှင့် မျက်နှာတို့၌ အရေပြားလေးများတွန့်[...] သည်ကို တွေ့ရလေ၏။

သို့သော် လှစ်ခနဲမြင်လိုက်ရသည့် လည်ပင်းအောက်[...] ကော်လံရိုးနေရာသည်မူ ဝင်းမွတ်ပြည့်တင်းနေရာ လူရဲအံ့[...] အံ့အားသင့်စရာဖြစ်သွားရလေသည်။

"အဘွား ... တစ်မူးဖိုး ငါးခိုင် ... ယူလေ"

ဈေးသည်ကောင်မလေးက ပန်းခိုင်ငါးခိုင်ကိုရွေးပေး[...] အဘွားအိုက လက်ကာပြပြီး ...

"ငါးခိုင်မယူပါဘူးကွယ် လေးပွင့်စီပါတဲ့ ပန်းခိုင်လေး[...] ပဲယူမယ် ... စိတ်ကြိုက်တော့ရွေးမယ်နော်၊ ခုပဲ ဘုရားသွ[...] ကပ်လှူမှာမို့ပါ"





ဟု ခပ်တိုးတိုးပြောကာ စံပယ်ပန်း (သစ္စာပန်း) အဝါလေး ခိုင်ကို စိတ်ကြိုက်ရွေးပြီးနောက် ဈေးသည်မလေးကို ငွေတစ်မူး ပေးလိုက်လေ၏။

ပန်းသည်မလေးက ငှက်ပျောဖက်ဖြင့် ပန်းခိုင်လေးခိုင်ကို ထုပ်ပေးလိုက်ရာ အဘွားအိုက ပန်းခိုင်တို့ကိုထောင်ကိုင်ရင်း ဈေးထဲမှ ထွက်သွားလေတော့၏။

အဝါရောင်စံပယ်ပန်း (သစ္စာပန်း) လေးခိုင်ကို ဝယ်သွားသည့်အဘွားအိုအား လွန်စွာစိတ်ဝင်စားသွားပြီဖြစ်သဖြင့် လူရဲသည် အဘွားအို၏နောက် မလှမ်းမကမ်းမှ မယောင်မလည် လိုက်ပါသွားတော့၏။

အဘွားအိုသည် မြို့လယ်လမ်းအတိုင်းလျှောက်ခဲ့ရာမှ မြို့မြောက်ဘက်ပိုင်းသို့ချိုးသွားကာ နှစ်ဖာလုံခန့်ရောက်ခဲ့သည်တွင် မြစ်ကမ်းစပ်အနီးရှိ စေတီတစ်ဆူသို့ရောက်ရှိသွားလေ၏။ အဘွားအိုသည် ခံ့ညားသော တန်ဆောင်းကြီးထဲ ဖိနပ်လေးချွတ်ကာ လှမ်းဝင်သွားရာ လူရဲလည်း ခပ်ခွာခွာ လိုက်ပါသွားတော့၏။

အဘွားအိုသည် မတ်ရပ်ကျောက်ဆင်းတုကိုယ်တော်ကြီး၏ရှေ့မှောက်ရှိ စဉ့်ရေသုတ်ပန်းအိုးကြီးကြီးထဲသို့ စံပယ်ပန်း(သစ္စာပန်း) ခိုင် သုံးခိုင်ကိုထည့်ကာ ကပ်လှူလိုက်ပြီး ကျန်ပန်းခိုင်တစ်ခိုင်ကို လက်၌ကိုင်ထားရင်း ဘုရားဝတ်ပြုလေ၏။

အတန်ကြာဝတ်ပြုဆုတောင်းကာ ကန်တော့ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှထလျက် လက်ထဲမှပန်းခိုင်ကို ပန်းအိုးကြီးထဲသွားရော ထိုးစိုက်ကပ်လှူလိုက်လေ၏။

သူမ၏နောက်နားခပ်လှမ်းလှမ်းတွင် ဆောင့်ကြော ထိုင် လက်အုပ်ချီရင်း ဘုရားကန်တော့ဟန်ဆောင်နေသည် လူရဲမှာ သူ့နံဘေးမှ အဘွားအိုဖြတ်လျှောက်သွားစဉ် မျက် တို့ကိုပိတ်လျက် ပါးစပ်မှ အသံမထွက်ဘဲ ပွစိပွစိရေရွတ်နေ ၏။

အဘွားအို စောင်းတန်းထဲမှ လွန်သွားလောက်ပြီ ယူဆရမှ လူရဲသည် ဘုရားကို ကပျာကယာကန်တော့ပြီး စော တန်းအတိုင်း ထွက်လိုက်လာရာ မုခ်ဝတွင်ထိုင်ရောင်းနေသ အသားခပ်ညိုညိုခပ်ဝဝ ဆီးယိုသည်လူကြီးမှာ ဖက်စိမ်း ထုပ်ထားသော ဆီးယိုထုပ်ကို အဘွားကိုအားလှမ်းပေးနေသည် တွေ့ရလေ၏။

"အဘွား ... ဒါနပြုပါရစေဗျာ ဆီးယိုထုပ်လေးယူ ပါ"

အဘွားအိုက ဆီးယိုသည်ကြီးကိုလှည့်ကြည့် ပြုံးလျက် ခေါင်းယမ်းပြရာ ...

"ယူသွားပါ အဘွားရဲ့ ... အားမနာပါနဲ့ ... သက် ဝါကြီးကို ဒါနပြုပါရစေ"

ဟု ဆီးယိုသည်ကြီးက ထပ်မံတောင်းပန်လိုက်သည်





အားနာသွားဟန်တူသည့်အဘွားအိုက ဆီးယိုထုပ်ကို ပြန်လှည့်ယူ ပြီးနောက် ...

"ကျန်းမာ ချမ်းသာပါစေကွယ်"

ဟု ခပ်တိုးတိုးဆုပေးပြီးလျှင် ဘုရားပရဝုဏ်အတွင်းမှ ထွက်သွားလေတော့၏။

လူရဲမှာ စောင်းတန်းထဲမှမထွက်သေးဘဲ တိုင်လုံးတစ် ခုကိုကွယ်လျက်ကြည့်ရင်း ကျန်ရစ်စဉ် ဆီးယိုသည်ကြီးမှာ ထိုင်ရာမှထပြီး ပုဆိုးပြင်ဝတ်ကာ အဘွားအို၏နောက်မှ ခပ်လှမ်းလှမ်း လိုက်ပါသွားသည်ကိုတွေ့ရသဖြင့် အံ့အားသင့်သွားလေတော့၏။

"ဆီးယိုသည်ကြီးဟာ သူ့ဆိုင်းထမ်းကို ဒီအတိုင်းထားခဲ့ အဘွားအိုရဲ့နောက်ကိုလိုက်သွားပါလား"

အဘွားအိုကား လာရာလမ်းအတိုင်းမပြန်ဘဲ လူသွားလူ ဖြတ်လပ်သည့် မြစ်ကမ်းခြေနှင့်မျဉ်းပြိုင် မြေလမ်းလေး အတိုင်းလျှောက်သွားရာ ကိုက်တစ်ရာခန့်သွားမိလျှင် လမ်း၏ ဘက်၌ မြစ်ကမ်းစပ်ကိုင်းတောကြီးရှိနေပြီး လမ်း၏လက်ယာ ဘက်တွင် ဆူးချုံတောများ ထူထပ်စွာပေါက်ရောက်လျက်ရှိသည် ကို တွေ့ရလေ၏။

ထို့နောက် မြစ်ကွေ့သည့်အတိုင်း မြေလမ်းလေးသည် လည်း ကွေ့သွားရာ ဆူးချုံများကွယ်လျက် အဘွားအိုရော ဆီး

www.burmeseclassic.com



ယိုသည်အညာသားကြီးပါ လူရဲ၏မြင်ကွင်းမှ ပျောက်ကွယ်သွား
လေတော့၏။

မြစ်ဘက်မှ လေပြည်လေး တိုက်ခတ်နေသဖြင့် ကို
ပင်၊ ချုံပင်များ ယိမ်းလှုပ်လျက်ရှိသလို မြစ်ပြင်ဆီမှ စက်
တစ်စီးခုတ်မောင်းသွားသံသည်လည်း လေပြည်နှင့်အတူ ပျံ့
ပါလာလေ၏။

လမ်းကွေ့ချုံကွယ်တို့ကို လူရဲ ပတ်ကွေ့လျှောက်
လိုက်စဉ် ရှေ့လမ်းအကွေ့ဆီမှ တင်းမာပြတ်သားသောအမိန့်
သံကို ကြားလိုက်ရသဖြင့် ခြေလှမ်းတုံ့ခနဲဖြစ်သွားရလေ၏

"မလှုပ်နဲ့နော် ... လှုပ်တာနဲ့ပစ်ထည့်လိုက်မယ်၊
ဗျားဟာ လေးပွင့်သစ္စာဒေဝီမဟုတ်လား ... ပြောစမ်း"

ကြားလိုက်ရသည့်အသံကြောင့် လူရဲမှာ လွန်စွာ
အားသင့်သွားပြီး ချုံစပ်ကိုကွယ်လျက် ရှေ့ဆီသို့ အသာ
ကြည့်လိုက်လေ၏။

ပင်နီတိုက်ပုံကြမ်းနှင့် အကွက်ကျဲပုဆိုးတိုတို ဝတ်
သည့် အညာသားဆီးယိုသည်ကြီးမှာ လက်ထဲ၌ ကိုင်ထား
ခြောက်လုံးပြူးသေနတ်ဖြင့် အဘွားအိုကိုချိန်ထားပြီး အဘွာ
မှာ ထိုလူနှင့် သုံးလေးလံခန့်အကွာတွင် ခြေစုံရပ်ရင်း ယိ
ရူးရူးရဲရဲကြည့်နေလေ၏။

"ပြောစမ်း ... ခင်ဗျားဟာ အဘွားအိုဟန်ဆောင်

---





က်ထားတဲ့ လေးပွင့်သစ္စာဒေဝီ မဟုတ်လား"

အဘွားအိုသည် ဘာမျှမပြောဘဲ သူမ၏ဦးခေါင်းမှ
ဆံပင်အုံကို ဆွဲလှန်ချလိုက်ရာ ဆံပင်ဖြူဖြူအုံမှာ လက်ထဲပါ
ပြီး ကြော့ရှင်းနက်မှောင်သည့် ဆံပင်ထွေးမှာ ကျောနောက်
အံကျလာတော့၏။

သူမ၏မျက်နှာကိုလည်း သိုးမွေးတဘက်ဖြင့် ဘယ်ပြန်
ညာပြန် ဖိပွတ်လိုက်ရာ မျက်နှာပြင်ပေါ်မှ အရေးအကြောင်း
အတွန့်အလိပ်တို့မှာ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားပြီး
ချောမွတ်ဖြူဝင်းညက်နေသည့် မျက်နှာလှလှလေးကို မဟူရာ
ဆံနွယ်မျှင်များ ဝန်းခလျက် ကျက်သရေရှိစွာတွေ့ရလေ၏။

"ဩ ... သူဟာ ငါထင်တဲ့အတိုင်း လေးပွင့်သစ္စာ
ဒေဝီပါပဲလား။ ဒါကြောင့် ငါ လှစ်ခနဲတွေ့လိုက်ရတဲ့ လည်ပင်း
အောက်က ကော်လံရိုးနေရာဟာ ဖြူဝင်းမွတ်စင်ပြည့်တင်းနေ
တာကိုး"

လူရဲသည် စိတ်ထဲတွေးရင်းမှ လေးပွင့်သစ္စာဒေဝီ
အတွက် စိုးရိမ်ပူပန်သွားတော့၏။

"ဟုတ်တယ် ကျွန်မဟာ လေးပွင့်သစ္စာဒေဝီပဲ၊ ရှင်က
ော ဘယ်သူလဲ၊ ပုလိပ်ဘက်ကလား စုံထောက်ဘက်ကလား"

"ဟား ဟား ဟား ... ဘယ်ပုလိပ်, ဘယ်စုံထောက်မှ
ဟုတ်ဘူး။ ကျုပ်ဟာ 'ဝ' တစ်လုံးသူတော်ဂိုဏ်းကပဲ"



www.burmeseclassic.com

www.burmeseclassic.com



အကြိတ်ကူနေသဖြင့် လူရဲ အံ့အားသင့်စွာ မျက်လုံးဝိုင်းကြည့်လိုက်မိ၏။

လေးပွင့်သစ္စာဒေဝီက မဲ့ပြုံးပြုံးလိုက်ကာ ...

"ဩ ... ရှင်ဟာ ကျွန်မရဲ့ရန်သူနံပါတ် (၁)၊ သူတော်ရွှေ (ခေါ်) ရန်ကြီးရွှေရဲ့တပည့် မရဏာစေတမန်ပေါ့ ဟုတ်လား သူက ရှင့်ကို စေလွှတ်ပြီး ကျွန်မကို ရှာဖွေသုတ်သင်နိုင်းလိုက်တယ်ပေါ့ ဟုတ်လား"

ဟု ထိမထင်ဟန်ဖြင့်မေးရင်း လက်နှစ်ဖက်ခါးထောက်ရပ်ကာ 'ဝ' ,တစ်လုံးဂိုဏ်းသားကြီးကို ရဲဝံ့စွာမျက်နှာချင်းဆိုင်လိုက်လေ၏။

"ဟုတ်တယ် မင်းကို မနေ့ကတည်းက မသင်္ကာလို့လိုက်ကြည့်ပြီး ဘုရားအဝမှာ ဆီးယိုသည်ဟန်ဆောင်စောင့်နေတာ၊ မင်းကိုသတ်နိုင်ခဲ့ရင် သူတော်ရွှေက ရွှေသုံးပိဿာပေးမှာသိရဲ့လား ... ဟား ဟား ဟား"

"ကဲ ... ကြာတယ် သေဖို့သာပြင်ပေတော့"

'ဝ' တစ်လုံးဂိုဏ်းသားကြီးသည် အံကြိတ်ပြောလိုက်ရင်းမှ သေနတ်မောင်းခလုတ်ကို ဆွဲညှစ်ချရန် ဟန်ပြင်လိုက်စဉ် လူရဲသည် အာလူးခပ်ရွယ်ရွယ်ခန့်ရှိ ကျောက်ခဲတစ်လုံးကို ဖျတ်ခနဲကောက်ယူလိုက်ပြီး ထိုသူ၏သေနတ်ကိုင်လက်ကို လှမ်းပြက်သလို မြန်ဆန်ခြင်းမျိုးဖြင့် ပစ်ပေါက်လိုက်တော့၏။





'ဒိုး'

'ခွပ်'

'အ'

ကျောက်ခဲမှာ လက်ကောက်ဝတ်ရိုးကို အရှိန်ပြင်းစွာမှန်သွားရာ ထိုလူသည် နာကျင်စွာအော်လိုက်ရင်း လက်ထဲမှသေနတ်လွတ်ကျသွားစဉ် လူရဲသည် ပုန်းကွယ်နေရာမှ ဝှားခနဲထွက်လိုက်ပြီး ထိုသူ၏ကျောကုန်းကို ကန်ထည့် လိုက်၏။

'ဖောင်း'

'ဝ' တစ်လုံးဂိုဏ်းသားမှာ ရှေ့သို့ငိုက်ဆင်းသွားစဉ် လေးပွင့်သစ္စာဒေဝီက ခါးကြားတွင်ဝှက်ထားသည့် ဓားမြှောင်ကို ဆွဲတစ်ပြက်ထုတ်ကာ ထိုသူ၏ရင်ဝကို ထိုးစိုက်လိုက်တော့၏။

'စွပ်'

'အ .. အ'

လူရဲမှာ ဖြစ်ပျက်သွားသမျှကို ငေးကြောင်ကြည့်နေစဉ်မှာပင် 'ဝ'တစ်လုံးဂိုဏ်းသားမှာ မြေပြင်ပေါ်သို့ ဒူးညွှတ်လဲကျသွားလေတော့၏။

လူရဲအနေဖြင့် သူ၏အသက်သေစေရန်အထိ မရည်ရွယ်ခဲ့ဘဲ လေးပွင့်သစ္စာဒေဝီ အသက်ဘေးမှ လွတ်စေရန်သာ ရည်ရွယ်ကာ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ လေးပွင့်သစ္စာဒေဝီက ယခုလို သတ်ဖြတ်လိုက်သဖြင့် လူသတ်မှုဖြစ်သွားရလေချ



www.burmeseclassic.com

www.burmeseclassic.com



ပြီမို့ စိတ်မကောင်းဖြစ်သွားရသလို မိမိပါ လူသတ်မှုထဲ ပူးပေါင်း ပါဝင်ကျူးလွန်သလို ဖြစ်ရခြင်းအတွက် စိတ်ရှုပ်ထွေးသွားရ တော့၏။

သူ၏စိတ်ထားအယူအဆကို ရိပ်မိပုံရသည့် လေးပွ သစ္စာဒေဝီက ထိမထင်သည့်အပြုံးမျိုး ပြုံးလိုက်ကာ ...

"မောင်လေး ...မင်း ဘာမှစိတ်မညစ်သွားပါနဲ့ကွာ ဒီလူကို မမ သတ်လိုက်တာပါ၊ ဒီအမှုမှာ မောင်လေး မပါဝင် ပါဘူး"

ဟု တည်ငြိမ်စွာပြောလိုက်ပြီးနောက် အလောင်းကော ကို ခြေနှစ်ချောင်းမှကိုင်လျက် လမ်းဘေးသို့ဆွဲချလေတော့ လူရဲကပါ ကူဆွဲရန် ဟန်ပြင်လိုက်သည်တွင် ...

"နေ ...နေ ...မောင်လေး မင်းဝင်မဆွဲနဲ့ တော်ကြာ ...အလောင်းပျောက်ဖျက်တဲ့အမှုထဲ ပါနေဦးမယ်"

ဟု တားမြစ်လိုက်ပြီးလျှင် သူမဘာသာ အလော ကောင်ကိုဆွဲချသွားရာ သူမမှာ ထင်မှတ်သည်ထက် အံ့ လောက်အောင် ပိုမိုသန်စွမ်းကြောင်း တွေ့ရလေ၏။

လေးပွင့်သစ္စာဒေဝီသည် မြစ်ကမ်းစပ်ကိုင်းတောထဲ အလောင်းကို တွန်းကာ လိမ့်ချလိုက်ရာ ရေစပ်စပ်ရှိသော ကိုင်း တောထဲပစ်ကျသွားသည့် အလောင်းအား ကိုင်းပင်များက ကွယ်သွားတော့၏။





အလောင်းပျောက်ကွယ်သွားမှ လေးပွင့်သစ္စာဒေဝီက သူမ၏ဆံပင်တုနှင့် သိုးမွေးတဘက်တို့ကို စုကိုင်လိုက်ရင်း ...

"မမရဲ့နာမည်က ပန်းမြတ်ဒေဝီလို့ခေါ်တယ်ကွယ့်၊ မောင်လေးရဲ့နာမည်ကရော ဘယ်လိုခေါ်သလဲ"

ဟု ဘာမှမဖြစ်ခဲ့သလို ခပ်ပြုံးပြုံးအမူအရာဖြင့် လေသံ အေးအေးမေးလိုက်ရာ သူမ၏သွေးအေးခြင်းကို လူရဲ အသိ အမှတ်မပြုဘဲ မနေနိုင်ချေ။

"ကျွန်တော်ရဲ့နာမည်က လူရဲပါ၊ ဒါထက် စော စောတုန်းကတော့ ဟိုလူက မမကို လေးပွင့်သစ္စာဒေဝီလို့ ခေါ် လိုက်သလိုပါလား"

"သြော် ...မင်းက အဲဒီစကားတွေအားလုံး ကြားခဲ့ပြီ ပေါ့"

"ဟုတ်ပါတယ်၊ ဒီလမ်းချိုးလေးကို မကွေ့ခင်မှာပဲ စကားများသလိုလို၊ ပြဿနာဖြစ်သလိုလို ပြောဆိုသံတွေကြားရ လို့ ရှေ့ဆက်မလျှောက်ဘဲ ကျွန်တော် နားစွင့်နေခဲ့မိတာပါ၊ မမတို့ပြောတဲ့စကားတွေထဲမှာ 'ဝ' တစ်လုံးသူတော်ဂိုဏ်းဆိုတာ တွေရော၊ သူတော်ရွှေဆိုတာရော၊ သတ်မှာဖြတ်မှာတွေရော ကြားရလို့စိုးရိမ်ပြီး ရှေ့တိုးအကြည့်မှာ ဟိုလူကြီးက မမကို သေနတ်နဲ့ပစ်မလို လုပ်နေတာနဲ့ ကျွန်တော် ဝင်ပါလိုက်မိတာပါ"

လူရဲက ဘာမျှမသိသည့်အရိုးခံပုံစံဖြင့် မှင်သေသေ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရာ လေးပွင့်သစ္စာဒေဝီမှာ လူရဲကို ကရုဏာသက် ဟန်ဖြင့် ကြည့်လိုက်ပြီးနောက် ...

"အင်း .. ငါ့မောင်လည်း ဘာမှန်းညာမှန်းမသိဘဲ ဝင်ပါပြီး မမရဲ့အသက်ကို အရဲစွန့်ကယ်လိုက်တာပဲနော်၊ မမ အသည်းဘယ်လောက်ပဲမာမာ သေနတ်ရဲ့ခဲပူတောင့်ဒဏ်ကို တော့ မခံနိုင်ပါဘူး။ မမမှာ မောင်လေးကယ်တဲ့အသက်ပဲရှိပါ တော့တယ်ကွယ်"

ဟုပြောရင်း ကျေးဇူးလွန်စွာတင်သည့်မျက်ဝန်းများဖြင့် လူရဲကို ရွှန်းရွှန်းစားစားကြည့်ကာ ...

"မောင်လေးအချိန်ရရင် မမတည်းခိုနေတဲ့ အိမ်လေး ဆီ လိုက်ခဲ့ပါလား။ ဟိုကျတော့ မောင်လေး နားရှုပ်နေတာတွေ ကို မမ,ရှင်းပြပါ့မယ်၊ အဲဒီလိုမှ မမ,ရှင်းမပြဘူးဆိုရင် မောင် လေးက မမကို ရက်စက်တတ်တဲ့လူသတ်သမားကြီးလို့ ထင်သွား လိမ့်မယ်၊ မမအနေနဲ့ ဘယ်သူ့ကိုမှ ဂရုမစိုက်ပေမယ့် မမရဲ့ အသက်သခင်ဖြစ်သွားတဲ့ မောင်လေးကိုတော့ ဖြစ်ရန်မှန် ရှင်းပြ ချင်တယ်၊ မမရဲ့ရင်ထဲက ခံစားချက်တွေကို ရှင်းပြချင်တယ်၊ မမပြောတာတွေ နားထောင်ပြီးရင် စောစောကလူကို မမလက် ဦးအောင် ဘာဖြစ်လို့ရှင်းပစ်လိုက်ရသလဲဆိုတာကို မောင်လေး သိသွားလိမ့်မယ်၊ မမရဲ့အိမ်ကို ခဏလိုက်ခဲ့ပါနော်"

ဟု ဖိတ်ခေါ်လိုက်ရာ လူရဲမှာ နဂိုကပင် လေးပွင့်





သစ္စာဒေဝီဘက်မှ ခံစားချက်ကို သိလိုနေသူဖြစ်သဖြင့် လိုက် သွားရန် ချက်ချင်းသဘောတူလိုက်လေ၏။

"လိုက်ခဲ့ပါ့မယ် မမ၊ ကျွန်တော်လည်း မမတို့ကိစ္စကို စိတ်ဝင်စားပါတယ်၊ တစ်ခုတော့ ကျွန်တော် ကြိုပြောထားမယ်၊ ဒါတွေ ဘယ်လိုပဲဖြစ်ဖြစ် မမတို့ရဲ့ ပြဿနာမှာ မမဘက်က ဘယ်လိုပဲမှားမှား ကျွန်တော်ဟာ မမ ဒုက္ခရောက်အောင် ဘယ် တော့မှ မလုပ်ဘူးဆိုတာ ကတိပေးပါတယ်"

"အို ... ဝမ်းသာလိုက်တာ မောင်လေးရယ်၊ မှန်တာ ပြောရရင် စောစောကလူသတ်မှုအတွက် ပုလိပ်ဘက်ကို မောင် လေး သတင်းသွားပေးမှာကို မမ စိုးရိမ်နေတာ၊ မမအနေနဲ့ ကိုယ့်အသက်သခင်ဖြစ်တဲ့ မောင်လေးကို အန္တရာယ်တစ်စုံတစ် ခုဖြစ်ပြီး တားဆီးလို့လည်းမဖြစ်လေတော့ မောင်လေးသာ ပုလိပ် ကို အကြောင်းကြားရင် အခက်လို့တွေးပြီး စိတ်ပူနေမိတာကွယ့်၊ ...တ်တိုင်တက်ရဖို့ မမ ဝန်မလေးပါဘူးကွယ်၊ ကိုယ်လုပ်စရာ ရှိခဲ့တဲ့တာဝန်တွေ မကျေပွန်မီ အဖမ်းမခံချင်သေးလို့ပါ၊ ကဲ ... ကဲ ... အဲဒါတွေ ခုပြောလို့ မောင်လေးနားရှင်းမှာ မဟုတ်ပါဘူး၊ အိမ်ကျမှ မမ သေချာပြောပြမယ်၊ လာ ... အိမ်ဆီသွားစို့"

သို့ဖြင့် လေးပွင့်သစ္စာဒေဝီက မြစ်ကမ်းနံဘေးလမ်း အတိုင်း လျှောက်သွားသည်တွင် လူရဲလည်း လိုက်ပါသွားရာ အချက်တစ်ချက်တွင် ဘေးတိုက်မြင်နေရသည့် သူမ၏ ကြည်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးအေးချမ်းနေသော မျက်နှာလှလှလေးကို ငဲ့ကြည့်ရင်း သူမ[…]
ဆုံဆည်းခွင့်ရခြင်းအတွက် ရင်ခုန်ကြည်နူးသလို ခံစားရလေ[…]

သူမကမူ လူရဲ၏အကြည့်ကို မသိကျိုးကျွန်ပြု[…]
မျက်နှာထားတည်တည်လေးနှင့်ပင် ဦးဆောင်လျှောက်လှမ်းသွ[…]
ရာ ရွှေ့ကိုက်တစ်ရာကျော်ခန့်သွားမိသည်တွင် လူနေအိမ်[…]
အတော်အတန်ရှိသော လမ်းတစ်လမ်းထဲသို့ ကွေ့ခဲ့ကြပြီးနော[…]
သပ်ရပ်သည့် ခြံလေးတစ်ခြံရှေ့သို့ ရောက်ရှိသွားတော့၏။

လေးပွင့်သစ္စာဒေဝီက ခြံတံခါးသော့ဖွင့်ကာ ...

"လာ မောင်လေး ...ဒါ ...မမ တစ်လစာပေး[…]
ငှားနေတဲ့အိမ်ပဲ"

ဟုပြောရင်း ခြံလေးထဲ ဦးဆောင်ဝင်သွားလျ[…]
တစ်ထပ်ပျဉ်ထောင်အိမ်လေး၏တံခါးသော့ကိုပါ ဖွင့်လိုက်လေ[…]

သပ်ရပ်သော ဧည့်ခန်းလေးထဲမှ ကြိမ်ဆက်တီခုံများပေ[…]
ထိုင်မိကြသည်တွင် ...

"မောင်လေး ထိုင်ဦးနော်၊ မမ လက်တွေဘာတွေဆေ[…]
ပြီး ကော်ဖီဖျော်ခဲ့မယ်၊ အချိန်ရတယ် ဟုတ်လား"

ဟု ရင်းနှီးသောလေသံလေးဖြင့် ပြုံးကာ မေးလိုက်လေ
၏။

"ရပါတယ် မမရဲ့၊ ကျွန်တော့်မှာ အချိန်တွေ အလကာ[…]
ဖြစ်နေတာပါ၊ ကျွန်တော်က အလုပ်မရှိ အကိုင်မရှိ တစ်[…]





[…]း တစ်ရာ့တစ်ဆယ်လေ ...ဟဲ ဟဲ"

လူရဲ၏အပြောကြောင့် ပြုံးလိုက်ပြီး လေးပွင့်သစ္စာဒေဝီ
[…]သာ အိမ်အတွင်းခန်းဘက် ဝင်သွားတော့၏။ လူရဲမှာ အိမ်ထောင်
[…]ရိဘောဂအနည်းငယ်သာရှိသော ဧည့်ခန်းလေးထဲ ဆယ်မိနစ်
[…]ကျော်ကျော်ခန့် ထိုင်နေမိစဉ် ...

လေးပွင့်သစ္စာဒေဝီသည် လင်ပန်းတစ်ချပ်အပေါ်တွင်
[…]ကော်ဖီခွက်နှစ်ခွက်နှင့် မုန့်ပန်းကန်ကိုတင်ကာ အတွင်းခန်းထဲမှ
[…]ထွက်လာရာ သူမသည် မျက်နှာ၊ ခြေ၊ လက်အားလုံးကို ရေမိုး
သန့်စင်ခဲ့ရုံမက အဝတ်အစားပါလဲ၍ လာသည်ဖြစ်ရာ မျက်နှာမှာ
[…]တ်ကပ်သနပ်ခါး ဘာမျှလိမ်းကျံထားခြင်းမရှိဘဲ ပင်ကိုသဘာဝ
[…]လှအတိုင်း ပြောင်းရှင်းဝင်းမွတ်လျက်ရှိပြီး နှင်းဆွတ်ပန်း
[…]လေးတစ်ပွင့်နှယ် တင့်တယ်သန့်စင်လျက်ရှိလေ၏။

ဤမျှသန့်စင်ဝင်းမွတ်ကျက်သရေရှိလှသော မိန်းမချော
[…]လေးတစ်ဦးမှာ လူတစ်ယောက်ပြီးတစ်ယောက် သတ်ခဲ့ဖူးသည်
[…]ဟုမက နောက်ထပ်အနည်းဆုံးလူနှစ်ဦးကို ထပ်သတ်ရန် ကြံ
[…]စည်ကြိုးစားနေသူလေးဖြစ်ကြောင်း ပြောလျှင် ယုံနိုင်ဖွယ်ပင်
[…]ရှိဟု လူရဲတွေးနေမိလေ၏။

"ကဲ ...သောက် မောင်လေး မုန့်လည်းစား"

"မမက ဒီအိမ်မှာ တစ်ယောက်တည်းငှားနေတာလား။
[…]ဦးတော့ ဒီမြို့မှာရော အမြဲနေမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...ဒီမှာ တစ်ယောက်တည်းငှားနေတာလေ ဒီမြို့မှာ အမြဲမနေပါဘူး။ ပထမတော့ တစ်လလောက်နေဖြစ်မယ်ထင်တာ၊ စောစောက ပြဿနာဖြစ်သွားပြီဆိုတော့ ဆက်နေဖို့ မသင့်တော့ဘူးလေ၊ မကြာခင် ပြောင်းရဦးမှာပေါ့"

သူမ၏အေးစက်စက်နှင့်ပြောဆိုဟန်မှာ မကြာမီမိနစ်ပိုင်းကပင် လူသတ်မှုကြီး ကျူးလွန်ခဲ့သည်ကို ထမင်းစားရေသောက်ပြုနေကျ အမှုပြုခဲ့သလို အလေးအနက်ထားဟန်မရှိသည့်နှယ်ဖြစ်နေရာ လူရဲမှာ သူမ၏သွေးအေးခြင်းကို ဩချမိလေတော့၏။

ကော်ဖီတစ်ကျိုက်မော့လိုက်ပြီးနောက် လူရဲက တိုက်တွန်းစကားဆိုလိုက်သည်။

"ကဲ ...မမရဲ့ဇာတ်ကြောင်းကို ကျွန်တော်သိချင်ပြီ ပြီး ပြောပြတော့လေ မမရဲ့၊ ကျွန်တော့်ရဲ့မျက်လုံးထဲမှာတော့ မမဟာ တအားကို ထူးခြားနေတော့တာပဲ"

လူရဲ၏အပြောကြောင့် သူမက နှုတ်ခမ်းထောင့်စွန်းလေး တွန့်ရုံ ပြုံးလိုက်လေသည်။

"ပြောပြပါ့မယ်လေ မမရဲ့ဇာတိက ရခိုင်ကမ်းမြှောင်ဒေသ၊ ကျောက်ဖြူကပဲကွယ့်၊ မမ လေးနှစ်ကျော်ကျော်အရွယ်လောက်မှာ မမရဲ့အဖေကို လူသုံးယောက်က ရက်ရက်စက်စက်ပိုင်းသတ်ခဲ့တာကို မမဟာ အိမ်အပေါ်ထပ်တက်တဲ့လှေကားဆက်ရန်းကို ကွယ်ပုန်းနေရာက အစအဆုံး တွေ့မြင်ခဲ့ရတယ်...၊

မမရဲ့အဖေနဲ့ အဲဒီလူသုံးဦး ပင်လယ်ဓားပြဘဝတုန်းက ပိုင်ဆိုင်တဲ့ရတနာပစ္စည်းတွေ ဖေဖေ့ကိုခွဲမပေးချင်တဲ့အတွက် သစ္စာဖောက်ပြီး လာသတ်သွားကြတာပဲ ...၊

မမဟာ ငယ်ငယ်ကတည်းက အဲဒီလူသုံးယောက်ကို အသည်းနင့်အောင် နာကြည်းမုန်းတီးခဲ့ပြီး အရွယ်ရောက်လာတဲ့အခါ သင်းတို့ကို အဖေ့အတွက် သွေးကြွေးဆပ်လက်စားချေဖို့ ဆုံးဖြတ်ခဲ့တယ် ...၊

သူတို့လို ဝါရင့် ဒုစရိုက်သမားကြီးတွေကို ရင်ဆိုင်နိုင်ဖို့ မမဘက်က အစစပြည့်စုံအောင် နှစ်ပေါင်းများစွာ ကြိုးစားပြည့်ဆည်းထားခဲ့တယ် ...၊

အဲဒီလိုနဲ့ မမ အရွယ်ရောက်ပြီး ရန်သူတော်ကြီးတွေကို ရင်းဆိုင်ယှဉ်ပြိုင်နိုင်ပြီလို့ ယူဆလာတဲ့အချိန်မှာ မမဟာ သူတို့ကို ခြေရာခံထောက်လှမ်းရှာဖွေခဲ့တယ်၊ မမရဲ့ရန်သူတော်ကြီးသုံးဦးကတော့ ဦးရန်ကြီးရွှေ၊ ဦးကျောက်စိမ်းနဲ့ ဦးမိုးပွင့်တို့ပဲ ဖြစ်တယ်ကွယ့် ...၊

ဦးရန်ရွှေကြီးဟာ အဖေ့တို့အပေါ် စတင်သစ္စာဖောက်ခဲ့သူဖြစ်ပြီး အဖေ့ကိုမသတ်ခင်ကတည်းက ဦးစိန်သော်တာဆိုတဲ့ အဖေ့ရဲ့သူငယ်ချင်းကို သတ်ခဲ့တာဖြစ်တယ် ...၊

တကယ်တော့ ဦးစိန်သော်တာ၊ ဦးကျောက်စိမ်း၊ ဦးမိုး







www.burmeseclassic.com

www.burmeseclassic.com



ပွင့်နဲ့ အဖေတို့ဟာ ဘင်္ဂလားပင်လယ်အော်ထဲက ကျွန်းတစ်ကျွ
ပေါ်မှာ စစ္စပန်း (သစ္စာပန်း) နိုင်လေးနိုင်ကို သက်သေထား
သစ္စာကတိပြုခဲ့ကြသူတွေဖြစ်တယ်၊ သူတို့လေးဦးဟာ သစ္စာမဲ့
ဦးရန်ရွှေကြီးကို သစ္စာမဲ့မှုအတွက် ပြစ်ဒဏ်ခတ်သတ်ဖြတ်သု
သင်ပါ့မယ်လို့ သစ္စာပြုခဲ့ကြတာ ဖြစ်တယ်၊ တကယ်တမ်း
တော့ ဦးစိန်သော်တာသေဆုံးပြီးနောက် ဦးကျော်စိမ်းနဲ့ဦး
ပွင့်တို့ဟာ ပြုထားတဲ့သစ္စာကိုဖောက်ပြီး ဦးရန်ကြီးရွှေနဲ့ ပူးပေါ
ခဲ့တယ်၊ ပြီးတော့ အဖေ့ကို သူတို့သုံးယောက်လာသတ်ခဲ့
တယ်၊ ဒါကြောင့် မမဟာ သူတို့အပေါ် သိပ်ကိုစိတ်နာကြည
ခဲ့ရတာပါပဲ ...၊

သူတို့ကို လက်တုံ့ပြန်သွေးကြွေးဆပ်နိုင်ဖို့ မမ ကြိုး
တော့ သူတို့ကို ရှာဖွေရင်း ရောက်ရာအရပ်ဒေသက စေတီပု
တွေမှာ မနက်ကိုးနာရီတိုင်း ...၊

စစ္စပန်း '(သစ္စာပန်း) နိုင် (၄) နိုင်ကို ကပ်လှူလို့ ဤ
ကဲ့သို့သော သစ္စာပန်းနိုင်လေးနိုင်ကို သက်သေပြုထားခဲ့သ
သစ္စာကတိကိုဖောက်ဖျက်ခဲ့သူတို့အား တပည့်တော်မအနေ
ခွင့်မလွှတ်နိုင်အောင် မုန်းခဲ့ပါသည်။

ဤမုန်းကန်သောသစ္စာ စကားကြောင့် ဖခင်ကြီးအတွ
တပည့်တော်မသည် သစ္စာမဲ့သူတို့အပေါ် အနိုင်ရသူဖြစ်ပါ
သား' ...





လို့ သစ္စာပြုတိုင်တည်ခဲ့တယ်လေ"

လေးပွင့်သစ္စာဒေဝီ၏စကားကို နားထောင်လျက်ရှိစဉ်
ရဲ့မှာ သက်ပြင်းအခါခါချနေမိတော့၏။

"မမရဲ့အဖေအပေါ် ဦးရန်ကြီးရွှေတို့ သစ္စာမဲ့ခဲ့ရတဲ့
ကြောင်းရင်းကို မမ ဘယ်လိုသိခဲ့တာလဲ၊ မမရဲ့အဖေက
မသေမီ ပြောပြခဲ့တာလား"

"အဖေပြောမပြခဲ့ပါဘူးကွယ်၊ အစကတော့ ကိုယ်က
ည်း အဲဒီတုန်းက ဥမမယ်စာမမြောက် ကလေးအရွယ်မဟုတ်
ဖေဖေ အသက်ထွက်ခါနီးမှာမှ မမပြေးပွေ့လိုက်တုန်း
ဖေက မမကို လေသံလေးနဲ့ 'သမီး သူတို့လက်ဦးသွားပြီ၊
တို့ရဲ့အကြောင်း ရေးထားတဲ့မှတ်တမ်း ဖေဖေ့ဗီရိုအောက်ဆုံး
ပ်မှာရှိတယ်၊ သူတို့ကို ဘယ်တော့မှ ခွင့်မလွှတ်နဲ့' လို့ပြောပြီး
က်ထွက်သွားခဲ့တယ်ကွယ် ...၊

ဖေဖေ့မှာခဲ့တဲ့အတိုင်း ဖေဖေကွယ်လွန်ပြီးတဲ့နောက်
ဖေ့အိပ်ရာခေါင်းရင်းဗီရိုပုလေးရဲ့အောက်ဆုံးအံဆွဲသော့ဖွင့်ပြီး
ည့်ခဲ့ရာမှ ဖေဖေ့ရဲ့မှတ်တမ်းစာအုပ်ကို တွေ့ရှိခဲ့တယ် ...၊

မမစာဖတ်တတ်တဲ့အခါ စာအုပ်ကိုဖတ်ကြည့်တော့မှ
တို့ရဲ့နောက်ကြောင်းရာဇဝင်နဲ့ဦးရန်ကြီးရွှေရဲ့ သစ္စာစတင်
ကို သိခဲ့ရတယ်၊ ဦးစိန်သော်တာကို ဦးရန်ကြီးရွှေ သတ်ဖြတ်
ာပဲဖြစ်မယ်လို့ အဲဒီမှတ်တမ်းစာအုပ်ထဲမှာ ဖေဖေက ရေး



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်၊ ပြီးတော့ ပင်လယ်ဓားပြဘဝတုန်းက ရိုက်ခဲ့တဲ့ဓာတ်
တစ်ပုံ စာအုပ်ထဲမှာ ညှပ်ထားတာတွေ့ရပြီး ဓားပြတွေထဲ
ဦးရန်ကြီးရွှေ၊ ဦးကျောက်စိမ်း၊ ဦးမိုးပွင့်၊ ဦးစိန်သော်တာနဲ့ ဖေ
ရဲ့ပုံတို့ကို မှင်နီနဲ့ ဝိုင်းပြထားတာတွေ့ရတယ်၊ နာမည်တွေလည်း
ရေးထိုးထားတယ် ...၊

အဲဒီဓာတ်ပုံကို အခြေခံပြီး မမဟာ အရွယ်ရောက်လာ
ချိန်မှာ ဦးရန်ကြီးရွှေ၊ ဦးမိုးပွင့်နဲ့ ဦးကျောက်စိမ်းတို့ကို လက်စား
ချေဖို့ ရှာဖွေခဲ့တာပါပဲ ...၊

သိပ်မကြာခင် လပိုင်းလောက်ကပဲ မမဟာ ဦးကျော
စိမ်းကို တွံတေးမှာ ခြေရာခံမိပြီး ဦးဆုံးသွေးကြွေးဆပ်နိုင်ခဲ့တယ်

ဦးမိုးပွင့်နဲ့ဦးရန်ကြီးရွှေတို့ကိုတော့ ရှာဖွေနေတုန်း
ဦးမိုးပွင့်ဟာ ပွဲစားတစ်ဦးလို့ သိရတယ်။ ဒါကြောင့် ရန်
မန္တလေးနဲ့ သူ့ဇာတိပခုက္ကူဘက်ရော မြစ်ဝကျွန်းပေါ်ဘက်မှာ
သူ့ကို ရှာဖွေစုံစမ်းနေခဲ့တာပါပဲ။ မမဟာ ခရီးသွားရတာ
များလွန်းလို့ ဒီမြို့လေးအရောက်မှာ အိမ်ငှားပြီး တစ်လလော
တော့ အနားယူမယ်လို့ စိတ်ကူးထားခဲ့ခါမှ ‘ဝ’ တစ်လုံးဂို
သားရဲ့ နှောင့်ယှက်မှုခံခဲ့ရတာပဲကွယ် ...၊

သူတော်ရွှေဆိုတဲ့လူဦးဆောင်တဲ့ ‘ဝ’ တစ်လုံးဂိုဏ်းသ
တွေဟာ သူတော်ရွှေရဲ့အမိန့်နဲ့ မမကို အသက်အန္တရာယ်ပြု
သုံးခါရှိပြီ၊ သူတော်ရွှေဆိုတာ ရန်ကြီးရွှေပဲဖြစ်ရမယ်၊ ကြည့်ရ





တော့ ပင်လယ်ဓားပြဟောင်းကြီး ရန်ကြီးရွှေဟာ သူတော်ရွှေ
နာမည်ပြောင်းပြီး ‘ဝ’ တစ်လုံးသူတော်ဆိုတဲ့ ဒုစရိုက်ဂိုဏ်း
ကြီးကို ထူထောင်ထားတာပဲ ဖြစ်ရမယ် ...၊

မမအနေနဲ့ ‘ဝ’တစ်လုံးသူတော်ဂိုဏ်းနဲ့ သူတော်ရွှေကို
မြန်ရင်ဆိုင်တွေ့ပြီး စာရင်းရှင်းချင်လှပြီ။ ဒါပေမဲ့ အင်အား
တောင်းတဲ့ သူတော်ရွှေကို ရင်ဆိုင်ဖို့က အန္တရာယ်ကြီးမားတယ်၊
ကြောင့် ဦးမိုးပွင့်ကို အရင်ရှင်းပြီးမှ သူတော်ရွှေကိုရင်ဆိုင်လို
နဲ့ သူတော်ရွှေရဲ့ရန်ကို တတ်နိုင်သလောက် ရှောင်ရှားပြီး
မြားဦးကို ဦးမိုးပွင့်ဘက် လှည့်ထားတာ ဖြစ်တယ်ကွယ့်”

ထို့နောက် လေးပွင့်သစ္စာဒေဝီက သူမ သိမ်းဆည်း
သော ဓာတ်ပုံဟောင်းကိုထုတ်ပြကာ ဓာတ်ပုံထဲမှ လူတစ်ဦး
လက်ညှိုးညွှန်ပြလျက် ...

“ဦးမိုးပွင့်ဆိုတာ အဲဒီလူပဲကွယ့်၊ မောင်လေးရော မြင်
လား”

ဟုမေးရာ လူရဲက ဓာတ်ပုံကိုသေချာကြည့်ပြီးနောက်
ခါပြလိုက်၏။ သူက ဦးမိုးပွင့်ဆိုသူထက် ဦးရန်ကြီးရွှေ
သူကို ပိုမိုစိတ်ဝင်စားလေ၏။

“မမြင်ဖူးပါဘူး မမ၊ ဒါထက် ဦးရန်ကြီးရွှေဆိုတာ

“ဟုတ်တယ်လေ မမရဲ့နံပါတ် (၁) ရန်သူကြီးပဲပေါ့”



www.burmeseclassic.com

www.burmeseclassic.com



မြင့်မားထွားကျိုင်းသော အလုံးအရပ်ရှိပြီး လေးထော ဆန့်သည့် မျက်နှာ၊ နှာခေါင်းပွပွ၊ နားရွက်ကားကား။ မျက် ထူထူနှင့် ခက်ထန်သော ဥပဓိရုပ်ပိုင်ရှင် ရန်ကြီးရွှေအား လူ က အတန်ကြာ စူးစိုက်ကြည့်နေပြီးမှ ခေတ်ပုံကိုပြန်ပေးလို လေ၏။

"ဒါထက် ငါ့မောင်က ဒီမြို့ဇာတိပဲလားကွယ့်"

"မဟုတ်ဘူး မမ ... ကျွန်တော်က ရန်ကုန်ကပါ"

"ဪ ... ဟုတ်လား၊ မမက မင်းကို ဒီမြို့သား ထင်နေတာ"

"ဒီမြို့က ကျွန်တော့်သူငယ်ချင်းဆီ လာလည်တာပ သူက ဒီမြို့မှာ ကားဝပ်ရှော့ထောင်ထားတယ်လေ၊ ကျွန်တော် လည်း သူ့ဆီမှာ အလုပ်ရနိုင်တယ်လို့ မျှော်လင့်ပြီးလာခဲ့တာ မမရဲ့၊ ဒီရောက်မှ အဲဒီသူငယ်ချင်း ဒီမြို့ကနေ ပြောင်းသွားပြီ သိရတယ်"

"ဪ"

"သူက သူ့ရဲ့ဝပ်ရှော့ကို ဖျက်သိမ်းပြီး အဝေးပြေးကာ မောင်းဖို့ လားရှိုးဘက်တက်သွားပြီလို့ သိရတာနဲ့ ကျွန်တော်လည် ဒီတစ်ရက်နှစ်ရက်နေပြီးရင် ရန်ကုန်ပြန်မယ်စိတ်ကူးတာပဲ"

"ခု ဘယ်မှာတည်းသလဲကွယ့်"

"မြို့အဝင်က ထမင်းဆိုင်မှာ တည်းတယ်မမ"





"ဪ ... ရန်ကုန်မှာ မိဘတွေရှိတယ်ပေါ့ ... ဟုတ် လား"

"မိဘတွေလည်း ဆုံးပါးသွားပါပြီ မမရယ်၊ ကျွန်တော် က ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်ပါ၊ ဦးလေးတစ်ယောက်ရဲ့ အိမ်ကပ်နေတာ အဆင်မပြေတာနဲ့ သူငယ်ချင်းအားကိုးပြီး ဒီမြို့ လိုက်လာခါမှ မျောက်သစ်ကိုင်းလွတ်ဖြစ်ရတော့တာပါပဲ မမ ရယ်"

လူရဲက လေးပွင့်သစ္စာဒေဝီ ယုံကြည်စေရန် ယုတ္တိ သုတ္တာရှိရှိ လျှောက်ပြောနေတော့၏။ သူမက ကော်ဖီခွက်ကို သက်စသပ်လိုက်ပြီးနောက် အတန်ကြာစဉ်းစားနေပြီးမှ ခပ်ဖြည်း ဖြည်းပြောသည်။

"မောင်လူရဲ မင်းကို မမ တစ်ခုပြောမယ်၊ မင်းဟာ မမရဲ့ အသက်သခင်ကျေးဇူးရှင်ဖြစ်တဲ့အတွက် မင်းရဲ့အကျိုး သုတ်စေမယ့် ဘယ်အရာကိုမှ မမ မလုပ်ဘူးဆိုတာ ကတိပြု တယ်၊ မမဟာ မမရဲ့ရည်ရွယ်ချက်တွေအတွက် သွားလာလှုပ်ရှား နေရတာ မိန်းမသားတစ်ဦးဖြစ်နေတဲ့အတွက် အခက်အခဲအများ ကြီးရှိတယ်၊ မမမှာ ယုံကြည်စိတ်ချရတဲ့ ကူဖော်လောင်ဘက် တစ်ယောက်လိုတယ်၊ မင်း မမသွားရာနောက်လိုက်နိုင်မလား၊ မင်းအတွက် အစစအရာရာ မမ တာဝန်ယူတယ်"

လူရဲမှာ ဝမ်းသာသွားသည့်စိတ်ကို ဖုံးကွယ်ကာ လေးပွင့်



www.burmeseclassic.com

www.burmeseclassic.com




သစ္စာဒေဝီကို မျက်လုံးလေး ကလယ်ကလယ်ဖြင့်ကြည့်ရင်း …

"ကျွန်တော့်အတွက် မှန်တာပြောရရင် အခုအချိန်မှာ စားဖို့နေဖို့ အခက်အခဲရှိပါတယ် မမရယ်၊ ရန်ကုန်ပြန်ရောက် ရင်တောင် ဘယ်လိုဆက်စခန်းသွားရမှန်းမသိပါဘူး၊ မမသာ တာဝန်ယူပြီးခေါ်လို့ကတော့ ဘယ်ပဲလိုက်ရလိုက်ရပါဗျာ"

ဟု မျက်နှာသေလေးဖြင့် ပြောလိုက်ရာ လေးပွင့်သစ္စာ ဒေဝီမှာ သဘောကျသွားဟန်ဖြင့် ပြုံးလိုက်ပါတော့သတည်း။

❒❒❒



## မရဏာမင်းလက်ဦးခြင်း

"အင်း … မောင်လေးပေးတဲ့ အကြံဉာဏ်က မဆိုးဘူး၊ ဘုတ်တယ် မမအနေနဲ့ ယောက်ျားလေးတစ်ယောက်လို အသွင် ပြောင်းရုပ်ဖျက်နေတာကောင်းမယ်၊ အရင်ကတော့ ကုလားမလို ရုပ်ဖျက်လိုက်၊ တရုတ်မလိုရုပ်ဖျက်လိုက်၊ အဘွားအိုလို ရုပ်ဖျက် လိုက်နဲ့ သွားလာနေထိုင်ခဲ့တာ မောင်လေးနဲ့အတူ သွားလာ လှုပ်ရှားတဲ့အခါ ယောက်ျားလေးလို ရုပ်ဖျက်သွားလာတာ ပို ကောင်းမယ်"

လူရဲက လေးပွင့်သစ္စာဒေဝီအား ယောက်ျားလေး တစ် ယောက်အသွင်ပြောင်းရုပ်ဖျက်ရန်အကြံပေးရာ သူမက သဘော ကျပြီး ထိုမြို့လေးမှထွာသည့်အခါ ယောက်ျားလေးတစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



အသွင်မျိုး ပြောင်းလိုက်လေတော့၏။

ဦးစွာ သူမ မြတ်နိုးလှသော ပိတုန်းရောင်ဆံကေသ ကြော့ကြော့ရှင်းကို လည်ကုပ်ထောက်ရုံ ခပ်တိုတိုဖြတ်ညှပ်လို ပြီး သက္ကလတ်ဘောင်းဘီရှည်နှင့်ရှပ်အင်္ကျီကိုသာ ဝတ်လျှ မြင်းစီးဂျော်ကီဦးထုပ်ကိုဆောင်းကာ ရှုံးဖိနပ်စီးလိုက်ရာ သူမ ရုပ်သွင်မှာ ခပ်ချောချောယောကျ်ားပျိုတစ်ဦး၏အသွင် ဖြစ်သွ လေတော့၏။

မေးရိုးခိုင်ခိုင်၊ နှာတံမြင့်မြင့်၊ မျက်ခုံးနက်နက်တန်းတန် မျက်လုံးစူးစူးနှင့် ရှိုင်ချော,ချောသော လေးပွင့်သစ္စာဒေဝီ လက်ပိုက်ရပ်လိုက်ရင်း မချိုမချဉ်မျက်နှာပေးဖြင့် ...

"တို့က ကြာသပတေးသမီးဆိုတော့ မိုးစက်လို့လွ လွယ်ပဲ ကိုယ့်ကိုယ်ကိုယ် နာမည်ပေးလိုက်မယ်၊ မင်းလည် တို့ကို မိုးစက်လို့ပဲခေါ်၊ ညီလိုအစ်ကိုလို သဘောထားပေါ့ကွ ... မဟုတ်ဘူးလား"

ဟုပြောလိုက်ရာ သူမ၏ဟန်မှာ ထောင့်မကျိုးသည် ယောကျ်ားပျိုတစ်ဦး၏သွင်ဟန်မျိုးဖြစ်နေသဖြင့် လူရဲ ကြည့်ရင်း သဘောကျစွာရယ်လိုက်မိလေ၏။

"တူပါ့ဗျာ ... တကယ့်ယောကျ်ားလေးအတိုင်းပါပဲ ကျွန်တော်တောင် အစ်ကိုအရင်းလို ချစ်လာမိပြီ"

လူရဲ၏စကားကြောင့် မိုးစက်က မျက်စောင်းထိုး





လိုက်ရာ ...

"ဟော ... မ,ဇာတ်ပြလာပါလား၊ အဲဒီမျက်စောင်းကြီး ဆို နေရာမကျဘူးနော်"

ဟု ရယ်ဟဟပြောလိုက်သည်တွင် မိုးစက်ပါ ရော ယောင် ရယ်လိုက်ပါတော့သတည်း။

❒

ဤသို့ဖြင့် လူရဲနှင့်မိုးစက်တို့သည် ကျောပိုးအိတ် ကိုယ် လွယ်ရင်း ဧရာဝတီမြစ်တစ်ဖက်ကမ်းသို့ ကူးတို့ဖြင့် ကူးကာ ည်သို့သွားပြီး ထိုမှ မီးရထားစီးလျက် မန္တလေးသို့ ခရီးဆန် က် ဦးမိုးပွင့်အား ရှာပုံတော်ဖွင့်ကြလေ၏။

မိုးစက်၌ ငွေကြေးအလုံအလောက်ပါသဖြင့် ခရီးစရိတ် ရိတ်နှင့် တည်းခိုစရိတ်အတွက် ပူစရာမလိုဘဲ မန္တလေးမြို့ အနီးတစ်ဝိုက်ဖြစ်သော အမရပူရ၊ စစ်ကိုင်း၊ ပြင်ဦးလွင် သို့ ပြုပြစ်လျှောက်သွားကာ ဦးမိုးပွင့်၏သတင်းကို ထောက် စုံစမ်းကြလေ၏။

သို့ဖြင့် သူတို့နှစ်ဦးသည် ပြင်ဦးလွင်ကားဂိတ်အနီးမှ ကာဆိုင်တွင် တစ်ထောက်နားပြီး လက်ဖက်ရည်တစ်ခွက်ဆီ



www.burmeseclassic.com

www.burmeseclassic.com



သောက်နေကြစဉ် ကာကာဆိုင်မှ ယမန်နေ့ထုတ် ရတနာ[ပုံ]
သတင်းစာအား မိုးစက်က ကောက်ယူဖတ်ရှုလျက်ရှိလေ၏။

လူရဲမှာ ပိုလိုစီးကရက်ကို ဖိမိခံဖွာရှိုက်ရင်း ကာ[...]
ဂိတ်ဝန်းကျင်၌ သွားလာလှုပ်ရှားနေကြသူများထဲတွင် ဦးမိုးပွင့်[...]
တွေ့လိုတွေ့ငြား မျက်စိကစားကြည့်လျက်ရှိစဉ် ...

“ဟာ ... သေရော”

ဟူသည့် မိုးစက်ထံမှ စိတ်ပျက်လက်ပျက် ညည်းည[...]
သံကို ကြားလိုက်ရသဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ မိုးစ[...]
မှာ သတင်းစာနောက်ပိုင်းမှ နာရေးကြော်ငြာကဏ္ဍကိုငေးစို[...]
ကြည့်ရင်း မျက်နှာပျက်လျက်ရှိသည်ကို တွေ့ရလေ၏။

“ကိုမိုးစက် ... ဘာတွေ့လိုလဲဗျ”

“ဒီမှာလေ လူရဲရဲ့ ... ဒီနာရေးကြော်ငြာကို ဖတ်ကြ[ည့်]
လိုက်ပါဦး”

မိုးစက် လက်ညှိုးဖြင့် ထောက်ပြသည့် နာရေးကြော်ငြ[ာ]
အား ဖတ်လိုက်ရာ မျှော်လင့်မထားသည့် ကြော်ငြာဖြစ်ေ[...]
ကြောင်း တွေ့ရလေ၏။

ဦးမိုးပွင့်
အသက်(၅၃)နှစ်
သနပ်ဖက်ပွဲစားကြီး – မန္တလေးမြို့





“အင်း ... ဒီတစ်ယောက်ကတော့ သူ့စရိုက်နဲ့သူ သွား
[...]ပြီပေါ့၊ နာရေးကြော်ငြာထဲ ရေးထားတာတော့ (၉၆) ပါးသော
[...]ာဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရတယ်ဆိုပဲဗျ”

လူရဲ၏မှတ်ချက်ချသံအဆုံးတွင် မိုးစက်က အံကြိတ်
[...]ာ ခပ်တိုးတိုးပြောသည်။

“တောက် ... မရဏမင်းက လက်ဦးသွားပြီကွာ၊ သင်း
[...] တို့ရဲ့လက်နဲ့ သတ်ချင်ခါမှ လွဲချော်ရလေခြင်း”

“ဘာပဲဖြစ်ဖြစ် ... သူ့တရား သူစီရင်သွားတယ်လို့
[...] မှတ်ယူလိုက်ပါတော့ ကိုမိုးစက်ရာ”

ခဏအကြာတွင် သူတို့နှစ်ဦးသည် ပြင်ဦးလွင်မှ ကား
[...]ာ မန္တလေးသို့ ဆင်းခဲ့ကြတော့၏။

မန္တလေးမှနေ၍ မီးရထားစီးကာ ရန်ကုန်သို့ဆင်းရန်
[သူ]တို့နှစ်ဦး တိုင်ပင်ထားပြီးဖြစ်သည်။

နောက်နေ့နံနက်၌ မန္တလေး–ရန်ကုန်မီးရထား၏ ဒုတိယ
[...]န်းတွဲတွင် စီးလာကြရင်း အနာဂတ်အရေးအတွက် သူတို့တိုင်
[...] ဆွေးနွေးခဲ့ကြလေသည်။

“မောင်လူရဲ ရန်ကုန်ရောက်ရင် အိမ်ခန်းငှားဖို့ လိုတယ်၊
[...]များ ဘယ်နေရာမျိုးမှာ အိမ်ရှာရင်ကောင်းမလဲ၊ မှန်တ[...]
[...]ပြောရရင် ရန်ကုန်ကိုတော့ တို့မကျွမ်းဘူးကွ”



www.burmeseclassic.com

www.burmeseclassic.com



"လှည်းတန်းရပ်ကွက်ထဲမှာ ငှားတာပေါ့"

"တိုက်ခန်းလား"

"မဟုတ်ဘူး ... အဲဒီဘက်မှာ ခြံဝင်းကျယ်တွေရှိတယ် လုံးချင်းအိမ် ရနိုင်တယ်၊ အဲဒီနေရာက ဆိတ်ငြိမ်ပြီး လွတ်လွ လပ်လပ်အေးအေးချမ်းချမ်းနေလို့ရတယ်၊ မြို့ထဲကိုရော မြို ဘက်ကိုပါ သွားရလွယ်ကူတယ်"

အမှန်တော့ လူရဲမှာ 'ဝ'တစ်လုံးသူတော်ကိုဏ်းဝါဒ ချုပ်တည်ရှိရာ အင်းစိန်နှင့်မနီးမဝေးဒေသကို ရွေးလိုက်ခြ ဖြစ်သည်။

မိုးစက်သည် ရထားပြတင်းပေါက်မှနေ၍ အဝေးသ ပတ်ချာလည်ကာ ကျန်ရစ်ခဲ့သည့် ရိုးပြတ်လယ်ကွင်းများ တောင်တန်းပျပျတို့ကို ငေးကြည့်ရင်း အတန်ကြာစဉ်းစားနေ တောနေပြီးမှ လူရဲဘက်သို့လှည့်ကာ ...

"ရန်ကုန်ရောက်ရင် တို့က အလုပ်တစ်ခုခုကို ဟာ အဖြစ် လုပ်ရမယ်၊ မောင်လူရဲကတော့ တို့ရဲ့ကူဖော်လော ဖက်အဖြစ်နေရင်း သူတော်ရွှေကို ဝိုင်းစုံစမ်းထောက်လှမ်းပေ မင်းကို တို့က စရိတ်ငြိမ်းအပြင် လစာအဖြစ် တစ်လငါးဆ ပေးပါ့မယ်"

ဟုပြောလိုက်ရာ လူရဲက ပြုံးကာခေါင်းခါရင်း ...

"လစာရယ်လို့ သတ်မှတ်ပေးဖို့ မလိုပါဘူးဗျာ၊ ကျ





တော် ကိုမိုးစက်ကို စေတနာသန့်သန့်နဲ့ ကူညီမှာပါ၊ ကိုမိုးစက် ပြောခဲ့သလို ညီလိုအစ်ကိုလိုသဘောထားပြီးတော့ပေါ့၊ ပြီးတော့ သူတော်ရွှေနဲ့တွေ့ဖို့လည်း မပူပါနဲ့၊ ရန်ကုန်မှာ ကျွန်တော့်ရဲ့အသိ အကျွမ်းတွေ အများကြီးရှိတယ်၊ 'ဝ' တစ်လုံးဂိုဏ်းရဲ့အကြောင်း နဲ့ သူတော်ရွှေရဲ့အကြောင်း ကျွန်တော် ရအောင်စုံစမ်းပေးမှာပါ"

ဟု ပြောလိုက်ရာ မိုးစက်မှာ ကျေနပ်သဘောကျစွာ ပြုံးကာ ခေါင်းတညိတ်ညိတ်ဖြစ်နေပါတော့သတည်း။

❒

လူရဲတို့ ငှားရမ်းလိုက်သည့် အိမ်လေးမှာ အင်းစိန်လမ်း ကြီးနှင့်မနီးမဝေး ပန်းစိုက်ပျိုးရေးခြံကြီး၏နံဘေးရှိ ဇေတစ်ရာ တ်လည်ခန့်ကျယ်သော ခြံလေးမှ သစ်သားတစ်ထပ်အိမ်လေး ဖြစ်လေ၏။

သူတို့ခြံနံဘေးမှ ပန်းစိုက်ပျိုးရေးခြံကြီးမှာ အလျားပေ ၂၀၀၊ အနံပေ ၁၅၀ ခန့်ရှိပြီး နှစ်ထပ်တိုက်သစ်တစ်လုံးကို ခြံနောက်ပိုင်း ခပ်ကွာကွာ၌ ဆောက်ထားကာ ခြံအတွင်းပတ်ပတ် လည်၌ နှင်းဆီပန်းမျိုးစုံကို အဓိကထားလျက် ပန်းအိုးများဖြင့် စိုက်ပျိုးထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူရဲတို့၏အိမ်လေးတွင် ညည်ခန်းကျယ်တစ်ခန်းနှင့် အိ
ခန်းနှစ်ခန်းရှိရာ မိုးစက်က တစ်ခန်း၊ လူရဲက တစ်ခန်း ယူထား
ကြလျက် စားရေးသောက်ရေးအတွက်မူ လှည်းတန်းအဝိုင်းအ
ရှိ ထမင်းဆိုင်တစ်ဆိုင်မှ ထမင်းချိုင့် မှာယူစားသောက်ကြလေ

မိုးစက်မှာ ယခင်က ရန်ကုန်သို့ တစ်ကြိမ်သာရောက်ဖူ
သဖြင့် ရန်ကုန်မြေကိုကျွမ်းအောင် လေ့လာလိုသောကြော
နေရေးထိုင်ရေးအတွက် စီမံပြီးသည်နှင့် လူရဲကိုခေါ်ကာ ရန်ကု
မြို့အနှံ့ လျှောက်သွားရာ မိုးစက်အဓိကထားသွားလိုသော
ရွှေတိဂုံစေတီ၊ ဆူးလေစေတီ၊ ဗိုလ်တစ်ထောင်စေတီတို့ကို လူ
လိုက်ပို့ရလေ၏။

ဗိုလ်တစ်ထောင်စေတီသို့သွားရောက်ဖူးမျှော်သော
နံနက်မှာ ကြာသပတေးနေ့နံနက်ဖြစ်လေရာ မိုးစက်မှာ ဘုရာ
ရှေ့မုခ်ဦးအနီးရှိ ပန်းသည်လေးထံမှ စွပန်း (သစ္စာပန်း) နှ
လေးခိုင်ကို ဝယ်ယူပြီး ဘုရားကို ဆက်ကပ်လှူဒါန်းပူဇော်ရ
မြဲမြဲဖြစ်သည့် သစ္စာအဓိဋ္ဌာန်ကို ပြုလေ၏။

ဘုရားပန်းဆက်ကပ်ပြီးနောက် လူသူနည်းပါးသည
အာရုံခံတန်ဆောင်းတစ်ခုအတွင်း ထိုင်ကြစဉ် လူရဲက ပင့်သ
ရှိက်ကာ . . .

"ဘုရားပန်းကပ်တာတော့ မပိတ်ပင်ကောင်းပါဘူ
ဒါပေမဲ့ . . . ကိုမိုးစက်အနေနဲ့ ဘုရာပန်းကပ်ချင်ရင် သစ္စာပ





ဘာဝ်ဘဲ အခြားပန်းတစ်မျိုးမျိုးကပ်ရင်ကောင်းမယ် ထင်တယ်"

ဟု ခပ်တွေးဆဆဖြင့် ပြောလိုက်ရာ မိုးစက်က မျက်
မှောင်ကြုတ်ကြည့်သည်။

"သစ္စာပန်းကပ်တော့ ဘာဖြစ်လို့လဲ"

"ဝ,တစ်လုံးဂိုဏ်းသားတွေဟာ သစ္စာပန်းအဝါလေးခိုင်
ဘုရားမှာ ကပ်လှူလေ့ရှိတဲ့အမျိုးသမီးမျိုးကို အဓိကဂရုပြုရှာဖွေ
နေကြတာလေ၊ လေးပွင့်သစ္စာဒေဝီဟာ သစ္စာပန်းအဝါလေးခိုင်
ကို ဘုရားမှာ ကပ်လှူလေ့ရှိတယ်ဆိုတာ သတင်းရထားလို့
ရှာပြုရှာဖွေနေကြချိန်မှာ ကိုမိုးစက်အနေနဲ့ အဲဒီအပြုအမူကို
ရှောင်သင့်တယ်"

"အင်း . . . ခက်တာက တို့ကလည်း တို့ရဲ့မွေးနေ့ဖြစ်တဲ့
ကြာသပတေးနေ့မနက် ကိုးနာရီတိုင်း ဘုရားမှာ သစ္စာပန်း
လေးခိုင်ကပ်လှူတာ ရခိုင်မှာနေကတည်းက အလေ့အကျင့်
တစ်ခုလို, အစွဲတစ်ခုလိုဖြစ်နေပြီကွယ့်"

"ဘာပဲဖြစ်ဖြစ်လေ . . . ကိုမိုးစက်ရဲ့အဲဒီအပြုအမူကို
ဝ'တစ်လုံးဂိုဏ်းသားတစ်ဦးဦးက တွေ့သွားပြီး သင်္ကာမကင်းဖြစ်
သွားရင် သူတို့ဘက်က လက်ဦးသွားနိုင်တယ်၊ ကိုမိုးစက်အတွက်
အန္တရာယ်ရှိတယ်"

"မင်းရဲ့အကြံပြုချက်ကို တို့ စဉ်းစားပါ့မယ်၊ တစ်ခုရှိ
တာက တို့ကလည်း တို့ကိုအန္တရာယ်ပြုလာမယ့် 'ဝ'တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com




ဂိုဏ်းသားတစ်ဦးဦးကို ရင်ဆိုင်တွေ့ပြီး လက်ရဖမ်းမိချင်လို့ပြီ အဲဒီလို လက်ရဖမ်းမိရင် သူတော်ရွှေဘယ်မှာရှိသလဲဆိုတာ စစ်မေးလို့ရမှာပဲ''

''သူတော်ရွှေ ဘယ်မှာရှိသလဲဆိုတာ ကျွန်တော် စုံစမ်းပေးပါ့မယ်''

''တို့က စိတ်မရှည်တော့ဘူး''

လူရဲမှာ ခေါင်းကို ယမ်းကာသာ သက်ပြင်းမှုတ်ထုတ်လိုက်မိသည်။

❒❒❒



# ရင်ခုန်ဆည်းဆာ ၁

တစ်ညနေခင်း၌ လူရဲနှင့်မိုးစက်တို့မှာ အပြင်မှပြန်လာရာ အင်းစိန်လမ်းမကြီးမှနေ၍ ဖဲ့ဆင်းကာ ကြခတ်ဝါးစည်းရိုးများကာရံထားသည့် ခြံကျယ်ကြီးနှင့် အုတ်တံတိုင်းခတ်ခြံအကြား၌ မြေလမ်းလေးအတိုင်း လှည်းတန်းရပ်ကွက်ထဲ လျှောက်လှမ်းဝင်လာသည်တွင် လူသွားလူလာ အတန်ပြတ်လပ်သည့် လမ်းချိုးသို့အရောက် ရှေ့၌ ဂျစ်ကားတစ်စီး ပိတ်ရပ်ထားသဖြင့် ကွေ့ရှောင်ဖြတ်ကျော်လိုက်လေ၏။

ထိုအခါ ဂျစ်ကားရှေ့၌ မိန်းမပျိုလေးတစ်ဦးနှင့် ယောကျ်ားပျိုလေးဦးတို့ အချင်းများလျက်ရှိသည်ကိုတွေ့ရလေ၏။

''ရှေ့က ဖယ်နော် ... နင် ငါ့ကို လိုက်နှောင့်ယှက်တာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခါရှိပြီ''

မိန်းမပျိုချောချောလေးက ခပ်ထန်ထန်တင်းမာစွာပြော ရင်း သူမ၏ရှေ့မှာ လက်ကားယား ခြေကားယားဖြင့် တားဆီး နှောင့်ယှက်နေဟန်ရှိသည့် အရပ်မြင့်မြင့် ခပ်တောင့်တောင့် ရုပ် သန့်သန့်နှင့်လူငယ်၏ရင်ဘတ်ကို ဆောင့်တွန်းလိုက်စဉ် ထိုလူ ငယ်က သူမ၏လက်နှစ်ဖက်ကို ဖျတ်ခနဲ ဖမ်းဆုပ်ကိုင်လိုက်လေ ၏။ ထိုလူငယ်၏အဖော်သုံးဦးကလည်း ရှေ့သို့တိုးလာကြပြီး ...

''ဇော်တိုး ... ကြာတယ်ကွာ ... မင်းကားပေါ် ခေါ် တင်ပြီး ရာဘာခြံဆီခေါ်သွားတော့''

ဟုပြောကာ မိန်းမပျိုလေးကို အတင်းဝိုင်းချုပ်ကြတော့ ၏။

''အို ... လွှတ် ... လွှတ် ... ခွေးတိရစ္ဆာန်တွေ''

မိန်းမပျိုက အတင်းရုန်းကန်လိုက်စဉ် ဆံပင်ကောက် ကောက်နှင့် ကုလားဒိန်လူငယ်က မောင်းပြန်ဓားမြှောင်ဦးဖြင့် မိန်းကလေး၏ခါးကို ထောက်လိုက်လေသည်။

''ကြာတယ်ကွာ ဇော်တိုး ... ငါစိတ်မရှည်တော့ဘူး''

''ဟေ့ကောင် ဂျမား ... အရမ်းမလုပ်နဲ့ ... သူက ငါ့ချစ်သူကွ''

ဇော်တိုးက ကုလားဒိန်ကိုတားရင်း မိန်းကလေး၏ခါး ကို ပွေ့ဖက်လိုက်သည်။

---





''ခွေး ... ခွေးကောင် ... ငါ့ကိုမထိနဲ့၊ ဘာ ငါ့ချစ်သူ ထဲ ... လွှတ် ... ငါ့ကိုလွှတ်နော်''

လူရမ်းကားလူငယ်သုံးဦးကား မိန်းကလေးကို ဂျစ်ကား ပေါ်သို့ အတင်းဆွဲတင်လျက်ရှိပြီ။

''ဟေ့ ... မင်းတို့ ဒီလိုမတရားမလုပ်နဲ့''

လူရဲမှာ ရပ်ကြည့်မနေနိုင်တော့ဘဲ အော်ဟစ်ဟန့်တား ကာ သူတို့လူစုအနီးသို့ ချဉ်းကပ်သွားလေ၏။

ကိုယ့်ဇာနှင့်ကိုယ် ဖြစ်နေသော ဇော်တိုးဆိုသည့် လူ ငယ်မှာ လူရဲကို ဖျတ်ခနဲလှည့်ကြည့်လိုက်ပြီး ...

''ဟေ့ကောင် ... မင်းနဲ့ဘာဆိုင်လို့လဲ၊ မဆိုင်တဲ့ကိစ္စ ထင်မရှုပ်နဲ့နော်၊ ဒီလှည်းတန်းတစ်ပိုက်မှာ ဇော်တိုးဆိုတဲ့နာမည် ကြားဖူးဘူးနဲ့တူတယ်''

ဟု ဟိန်းဟောက်လိုက်စဉ်မှာပင် ကုလားဒိန်လူငယ်က မိန်းကလေး၏လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ထားရာမှ လွှတ် လိုက်ပြီး မောင်းပြန်ဓားကို လူရဲ၏မျက်နှာရှေ့သို့ ဝင့်လိုက်လေ၏။

''နောက်ဆုတ်စမ်း ... ငါတို့မှာ အချိန်မရှိရတဲ့ကြားထဲ ထင်မရှုပ်နဲ့''

''ရှုပ်တာမဟုတ်ဘူးကွ၊ မင်းတို့မတရားလုပ်နေတာကို ကြက်ပိုက်ကြည့်မနေနိုင်တာ''

''ဘာကွ ... ကဲကွာ ... ဝင်ရှုပ်ဦး''

---



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆတ်ပုံရသော ဂျမားက ဓားမြှောင်ဖြင့် လူရဲ တွက်ထည့်လိုက်လေ၏။

'ဗုစ်'

လူရဲက ဝဲဘက်ခြေကို ဖျတ်ခနဲနောက်ဆုတ်လိုက် ဝဲဖက်နံကြားသို့ ဝဲခနဲဝင်လာသည့် ဓားမြှောင်ကိုင်လက်ကို ည လက်ဝါးစောင်းထောင်လျက် ခုတ်တားတားလိုက်ကာ ယ လက်ဝါးစောင်းဖြင့်ပင် ဂျမား၏လည်ပင်းကိုပင့်ခုတ်ထည့်လို လေ၏။

'ဖြောက်'

'ဖောင်း'

မြန်ဆန်ပြင်းထန်လှသည့် လက်ဝါးစောင်းခုတ်ချ ကြောင့် ဂျမားမှာ နောက်သို့လန်သွားပြီး လက်ထဲမှ ဓားမြှေ လွတ်ကျသွားကာ သူ့လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကို ရင်း မျက်ဖြူလန်လျက် တအင်းအင်းဖြစ်သွားလေတော့၏

"တောက် ... စော်ကားလို့ကွာ"

ဂျမား၏အဖြစ်ကိုမြင်လိုက်ရသည့် ဇော်တိုးမှာ မိန်း လေးကို လွှတ်လိုက်ပြီး ဘောင်းဘီနောက်အိတ်ထဲမှ မောင်း ခလုတ်ခါးကို ထုတ်လိုက်ကာ ခလုတ်နှိပ်လျက် ဓားသွား ဖွင့်လိုက်တော့၏။

'ဖြောက်'





ဇော်တိုး၏ကျန်အဖော်လူငယ်နှစ်ဦးကလည်း သူတို့၏ ဘကင်အကျီအိတ်ထဲ၊ ဘောင်းဘီနောက်အိတ်ထဲတို့မှ မောင်းပြန် ခလုတ်ဓားတို့ကို ဆွဲထုတ်လိုက်ကြကာ ဓားမြှောင်ကိုယ်စီဖြင့် သူရဲကို ဝိုင်းလိုက်ရာ မိုးစက်မှာ လူရဲအတွက် စိုးရိမ်သွားပြီး နှိပ်ပွဲထဲဝင်မည်အပြု လူရဲက လက်ကာတားလိုက်လေသည်။

"ကိုမိုးစက် ... မိန်းကလေးကိုပဲ ကြည့်ထား၊ ဒီပွဲကို ကျွန်တော် ကြည့်ရှင်းမယ်"

"အောင်မယ် ... မင်းက သူရဲကောင်းလား ... သေ စမ်းကွာ"

ဇော်တိုးက သရော်လှောင်ပြောင်သလို ပြောလိုက်ပြီး နောက် ကြိမ်းဝါးကာ ဓားမြှောင်ဖြင့် လှစ်ခနဲထိုးလိုက်တော့၏။

ဝါးလုံးထိုးဝင်လာသည့် ဓားမြှောင်ဦးမှ လွတ်စေရန် သူရဲက ညာခြေနောက်ဆုတ်ပြီး ကိုယ်ကို ဘေးတိုက်လှည့်လိုက် ရာ ဇော်တိုး၏ဓားမြှောင်မှာ လေကိုသာထိုးမိလျက် လူကပါ ရှေ့သို့ ငိုက်ကျလာလေ၏။

လူရဲက ကျွံဝင်လာသည့် ဓားကိုင်လက်ကို လက်နှစ် ဖက်ဖြင့် ဖျတ်ခနဲ ဆုပ်ကိုင်လိုက်ပြီး အောက်သို့နှိမ့်လျက် ချိုးချ လိုက်ရာ ဇော်တိုးမှာ လက်ကောက်ဝတ် လွှန်စွာနာကျင်သွား သဖြင့် အားခနဲအော်ပြီး ဓားလွတ်ကျသွားလေတော့၏။

ထိုအခါမှ လူရဲက ထိုလက်ကိုဆောင့်ဆွဲလိုက်ပြီး ရှေ့သို့



www.burmeseclassic.com

www.burmeseclassic.com



ငိုက်ပါလာသည့် ဖော်တိုး၏ရင်ဝကို ညာဒူးဖြင့်ပင့်တိုက်ထည့်လိုက်လေ၏။

'အူး'

အရှိက်ထိသွားသည့်ဖော်တိုးမှာ ရင်ဘတ်ကို လက်နှ[illegible]ဖက်ဖြင့်နှိပ်ရင်း မြေပြင်ပေါ်သို့ ဒူးထောက်ကျသွားလေသည်။

'ဝှစ် ... ဝှစ်'

နောက် လူရမ်းကားလူငယ်နှစ်ဦးက ဓားမြှောင်တဝင့်ဝင့်ဖြင့် နှစ်ဖက်ညှပ်ထိုးလိုက်လေရာ လူရဲမှာ နောက်သို့တစ်လှမ်းခုန်ဆုတ်လိုက်ပြီး နောက်ဝဲဘက်မှ လူငယ်၏ဓားကိုင်လက်အားညာခြေစောင်းကန်ချက်ဖြင့်ကန်ထည့်လိုက်လေ၏။

'ဖောင်း'

ပြင်းထန်သည့်ကန်ချက်ကြောင့် ဓားလွတ်ကျသွားသည့်လူငယ်၏လက်ယာဘက်နံကြားသို့ ညာခြေစောင်းဖြင့်ပင် ထပ်ကန်ထည့်လိုက်ပြီး ...

'ဖောင်း'

'အ'

ညာခြေ မြေသို့ပြန်အကျတွင် ညာဝိုက်လက်သီးဖြင့်ထိုလူငယ်မေးရိုးကို ထိုးချလိုက်တော့၏။

'ခွပ်'

ထိုလူငယ်မှာ နောက်သို့လန်ထွက်သွားပြီး မြေပေါ်သို့





[illegible]က်လက်ပစ်ကျကာ သတိလစ်သွားလေ၏။

"လာစမ်း"

လူရဲက နောက်ဆုံးကျန်နေသည့် လူရမ်းကားလူငယ်ကိုဝိနှ်ခေါ်ရင်း ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ရာ ထိုလူငယ်မှာဓားကိုင်လျက်နှင့် ထိတ်လန့်တကြားဖြစ်ကာ နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်လေ၏။

"လာလေကွာ ... အုပ်စုနဲ့ဗိုလ်ကျတဲ့ကောင်တွေ ... လာစမ်း"

လူရဲက ခြေလှမ်းထပ်အတိုး ထိုလူငယ်မှာ ကြောက်ကြောက်ဖြင့် နောက်သို့ နှစ်လှမ်းခန့် ကပျာကသီဆုတ်လိုက်စဉ်

'ဝေါ'

ဟီးလ်မင်းကားလေးတစ်စီးက ဂျစ်ကားနံဘေးတွင် ထိုးဆိုက်လိုက်ပြီး ကားရှေ့ခန်းမှ အသားလတ်လတ် ထောင်ထောင်မောင်းမောင်းနှင့် သားနားသပ်ရပ်စွာဝတ်စားထားသော ဥပဓိရုပ်ကောင်းကောင်းလူကြီးတစ်ဦး ရှေးဦးစွာထွက်လာကာ ...

"ဟော့ ... ရပ် ... ရပ်စမ်း ... ဘာဖြစ်တာလဲ"

ဟု အော်ဟစ်ဟန့်တားလိုက်စဉ် ကားထဲမှ ချောမောနွဲ့သားသည့် အမျိုးသမီးကြီးတစ်ဦးပါ ထွက်လာလျက် ...

"အို ... သား ... ဇော် ဘာဖြစ်တာလဲ"

ဟု စိုးရိမ်ပူပန်စွာ ပျာပျာသလဲမေးကာ ရင်ဝကို လက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်ဖြင့်ဖိနှိပ်ရင်း မြေပြင်ပေါ် ဒူးထောက်ကျလျက်ရှိသော ဇော်တိုးအနီးသို့ ပြေးသွားလေ၏။

လူရဲက အသက်ငါးဆယ်ကျော်ခန့်ရှိမည့် လူကြီးကို လှည့်ကြည့်လိုက်ပြီး ဇော်တိုးအား လက်ညှိုးညွှန်ပြကာ ...

"သူက အန်ကယ်တို့ရဲ့သားလား"

ဟု မေးလိုက်လေ၏။

"ဟုတ်ပါတယ်၊ မင်းတို့ ရန်ဖြစ်နေကြတာမဟုတ်လား"

လူကြီးက မျက်မှောင်ကြုတ်ကြည့်ရင်း လူရဲကို အသံမာမာဖြင့် မေးလိုက်လေ၏။

"ရန်ဖြစ်တယ်ဆိုတာထက် အန်ကယ့်သားရဲ့ရမ်းကားမှုကို ကာကွယ်နေတာဆိုရင် ပိုမှန်လိမ့်မယ်၊ အန်ကယ်တို့ရဲ့သားက သူ့အပေါင်းအသင်းတွေနဲ့ ဟောဒီမိန်းကလေးကို ကားပေါ် အနိုင့်အထက်ဆွဲတင်နေတာတွေ့လို့ ကျွန်တော်က ဝင်တားတော့ သူတို့က ကျွန်တော့်ကို ဓားနဲ့ဝိုင်းထိုးကြတာပါ"

"ဟုတ်တယ် အန်ကယ်၊ ဒီအစ်ကိုပြောတာ မှန်တယ် ကေကေ့ဘာသာ ဒီလမ်းက ပြန်လာတာကို သူတို့က တားဆီးပြီး ဂျစ်ကားပေါ် အတင်းဆွဲတင်ကြတာပါ၊ ကေကေ မကျေနပ်ဘူး အဓမ္မမှုနဲ့ ဌာနမှာသွားတိုင်မယ်"

ကေကေဆိုသောမိန်းကလေးကပါ ဒေါမာန်ပါပါဖြင့် ဝင်ပြောလိုက်ရာ လူကြီးလူကောင်းရုပ်သွင်ရှိသည့် လူကြီးမှာ အခြေ





အနေကိုသုံးသပ်မိသွားပြီး တင်းနေသောမျက်နှာက လျော့ကျသွားတော့၏။

"ဟုတ်ပြီ ... ဒီကိစ္စမှာ အန်ကယ့်သားတို့ဘက်က အလွန်ပဲ ဖြစ်မှာပါ၊ ဒီကောင်ဟာ မိဘက အလိုလိုက်ထားလို့ အတော်ဆိုးနေတဲ့ကောင်ပဲ၊ မိန်းကလေးတစ်ယောက်ကို ဒီလို အဓမ္မ ဆွဲလားလွဲလားလုပ်တာ, ဓားတွေဘာ*တွေနဲ့ ရန်ရှာတာ အင်မတန်လွန်တာပဲ၊ အန်ကယ့်သားတို့ဘက်က လွန်တာကို တောင်းပန်ပါတယ်ကွယ်၊ တူမကြီး အမှုဖွင့်လိုကလည်း ဖွင့်ပါ"

ထိုလူကြီးက ချိုသာစွာပြောလိုက်ပြီးနောက် ဇော်တိုးဘက်သို့လှည့်ကာ ...

"ဟေ့ကောင် ... သူတို့ပြောတဲ့အတိုင်း အမှန်ပဲမဟုတ်လား မင်းဟာ ပြဿနာ ခဏခဏရှာတဲ့ကောင်ပဲ၊ တောက် ... ငါလုပ်ရရင် သေတော့မယ်"

ဟု ခက်ထန်စွာ မာန်မဲလိုက်ပြီးနောက် ရှေ့သို့ခြေနှစ်လှမ်းတိုးကာ ဇော်တိုး၏အင်္ကျီရင်ဘတ်ကို လက်တစ်ဖက်ဖြင့် ဆွဲကိုင်လိုက်လေ၏။

"ဟေ့ကောင် ပြောစမ်း ... မင်းတို့ ဒီမိန်းကလေးကို ကားပေါ်အဓမ္မဆွဲတင်တယ်ဆို ... ဟုတ်လား"

"ဟုတ် ... ဟုတ်ပါတယ်ဒယ်ဒီ၊ သူ့ ... သူ့ကို သားနဲ့ ... နိုးပြေးမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . မိန်းကလေးတစ်ယောက်က သဘော
တူဘဲ ဒီလိုလုပ်လို့ရမလားကွ"

"မသူဇာ . . . မင်းရဲ့သားလုပ်ပုံ တွေ့လား ဒီသူငယ်
သူငယ်တို့ကသာ ဌာနာမှာသွားတိုင်ရင် အချုပ်ထဲရောက်ပြီ
မှတ်၊ မင်း ကြပ်ကြပ်အလိုလိုက် . . . မင်းကိုပါ လူမိုက်အားပေး
နဲ့ ဖမ်းချုပ်နိုင်းရမယ်"

ဟု ဇနီးဖြစ်သူကိုပါ လှည့်ကြိမ်းမောင်းပြောဆိုလိုက်ပြီ
နောက် ကေကေနှင့်လူရဲတို့ဘက်လှည့်ကာ . . .

"အန်ကယ်တို့သားနဲ့ သူ့သူငယ်ချင်းတွေရဲ့အမှာ
အတွက် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ကွယ်၊ ဒါပေမဲ့ အန်က
တောင်းပန်တာကိုမှ မကျေနပ်နိုင်ဘူးဆိုရင်လည်း တူမနဲ့ငါ့တူ
ဌာနာမှာသွားပြီး အမှုဖွင့်နိုင်ပါတယ်ကွယ်"

ဟု ချိုသာစွာ ပြောဆိုတောင်းပန်ခြင်းပြုလေ၏။

ကေကေက လူရဲကို တစ်ချက်ကြည့်လိုက်ပြီးမှ ထိုလူ
ကိုကြည့်ကာ . . .

"ကေကေ အမှုမဖွင့်တော့ပါဘူး အန်ကယ်၊ အန်က
သားကိုသာ နောက်တစ်ခါ ကေကေ့ကို ထပ်မနှောင့်ယှက်
ဆုံးမပေးပါ"

ဟုပြောလိုက်ရာ ညှိုးလျှနေသော ထိုလူကြီး၏မျက်
မှာ တိမ်စင်လနှယ် ဝင်းပသွားပြီး . . .





"အို . . . စိတ်ထားကောင်းပြီး သဘောထားကြီးလှတဲ့
န်းကလေးပါလားကွယ်၊ အမှုမဖွင့်ဘူးဆိုလို့ အန်ကယ် ကျေးဇူး
င်လှပါတယ်၊ နောက်ကို ဒီလိုရမ်းကားမှုမျိုးမဖြစ်စေဖို့လည်း
န်ကယ်ရဲ့သားကို ကောင်းကောင်းကြီးဆုံးမထားပါ့မယ်ကွယ်"

ဟု ပြုံးကာပြောလိုက်ပြီးမှ သူ့သားဘက်သို့လှည့်ကာ

"ဟေ့ကောင် ဇော်တိုး . . . သွား . . . အိမ်ပြန်နှင့်စမ်း၊
မ်ရောက်မှ မင်းနဲ့ငါတွေ့မယ်၊ တောက် . . . အရက်စော်က
ည်း နံဟောင်နေတာပဲကွာ . . . သွားစမ်း . . . သွားစမ်း"

ဟု ဒေါသတကြီး မောင်းထုတ်ရာ ဇော်တိုးနှင့် သူ့သူ
ချင်းများမှာ တစ်ဦးကိုတစ်ဦး ဖေးမထူတွဲရင်း ဂျစ်ကားပေါ်သို့
ရဲ့တက်ကာ မြေလမ်းလေးအတိုင်း မောင်းဝင်သွားတော့၏။

ထိုအခါမှ လူကြီးသည် သက္ကလတ်ကုတ်အင်္ကျီအိတ်တို့
သို့ လက်နှစ်ဖက်နှိုက်ထားလျက်မှ ကေကေနှင့်လူရဲတို့အား
ကြီးကြည့်ရင်း . . .

"အန်ကယ့်ရဲ့သား ဆိုးမိုက်မှုကို ခွင့်လွှတ်တဲ့ ငါ့တူနဲ့
တို ကျေးဇူးအထူးတင်ပါတယ်ကွယ်၊ အန်ကယ်ရဲ့နာမည်က
က်နောင်ပါ၊ အန်ကယ့်ဇနီးနာမည်က မသူဇာပါ၊ ဇော်တိုး
တော့ အန်ကယ်တို့ရဲ့တစ်ဦးတည်းသောသားပေါ့ကွယ်၊ ဟောဒီ
ာမြိုင်လမ်းရဲ့အဆုံး လမ်းထောင့်ချိုးက 'ပန်းမြင့်မိုရ်' ခြံဟာ
ကယ်တို့ခြံပါပဲကွယ်၊ ကြုံရင် ဝင်လည်ကြပါ၊ တူမောင်တို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကို ပြောပါဦး''

ဟု မေးလိုက်လေ၏။

''ကျွန်တော့်နာမည်က လူရဲပါ အန်ကယ်၊ ဟောဒါ ကျွန်တော့်ရဲ့အစ်ကို မိုးစက်ပါ၊ ကျွန်တော်တို့ညီအစ်ကိုဟာ အန် ကယ်တို့ရဲ့ ပန်းမြင့်မိုရ်ခြံရဲ့ဘေးခြံက အိမ်လေးမှာ ဌားနေပါတယ် ခင်ဗျ''

''သြော် ဟုတ်လား ... လက်စသတ်တော့ အိမ်နီးချင်း တွေပါလား၊ အန်ကယ်တို့အိမ်ကို လာလည်နော် မောင်လူ''

''ဟုတ်ကဲ့''

''ဒီက တူမလေးက ကေကေတဲ့လားကွယ့်''

''ဟုတ်ပါတယ် အန်ကယ်၊ စံရိပ်ငြိမ်မှာနေပါတယ် လှည်းတန်းဈေးနားက အသိတစ်ယောက်ရဲ့အိမ်သွားပြီး အပြန် ခုလိုကြုံရတာပါ၊ ဒီက ...အဲ ...ကိုလူရဲတို့ ဝင်ကူပေး''

''အေးကွယ် ...အန်ကယ့်သားတ ဆိုးပါတယ် အန်ကယ် ထပ်ပြီးတောင်းပန်ပါတယ်''

''ရပါတယ်အန်ကယ်''

''ဟုတ်ပါတယ်ကွယ်၊ အန်ကီလည်း တောင်းပန် တယ် တူနဲ့တူမလေးတို့ရယ်''

ဒေါ်သူဇာကပါ သိမ်မွေ့စွာ တောင်းပန်စကားဆိုလေ

''ရပါတယ် အန်တီရယ် ...ကိစ္စမရှိပါဘူး''

ခု နစ် စဉ် ကြယ် တာ ပေ



''ကဲ ...ဒါဆို အန်ကယ်တို့ကို ခွင့်ပြုဦးနော်၊ အိမ်ကို လည်း လာလည်ကြပါနော်''

''ဟုတ်ကဲ့ရှင့်''

''ဟုတ်ကဲ့''

လူကြီးလူကောင်းပီသကြသည့် ဦးဆက်နောင်နှင့်ဒေါ် သူဇာတို့က အထပ်ထပ်တောင်းပန်ကာ နှုတ်ဆက်ပြီးနောက် ကားလ်မင်းကားလေးပေါ် ပြန်တက်လျက် ရှေ့သို့ဆက်မောင်းသွား လေ၏။

ထိုအခါမှ ကေကေက လူရဲကိုပြုံးကာလှမ်းကြည့်လိုက်ပြီး

''ကိုလူရဲကို ကေကေ သိပ်ကျေးဇူးတင်တာပဲ ... သိလား၊ ကိုလူရဲတို့သာ ရောက်မလာရင် ကေကေတော့ အဲဒီ လူတွေရဲ့ကားပေါ် ပါသွားပြီပဲ''

ဟု ကျေးဇူးစကား ဆိုလိုက်လေ၏။

လူရဲက ကေကေဆိုသော မိန်းမချောလေးကို ပြုံးကြည့် လိုက်ကာ ...

''ရပါတယ် ကေကေရယ်၊ ထူးပြီး ကျေးဇူးတင်ဖို့ မလိုပါ ဘူး မတော်မတရားတာတော့ တို့တွေက လက်ပိုက်ကြည့်မနေ နိုင်ဘူးလေ၊ ဒါထက် ကေကေ စံရိပ်ငြိမ်ဘက် ပြန်မှာမဟုတ်လား၊ သို့ လိုက်ပို့ပေးမယ်လေ''

ဟု လောကွတ်စကားဆိုလိုက်လေ၏။

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"အို ... ရပါတယ်၊ ကျေးဇူးပဲ၊ ကေကေ့ဘာသာ ပြန်
မယ်ရှင်"

ထိုအခါ မိုးစက်က ပြုံးစိစိမျက်နှာဖြင့် လူရဲကို ကြည့်
လိုက်ရင်း မျက်လုံးတစ်ဖက်မှိတ်ပြလိုက်ပြီးမှ ...

"ဩော် ... ညီမရယ် ... ညီလေးလိုက်ပို့တာကို ငြင်း
မနေပါနဲ့၊ မိုးက ချုပ်တော့မယ်၊ တော်ကြာ ဟိုလူရမ်းကားအုပ်
ထဲက တစ်ယောက်တလေနဲ့ လမ်းမှာထပ်တွေ့ရင်တော
အခက်"

ဟုပြောလိုက်ပြီးနောက် ...

"ကဲ ... ကဲ ... ငါ့ညီ လိုက်ပို့လိုက်ပါကွာ၊ အစ်ကိုတ
ယောက်တည်း အိမ်ပြန်နှင့်မယ်၊ မှောင်စပြုနေပြီ၊ ညီမလေး
စိတ်မချရဘူး ... လိုက်ပို့လိုက် လိုက်ပို့လိုက်"

ဟု အတင်းတွန်းနေသဖြင့် ကေကေလည်း လူရဲ၏လိုက်
ပို့ခြင်းကို မငြင်းသာတော့ဘဲ အားနာနာဖြင့် လက်ခံလိုက်ရလေ
တော့၏။

လူရဲလည်း မရွယ်ဘဲ စော်ကဲမင်းဖြစ်ကာ ကေကေ
သော အချောအလှမလေး၏ဘော်ဒီဂတ်ရာထူးရသွားပြီး စံရိပ်ငြိ
ဘက်သို့ ဦးတည်လျက် ရင်တခုန်ခုန်ဖြင့် မချောလေးကို လိုက်
လေတော့သတည်း။

□□□

**အခန်း (၅)**


★ နှင်းဆီနက်စံအိမ်

★ သေရွာပြန်

★ လျှို့ဝှက်ချစ်သူ

★ သံသယမီးတောင်

★ သေမင်းအမှတ်(၁၂)

★ "ဝ"တစ်လုံး၏နိဂုံး

★ ချစ်ခြင်းဥယျာဉ်


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

## နှင်းဆီနက်စံအိမ်

"ဘယ့်နှယ့်လဲ မောင်လူရဲရဲ ... လှည်းတန်းနဲ့စံရိပ်ငြိမ် တော့ ချောင်းပေါက်တော့မယ်ထင်ပါရဲ့"

မိုးစက်က ပက်လက်ကုလားထိုင်ပေါ်ထိုင်ရင် ညနေပိုင် ထုတ် ရန်ကုန်တိုင်းသတင်းစာကိုဖတ်နေရာမှ အိမ်ထဲသို့ လေ လေးချွန်ကာဝင်လာသည့် လူရဲကို ပြုံးစနဲ့နဲ့ဖြင့် နောက်လို သည်။

လူရဲမှာ ဇော်တိုးနှင့်ပြဿနာဖြစ်ပြီးသည့်နေ့မှစ၍ ကေ ကေနှင့် ရင်းနှီးခင်မင်သွားရာ အဒေါ်တစ်ဦးနှင့်အတူနေထိုင်သည့် ကေကေရှိရာစံရိပ်ငြိမ်ရှိအိမ်လေးဆီ ညနေတိုင်းလိုလို သွားရော လည်ပတ်လေ့ရှိသဖြင့် မိုးစက်က ယင်းသို့နောက်လိုက်ခြင်း





သည်။

"ထမင်းချိုင့်ရောက်ပြီလား"

"ရောက်ပြီပေါ့ ... မိုးတောင်ချုပ်စပြုပြီပဲ၊ ဩော် ... ထမင်းချိုင့်ဆိုလို့ ညနေစောစောပိုင်းလောက်က ဒေါ်သူဇာလာ သွားတယ် ... သိလား"

လူရဲ အံ့သြသွားသည်။

"ဟင် ... ဟိုဘက်'ပန်းမြင့်မိုရ်ခြံ'က ဒေါ်သူဇာလား"

"ဟုတ်ပ ... အိမ်ထဲတော့မဝင်ပါဘူး၊ တို့ ခြံထဲ လမ်းလျှောက်နေတုန်း ဒေါ်သူဇာရောက်လာတာ၊ ခြံဝမှာပဲ စကားပြောဖြစ်တယ်"

"ဘာကိစ္စရောက်လာတာလဲ"

"မိတ်ဖြစ်ဆွေဖြစ်သဘောနဲ့ ထမင်းစားလာဖိတ်တာတဲ့၊ နောက်ဖြန်နေ့လယ်စာ သူတို့အိမ်မှာလာစားဖို့ တို့နှစ်ယောက်ကို လာဖိတ်တာ၊ အမှန်တော့ သူတို့သားရဲ့ ကျူးလွန်စော်ကားမှုကို မင်းနဲ့ကေကေက ခွင့်လွှတ်လိုက်လို့ ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ထမင်းဖိတ်ကျွေးချင်ကြတာနေမှာကွ"

"အင်း ... ဇော်တိုးကသာ ဆိုးပြီးရိုင်းတာ၊ သူ့မိဘတွေက တကယ်သိမ်မွေ့ယဉ်ကျေးတဲ့ လူကြီးလူကောင်းတွေပဲနော်"

"ဟုတ်တယ်ကွ ... သူတို့ကိုလူကြီးလူကောင်းတွေက ခုတ်တရလာဖိတ်တော့လည်း သွားစားရတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ကေကေကိုရော မဖိတ်ဘူးလား"

မိုးစက်က လူရဲကိုမျက်စောင်းချိတ်လိုက်ပြီး ...

"ကေကေ့ပါ ဖိတ်စေချင်ရင် မင်းသွားဖိတ်လိုက်လေ ... ဒါမှ ဇော်တိုးနဲ့နားဖောက်ပြီးသားဖြစ်သွားအောင်"

ဟု နှုတ်ခမ်းကိုမဲ့ကာပြောလိုက်ရာ လူရဲက ဇော်ပုလိုက်ပြီး ...

"အား ... ဟုတ်တယ် ... ဟုတ်တယ် ... ကေကေကို ဖိတ်လို့တော့ မဖြစ်ဘူး"

ဟု ပြုံးဖြဲဖြဲဖြင့် ပြောလိုက်လေ၏။

မိုးစက်က သတင်းစာကိုပြန်ဖတ်ရန် ဟန်ပြင်ရင်းမှ မှတ်ချက်ချသည်။

"သူတို့လာဖိတ်တာနဲ့အတော်ပဲ ... တို့ကလည်း သူတို့ရဲ့ပန်းစိုက်ပျိုးရေးခြံကို လေ့လာချင်နေတာ"

❒

နောက်နေ့နံနက် (၁၀)နာရီခန့်တွင် ...

လူရဲနှင့်မိုးစက်တို့သည် 'ပန်းမြင့်မိုရ်' ခြံကြီးထဲသို့ဝင်လာရာ စနစ်တကျ စိုက်ပျိုးထားသည့် လှပသောနှင်းဆီပန်းပင်





ကို ရှုမငြီးအောင်တွေ့ရသည့်အပြင် မွှေးထုံသင်းပျံ့သည့် နှင်းဆီရနံ့တို့ကြောင့် စိတ်လက်ကြည်လင်လန်းဆန်းသွားကြရတော့၏။

သူတို့သည်ခြံနောက်ဘက်ခပ်ကျကျတွင် ဆောက်လုပ်ထားသည့်နှစ်ထပ်တိုက်ကြီး၏ဆင်ဝင်အောက်အရောက်၌ တိုက်ရှေ့တံခါးဝမှထွက်လာသော ဇော်တိုးနှင့် ပက်ပင်းဆုံတော့သည်။

"ဟော ... အစ်ကိုတို့ လာပြီပဲ"

ဇော်တိုးက ... လူရဲတို့ကိုတွေ့သည်နှင့် ပြုံးရယ်နှုတ်ဆက်လိုက်ပြီးနောက် အိမ်ထဲသို့ လှည့်ပြန်လှည့်ကြည့်ကာ အော်ပြောလိုက်လေ၏။

"မာမီရေ ... ဟိုဘက်အိမ်ကအစ်ကိုတို့ လာပြီဗျ"

"လာ လာ အစ်ကိုတို့ ... ကျွန်တော့်ကိုလည်း ခွင့်လွှတ်ကြပါဗျာ၊ ဟိုတစ်နေ့တုန်းက ဘီယာသောက်တာ များသွားပြီး ကျွန်တော့်ဘက်က သိပ်လွန်သွားပါတယ် ... ညီ့ကို ခွင့်လွှတ်ကြပါနော်"

ဇော်တိုးက အနူးအညွတ်တောင်းပန်နေရာ မယုံနိုင်အောင်ပြောင်းလဲသွားသော ဇော်တိုး၏အမူအရာကြောင့် လူရဲမှာ အတော်အံ့အားသင့်ရသလို သူ့အပေါ်ထားမိသည့် အမျက်လည်း ပြေသွားကြရလေတော့၏။

"ရပါတယ်ကွာ ... မင်းရဲ့အမှားကို မင်းသိရင် ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



လူရဲက ပြုံးရင်း . . . ဇော်တိုး၏ပခုံးကို လက်တစ်ဖက် ဖြင့်ရင်းနှီးစွာဖက်ကာ ခွင့်လွှတ်စကားပြောလိုက်ရာ ဇော်တိုး၏ မျက်နှာမှာ ဝင်းပသွားပြီး လူရဲ၏ခါးကိုပြန်ဖက်လိုက်လျက် . . .

"ဝမ်းသာလိုက်တာအစ်ကိုတို့ရာ . . . ဒယ်ဒီ,မာမီတို့ လည်း အဲဒီနေ့က ကျွန်တော့်ကို တအားဆူတာပဲ။ ကျွန်တော် လည်း အမူးပြေမှ ကိုယ့်အမှားကို ကိုယ်မြင်တော့တယ် . . . ခွင့် လွှတ်ကြပါ အစ်ကိုတို့ရာ၊ ကျွန်တော့်ကို အစ်ကိုတို့ရဲ့ညီတစ် ယောက်လို သဘောထားကြပါနော်"

ဟုပြောရင်း ကျန်လက်တစ်ဖက်ဖြင့် . . . မိုးစက်၏ခါး ကိုပါဖက်ရန် လက်လှမ်းလိုက်ရာ မိုးစက်၏ခန္ဓာကိုယ်လေး တွန့်ခနဲဖြစ်သွားပြီး ဇော်တိုး၏လက်မှလွတ်အောင် မသိမသာ ရှောင်လိုက်ကာ အသံကို မိန်းမသံမပေါ်စေဘဲ အသံဖျက်လျက် . . .

"ရပါတယ်ကွာ . . . မင်းကို ညီတစ်ယောက်လိုသဘော ထားမှာပါ"

ဟု ခပ်ပြုံးပြုံးပြောရင်း ကာ္ခြေဆည်လိုက်ရလေ၏။

"ဟော . . . မောင်လူရဲတို့၊ မောင်မိုးစက်တို့လာပြီ လာကြ လာကြ . . . ဒီမှာထိုင်ကြဦးနော်၊ မင်းတို့ရဲ့အန်ကယ် ဘုရားပန်းကပ်ရင်း ဘုရားဝတ်ပြုနေတုန်းကွယ့်၊ ခဏနေ အပေါ်ထပ်က ဆင်းလာပါလိမ့်မယ်၊ ထမင်းစားချိန်လည်း





ပါသေးတယ် . . . နော်၊ ဝက်သားနီချက်လေး နူးအောင် ခဏ စောင့်ချင်လို့"

ဒေါ်သူဇာက တိုက်နောက်ဘက်မှထွက်လာကာ ရွှန်းရွှန်း စေအောင် တရင်းတနှီးပြုံးလျက်ပြောရာ လူရဲတို့မှာ အားနာပြုံး ပြုံးရင်း . . .

"ဟာ . . . ရပါတယ် အန်တီရယ် . . . ကျွန်တော်တို့ လည်း မဆာသေးပါဘူး။ မှန်တာပြောရရင် အန်တီတို့ရဲ့ပန်းခြံကို မရောက်ဖူးလို့ လေ့လာချင်တာနဲ့ တမင်စောစောကူးလာခဲ့တာ ခင်ဗျ"

ဟု လေးစားစွာပြန်ပြောလိုက်လေ၏။

"ဪ . . . ပန်းတွေကြည့်ချင်လို့လား၊ သား . . . ဇော် . . . မင်းရဲ့အစ်ကိုတွေကို ပန်းခြံထဲကို လိုက်ပြလိုက်ပါကွယ်"

သို့ဖြင့် လူရဲတို့မှာ ပန်းခြံထဲသို့ ပြန်ဆင်းလာခဲ့ပြီး ဇော် တိုးက နှင်းဆီပန်းပျိုးထားသည်များ၊ ကိုင်းချင်းဆက် စိုက်ပျိုး ထားသည်များကိုလိုက်လံပြသရာ . . . လူရဲက ပန်းတို့ကိုသိပ်စိတ် မဝင်စားသော်လည်း မိုးစက်ကမူ လွန်စွာ စိတ်ဝင်စားလျက်ရှိ တော့၏။

သစ်သားစင်မြင့် အဆင့်ဆင့်များပေါ်တွင် ပန်းအိုးများ တင်ထားလျက် ပျိုးထားသောနှင်းဆီရောင်စုံများအကြားမှ တည်ရှိ သောနှင်းဆီအိုးတွင် . . . နှင်းဆီပန်းအနက်များကိုတွေ့ရရာ



www.burmeseclassic.com

www.burmeseclassic.com



လူရဲနှင့်မိုးစက်တို့မှာ လွန်စွာအံ့သြသွားရတော့၏။

"ဟင် ... ဒီနှင်းဆီပန်းတွေက အနက်ရောင်တွေပါလား"

"ဟုတ်တယ် အစ်ကို ... ဒါက ဒယ်ဒီ မြေသြဇာကို ပြုပြင်ပြီးစိုက်ပျိုးထားတာတွေ"

လှပသောအိုးလေးထဲမှ နှင်းဆီပန်းပွင့်များမှာ အနက်စက်စက်နှစ်ပွင့်ပါပြီး ကျန်အပွင့်တို့မှာ အနက်ဖျော့ဖျော့လေးများ ဖြစ်ကြောင်းတွေ့ရလေ၏။

သူတို့ နှင်းဆီနက်ကို အံ့သြသောကျူစွာ ကြည့်နေကြစဉ် ... တိုက်အိမ်ကြီးထဲမှ ဦးဆက်နောင် ခပ်ပြုံးပြုံးမျက်နှာဖြင့် ထွက်လာကာ ...

"ငါတူတို့ ရောက်နေတာကြာပြီဆို၊ အန်ကယ် ဘုရားရှိခိုးတာ နည်းနည်းကြာသွားတယ်ကွ"

ဟု နှုတ်ဆက်စကားဆိုလိုက်လေ၏။ သက္ကလတ်ကုတ်အင်္ကျီအရှည်၊ နီပြာကွက်တူရက်ထားသည့် ပိုးပုဆိုးတို့ဖြင့် အိမ်မှာနေရင်းမှာပင် ခမ်းနားသိုက်မြိုက်စွာ ဝတ်စားတတ်ပုံရသော ဦးဆက်နောင်အား လူရဲတို့က လေးစားစွာကြည့်လိုက်ကာ ...

"ရပါတယ် အန်ကယ် ... ကျွန်တော်တို့က ဒီနှင်းဆီနက်အပင်ကို တအံ့တသြကြည့်နေကြတာခင်ဗျ"

ဟု ပြုံးလျက်ပြောလိုက်လေ၏။

---





ဦးဆက်နောင်က လည်ပင်း၌ရစ်ပတ်ထားသော မာဖလာကို အနည်းငယ်လျှော့လိုက်ရင်း ...

"အင်း ... ဂျာမနီက အန်ကယ်ရဲ့မိတ်ဆွေတစ်ဦးပေးပို့လိုက်တဲ့နည်းအရ မြေသြဇာကို ဓာတုဗေဒပစ္စည်းအချို့နဲ့ ဓာတ်ပြီး စမ်းသပ်စိုက်ပျိုးကြည့်ထားတာကွယ့်၊ တူမောင်တို့အတွက် တော်တော်ထူးဆန်းနေပုံရတယ် ... ဟုတ်လား"

ဟု ဂုဏ်ယူသောလေသံမျိုးဖြင့် ခပ်ပြုံးပြုံးမေးလိုက်သော်၏။

"ဟုတ်ပါတယ် အန်ကယ် ... ထူးဆန်းလွန်းလို့ ကျွန်တော့်ကို ဓာတ်ပုံရိုက်ယူခွင့်ပြုပါလားခင်ဗျာ၊ ကျွန်တော်လုပ်နေတဲ့ သူရိယသတင်းစာမှာ ရုက္ခဗေဒဆိုင်ရာ ထူးခြားတဲ့သတင်းတစ်ပုဒ်အဖြစ် ထည့်ချင်လို့ပါ"

မိုးစက်၏စကားကြောင့် ဦးဆက်နောင် မျက်ခုံးပင့်သွားသည်"

"ဪ ... မောင်ရင်က သတင်းထောက်လား"

"ဟုတ်ကဲ့ ... သူရိယသတင်းစာမှာ ကော်လံစာသတင်းထောက်လုပ်နေပါတယ် အန်ကယ် ... ဝါသနာအရပါ"

"ဪ ... ကောင်းပါတယ်ကွာ ကောင်းပါတယ်"

မိုးစက်မှာ သူရိယသတင်းစာမှ သတင်းထောက်လုပ်ငန်း ဝါသနာပါသူများ သတင်းထောက်အဖြစ် လျှောက်ထားနိုင်

---



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကြော်ငြာခဲ့သည့် လွန်ခဲ့သောအပတ်က သွားရော
လျှောက်ထားရာ ကော်လံစားသတင်းထောက်အဖြစ် ခန့်ထ
ခြင်း ခံရလေ၏။

သူက ကင်မရာတစ်လုံးဝယ်ပြီး သတင်းထောက်တာ
အဖြစ် နယ်ပယ်ဒေသအသီးသီးသို့ သွားရောက်ကာ သတင်း
များရယူရင်း 'ဝ'တစ်လုံးသူတော်ဂိုဏ်း၏သတင်းကို ထော
လှမ်းရန် ကြိုးစားနေခြင်းဖြစ်လေ၏။

"အန်ကယ့်ရဲ့နှင်းဆီနက်ပွင့်တွေကို ဓာတ်ပုံနဲ့တ
သတင်းစာထဲထည့်ခွင့်ရရင် တကယ့်သတင်းထူးတစ်ပုဒ် ဖြစ်
ပဲခင်ဗျ။ အယ်ဒီတာတွေကတော့ အဲဒီလိုသတင်းမျိုးကို သ
သဘောကျမှာအမှန်ပဲ၊ အန်ကယ်ကခွင့်ပြုဖို့ပဲ လိုပါတယ်ခင်ဗျာ"

မိုးစက်က ပြုံးလျက်ဦးညွှတ်ရင်း လေးစားစွာပြောလို
ရာ ဦးဆက်နောင်မှာ အတန်ငယ်အင်တင်တင်ဖြစ်နေပြီးနော
ခပ်ဖြည်းဖြည်းပြန်ပြောလေသည်။

"မောင်မိုးစက်ကို ဓာတ်ပုံရိုက်ခွင့်မပြုနိုင်စရာအကြော
မရှိပါဘူးကွယ် ... ဒါပေမဲ့"

"ဒါပေမဲ့ ဘယ်လိုအခက်အခဲမျိုးရှိလို့ပါလဲ အန်ကယ်"

"အဲ ... အခက်အခဲကတော့ ဒါ ... အန်ကယ့်ဝ
နာအရ စမ်းသပ်စိုက်ပျိုးထားတာလေ၊ တော်ကြာ သတင်းစာ
ပါမှ ဟိုးလေးတကျော်ဖြစ်သွားပြီး စိတ်ဝင်စားသူတွေက အ





ကယ့်အိမ်ကို စုပြုံရောက်လာမှာစိုးတာတစ်ခုပါပဲကွယ်၊ အန်ကယ်က အေးအေးဆေးဆေးနေချင်သူလေ"

မိုးစက်က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ်ပေါ့ ... အန်ကယ်စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပါပဲလေ ... ဒါပေမဲ့ ကျွန်တော်က အန်ကယ်ရဲ့နာမည်နဲ့ အိမ်လိပ်စာကို မဖော်ပြပါဘူးခင်ဗျ ... ပန်းပုံတော့ ပါမှဖြစ်မယ်လေ"

ဟုပြောလိုက်ရာ ဦးဆက်နောင်က ပြုံးလိုက်ပြီး ...

"ဟာ ... ဒါဆိုရင်တော့ ရပါတယ်ကွယ်၊ သတင်းစာထဲမှာ အန်ကယ်ရဲ့နာမည်နဲ့လိပ်စာ မထည့်လိုက်ပါနဲ့ ... ပန်းရဲ့ပုံတော့ ကြိုက်သလောက် ရိုက်ယူပါကွယ်"

ဟု ရှောရှူစွာ ခွင့်ပြုလိုက်ရာ ... မိုးစက်က လွန်စွာဝမ်းသာသွားတော့၏။

"ကျေးဇူးပါပဲအန်ကယ်ရယ် ... ဒါဆို မနက်ဖြန်မနက်နေအတော်လေးထွက်စမှာ ကျွန်တော် ဓာတ်ပုံလာရိုက်ပါရစေ"

"ကောင်းပါပြီကွယ် ... ကောင်းပါပြီ"

ထို့နောက် ဦးဆက်နောင်က နှင်းဆီအဖြူပင်မှ နှင်းဆီနက်များဖူးပွင့်လာအောင် ဓာတ်မြေသြဇာကို ဓာတုဗေဒပစ္စည်းအချို့နှင့် မည်သို့ပြုပြင်ယူကာစိုက်ပျိုးရကြောင်း၊ နှင်းဆီတပင်တည်းမှ ပန်းရောင်စုံဖူးပွင့်လာအောင် မည်သို့ကိုင်းကူးကိုင်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ရကြောင်းတို့ကို စိတ်ရှည်လက်ရှည်ရှင်းပြလေသည်။

“ဟော . . . စကားကောင်းနေကြပါလား . . . ထမင်းဖွဲ့ အဆင်သင့်ဖြစ်ပြီ . . . လာ လာ . . . ပျော်ပျော်ပါးပါး လက်စုံ စားကြရအောင်”

ဒေါ်သူဇာက အိမ်ထဲမှထွက်လာပြီး ပြုံးရွှင်ဖော်ရွေစွာ ဖိတ်ခေါ်လိုက်ရာ ဦးဆက်နောင်ဦးဆောင်ပြီး တိုက်ထဲဝင်ခဲ့ကြ သည်။

ထိုနေ့နံနက် ထမင်းဝိုင်းမှာ ဟင်းအမယ်စုံလှသည်နှင့် အမျှ . . . အိမ်ရှင်မိသားစု၏ ရင်းနှီးဖော်ရွေမှုကြောင့် လူရဲတို့မှာ အားနာနာနှင့်ပင် ထမင်းအတော်မြိန်ခဲ့ကြလေ၏။

ထမင်းစားပြီးနောက် ညနေခင်းဝယ် ကော်ဖီ၊ မုန့်တို့နှင့် အချိုတည်းရင်း ခေတ္တစကားပြောဆိုကြသေး၏။ ဦးဆက်နောင် က ကြို့ကုန်းဘက်တွင် ခေါက်ဆွဲစက်ထောင်ထားကြောင်းနှင့် ပန်းစိုက်ပျိုးရေးကိုမူ ဝါသနာအရရော စီးပွားရေးအရပါ ပြုလုပ် လျက်ရှိကြောင်း ရှင်းပြလေ၏။

ထိုနေ့မနက် . . . ဦးဆက်နောင်တို့၏ နှင်းဆီနက်များဖူး ပွင့်ရာစံအိမ်မှ ပြန်လာကြတော့ မိုးစက်က အောက်ဖော်ပြပါ အတိုင်း မှတ်ချက်ပြုလေသည်။

“အန်ကယ်ဦးဆက်နောင်တို့မိသားစုကို ကြည့်ရတာ အေးချမ်းလိုက်တာနော်၊ အန်ကယ်ရော အန်တီရော . . . တကယ့် ကြီးလူကောင်း လူရည်မွန်တွေပါပဲ၊ ဖော်တိုးကလည်း ခုလိုကျ တော့ မဆိုးပါဘူး . . . လူယဉ်ကျေးလေးပဲ”


▢▢▢





www.burmeseclassic.com

www.burmeseclassic.com



## သေရွာပြန်

နောက်နေ့နံနက် . . . နေထွက်စမှာပင် မိုးစက်မှာ [illegible] မရာတပြင်ပြင် ဖင်တကြွကြွဖြစ်နေတော့၏။

"နှင်းဆီနက်တွေရဲ့ ပုံနဲ့သတင်းကို သတင်းစာမှာ[illegible] လိုက်ရရင် လူတွေ အတော်အံ့ဩသွားကြမှာကွ၊ သတင်း[illegible] သတင်းဦး, သတင်းဆန်းဖော်ကြနိုင်တဲ့အတွက် သူရိယသ[illegible] တ စောင်ရေလည်း တက်သွားနိုင်တယ်ကွ"

"ကိုမိုးစက်ရေ နာမည်ရမှာပေါ့"

"ဒါပေါ့ကွ . . . ကော်လံစားသတင်းထောက်အဖြ[illegible] နေ ပါမင့်နှင့်သတင်းထောက်ရာထူးတောင် တိုးသွားနိုင်တယ်[illegible] ကဲ . . . လာ လာ . . . ဒီနေ့နဲ့ဆို အတော်ပဲ . . . နေခြည်စ[illegible]





[illegible]နိုးစွင့်နေတဲ့ နှင်းဆီနက်ပုံကို လိုချင်တာကွ"

သို့ဖြင့် . . . သူတို့သည် 'ပန်းမြင့်မိုရ်'ခြံဘက် ကူးခဲ့ကြလေသည်။

ခြံထဲတွင် ဟီးလ်မင်းကားလေးကိုရော ဖော်တိုးကိုပါ တွေ့ရချေ၏။ ဦးဆက်နောင်ကမူ ကတ်ကြေးလေးတစ်လက်ဖြင့် ဖွားငွားစွင့်လျက်ရှိသော နှင်းဆီပန်းအချို့၏အရိုးတံတို့ကို ညှပ်နေလေသည်။ လူရဲတို့ ခြံထဲဝင်လာသည်ကိုတွေ့တော့ ဖျတ်ခနဲ လှည့်ကြည့်ကာ ပြုံးပြနှုတ်ဆက်သည်။

"ဟော . . . မောင်လူရဲတို့, မောင်မိုးစက်တို့တောင် လာပြီပဲ"

"ဟုတ်ကဲ့ . . . ပန်းတွေခူးနေတာလား အန်ကယ်"

"ဟုတ်တယ်ကွ . . . ပန်းဆိုတာ ဖူးချိန်တန်ဖူးပြီး ပွင့်ချိန်တန်ရင် ပွင့်ရသလို . . . ဥယျာဉ်မှူးဆိုတာလည်း ခူးချိန်တန် ခူးရတာပေါ့ကွယ်"

ဦးဆက်နောင်က ခပ်ပြုံးပြုံးခပ်အေးအေးအမူအရာဖြင့် ပြောရင်း မိုးစက်လွယ်လာသည့်ကင်မရာလေးအား ကြည့်လိုက်ကာ . . .

"ကဲ . . . ငါ့တူတို့ ဓာတ်ပုံစိတ်ကြိုက်ရိုက်နိုင်ပါတယ်ကွယ်၊ လှပ်စရာရှိတာ လွတ်လွတ်လပ်လပ်သာလုပ်ပါ၊ အန်ကယ့်ကိုတော့ ခွင့်ပြုနော် . . . မင်္ဂလာဆောင်တစ်ခုက ပန်းတွေအော်ဒါ



www.burmeseclassic.com

www.burmeseclassic.com



မှာထားလို့ ဖြတ်ပေးနေရတယ်ကွယ့်"

ဟုယဉ်ကျေးဖော်ရွေစွာပြောလိုက်ရာ မိုးစက်က ဦးညွှတ်လိုက်ရင်း ...

"ရပါတယ် ...အန်ကယ်လုပ်စရာရှိတာသာ လုပ်ပါခင်ဗျာ"

ဟု ပြောလိုက်ပြီးနောက် လွယ်ထားသည့်ကင်မရာလေးကို ပခုံးထက်မှဖြုတ်ယူကာ နှင်းဆီနက်ပန်းအိုးရှိရာသို့ ဦးတည်လျှောက်လှမ်းသွားရာ လူရဲလည်း နောက်မှလိုက်ပါသွားတော့၏။

နံနက်နေက အတော်မြင့်လျက်ရှိပြီး ...နေခြည်ဝင်းဝင်း ထိုးကျနေသည့် ငွားငွားစွင့်သော နှင်းဆီနက်ပွင့်တို့မှာ ကတ္တီပါပွင့်ချပ်လေးများနှင့် စုဖွဲ့ထားသလားထင်ရအောင် နုနယ်လှပလျက်ရှိလေ၏

'ချပ်'

'ချပ်'

'ချပ်'

မိုးစက်က ...နေရောင်ခြည်ထိုးရာဘက်မှ နေရာယူပြီးရှုထောင့်အမျိုးမျိုးမှနေ၍ နှင်းဆီနက်ပွင့်တို့ကို ဓာတ်ပုံရိုက်ယူလျက်ရှိရာ လူရဲမှာမူ စိတ်မပါလှစွာဖြင့် ...နှင်းဆီပန်းအိုးတန်းတို့နှင့် မလှမ်းမကမ်းရှိ ကျောက်ခုံလေးပေါ်ထိုင်ရင်း ...မိုးစက်လုပ်သမျှကို ငေးကြည့်နေမိလေတော့၏။

---

ခု နစ် စဉ် ကြယ် တာ ပေ



ထိုစဉ် ...မြင်းရထားတစ်စီးမှာ ချူသံတလွင်လွင်ဖြင့် 'ပန်းမြင့်မိုရ်'ခြံအဝသို့ ထိုးဆိုက်လာရာ ...မြင်းခွာသံနှင့် ချူသံတို့ကြောင့် လူရဲက လှည့်ပြန်လှည့်ကြည့်လိုက်မိလေ၏။

မိုးစက်ကမူ ...နှင်းဆီနက်ပွင့်များကို ကင်မရာရှုထောင့်အမျိုးမျိုးမှ သဲကြီးမဲကြီးရိုက်နေသဖြင့် ခြံအဝသို့ မြင်းရထားဆိုက်လာသည်ကို သိသည့်တိုင် လှည့်ကြည့်ခြင်းမရှိချေ။

ဦးဆက်နောင်မှာ ...နှင်းဆီပွင့်များကို ဖြတ်နေရာမှ ခါးကိုမတ်ပြီး ခြံဝဆီသို့ ကြည့်လိုက်လေ၏။ ယင်းအချိန်မှာပင် မြင်းရထားပေါ်မှလူတစ်ဦးသည် ခရီးဆောင်အိတ်တစ်လုံးကို သက်မှဆွဲကာ ဆင်းလာလေ၏။

ဦးဆက်နောင်နှင့် ရွယ်တူခန့်ရှိသည့်လူကြီးကို လှမ်းကြည့်ရင်း ...လူရဲ၏စိတ်ထဲတွင် တစ်နေရာရာ၌ မြင်ဖူးသလိုလို ခံစားရသဖြင့် သေချာစိုက်ကြည့်နေမိစဉ် ဦးဆက်နောင်က သူတို့ရှိရာဆီ လှည့်ကြည့်လိုက်သောကြောင့် ...သူ့ငြေသည်အား ယ်စုရာကျမည်စိုးသဖြင့် မျက်နှာကို မိုးစက်ဘက်သို့ လှည့်လိုက်ရလေ၏။

"ဟော့ ...အဲဒီက ဖယ်စမ်းကွာ ...နှင်းဆီပွင့်တွေရဲ့နောက်မှာ မင်းပုံကြီး အနီးကပ် ပါသွားဦးမယ်"

မိုးစက်က သူ့ကိုဖယ်ခိုင်းလိုက်သဖြင့် လူရဲမှာ ကျောက်ခုံပေါ်မှထကာ ဖယ်ပေးလိုက်ရလေ၏။

---

ခု နစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



'ချပ်'

'ချပ်'

'ချပ်'

နှင်းဆီပွင့်လေးသုံးလေးပွင့်ကို ရိုက်၍မပြီးနိုင်ဖြစ်နေသဖြင့် လူရဲမှာ ... ကျွဲမြီးတိုလာရတော့၏။

"မပြီးတော့ဘူးလားဗျာ ... ဖလင်တစ်လိပ်လည်း ကုန်တော့မယ်"

"စိတ်ရှည်စမ်းပါ လူရဲရယ် ... ဒီလိုအခွင့်အရေးမျိုး နောက်တစ်ခါ ထပ်မရနိုင်တော့ဘူးကွ၊ ကဲ ... ကဲ ... နောက်တစ်ပုံနှစ်ပုံဆို ပြီးပါပြီ"

သူတို့ နှင်းဆီနက်တို့ရှိရာ ပန်းစင်တန်းဘက်မှထွက်လာတော့ ဦးဆက်နောင်ရော ဧည့်သည်လူကြီးပါ တိုက်ထဲဝင်သွားကြပြီဖြစ်၏။

ထိုစဉ် ဒေါ်သူဇာ တိုက်ရှေ့တံခါးပေါက်မှပေါ်လာ၍ မိုးစက်ကပြုံးပြရင်း ...

"အန်တီ ... ပျောက်နေပါလား ... မီးဖိုဆောင်ဝင်နေရတယ်ထင်တယ်"

ဟုနှုတ်ဆက်လိုက်ရာ ဒေါ်သူဇာက ခေါင်းညိတ်ပြသည်

"ဟုတ်ပါရဲ့ကွယ် ... ထမင်းချက်ကောင်မလေး လုပ်တာကိုင်တာ နေရာမကျလို့ ပြောနေရတာနဲ့ ငါ့တူတို့ရောက်လာ





တာတောင် မသိလိုက်ဘူး ... ဓာတ်ပုံရိုက်ပြီးပြီလားကွယ့်"

"ဟုတ်ကဲ့ ... ပြီးပြီအန်တီ၊ ကျွန်တော်တို့ ပြန်တော့မယ် ခင်ဗျာ၊ အန်ကယ့်ကိုလည်း နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ပါနော်"

"ဪ ... အေး ... အေး"

မိုးစက်နှင့်လူရဲတို့ "ပန်းမြင့်မိုရ်"ခြံထဲမှ ထွက်လာသည်တွင် သူတို့နောက်မှ ဒေါ်သူဇာလိုက်ပါလာပြီး ခြံတံခါးကိုပိတ်လိုက်လေ၏။

ချက်ထိုးသံကြားသဖြင့် လူရဲလှည့်ကြည့်လိုက်တော့ ... ဒေါ်သူဇာမှာ တိုက်ဘက်သို့ ခပ်သုတ်သုတ်ပြန်သွားသည်ကို တွေ့လိုက်ရပါတော့သတည်း ...။

❐

မိုးစက်သည် ... အိမ်လေး၏ အတွင်းခန်းတစ်ခုကို အမှောင်ခန်းအဖြစ် ပြုလုပ်ပြီး၊ သူရိုက်သည့်ဓာတ်ပုံများအား ကိုယ်တိုင် ကူးဆေးလေ့ရှိလေ၏၊ ကျောက်ဖြူမြို့တွင် နေထိုင်စဉ် ကျောင်းတက်ခဲ့စဉ်က ... ခင်မင်လေးစားရသည့် ကျောင်းဆရာတစ်ဦးမှာ ဓာတ်ပုံဝါသနာအိုးဖြစ်ပြီး ကျောင်းဆရာအလုပ်မှ

www.burmeseclassic.com



နှုတ်ထွက်လျက် ကျောက်ဖြူမြို့လယ်၌ ဓာတ်ပုံဆိုင်ထောင်သ[…] အခါ မိုးစက်မှာ မကြာခဏ သွားရောက်လည်ပတ်ရင်း ဓာ[…] ပညာကို သင်ယူဆည်းပူးခဲ့ရသဖြင့် ယခုအခါ ယင်းပညာ[…] အတော်ကျွမ်းကျင်သည်ဟု ဆိုရပေမည်။

"သို့ဖြင့် ... နံနက်ပိုင်းက ရိုက်ကူးခဲ့သော နှင်းဆီ[…] ပုံများကို ညသို့ရောက်သောအခါ မိုးစက်သည် အမှောင်ခန်း[…] ကူးဆေးလျက်ရှိလေ၏။

လူရဲကမူ ... စာဖတ်နေရာမှ ညဉ့်နက်စပြုလာချိန်[…] အိပ်ပျော်သွားချေပြီ။

မိုးစက်သည်နဂ္ဂတစ်ဖလင်တို့ကို ပေါ့ဆစ်တစ်အဖြစ် [...] ဆေးလျက်ရှိရာ ရှေးဦးစွာ ... နှင်းဆီနက်ပင်အား ရှုထော[…] အမျိုးမျိုးမှ ရိုက်ကူးထားသည့်ဓာတ်ပုံများ တစ်ပုံပြီးတစ်ပုံ [...] ရှိလေ၏။

ဓာတ်ပုံပညာ လက်စွမ်းပြပြီး ငွားငွားစွင့်နေသည့် နှင်း[…] ပန်းပွင့်ပုံများကို အဝေးရိုက်ချက်များ၊ အနီးရိုက်ချက်များ[…] ရိုက်ထားရာ ကူးဆေးသည့်ဆေးသားကလည်း ကောင်းမွန်[…] သဖြင့် ဓာတ်ပုံများမှာ ... အလင်းအမှောင်ညီညွတ်စွာ လှပ[…] တင့်လျက် ရှိလေ၏။

"အင်း ... ဓာတ်ပုံတွေက ကောင်းလိုက်တာ၊ သတ[…] ဓာတ်ပုံအဖြစ်သာမက ဓာတ်ပုံပြိုင်ပွဲတောင် ဝင်လို့ရပါလား"





မိုးစက်မှာ သူရိုက်ထားသည့်ပုံများကို ပီတိဖြစ်စွာကြည့်ရင်း တစ်ပုံပြီးတစ်ပုံ ဂရုတစိုက် စိတ်ရှည်လက်ရှည် ကူးလျက်ရှိလေ၏။

ဤသို့ဖြင့် နှင်းဆီနက်ပုံများ တစ်ပုံပြီးတစ်ပုံကူးရင်း ... ညဉ့်နက်သည်ထက်နက်လာစဉ် ... နောက်ပိုင်းနဂ္ဂတစ်ဖလင်များကို ကူးဆေးသဖြင့် ထွက်ရှိလာသည့် ပေါ့ဆစ်တစ်တို့မှာ ရှုထောင့်တစ်မျိုးတည်းမှ ရိုက်ယူခဲ့သော ပုံများဖြစ်သည်ကို သတိပြုမိလေ၏။

"ဟာ ... ဒီနှင်းဆီပွင့်တွေရဲ့ပုံနောက်မှာ လူပုံတွေ ရောပါလာပါလား။ ပန်းပွင့်ပုံချည်း သီးသန့်လိုချင်ခါမှ လူပုံတွေ ပါလာရတယ်လို့"

မိုးစက်ကစိတ်ပျက်စွာဖြင့် နောက်တစ်ပုံကို ကူးဆေးပြန်ရာ ...

"အိုး ... ဒီလူပုံတွေက ပိုကြီးလာပြီး ပိုတောင်ပီပြင်လာသေး"

လူပုံများကို သေသေချာချာကြည့်လိုက်ရာ ...

"အင်း ... ဦးဆက်နောင်နဲ့ အခြားသူတစ်ယောက်ပဲ၊ သြော် ... ဟုတ်ပြီ ... ခြံဝဘက်လှည့်ပြီးရိုက်တော့ ခြံဝကနေဝင်လာတဲ့ ဦးဆက်နောင်နဲ့ သူ့ညေ့သည်တို့ရဲ့ ပုံပါလာတာကိုး"

မိုးစက်က နှင်းဆီနက်ပွင့်ကြီးနောက်မှ လူပုံနှစ်[…]



www.burmeseclassic.com

www.burmeseclassic.com



သချောထပ်ကြည့်လိုက်ရာ သူ့ခန္ဓာကိုယ်လေးမှာ တောင့်ခနဲဖြစ်သွားတော့သည်။

"ဟင် ... ဒီလူ ... ဒီလူဟာ ဦးမိုးပွင့်ပါလား"

ဦးဆက်နောင်နှင့် ယှဉ်တွဲတွေ့ရသည့် လူကြီး၏မျက်နှာကို စူးစူးရဲရဲကြည့်ရင်း မိုးစက် ... အံ့ဩမဆုံးဖြစ်သွားရတော့၏။

"ဟုတ်ပါတယ် ... ဒါ ... ဒါဟာ ဦးမိုးပွင့်မှ ဦးမိုးပွင့်အစစ်ပဲ၊ ဦးမိုးပွင့်ဟာ မသေသေးပါလား ... ဒါဆို သတင်းစာနာရေးကြော်ငြာထဲပါလာတဲ့ ဦးမိုးပွင့်ဆိုတာ ... ဘယ်သူလဲ"

"သြော် ... ဟုတ်ပြီ ... အဲဒါ နာမည်တူတာပဲဖြစ်ရမယ်"

မိုးစက်က ထိုဓာတ်ပုံကို လက်မှာကိုင်ရင်း အမှောင်ခန်းထဲမှ ပြေးထွက်ခဲ့သည်။

သူက ဦးစွာ ... အိပ်ခန်းထဲသို့ပြေးဝင်ခဲ့ပြီး သေချာသိမ်းထားသည့် ဓာတ်ပုံဟောင်းတစ်ပုံကို ထုတ်ယူလိုက်၏။

ယင်းပုံမှာ ပင်လယ်ဓားပြဘဝက ဦးမိုးပွင့်တို့လူစု ရိုက်ကူးထားသည့်ဓာတ်ပုံပင် ဖြစ်ပါ၏။

လက်ထဲရှိဓာတ်ပုံမှ ဦးမိုးပွင့်နှင့် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်က ရိုက်ကူးခဲ့သော ပင်လယ်ဓားပြဓာတ်ပုံထဲမှ ဦးမိုးပွင့်တို့ကို မိုးစက်နှိုင်းယှဉ်ကြည့်လိုက်လေ၏။

"ဟုတ်ပါတယ် ... နှပျိုတာနဲ့ ရင့်ရော်သွားတာပဲ ကွာခြားတယ် ... ဦးမိုးပွင့်မှ ဦးမိုးပွင့်အစစ်ပါ"

ဦးမိုးပွင့်၏ဓာတ်ပုံကို စိုက်ကြည့်ရင်း သူ၏မေးကြောတို့ ထောင်ထလာကာ တစ်ကိုယ်လုံးရှိသွေးတို့ ပွက်ပွက်ဆူစပြုလာ၏။

◻◻◻







www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်ချစ်သူ

တပေါင်းလကွယ်နေ့ည ...

ည(၈)နာရီခန့်တွင်မှ အဝတ်သစ်အစားသစ်များဝတ်ပြီး အိတ်အနက်တစ်လုံးလွယ်ကာ အပြင်ထွက်ရန် ဟန်ပြင်နေသည့် လူ့ရဲကို မိုးစက်က အံ့သြစွာကြည့်နေလေ၏။

"ကိုယ်တော်ချော ... ဒီအချိန်ကြီးကျမှ ဘယ်ကြွမလို့လဲ"

"သမိုင်းဘက်က သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ပါတီ သွားမလို့ပါ၊ ညဉ့်နက်မှ ပြန်လာဖြစ်မယ်ထင်တယ် ... တံခါးပိတ်ပြီးသာ အိပ်နှင့်ပေတော့ ... သွားပြီ"

သက္ကလတ်ဘောင်းဘီရှည်အနက်၊ ရှပ်အင်္ကျီအညိုလက်





တို့ဝတ်ကာ အိတ်ကလေးလွယ်ရင်း နှုတ်ဆက်ထွက်ခွာသွားသည့် လူရဲကို ငေးကြည့်ကျန်ရစ်ခဲ့ရာမှ ... မိုးစက်က "ပန်းမြင့်" ခြံကြီးဘက်သို့ လှမ်းကြည့်အကဲခတ်လိုက်လေ၏။

မှန်ပြတင်းပေါက်အချို့မှ မီးရောင်မြင်နေရသည့် "ပန်းမိုရ်"ခြံကြီးထဲမှ နှစ်ထပ်တိုက်ကြီးထဲတွင် သူ၏ မဟာ်ရန်တော်တစ်ဦးဖြစ်သော ... ဦးမိုးပွင့်ရှိနေသည်ဆိုသည့်အသိက ဒေါသွေးတို့ကို ဆူပွက်စေပြန်ပြီ။

❑

'ဝ'တစ်လုံးသူတော်ဂိုဏ်း၏ အစည်းအဝေးကျင်းပရာ ပါဟောင်းကြီး၏ ဆင်ဝင်အောက်သို့ လူရဲရောက်ရှိလာခဲ့ပြီ။

တိုက်တံခါးဝမှ လုံခြုံရေးတာဝန်ခံ အသင်းသားအမှတ်ရှေ့ရောက်တော့ ယခုအပတ်အစည်းအဝေးအတွက် သတ်ထားသည့်စကားဝှက်ကို ပြောလိုက်၏။

"'ဝ'ရှိလို့ ဝိရှိ ... ဝိရှိလို့'ဝ'ရှိ"

လုံခြုံရေးတာဝန်ခံက အပေါက်ဝမှဖယ်ပေးလိုက်ရာ တ်ကြီးထဲ လူရဲဝင်ရောက်ခဲ့ပြီး ... ပရိဘောဂများ မရှိသည့် ကျယ်ကိုဖြတ်ကာ အတွင်းဘက်ဝင်သည့်စကြံသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာ၏။

မိန့်ပျပျအလင်းရောင်သာရှိသည့် စကြံ်ကိုဖြတ်ကာ အစည်းအဝေးခန်းမကြီးဆီ ဦးတည်သွားစဉ် စကြံ်လမ်းတစ်နေရာ၌ရပ်နေသည့် အသင်းသားအမှတ်(၈)ကို တွေ့ရလေ၏။

"ဟော့ ... နံပါတ်(၁၂) ... မင်း ဒီအစည်းအဝေး လာပို့မလားလို့၊ ခု ဘယ်ရောက်နေသလဲ"

အသင်းသားအမှတ်(၈) ဖြစ်သူ ဦးသီလက ခပ်တိုးတိုး မေးလိုက်ရာ ... လူရဲမှာ ပခုံးတွန့်လိုက်ပြီး ခပ်တိုးတိုးပြန်ပြောသည်။

"ပစ်မှတ်ကိုရှာရင်း ရန်ကုန်ပြန်ရောက်တာ မကြာသေးဘူး။ သူငယ်ချင်းတစ်ယောက်ခေါ်လို့ သူ့အိမ်မှာ လိုက်နေတယ်"

ထိုစဉ် အခန်းတစ်ခုထဲမှ ထွက်လာသည့် အသင်းသားအမှတ်(၂)က သူတို့အနီးသို့ ခပ်သွက်သွက်လျှောက်လာပြီး ...

"ဟော့ ... ဒီအထဲမှာ တစ်ယောက်နဲ့တစ်ယောက် စကားမပြောရဘူးဆိုတာ မသိဘူးလား"

ဟုဟောက်လိုက်ရာ ... ဦးသီလရော လူရဲပါ ဇက်ပုသွားကြပြီး အစည်းအဝေးခန်းမဆီသို့သာ ဦးတည်လျှောက်လှမ်းခဲ့ကြတော့၏။

နောက် မိနစ်နှစ်ဆယ်ခန့်အကြာတွင် အစည်းအဝေး စတင်တော့သည်။





"ဝတာစ်လုံးတို့ ... လေးပွင့်သစ္စာဒေဝီရဲ့သတင်း ခုထိ မရကြသေးဘူလား"

အသင်းဂိုဏ်းချုပ်ကြီး သူတော်ရှေ့၏အမေးစကားကို ညည်သူမျှ မဖြေဝံ့ကြချေ။

သူတော်ရှေ့က လက်ထဲမှ သစ်သားတူလေးဖြင့် ကျွန်းစားပွဲကြီးကို ဒေါသတကြီး ထုလိုက်ပြီး ခက်ထန်မာကျောစွာ ထပ်မေးသည်။

'ဒိုး'

"ပြောကြလေ ... အသင်းကပေးတဲ့ အခွင့်အရေးတွေကိုတော့ ယူကြပြီး သင်တို့ဘက်က တာဝန်မကျေပါလား၊ သင်တို့ ပြီးခဲ့တဲ့တစ်လလုံးလုံး ဘာလုပ်နေကြသလဲ"

အသင်းသားသုံးလေးဦးက လက်တစ်ဖက်ထောင်ကာ ပြောခွင့်တောင်းလိုက်ပြီးနောက် တစ်ဦးပြီးတစ်ဦး ထပြောသည်။

"ကျွန်တော် မန္တလေး,စစ်ကိုင်းတစ်ဝိုက်မှာ သွားရောက် စုံစမ်းရှာဖွေပါတယ် ဆရာကြီး ... ဘာသတင်းမှ မရခဲ့ပါဘူး"

"ကျွန်တော်ကတော့ ရခိုင်ဘက်သွားခဲ့ပါတယ်၊ လေးပွင့်သစ္စာဒေဝီရဲ့ တိုက်အဝါကြီးဟာ သော့ခတ်ပိတ်ထားဆဲပါ၊ သို့ဝှက်ထောက်လှမ်းမေးကြည့်တော့ ရခိုင်ဘက် လုံးဝပြန်မလာဘူးလို့ သိရပါတယ်"

"ကျွန်မက ရောဝတီတိုင်းဘက် သွားရှာပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



လေးပွင့်သစ္စာနဲ့ပတ်သက်ပြီး ဘာသတင်းမှ မရပါဘူး''

''ကောင်းကွာ …ကေန္တ လေးပွင့်သစ္စာဒေဝီဆိုတဲ့ မိန္ဒာမက မြေလျှိုးမိုးပျံနေပြီထင်ပါရဲ့''

ထိုစဉ် အသင်းသားအမှတ်(၅)က လက်ထောင်ကာ ခွင့်တောင်းလိုက်သည်။

''အမှတ်(၅) ဘာပြောမလဲ …ပြောစမ်း''

''တစ်ခုမေးချင်လို့ပါ ဆရာကြီး …သတင်းစာထဲမှာ မန္တလေးက ဦးမိုးပွင့်ရဲ့နာရေးကြော်ငြာပါလာပါတယ်၊ အဲဒီဦးမိုးပွင့် ဆိုတာ လေးပွင့်သစ္စာဒေဝီရှာဖွေနေတဲ့ ဦးမိုးပွင့်ပဲလားဆိုတာ သိပါရစေရှင်''

နောက်ထပ် 'ဝ'တစ်လုံး သုံးလေးဦးကလည်း ခွင့်ပြုချက်တောင်းကာ ထမေးကြသည်။

''ဟုတ်ပါတယ် ဆရာကြီး …ကျွန်တော်တို့လည်း အဲဒီ နာရေးကြော်ငြာကို ဖတ်ရပါတယ်၊ အဲဒီဦးမိုးပွင့်ဟာ ဆရာကြီးရဲ့ သူငယ်ချင်းပါလား''

''ကျွန်တော်တို့လည်း အဲဒီဦးမိုးပွင့်လို့ပဲ ထင်ပါတယ် …ဟုတ်ပါသလား ခင်ဗျာ''

''ကျွန်တော်လည်း …''

''ကဲ …ကဲ …တော်တော့ …တော်တော့''

သူတော်ရှေ့က လက်ကာပြ တားလိုက်ပြီးနောက် ပြတ်





သားစွာ အဖြေပေးသည်။

''သင်တို့အားလုံးသိထားဖို့ ကျုပ်ပြောမယ် …အဲဒီ နာရေးကြော်ငြာမှာ ပါခဲ့တဲ့ ဦးမိုးပွင့်ဟာ …နာမည်တူတဲ့ အခြားတစ်ယောက်သာ ဖြစ်တယ်၊ ကျုပ်ရဲ့မိတ်ဆွေ ကိုမိုးပွင့် မဟုတ်ဘူး။ ကိုမိုးပွင့်ဟာ ခုဆို ရန်ကုန်ကိုရောက်နေပြီး လုံခြုံတဲ့နေရာမှာ ရှိနေတယ်၊ သူ့အတွက် စိုးရိမ်ပူပန်စရာ မလိုပါဘူး၊ ဒါတော့ သင်တို့ရဲ့ မူလအရေးကြီးဆုံးတာဝန်ဖြစ်တဲ့ လေးပွင့်သစ္စာ ဒေဝီကိုသာ အမြန်ဆုံးရှာပါ …ဒါပဲ''

□

'ဂ'တစ်လုံးသူတော်ဂိုဏ်း၏အစည်းအဝေးပြီးဆုံးတော့ ခါတ် (၄) ထံမှ နောက်တစ်ပတ်အစည်းအဝေးအတွက် စကား ကြားသူကာ လူရဲသည် ဝဲယာနှစ်ဖက်၌ ချုံပုတ်များ၊ ဝါးရုံများ ပေါ်ထနေသည့် မြေလမ်းလေးအတိုင်း တစ်ဦးတည်း ပြန်လာရာ ရှေ့ ကိုက် (၃၀) ခန့်အကွာ၌ လူတစ်ဦး လှမ်းလျှောက်သွား နေက်ရှိသည်ကို ကြယ်ရောင်မှိန်မှိန်ပျပျဖြင့် တွေ့ရလေ၏။

''အင်း ငါ့လို 'ဝ'တစ်လုံးဂိုဏ်းသားတစ်ယောက်ပဲ ဖြစ် မယ်''



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲတွင် ကျင့်သားရနေပြီဖြစ်သော လူရဲက ရှေ့မှလူ လမ်းဘေးချုံတို့ကြား ချိုးကွေ့ဝင်သွားသည်ကို သတိထားလိုက်မိလေ၏။

''ဪ ...တပိုတပါးသွားတာနဲ့တူပါရဲ့''

သူက ယင်းသို့တွေးရင်း လျှောက်လာရာ ရှေ့မှလူ ဝင်ရောက်သွားသည့်ချုံနှစ်ချုံအနီးသို့ရောက်ရှိလာလေ၏။

''ဟိုလူ ပြန်မထွက်လာသေးပါလား''

လူရဲက အမှုမဲ့အမှတ်မဲ့ဖြင့် ယင်းချုံနှစ်ချုံကြားသို့ ခေါင်းငုံ့ကြည့်လိုက်ရာ ချုံနှစ်ချုံကြားရှိ မြေလမ်းဖြူဖြူလေးအတိုင်း လျှောက်လျက် သစ်ပင်အုပ်အုပ်မည်းမည်းတို့ရှိရာ ခြံကျယ်ကြီးတစ်ခြံထဲ ဝင်ရောက်သွားသူကို လှမ်းတွေ့ရသည်မို့ အံ့အားသင့်သွားရလေ၏။ ပြီးတော့ ကြယ်ရောင်မှိန်ပျပျအောက်မှာပင် သူတွေ့နေရသည့်လူမှာ ယောကျ်ားတစ်ဦးမဟုတ် မိန်းမတစ်ဦးဖြစ်ကြောင်း သတိပြုမိရာ ပို၍အံ့သြသွားရတော့၏။

''ဟာ ...မိန်းမတစ်ယောက်ပါလား။ ဒီခြံကလည်း လူသူနေပုံမရဘူး။ ဒီလိုလူသူမဲ့တဲ့ခြံကြီးထဲ ဘာဖြစ်လို့ ဝင်သွားပါလိမ့်''

လူရဲမှာ လွန်စွာစိတ်ဝင်စားသွားသဖြင့် လူတစ်ယောက်စာ သွားသာရုံ စွပ်ကြောင်းမြေလမ်းဖြူဖြူလေးအတိုင်း ခြေသံလုံလုံဖြင့် နောက်မှလိုက်ပါသွားမိသည်တွင် သစ်ပင်အုပ်တို့





အောက်ရောက်လုနီး၌ ရှေ့မှအမျိုးသမီးက နောက်သို့ ဖျတ်ခနဲလှည့်ကြည့်လိုက်လေတော့၏။

လူရဲလည်း သူ့ကိုမတွေ့သွားစေရန် ချုံတစ်ခု၌အသာကွယ်ပုန်းလိုက်ရလေ၏။ ထို့နောက်မှ အမျိုးသမီးသည် သစ်ပင်အုပ်တို့အောက်သို့ ဝင်ရောက်သွားရာ လူရဲလည်း စွပ်ကြောင်းလမ်းအတိုင်း ဆက်လိုက်ပါက သူ့ကိုတွေ့သွားမှာသေချာသဖြင့် လက်ယာဘက်မှပတ်လျက် ချုံများအကြားသို့ တိုးလာခဲ့ရတော့၏။

သို့ဖြင့် ခြံအစပ်မှသစ်ပင်အုပ်တို့အောက်သို့ရောက်ရှိသွားသည့်တွင် လူရဲသည် မြွေတစ်ကောင်ကဲ့သို့ တိတ်ဆိတ်လျှို့ဝှက်စွာကွေ့သွားရင်း အမျိုးသမီးကို ရှာဖွေလေ၏။

ဘောင်းဘီရှည်ဝတ်ထားကာ ဆံပင်ကို တစ်ပတ်လျှို့ထုံးထားပုံရသည့် အမျိုးသမီးမှာ ခြံကြီး၏အလယ်ခန့်ရှိ ဂိုဒေါင်ပျက်ကဲ့သို့သော အဆောက်အအုံဟောင်းကြီး၏အစွန်းမှ လှေကားတစ်အတိုင်း လူတစ်ရပ်ကျော်ခန့်ရှိသည့် သစ်သားစင်ပေါ်တက်သွားလျက် ရှိသည်ကိုတွေ့ရလေ၏။

လူရဲမှာ သစ်ပင်တစ်ပင်၏ပင်စည်ကိုကွယ်ရင်း ချောင်းကြည့်နေရာ အမျိုးသမီးမှာ သစ်သားစင်ပေါ်သို့အရောက်တွင် လွယ်ထားသည့် အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်ပြီး သူ လာခဲ့ရာလမ်းဘက်ဆီ မျက်နှာမူကာကြည့်နေရာ ထိုအခါမှ သူ၏လက်၌ကိုင်ထားသည့်အရာမှာ မှန်ပြောင်းတစ်လက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ခန့်မှန်းမိလေတော့၏။

"ညဘက်ကြီး မှန်ပြောင်းနဲ့ကြည့်ရတယ်လို့"

"အဲ ... ဒါဟာ ညကြည့်မှန်ပြောင်းနဲ့တူတယ်"

ညကြည့်မှန်ပြောင်းဖြင့် လာရာလမ်းဆီ သေချာ ကြည့်နေသည့် အမျိုးသမီး၏လှုပ်ရှားမှုမှာ ထူးဆန်းလှသ လူရဲမှာ အံ့ဩမဆုံးဖြစ်နေတော့၏။

"အင်း ... သူ ဒီလို ညကြည့်မှန်ပြောင်းနဲ့ကြည့် အစည်းအဝေးကအပြန် မျက်နှာဖုံးထားတဲ့အဝတ်တွေကို လာသူတွေ ဘယ်သူဆိုတာ သူမြင်ရမှာပါလား"

အမျိုးသမီးက အပေါ်ဝတ်ရုံကို မချွတ်သေးသ ဝတ်ရုံ၏ရင်ဘတ်မှ ငွေခြည်ဖြင့်ထိုးထားသော အသင်းသာ အမှတ်ကို တွေ့ရလေ၏။

"အသင်းသားအမှတ် (၅) ပါလား၊ သူဟာ ဘယ်သူ 'ဝ'တစ်လုံးဂိုဏ်းကို သစ္စာဖောက်မယ့်သူလား၊ ဘယ် အကြံအစည်မျိုးနဲ့ ဒီလိုညကြည့်မှန်ပြောင်းနဲ့ စောင့်ကြည့်ရတာ လိမ့်"

လူရဲမှာ သံသယများစွာဖြင့်တွေးရင်း သစ်သားစင် နှင့် နီးသည့်ထက် နီးအောင် တိုးလာရာ စင်မြင့်နှင့်ဆယ့် ခန့်အကွာအဝေးသို့ရောက်လာသည့်တွင် အမျိုးသမီးက မျက် ရှေ့မှ မှန်ပြောင်းကိုဖယ်လိုက်လေ၏။





"ဟင်"

ကြယ်ရောင်ပျပျအောက်တွင် ရှင်းလင်းစွာမြင်လိုက်ရသည့်အမျိုးသမီး၏မျက်နှာကို အံ့ဩခြင်းကြီးစွာဖြင့် ငေးကြောင်ကြည့်ရင်း လူရဲမှာ ကြက်သေသေသွားရလေတော့၏။

"ကေ ... ကေကေပါလား"

လူရဲမှာ လကွယ်ညတွင် ကောင်းကင်ထက်၌ လပြည့်ဝန်းကြီးထွက်ပေါ်လာသည်ဆိုလျှင်ပင် ထိုမျှ အံ့ဩမိမည်မဟုတ်ချေ။

"လက်စသတ်တော့ ကေကေဟာလည်း ငါ့လို 'ဝ'တစ်လုံးသူတော်ဂိုဏ်းသားတစ်ဦးပါလား"

လူရဲသည် သူ ချစ်မြတ်နိုးနေမိသည့် မိန်းကလေးမှာ 'ဝ' တစ်လုံးသူတော်ကဲ့သို့ ဒုစရိုက်ဂိုဏ်းသားတစ်ဦးဖြစ်ကြောင်း သိရသည့်တွင် လွန်စွာစိတ်မကောင်းဖြစ်သွားတော့၏။

သူကိုယ်တိုင် လောလောဆယ်ဘဝရပ်တည်ရေးအတွက် ဦးသီလ၏ဆွယ်တရားဟောကောင်းမှုကြောင့် 'ဝ' တစ်လုံး သူတော်ဂိုဏ်းထဲဝင်မိခြင်းဖြစ်သော်လည်း သူချစ်မြတ်နိုးမိသည့် မိန်းကလေးကိုမူ ဤသို့သော ဒုစရိုက်ဂိုဏ်းမျိုးနှင့် လုံးဝမပတ်သက်စေချင်ပေ။

တတ်နိုင်ပါက သူသည် 'ဝ'တစ်လုံးသူတော်ဂိုဏ်းမှ ထွက်ပြီး ကောင်းသောသမ္မာအာဇီဝနည်းဖြင့်သာ အသက်မွေး



www.burmeseclassic.com

www.burmeseclassic.com



လိုသည်။

လှုရဲသည် စိတ်မကောင်းဖြစ်စွာ ငေးငိုင်နေမိရာမှ သူ၏မျက်လုံးအကြည့်က သစ်သားစင်လေးပေါ်သို့ရောက်သွားပြန်ရာ

"ဟင် ကေကေမရှိတော့ပါလား"

သူက ချုံကွယ်မှခေါင်းပြူထွက်ရင်း မှောင်ရိပ်မည်းမည်းများကြားမှာပင် ကေကေ့ကို အသည်းအသန်ရှာဖွေကြည့်ရှုလိုက်၏။ ကေကေကား စင်လေးပေါ်မှ မည်သည့်အချိန်တွင် ဆင်းသွားသည်မသိ။

ထိုစဉ် ...

"ဝူး ... ဝူး"

မော်တော်ကားစက်နှိုးသံကြားသဖြင့် ချုံတို့ကို တိုးဝှေ့ဖြတ်ကျော်ရင်း အသံလာရာသို့ ကပျာကသီကြည့်လိုက်ရာ ဂိုဒေါင်ဟောင်းနံဘေးရှိ သစ်ပင်ရိပ်မည်းမည်းမှောင်မှောင်ထဲတွင် မည်သည့်အချိန်ကတည်းက ရပ်ထားမှန်းမသိသော ကားနက်လေးတစ်စီးမှာ စက်နှိုးကာ ဂိုဒေါင်ဟောင်းကြီးအား ကွေ့ပတ်မောင်းထွက်သွားသည်ကိုတွေ့လိုက်ရလေတော့၏။

ထို့အတူ 'ဝ'တစ်လုံးသူတော်ဂိုဏ်းကြီး၏အစည်းအဝေးကျင်းပရာ တိုက်ဟောင်းကြီးဘက်မှ ကားတစ်စီးမောင်းထွက်လာသံသဲ့သဲ့ပါ ကြားလိုက်ရပြီး ယင်းကားမှာ ဘူတာရုံဘက်သို့ ဦးတည်လျက် အမှောင်ထဲမှာပင် မီးမှောင်ချမောင်းသွားသည်ကို





ကြယ်ရောင် ကောင်းကင်ရောင်အောက်၌ ခပ်ဝါးဝါးတွေ့လိုက်ရပါ၏။

လှုရဲမှာ သက်ပြင်းကြီးကို စိတ်ပျက်စွာမှုတ်ထုတ်လိုက်ပြီးနောက် လေးလံသောခြေလှမ်းများဖြင့် ချုံနွယ်ပိတ်ပေါင်းတို့ကို တိုးဝှေ့ဖြတ်သန်းကာ လမ်းမဘက်ဆီသို့ ပြန်လျှောက်လာခဲ့ပါတော့သတည်း။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com



## သံသယမီးတောင်

နောက်တစ်နေ့နံနက် မိုးလင်းသည်နှင့် ...

လူရဲသည် အိပ်ရာမှထကာ မျက်နှာသစ်၊ ကိုယ်လ[illegible] သန့်စင်ပြီးနောက် အိမ်မှထွက်ရန်ဟန်ပြင်ရာ မိုးစက်က သ[illegible] တိုက်နေရာ ရေချိုးခုံမှနေ၍ သူ့ကိုမျက်မှောင်ကြုတ်ကြည့်သည်

"စမ်းချောင်းဘက်က သူငယ်ချင်းဆီခဏသွားမလို့"

လူရဲအိမ်မှထွက်လာတော့ နေအတန်ငယ်မြင့်လျက်ရှိ[illegible]

သူသည် လှည်းတန်းအဝိုင်းအနီးမှ မြင်းလှည်းငှား[illegible] စမ်းချောင်းဘက် ထွက်လာခဲ့သည်။

ဦးသီလ၏တိုက်ခန်းသို့ရောက်သည်တွင် ဦးသီလမှာ အိ[illegible] ရာမှနိုးပြီဖြစ်၍ ကော်ဖီဖျော်ကာ ပေါင်မုန့်မီးကင်လျက်ရှိလေ[illegible]





"ဩ ... ကိုယ်တော်ချောက ပေါ်လာသေးတယ်နော်"

ဦးသီလက သူ့ကိုအပြစ်တင်သလိုလို နှုတ်ခမ်းမဲ့ကာ ပြောလိုက်ပြီးနောက် ကော်ဖီနှစ်ခွက်နှင့် ပေါင်မုန့်မီးကင်တို့ကို ည့်ခန်းစားပွဲဆီ ယူလာခဲ့လေသည်။

လူရဲလည်း မိုက်ဆာသဖြင့် ပေါင်မုန့်မီးကင်ကိုဝါးကာ ကော်ဖီတစ်ကျိုက်မော့လိုက်ပြီးနောက် ...

"ကျွန်တော် ဒီကိုပြန်မလာလို့ စိတ်မဆိုးပါနဲ့ဦးလေး သီလရာ၊ ကျွန်တော်လည်း အထက်မြန်မာပြည်အနှံ့ လေးပွင့် သစ္စာဒေဝီကို လိုက်ရှာရာက မတွေ့တဲ့အဆုံး ရန်ကုန်ပြန်လာပြီး သူငယ်ချင်းတစ်ယောက်ငှားနေတဲ့ လှည်းတန်းကအိမ်မှာ သွား [illegible]က်နေလို့ ဒီကို ပြန်မလာဖြစ်တာပါ"

ဟု အကျိုးသင့်အကြောင်းသင့် ရှင်းပြလိုက်ရလေ၏။

"နေပါဦး ... အဲဒီကိစ္စကို ကျုပ် ညကတည်းကမေးမလို့ [illegible] နံပါတ်(၂)ရောက်လာတာနဲ့ စကားပြတ်သွားတယ်၊ မောင်ရင် [illegible]ပြောတော့ မြင်းကကုန်းမှာပဲ နေထိုင်ကြီးပြင်းခဲ့တယ်ဆိုတော့ [illegible]ကုန်ကသူငယ်ချင်းဆိုတာ ဘယ်ကရလာတာလဲ"

"ဒါက ခရီးသွားရင်း ရထားပေါ်မှာ ခင်မင်ရင်းနှီးသွား [illegible]တာပါ၊ သူက သူရိယသတင်းစာက သတင်းထောက်လေ"

"ဩော်"

"အဲဒါ သူကလည်း တစ်ကိုယ်ရေတစ်ကာယသမား[illegible]



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့အဖော်ရအောင် လိုက်နေဖို့ခေါ်တာနဲ့ ကျွန်တော်လိုက်သွား ဖြစ်တာပါ''

''ကဲပါ ... ထားလိုက်ပါတော့၊ ခု ဒီမနက် ဘာကိ အတွက်နဲ့ လာတာလဲ''

''ဦးလေးသီလကို မေးစရာရှိလို့ပါ''

''ဪ ... အေး အေး ... မေးပါ မေးပါ''

''ဒီလို ဦးလေးသီလရေ ... ကျွန်တော်'ဝ'တစ်လုံး တော်ဂိုဏ်းကနေ နှုတ်ထွက်ချင်လို့ပါ ... အဲဒါ ဘယ်လိုလု မလဲဆိုတာ သိချင်လို့''

''ဟေ ... ဘာ ... ဘာပြောတယ် ... 'ဝ'တစ် ဂိုဏ်းကနေ ထွက်ချင်လို့ ... ဟုတ်လား''

''ဟုတ်ပါတယ် ဦးလေးသီလ၊ ကျွန်တော် ဒုစရိ အလုပ်တွေ မလုပ်ချင်တော့ဘူး၊ သမ္မာအာဇီဝနည်းနဲ့ပဲ အသ ရှင်ရပ်တည်ဖို့ ကြိုးစားချင်လို့ပါခင်ဗျာ''

''ကြားသားမိုးကြိုး ... 'ဝ'တစ်လုံးသူတော်ဂိုဏ်း ကျားပါးစပ်ငါးဖမ်းကိရိယာလိုပဲ ... အဝင်သာရှိတယ်၊ အထွ မရှိဘူး မောင်လူရဲရဲ၊ ထွက်ရင်လည်း အရှင်ထွက်မရှိဘူး၊ အသေ ထွက်ပဲရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဂိုဏ်းသားတစ်ယော ဟာ ဂိုဏ်းရဲ့ လျှို့ဝှက်လုပ်ဆောင်ချက်တော်တော်များများ သိထားပြီးမို့ အဲဒီလူ ဂိုဏ်းထဲကထွက်သွားရင် ဂိုဏ်းအတွ





အန္တရာယ်များတာမို့ ဂိုဏ်းထဲက အသက်ရှင်လျက် အထွက်ခံလို့ ဖြစ်ဘူး၊ ဒီတော့ ဂိုဏ်းသားတစ်ဦးဦးဟာ ဘယ်လိုအကြောင်းနဲ့ ဖြစ်ဖြစ် ဂိုဏ်းထဲကထွက်လိုတဲ့သတင်းသန့်သန့်ထွက်တာနဲ့ သူတော်ရှေ့ဟာ အဲဒီဂိုဏ်းသားကို လျှို့ဝှက်သုတ်သင်ပစ်လိုက် မြဲပဲကွယ့်၊ ပြီးခဲ့တဲ့နှစ်ကုန်လောက်တုန်းက ဂိုဏ်းသားတစ်ဦးဟာ ခြင်းပွဲမှာ အချိုကြီးလောင်းရာက သိန်းနဲ့ချီနိုင်လို့ ဂိုဏ်းကနေ ထွက်တော့မယ်လို့ ရိပ်ဖမ်းသံဖမ်းပြောရုံရှိသေးတယ် ... နောက်နှစ်ရက်လောက်ကြာတော့ သူ့ရဲ့အလောင်းကို ကန်တော် ကြီးဘုတ်ကလပ်နားက ရေစပ်မှာ တွေ့ရတာပါပဲ''

ဦးသီလစကားကြောင့် လူရဲမှာ တော်တော်စိတ်ပျက် သွားတော့၏။

''အေး ... တစ်ခုတော့ရှိတယ်၊ ဂိုဏ်းကနေမလွှဲမရှောင် သာတဲ့အကြောင်းကြောင့် ထွက်မယ်ဆိုရင် ဟိုး ... နယ်စပ်အထိ ရောက်အောင်သာ ပြေးပေတော့၊ မန္တလေးလောက်၊ မော်လမြိုင် လောက်၊ လားရှိုး၊ တောင်ကြီးလောက်ပြေးလို့ကတော့ သူတော် ရှေ့ရဲ့လက်က လွတ်ဖို့မလွယ်ဘူး၊ သူ့ရဲ့လက်တံက အဲဒီလောက် ထိ အသာလေးမီတယ် ... မောင်လူရဲရဲ''

''အင်း ... ခက်ပါလားဗျာ''

''ခက်တာတော့မပြောနဲ့ မင်းထွက်သွားရင်လည်း မင်း အာမခံပြီးသွင်းပေးထားတဲ့ ငါ မစားသာဘူး၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တချို့က ကိုယ်သွင်းပေးထားတဲ့လူက တားမနိုင်ဆီးမရဖြစ်
ဂိုဏ်းထဲကထွက်မယ်တကဲကဲလုပ်တာနဲ့ သူတော်ရှေ့ကို ဦးေ
တိုင်ကြတော့တယ်၊ ဒါမှ သူ့ အပြစ်လွတ်မှာကိုး ကျုပ်ကတေ
ကျုပ်ရဲ့ကျေးဇူးရှင်ဖြစ်တဲ့ မောင်ရင် ... ဒုက္ခရောက်မယ့်အလု
မလုပ်ပါဘူး၊ မောင်ရင်သာ ချင့်ချင့်ချိန်ချိန်နဲ့ စဉ်းစားလုပ်ေ
ကွယ်''

''ကျွန်တော့်ကြောင့် ဦးလေးသီလ ဒုက္ခရောက်ရမယ်
လည်း မဖြစ်သေးပါဘူးလေ၊ ကျွန်တော်တို့သွားရင် ဦးလေးသီ
ကိုပါ ခေါ်သွားမှာပါပဲ''

''အလို ... ကျွန်တော်တို့ဆိုပါလား၊ မောင်ရင်ေ
တစ်ယောက်တည်း မဟုတ်ဘူးပေါ့ ... အခြားဘယ်သူများ
သေးလို့လဲကွယ်''

လှရဲ သက်ပြင်းချလိုက်သည်။

''ဒီလို ဦးလေးသီလရဲ့ ... ကျွန်တော်ဟာ မိန်းကေ
တစ်ယောက်နဲ့ ချစ်ရည်တူမှုပြီး လက်ထပ်ယူဖြစ်ကောင်းယူ
လိမ့်မယ်၊ အဲဒီအခါ ဦးလေးသီလပြောသလိုဆို နယ်စပ်တစ်နေ
ဆီပြေးရမှာဗျ ... ဒါကြောင့် အဲဒီလိုပြေးတဲ့အခါ ဦးလေးသီလ
ပါ အပါခေါ်သွားရမယ်လို့ပြောတာ''

ဦးသီလက ဒန်းပေါ်(လ်)ဆေးတံကြီးဖွာလျက်မှ မီးခိုး
တို့ကို မှုတ်ထုတ်လိုက်ပြီး ...





''အင်း ... ကျုပ်ပြေးခဲ့ရင်လည်း ကျုပ်ကိုသွင်းပေးတဲ့
အသင်းသား ဒုက္ခရောက်ရဦးမှာပဲ၊ တစ်ခုရှိတာက ... အဲဒီလို
တွေမဖြစ်စေချင်ရင် 'ဝ' တစ်လုံးသူတော်ဂိုဏ်းကြီးကို အမြစ်ကနေ
လှန်ပြီး မြိုဖျက်ပစ်လိုက်ဖို့ပဲ ရှိတော့တယ်''

ဟု စိတ်ပျက်လက်ပျက်ဖြင့်ပြောရာ လှည်းတန်းသို့ပြန်ခဲ့
သည့်လမ်းတစ်လျှောက်လုံးဝယ် ဦးသီလ၏ထိုစကားသံကိုသာ
လှရဲသည် အထပ်ထပ်ပြန်လည်ကြားယောင်လျက်ရှိပါတော့သ
တည်း။

❐

ထိုနေ့ညနေတွင် ...

လှရဲသည် ချစ်ရသူလေးရှိရာ စံရိပ်ငြိမ်သို့လာခဲ့ပြီး ...

စကားပြောစရာရှိလို့ဟုဆိုကာ စံရိပ်ငြိမ်ထိပ်ရှိ သူတို့နှစ်
ဦးထိုင်နေကျ လက်ဖက်သုပ်၊ ချင်းသုပ်ဆိုင်လေးသို့ ကေကေ့ကို
ခေါ်လာခဲ့လေ၏။

ကေကေက လက်ဖက်သုပ်တစ်ဇွန်းခပ်စားရင်း သူ့
မျက်နှာကိုစေ့စေ့ကြည့်ကာ ...

''အစ်ကိုလှရဲ ... မျက်နှာလည်းမကောင်းပါလား ...
ဘာဖြစ်လို့လဲဟင်''



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးရာ လှုရဲမှာ ချစ်မြတ်နိုးရသော ကေကေ၏မျက်နှာလေးကို တချက်မက်မက်ငေးကြည့်ရင်း သက်ပြင်းကြီးသာ အခါခါချလျက်ရှိလေတော့၏။

"ဟော ... သက်ပြင်းချပြန်ပြီ၊ ဘာဖြစ်လို့လဲဆို ... ပြောလေ"

"ပြောရမှာခက်နေလို့ ကေကေ ... ဒီကိုလာတုန်းကတော့ ပြောစရာရှိလို့ပါပဲ ... ဒီကျမှ ပြောရခက်နေတယ်"

"ပြောရခက်နေတယ် ဟုတ်လား ... ဘာစကားမို့လဲ"

လှုရဲက သူ့ခေါင်းမှဆံပင်ကို သူ့ဘာသာ လက်ဖြင့်ဖွလိုက်ကာ ...

"ဒီ ... ဒီလို ကေကေရယ် ... ပြောစရာစကား နှစ်ခွန်းရှိတယ်"

ဟု နိဒါန်းကို ခက်ခက်ခဲခဲပျိုးလိုက်ရလေ၏။

"ဟုတ်ပြီ ... နှစ်ခွန်းမကလို့ ဘယ်နှစ်ခွန်းပဲဖြစ်ဖြစ် ပြော"

ဆည်းဆာနေခြည်ဖျော့ဖျော့လေး စွန်းထင်းနေသည့် ကေကေ့မျက်နှာဖူးဖူးလေးအား ချစ်မြတ်နိုးစွာ ငေးစိုက်ကြည့်ရင်း ကြေကွဲစွာခုန်နေသောရင်ကို လက်ဖဝါးတစ်ဖက်ဖြင့် မသိမသာ ဖိလျက် ခပ်တိုးတိုးပြောသည်။

"ပထမစကားကတော့ ကေ.. ကေကေ့ကို တို့ သိပ်မြတ်နိုးနေမိပြီဆိုတာပါပဲ ကေကေ"

ကေကေက သူ့ကို မျက်လုံးဝိုင်းလေးများနှင့် ပြန်ကြည့်ရင်း ...

"အင်း ... ထင်တော့ထင်သား ... တစ်နေ့တော့ ဒီလို ပြောလာမယ်ဆိုတာ"

ဟု ရှက်ရဲရဲမျက်နှာလေးဖြင့် ခပ်တိုးတိုးမှတ်ချက်ပြုသည်။

"မဟုတ်ဘူး ကေကေ ... တို့ပြောတဲ့စကားက သာမန်ယောကျာ်းလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကိုပြောတဲ့ ချစ်စကားမျိုးထက် ပိုတယ်၊ တို့ဟာ တို့ရဲ့အသက်, တို့ရဲ့ဘဝနဲ့ရင်းပြီး ဒီစကားပြောရတာပါ"

လှုရဲ၏စကားကြောင့် ကေကေ မျက်မှောင်ကြုတ်သွားသည်။

"ဟင် ... အစ်ကိုလှုရဲရဲ့စကားက အဆန်းပါလား၊ မိန်းကလေးတစ်ယောက်ကို ချစ်စကားပြောတာပဲ ... အသက်တွေ, ဘဝတွေနဲ့ ရင်းရတယ်လို့"

လှုရဲမှာ သူ့ဆံပင်ကိုထပ်ဖွလိုက်ပြန်ပြီး ...

"ဟုတ်တယ် ကေကေ ... အသက်တွေ, ဘဝတွေနဲ့ ရင်းပြီး တို့ပြောရတာပါ၊ တကယ်လို့ ကေကေက တို့ရဲ့အချစ်ကို တုံ့ပြန်နိုင်မယ်ဆိုရင်လည်း ကေကေ့ဘက်က အသက်တွေ, ဘဝ







www.burmeseclassic.com

www.burmeseclassic.com



တွေ ရင်းရမှာပါပဲ"

ဟု ပြောလိုက်ရာ ကေကေမှာ မျက်မှောင်ပိုကြုတ်သွား တော့၏။

"ကျွတ် ... အစ်ကိုလှုရဲပြောမှ ပိုနားရှုပ်သွားပြီ"

"ဒီ ... ဒီလိုပါ ကေကေ ... တို့ပြောချင်တဲ့ ဒုတိယ စကားဟာ အဲဒီအသက်တွေ, ဘဝတွေနဲ့ပတ်သက်ပါတယ်၊ ပြော ရရင်တော့ ကေကေဟာ သာမန်မိန်းကလေးမျိုးမဟုတ်လို့ပါပဲ"

"ဘယ်လို ... ဘယ်လို"

ကေကေမှာ နားပိုရှုပ်သွားပြီး မျက်လုံးလေးများ ဝိုင်းသွား သည်။

လှုရဲက ကေကေ့မျက်နှာလေးကို ငေးကြည့်ရင်း ခပ်တိုး တိုးပြောသည်။

"ဒီလိုပါ ... ကေကေဟာ သာမန်မိန်းကလေးမျိုး မဟုတ်ဘူးဆိုတာ တို့သိထားတယ်၊ အဲ ... ကေကေဟာ ဒုစရိုက်ဂိုဏ်းတစ်ခုနဲ့ ပတ်သက်နေတယ်ဆိုတာ တို့သိထားတယ်"

"အို"

ကေကေ၏မျက်နှာလေးမှာ ဖွေးခနဲဖြစ်သွားပြီး လှုရဲကို အလန့်တကြားကြည့်သည်။ ခဏချင်းမှာပင် ကေကေ၏မျက်လုံး ဝိုင်းဝိုင်းလေးများတွင် သံသယအရိပ်အငွေ့တို့ ယှက်သန်းလာ သည်။ ပြီးတော့ အသံတုန်တုန်လေးဖြင့် ချက်ချင်းမေးသည်။





"အစ်ကို ... အစ်ကိုလှုရဲ ဘယ်လိုလုပ်သိသလဲ"

လှုရဲ သက်ပြင်းချလိုက်သည်။

"တို့ ဘယ်လိုသိသလဲဆိုတာက အရေးမကြီးပါဘူး ကေကေရယ်၊ အဲဒီဒုစရိုက်ဂိုဏ်းနဲ့ ကေကေ ဘာကြောင့် ပတ်သက်နေရသလဲဆိုတာက ပိုအရေးကြီးပါတယ်၊ 'ဝ'တစ်လုံး သူတော်ဂိုဏ်းထဲ ကေကေ ဘာဖြစ်လို့ ရောက်နေရတာလဲဟင်"

ကေကေက လှုရဲ၏မျက်နှာကို မယုံနိုင်သလိုငေးကြည့် ရင်းမှ သူမ၏နှုတ်ခမ်းသားလေးများ တဆတ်ဆတ်တုန်လာပြီး နှုးဝယ် ခွေးသီးလေးများစို့လာသည်။ ပြီးတော့ သူမ၏အသွင်က အတော်စိတ်ပျက်လက်ပျက်ဖြစ်သွားပုံလည်း ရလေသည်။ သူမ က ပတ်ဝန်းကျင်ကိုမလုံမလဲဖြင့် အကဲခတ်ဝေ့ကြည့်သည်။ သူတို့ ၏စားပွဲပုလေးမှာ လမ်းဘေးဆိုင်၏အစွန်ဆုံးမှာ ခင်းထားခြင်းဖြစ် သဖြင့် အခြားသူတို့နှင့် အလှမ်းဝေးသည်။

အတန်ငယ်တုန်လှုပ်သွားဟန်ရှိသည့် ကေကေ၏မျက်နှာ လေးက ပြန်လည်တည်ငြိမ်သွားပြီး သူမက လှုရဲ၏မျက်နှာကို စေ့စေ့စူးစူးပြန်ကြည့်သည်။

"အစ်ကိုလှုရဲ ... ကေကေ့ကို တကယ်ချစ်တယ်ဆိုရင် ပွင့်ပွင့်လင်းလင်းပြောပါ၊ 'ဝ'တစ်လုံးသူတော်ဂိုဏ်းရဲ့အကြောင်း အစ်ကိုလှုရဲ ဘယ်လောက်သိထားသလဲ၊ ကေကေဟာ အဲဒီဂိုဏ်း က ဂိုဏ်းဝင်တစ်ယောက်လို့ ဘာကြောင့်ပြောနိုင်ရတာလဲ



www.burmeseclassic.com

www.burmeseclassic.com



လူရဲမှာ သက်ပြင်းရှိုက်ပြီး မလွဲမရှောင်သာစွာ ဖြေရပြီ။

"'ဝ'တစ်လုံးသူတော်ဂိုဏ်းရဲ့အကြောင်းကို တို့က ကေကေလောက်မသိပါဘူး။ ကေကေ့ကို အဲဒီဂိုဏ်းဝင်တစ်ယောက်လို့ ဘာဖြစ်လို့ပြောနိုင်ရသလဲဆိုရင်တော့ တို့ကိုယ်တိုင် ... အဲဒီဂိုဏ်းဝင် ဖြစ်နေလို့ပါပဲ ကေကေ"

"ရှင်"

ကေကေသည် လွန်စွာတုန်လှုပ်သွားပြီး လူရဲ၏မျက်နှာကို မယုံနိုင်ခြင်းများစွာဖြင့် ကြောင်ကြည့်လျက်ရှိသည်။ ချက်ချင်းဆိုသလိုပင် သူမ၏မျက်ဝန်းတို့အထဲတွင် စိတ်ရှုပ်ထွေးခြင်း၊ ကြေကွဲခြင်း၊ ယုံကြည်မရခြင်း စေတသိက်တို့၏ အငွေ့အသက်များ ယှက်သန်းသွားသည်ဟု ထင်ရ၏။

"ဖြစ်ရလေ အစ်ကိုလူရဲရယ် ... ကေကေဖြင့် ထင်ကို မထင်ဘူး။ ဒါဆို အစ်ကိုလူရဲရဲ့ အသင်းဝင်အမှတ်က ဘာလဲ"

"၁၂"

"သြော် ... ဒါဆို ကေကေနဲ့ အသင်းထဲ တစ်ရက်တည်း ဝင်ခဲ့တဲ့ နံပါတ်(၁၂)က အစ်ကိုလူရဲကိုး"

"ဟုတ်ပါတယ် ကေကေ"

ကေကေက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြန်ပြီး ...

"ဒါဆို ... သူတော်ရှေ့ဟာ ဘယ်သူဆိုတာ သိပြီးပြီ





ပေါ့ ... ဟုတ်လား"

ဟု ခပ်တိုးတိုးမေးလိုက်ရာ လူရဲက ခေါင်းယမ်းပြလိုက်၏။

"မသိသေးပါဘူး ကေကေ"

"တကယ်လား"

"တကယ်ပေါ့ ကေကေ ... တို့က ကေကေ့ကို ဘာဖြစ်လို့ လိမ်ညာဖုံးကွယ်ရမှာလဲ"

"ဟုတ်ပြီ ... ဒါဆို ကေကေဟာ 'ဝ'တစ်လုံးသူတော်ဂိုဏ်းဝင်မှန်း အစ်ကိုလူရဲ ဘာကြောင့်သိသွားတာလဲ၊ ကေကေ့ကိုချစ်တယ်ဆိုရင် မဖုံးကွယ်ဘဲပြော"

ဤတွင်လူရဲက ယမန်နေ့ညဉ့်က သူကြုံတွေ့ခဲ့ရသမျှကို မခြွင်းမချန်ပြောပြလိုက်လေတော့၏။ လူရဲ၏စကားအဆုံးတွင် ကေကေ ပင့်သက်ရှိုက်လိုက်ပြီး ...

"တော်သေးတာပေါ့ ... မနေ့ညက အစ်ကိုလူရဲရဲ့နေရာမှာ အခြားအသင်းသားတစ်ဦးဦးသာဆိုရင် ကေကေ ... ကောင်းကောင်းကြီးဒုက္ခရောက်မှာ၊ ကေကေက 'ဝ'တစ်လုံးသူတော်ဂိုဏ်းသားတွေဟာ ဘယ်သူတွေလဲလို့ သိလိုဇောနဲ့ သူတို့ထွက်လာတာကိုပဲ ဂရုထားကြည့်နေမိတာ .. အစ်ကိုလူရဲကို ဂရုမထားမိဘူး။ အစ်ကိုလူရဲရဲ့ ကေကေ့အပေါ်ထားရှိတဲ့မေတ္တာကိုတော့ ယုံသွားပါပြီရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ လှုရဲမှာ ရင်ခုန်ကြည်နူး နှစ်သိမ့်သွားရတော့၏။

"ဒါထက် . . . ကေကေဟာ ဘာဖြစ်လို့ 'ဝ'တစ်လုံးဂိုဏ်းထဲ ရောက်နေရတာလဲ . . . ပြောပါဦး ကေကေ"

"ပွင့်ပွင့်လင်းလင်းပြောရရင် ကေကေဟာ 'ဝ'တစ်လုံးဂိုဏ်းရဲ့ ဆန့်ကျင်ဘက်အဖွဲ့တစ်ခုကပဲ အစ်ကိုလှုရဲ၊ ကေကေဟာ အဲဒီအဖွဲ့ရဲ့ သူလျှိုတစ်ဦးအဖြစ် 'ဝ'တစ်လုံးဂိုဏ်းထဲ ဝင်ခဲ့တာပါပဲ၊ ရန်ကုန်မြို့ဝန်းကျင်မှာ လက်စောင်းသိပ်ထက်နေတဲ့ 'ဝ' တစ်လုံးသူတော်ဂိုဏ်းရဲ့သတင်းကို စကြားရတာနဲ့ ကေကေတို့ရဲ့ အဖွဲ့ဟာ မဟာဗျူဟာခင်းကျင်းပြီး 'ဝ'တစ်လုံးဂိုဏ်းဝင်လို့ ယူဆရသူတစ်ဦးကို အဖွဲ့သားအချို့က ပြဿနာရှာတယ်၊ အဲဒီမှာ ကေကေဟာ 'ဝ' တစ်လုံးဂိုဏ်းသားဘက်က ဝင်ကူလိုက်တယ်၊ သူက ကေကေ့ကို ကျေးဇူးသိပ်တင်သွားပြီး အစွမ်းအစရှိတယ်လို့လည်းယူဆလို့ သူတို့ဂိုဏ်းထဲဝင်ဖို့ စကားစတယ်၊ အဲဒီမှာ ကေကေဟာ မျှောလိုက်ရင်း 'ဝ'တစ်လုံးဂိုဏ်းထဲ ရောက်လာရတာပါပဲ၊ ကေကေရဲ့အဓိကရည်ရွယ်ချက်ကတော့ 'ဝ'တစ်လုံးဂိုဏ်းနဲ့ ပတ်သက်ပြီး ခြေခြေမြစ်မြစ်လေ့လာဖို့၊ ဂိုဏ်းခေါင်းဆောင်ဟာ ဘယ်သူ့၊ဂိုဏ်းရဲ့ အရေးပါတဲ့ဂိုဏ်းဝင်တွေဟာ ဘယ်သူတွေဆိုတာကို သိအောင်လေ့လာဖို့ပါပဲ၊ အဲဒီလိုလေ့လာပြီး အချက်အလက်စုံတာနဲ့ 'ဝ'တစ်လုံးသူတော်ဂိုဏ်းကို မြေလှန်ပစ်ဖို့ပါပဲ"





ကေကေက ရှည်လျားစွာရှင်းပြပြီးနောက် . . .

"ကဲ . . . အစ်ကိုလှုရဲရော 'ဝ'တစ်လုံးဂိုဏ်းထဲ ဘယ်လိုရောက်လာတာလဲ . . . ပြော"

ဤတွင် လှုရဲက လေးပွင့်သစ္စာဒေဝီနှင့်ပတ်သက်သည့်အချက်မှလွဲ၍ ကျန်သောအချက်အလက်အကြောင်းချင်းတတို့ကို ခရေစေ့တွင်းကျ ပြောပြလိုက်ပါတော့၏။

"တို့ကတော့ မှန်တာပြောရင် . . . 'ဝ'တစ်လုံးသူတော်ဂိုဏ်းလို ဒုစရိုက်ဂိုဏ်းမျိုးနဲ့ မပတ်သက်ချင်တော့ဘူး။ အဲဒါကိုမှ ပြဿနာရှာလာရင်တော့ 'ဝ'တစ်လုံးဂိုဏ်းကို မြေလှန်ပစ်လိုက်ချင်တယ်"

"အစ်ကိုလှုရဲ . . . တကယ်ပဲ 'ဝ'တစ်လုံးဂိုဏ်းကို မြေလှန်ပစ်ချင်သလား"

"အဲဒီဂိုဏ်းဟာ ဒုစရိုက်ဂိုဏ်းပဲလေ၊ အရင်ကလည်း ဒုစရိုက်လုပ်ငန်းတွေလုပ်ခဲ့သလို ရှေ့ဆက်ပြီးတော့လည်း ဒုစရိုက်အလုပ်တွေ ဆက်လုပ်မယ့်ဂိုဏ်းပဲ၊ ဒီလိုဒုစရိုက်ဂိုဏ်းမျိုးကို တို့လည်း ဆက်ပြီးအားမပေးချင်တော့ဘူး"

"ဒါဆို အစ်ကိုလှုရဲ . . . ကေကေနဲ့ပူးပေါင်းလက်တွဲမလား။ ကေကေကတော့ သူတော်ရွှေကိုလက်ရဖမ်းပြီး 'ဝ' တစ်လုံးဂိုဏ်းကိုဖြိုခွင်းဖို့ ဆုံးဖြတ်ထားပြီးပြီ"

ကေကေ၏စကားကြောင့် လှုရဲ မယုံနိုင်အောင် အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။ ကေကေ့အတွက်လည်း များစွာပူပန်သွားမိသည်။

"ကေကေ ... သူတော်ရှေ့နဲ့ သူ့ရဲ့အဖွဲ့ဟာ အင်မတန် အင်အားတောင့်တင်းပြီး စွမ်းရည်မြင့်မားတယ်၊ ကေကေလို မိန်းကလေးတစ်ယောက်က သူတို့ကို ဘယ်လိုယှဉ်နိုင်မှာလဲ"

"အဲဒီအတွက်တော့ မပူပါနဲ့ အစ်ကိုလှုရဲရဲ့၊ ကေကေ့နောက်မှာ ကေကေရဲ့အဖွဲ့ရှိပါတယ်၊ ကေကေတို့အဖွဲ့ကလူတွေက 'ဝ' တစ်လုံးသူတော်ဂိုဏ်းသားတွေထက် ပိုပြီးစွမ်းရည်ထက်မြက်သလို အဖွဲ့ဝင်အင်အားလည်း အများကြီးပိုတောင့်ပါတယ်၊ ကေကေ့အတွက် ဘာမှမပူပါနဲ့ ... အစ်ကိုလှုရဲသာ ကေကေ့နဲ့ လက်တွဲနိုင်,မတွဲနိုင် စဉ်းစားပါ"

လှုရဲမှာ အတန်ကြာ ငေးငိုင်တွေဝေစဉ်းစားပြီးနောက် ပင့်သက်ရှိုက်လိုက်ပြီး ဦးခေါင်းငုံ့လျက် တွေးတွေးဆဆပြောသည်။

"မှန်တာပြောရရင် တို့ရဲ့ပင်ကိုစိတ်သဘာဝက မတရားမှုကိုမနှစ်သက်ဘူး၊ လုယက်ခိုးဆိုးတိုက်ခိုက်တဲ့ မကောင်းမှုကို မနှစ်မြို့ဘူး၊ ဥပဒေနဲ့မလွတ်ကင်းတာကို မလုပ်ချင်ဘူး ... 'ဝ' တစ်လုံးသူတော်ဂိုဏ်းထဲဝင်မိတာကလည်း ဘဝရဲ့အခက်အခဲကြားထဲ ယာယီဖြေရှင်းတဲ့အနေနဲ့ မစဉ်းစားမဆင်ခြင်ဘဲ ဝင်မိတာပါ။ ခု နောက်ပိုင်းမှ သေသေချာချာပြန်စဉ်းစားကြည့်ပြီး အဲဒီဂိုဏ်းထဲဝင်မိတာ မှားမှန်းသိလာရတယ် ကေကေ"





သူ့စကားကို စူးစိုက်စွာနားထောင်လျက်ရှိသည့် ကေကေအား ... ခေါင်းမော့ကြည့်ကာ ဆက်ပြောသည်။

"'ဝ' တစ်လုံးသူတော်ဂိုဏ်းဟာ နိုင်ငံခြားသားအရင်းရှင်တွေ, တိုင်းရင်းသား မြေပိုင်ရှင်, လယ်ပိုင်ရှင်သူဌေးတွေကိုမှ ရွေးပြီး တိုက်ခိုက်လုယက်တယ်ဆိုပေမယ့် အဲဒါဟာလည်း မကောင်းမှုကျူးလွန်တာပါပဲ ကေကေ၊ မတရားသဖြင့် အမြတ်စားပြီး ကြီးပွားချမ်းသာလာသူတွေရှိသလို မိမိရဲ့ရိုးသားကြိုးစားမှုလုံ့လဝီရိယကြောင့်, လုပ်နည်းလုပ်ဟန်မှန်ကန်စနစ်ကျမှုကြောင့် ကြီးပွားချမ်းသာသူတွေလည်း အများကြီးရှိပါတယ်လေ၊ 'အဲဒီလူတွေဆီက ဓားပြတိုက်, ပြန်ပေးဆွဲလုယက်ယူငင်တဲ့အလုပ်ဟာ တရားမျှတတယ်လို့ ဆိုနိုင်မလား၊ ကိုယ့်ရဲ့ကြိုးစားမှုကြောင့် ကြီးပွားချမ်းသာလာတဲ့အခါ ကိုယ့်ဆီကနေ သူတစ်ပါးက အဲဒီလိုတိုက်ခိုက်လုယက်ရင်ကော ကြည်ဖြူခွင့်လွှတ်နိုင်မလား၊ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီအလုပ်တွေဟာ အကုသိုလ်အလုပ်တွေပါပဲ ကေကေ၊ ပြီးတော့ 'ဝ' တစ်လုံးဂိုဏ်းဟာ ရရှိလာတဲ့ဥစ္စာဓနတွေကို အများအကျိုးအတွက်, တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက် အသုံးပြုတာမဟုတ်ပါဘူး၊ သူတို့ရဲ့ကိုယ်ကျိုးအတွက် အသုံးပြုကြတာပါပဲ၊ ဒါကြောင့် တို့ဟာ သူတို့လို ဓားပြလူဆိုးအလုပ်မျိုး မလုပ်လိုတဲ့အတွက် အဲဒီအဖွဲ့က ထွက်ချင်တာပါပဲ ကေကေ"

ထို့နောက် သူက သက်ပြင်းရှိုက်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



“ဒီတော့ ကေကေတို့အဖွဲ့ဟာလည်း သူတို့‘ဝ’တစ်
အဖွဲ့လိုပဲ ဓားပြလူဆိုးအဖွဲ့ဖြစ်နေမယ်ဆိုရင်တော့ . . . တို့အ
ကေကေတို့အဖွဲ့နဲ့ပူးပေါင်းဖို့ခက်လိမ့်မယ် ကေကေ”

ဟု ပြောလိုက်ရာ ကေကေကပြုံးလိုက်ပြီး လက်ညှိုး
တစ်ချောင်းထောင်ကာ . . .

“တစ်ခုရှိတယ်နော် . . . ကေကေနဲ့ စိတ်တူသဘော
လက်တွဲဖော်ဖြစ်နိုင်သူကိုမှ ကေကေရဲ့အချစ်ပေးနိုင်မှာ . . . အဲ
လည်း ထည့်စဉ်းစားဦး”

ဟု ပြောလိုက်သည်တွင် လူရဲမှာ ငိုင်ကျသွားရှာ
၏။ သူသည် အတန်ကြာအောင် ငြိမ်သက်စွာ စဉ်းစားတွေ
လျက်ရှိရာ ကေကေကမူ ခပ်အေးအေးအမူအရာဖြင့် လက်
တစ်ဖွန်း ခပ်စားလိုက်၊ ရေနွေးကြမ်းငုံ့သောက်လိုက် လုပ်
သည်။ အတန်ကြာမှ . . .

“ကဲ . . . ဘယ်လိုလဲဆရာကြီး . . . စဉ်းစားပြီးပြီလား”

ကေကေက ပြုံးစနဲ့နဲ့အမူအရာဖြင့်မေးရာ လူရဲသည်
သက်ပြင်းကြီးမှုတ်ထုတ်လိုက်ပြီး ခေါင်းကိုဖြည်းလေးစွာ ယ
လိုက်လျက် ဆို့နင့်သောအသံဖြင့် ခပ်လေးလေးကြီး အဖြေ
လိုက်သည်။

“ဆောရီး ကေကေ . . . တို့ ကေကေ့ကို အသည်း
အောင် ချစ်မြတ်နိုးနေမိပေမယ့် ကေကေရဲ့အချစ်ကိုရဖို့အတွက်





တော့ ဒုစရိုက်ဂိုဏ်းတစ်ခုခုနဲ့ မပတ်သက်ပါရစေနဲ့ကွယ်”

“အဲဒီဆုံးဖြတ်ချက်က အတည်ပဲလား”

“အတည်ပါပဲကေကေ”

“ဒါဆို ဒီနေ့ ဒီနေရာ ဒီဆိုင်မှာပဲ ကေကေနဲ့အစ်ကို
လူရဲတို့ လမ်းခွဲလိုက်ပြီလို့ မှတ်လိုက်ပါတော့”

ကေကေက လေသံမာမာဖြင့်ပြောရင်း ထိုင်နေရာမှ
ဆတ်ခနဲထရပ်လိုက်သည်။ ပြီးတော့ . . . လက်ဖက်သုပ်၊
ဂျင်းသုပ်ဆိုင်လေးထဲမှ ချာခနဲလှည့်ထွက်သွား၏။

လူရဲမှာ ခေါင်းငိုက်စိုက်ချကာ ကျန်ရစ်ခဲ့ရသည်။

“ကေကေရယ် . . . မင်းကိုတို့သိပ်ချစ်ပါတယ်၊ ဒါပေမဲ့
မကောင်းမှုအလုပ်တွေ တို့ မလုပ်ပါရစေနဲ့တော့၊ မကောင်းတဲ့
အလုပ်နဲ့ ထာဝရအောင်မြင်သူဆိုတာ မရှိပါဘူး၊ မကောင်းမှုရဲ့
ဒဏ်ကို တစ်နေ့ မချွမလွှဲခံရမှာပါပဲ၊ တတ်နိုင်ရင် ကေကေ့ကို
အဲဒီဒုစရိုက်နွံထဲက ဆွဲထုတ်ချင်ပါရဲ့ . . . အင်း . . . ဘယ်ဘဝက
ရေစက်ကြောင့်လဲမသိပါဘူး . . . တို့ဟာ ဒုစရိုက်လောကထဲက
မိန်းကလေးနှစ်ယောက်နဲ့မှ လာပြီးပတ်သက်နေရတယ်လို့”

လူရဲမှာ စိတ်ထဲမှ ကြေကွဲစွာတွေးရင်း . . . လေးမွှင့်
သစ္စာဒေဝီခေါ် မိုးစက်ကိုပါ သတိရမိတော့သည်။

“တော်ပြီ . . . လူသတ်ရာဇဝတ်ကောင်ဖြစ်တဲ့ မမလေး
မွှင့်သစ္စာဒေဝီကို ကူညီကာကွယ်ပေးတဲ့အလုပ်လည်း ဆက်မလုပ်



www.burmeseclassic.com

www.burmeseclassic.com



ချင်တော့ဘူး၊ ဘယ်လိုအတိတ်ရန်ငြိုး ရှိခဲ့ ရှိခဲ့ . . . စော်ကား ကျူးလွန်သူကို ဥပဒေအရ ရင်ဆိုင်မှုမပြုဘဲ ကိုယ့်ဘာသာစီရင် ပြုတာ မှားတယ်၊ ဒါကြောင့် မမဒေဝီကို ငါ အားပေးကူညီ မသင့်ဘူး . . . သူနဲ့လည်း လမ်းခွဲရမယ်"

လူရဲမှာ တွေဝေစဉ်းစားရင်း လက်ဖက်သုပ်၊ ဂျင်းသုပ် ဆိုင်လေး၏ အစွန်ဆုံးစားပွဲခုံလေးမှာပင် ငေးငေးငိုင်ငိုင်ထိုင် လျက်ရှိတော့သည်။ ညဦးအမှောင်လွှမ်းသွားပြီး . . . ဆိုင်လေးထဲ ရောင်စုံမီးသီးလေးများပင် လင်းလက်လာခဲ့ပြီ။

ချစ်မြတ်နိုးရသော ကေကေမှာ သူ့ကို စွန့်ခွာထား သွားချေပြီ။ ချစ်ရသူ၏အချစ်ကို ရနိုင်ပါလျက်သားနှင့် စွန့်လွှတ် လိုက်ရသည့်အဖြစ်ကို သူ တွေးရင်း ကြေကွဲမဆုံးဖြစ်နေတော့ ထို့ထက်ပိုမို၍ ကေကေတစ်ယောက် ဒုစရိုက်နွံအတွင်း သက်ဆင်းဘဝပျက်ရမည့်အရေးကို သူ . . . ပိုမိုပူပန်မိကာ ကေ့ကိုမကယ်တင်နိုင်သည့်အဖြစ်အတွက် ယူကျုံးမရခံစားနေ လေတော့သည်။

ခေါင်းငိုက်စိုက်ချကာ သူ မည်မျှငိုင်တွေနေမိသည် . . . သူ၏မျက်စိရှေ့မှာ ရပ်လာသော ခြေဖမိုးဖြူဖြူဝင်းဝင်း ပြည့်လေးတစ်စုံကို တွေ့ရရာ လွန်စွာအံ့အားသင့်သွားပြီး . . . မရဲဖြင့် ခပ်ဖြည်းဖြည်း မော့ကြည့်လိုက်မိတော့၏။

"ဟင် . . . ကေကေ"

---





ကေကေက သူ့ကို အပြုံးတစ်ပွင့်နှင့်အတူ ငုံ့ကြည့်နေရာမှ သူ့ရှေ့ရှိခုံပုလေး၌ အသာဝင်ထိုင်လိုက်ပါတော့သတည်း . . .။

၁

မိုးစက်မှာ ညနေခင်းကတည်းက အိမ်ရှေ့ဝရန်တာတွင် တက်လက်ကုလားထိုင်ဖြင့်ထိုင်ရင်း . . . တစ်ဖက်ခြံကြီးထဲသို့ မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ ခြံထဲမှ နှင်းဆီပန်းပင်များအား ဦးဆက်နောင် ရေပန်းကရားလေးဖြင့် ရေလောင်းနေသည်ကို သာတွေ့ရပြီး ကျန်လူတို့၏အရိပ်အယောင်ကို မမြင်ရချေ။

သို့သော် မှောင်စပျိုးလာချိန်တွင် တိုက်အိမ်ကြီးထဲမှ ဇော်တိုးထွက်လာပြီး . . . ဟီးလ်မင်းကားလေး မောင်းထွက်သွားသည်ကို တွေ့လိုက်ရ၏။ ခဏကြာလျှင် ဒေါ်သူဇာပါ တိုက်ထဲမှ ထွက်လာကာ ဦးဆက်နောင်နှင့်အတန်ကြာစကားပြောနေရာ ဦးဆက်နောင်သည် ပန်းပင်ရေလောင်းခြင်းကိုရပ်တန့်လျက် ဒေါ်သူဇာအား ခြေဟန်လက်ဟန်ဖြင့် တစ်စုံတစ်ရာ စိတ်ပါလက်ပါ ပြောနေသည်ကို တွေ့ရလေ၏။

ထို့နောက် ဒေါ်သူဇာ တိုက်ကြီးထဲ ဝင်ရောက်ပျောက်ကွယ်သွားပြီး မကြာမီမှာပင် အနွေးထည်အကျႌပွပွနှင့် ဇော်တိုး

---



www.burmeseclassic.com

www.burmeseclassic.com



အကွက်ကျဲဝတ်ဆင်ထားလျက် လည်ပင်း၌ မာဖလာစည်းထားသော ဦးမိုးပွင့် ထွက်လာသည်ကိုမြင်ရလေသည်။ ဦးမိုးပွင့်၏ အသွင်သဏ္ဌာန်ကြည့်ရသည်မှာ နေထိုင်မကောင်းဖြစ်နေပုံရလေသည်။

ဦးမိုးပွင့်နှင့်ဦးဆက်နောင်တို့မှာ ပန်းခြံထဲတွင် လမ်းလျှောက်ရင်း စကားပြောလျက်ရှိရာ အများအားဖြင့် ဦးမိုးပွင့်မှာ နားထောင်သူသက်သက်သာဖြစ်ပြီး ဦးဆက်နောင်ကသာ တစ်စုံတစ်ခုသောအကြောင်းအရာကို စိတ်ပါလက်ပါ လေးလေးနက်နက် ပြောကြားနေခြင်းအား တွေ့ရလေ၏။

"အင်း ...ဦးမိုးပွင့်နဲ့ ဦးဆက်နောင်ဟာ အတော်ရင်းနှီးပုံပဲ၊ ပြီးတော့ ဦးဆက်နောင်ဟာ ဦးမိုးပွင့်အပေါ် အတော်လွှမ်းမိုးနေပုံရတယ်၊ ဦးဆက်နောင်ဟာ ဦးမိုးပွင့်ကို ဒီလောက်ရင်းရင်းနှီးနှီးပိုင်ပိုင်နိုင်နိုင်သိကျွမ်းနေမှတော့ သူဟာ သူတော်ရွှေကိုရော မသိနိုင်ဘူးလား ...သူတော်ရွှေကိုပါ သူသိနိုင်တယ်၊ ဦးဆက်နောင်ဟာ ဦးမိုးပွင့်တို့ သူတော်ရွှေတို့နဲ့ ဘယ်လိုပတ်သက်နေပါလိမ့်"

အတန်ကြာ၌ ဆည်းဆာအား အမှောင်ထု လုံးဝဖုံးလွှမ်းသွားသည်တွင် တိုက်အိမ်ကြီးထဲမှမီးရောင်များ လင်းလက်လာသလို ဦးဆက်နောင်နှင့် ဦးမိုးပွင့်တို့လည်း တိုက်ထဲသို့ ဝင်ရောက်သွားကြလေတော့၏။

ခု နစ် စဉ် ကြယ် တ ပေ



မိုးစက်သည် ပက်လက်ကုလားထိုင်တွင် စဉ်းစားတွေးသွားရင်း အတန်ကြာထိုင်နေရာမှ အမှောင်လွှမ်းလာသည့်ဝန်းကျင်အား ငေးကြည့်လိုက်ကာ ...

"မောင်လူရဲတစ်ယောက်လည်း မိုးချုပ်တာတောင် ပြန်လာသေးပါလား။ သူ ခုတလော တော်တော်ခြေရှုပ်နေတယ်၊ မျက်နှာလည်း သိပ်မကောင်းဘူး ...သူ ဘာတွေဗျာများနေပါလိမ့်"

မိုးစက်မှာ လူရဲအကြောင်း စဉ်းစားလိုက်မိရာမှ စိတ်ထဲဝယ် စနိုးစနောင့်ဖြစ်လာ၏။

"အင်း ...မောင်လူရဲကြည့်ရတာ သူ့မှာ ငါမသိသေးတဲ့ကိစ္စတစ်ခုခု ရှိနေပုံရသလိုပဲ၊ ဘာပဲဖြစ်ဖြစ် ငါဟာ ငါနဲ့ တစ်အိမ်တည်းအတူနေတဲ့ မောင်လူရဲရဲ့အကြောင်း သေချာသိထားသင့်တယ်၊ သူ့မှာ ဘာများလျှို့ဝှက်မှုရှိနေသလဲ မသိဘူး၊ မဖြစ်သေးပါဘူး ...သူ့မရှိတုန်း သူ့အခန်းထဲဝင်ပြီး စစ်ဆေးကြည့်ဦးမှပဲ"

စိတ်မြန်သောမိုးစက်သည် ထိုင်နေရာမှထကာ ဖဲထီးသံချောင်းလေးတစ်ချောင်းကို ရှာဖွေယူပြီးနောက် လူရဲ၏အိပ်ခန်းတံခါးဝအနီးသို့ ချဉ်းကပ်သွားလျက် တံခါးသော့ကို ဖဲထီးသံချောင်းလေးဖြင့် ကလိလိုက်တော့၏။

'ချောက်'

ခု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



ခဏအတွင်းမှာပင် တံခါးသော့မှာ ပွင့်သွားတော့သည်။

အတတ်ပညာမျိုးစုံ လေ့ကျင့်သင်ကြားဆည်းပူးထားသော မိုးစက်အနေဖြင့် ယင်းတံခါးသော့လောက်ကို ဇက်ပျော့သီး အခွံခွာစားရသည်ထက် လွယ်ကူစွာဖွင့်နိုင်သည်သာ ...။

မိုးစက်သည် တံခါးပွင့်သွားသည်နှင့် လူရဲ၏အိပ်ခန်းထဲဝင်ကာ ကြိုးတန်းမှာချိတ်ထားသည့် အင်္ကျီဘောင်းဘီတို့၏ အိတ်များထဲသို့လည်းကောင်း၊ အိပ်ရာခေါင်းအုံးများအောက်သို့ လည်းကောင်း၊ အဝတ်အစားအချို့ထည့်ထားသည့် ကျောပိုးအိတ်ထဲသို့လည်းကောင်း ရှာဖွေရာ ... ကျောပိုးအိတ်၏ အတွင်းအိတ်ငယ်ထဲမှ ဓာတ်ပုံတစ်ပုံကိုတွေ့ရသည်တွင် လွန်စွာအံ့သြသွားတော့၏။

"အို ... ဒါ ... ဒါ ငါ့ဓာတ်ပုံပဲ"

သူတော်ရွှေမှ 'ဝ'တစ်လုံးကိုဖားသားတို့အား ပေးထားသည့် လေးပွင့်သစ္စာဒေဝီ၏ဓာတ်ပုံမိတ္တူကို မိုးစက်တွေ့သွားပြီ ဖြစ်ပါ၏။

"ကြည့်စမ်း ... ဒီဓာတ်ပုံဟာ ကျောက်ဖြူက ငါတို့အိမ် ငါ့အိပ်ခန်းထဲမှာချိတ်ထားတဲ့ဓာတ်ပုံပဲ"

"ဒီ ... ဒီပုံ မောင်လူရဲဆီ ဘယ်လိုရောက်နေပါလိမ့်"

မယုံနိုင်ခြင်းများစွာနှင့်အတူ လူရဲအပေါ် သံသယမ်ား တောင်ပေါက်ကွဲသွားခဲ့ပြီ ...။





"လူရဲမှာ ငါနဲ့ပတ်သက်တဲ့ လျှို့ဝှက်အကြောင်းကိစ္စ တစ်ခုခုရှိရမယ် ... ဒါကြောင့် သူဟာ ငါ့ခေါ်တော့ မငြင်းပယ်ဘဲ အတူလိုက်နေတာကိုး၊ ငါနဲ့သူဟာ သွေးသားမတော်စပ်တဲ့ ယောကျ်ားလေးနဲ့မိန်းကလေးဆိုပေမယ့် စည်းကမ်းရှိရှိနေတတ်လို့ သူ့ရဲ့စောင့်စည်းမှုသိက္ခာ၊ ဖြူစင်တဲ့ကိုယ်ကျင့်တရားတို့ကို ငါ့စိတ် ထဲက ကျိတ်ပြီးချီးကျူးနေမိတာ ... လက်စသတ်တော့ သူက အကြံအစည်တစ်ခုခုကြောင့် ကြောင်လက်သည်းဝှက်ပုံစံနဲ့ ငါ့ အနီးမှာ လိုက်နေတာကိုး"

"သူ့ရဲ့အကြံအစည်ဟာ ငါ့အတွက်ကောင်းတဲ့အကြံအစည် မဟုတ်နိုင်ဘူး၊ သူ့မှာ အခြားဘာလျှို့ဝှက်ချက်တွေ ရှိသေးသလဲမသိဘူး"

သံသယများစွာနှင့်အတူ မိုးစက်က နောက်ထပ် ဘက်အိတ်ငယ်တစ်လုံးကိုပါ ဖွင့်ရှာရာ ...

အိတ်ထဲမှ ဝတ်စုံနက်နှင့် မျက်နှာစည်းပဝါနက်တစ်စတို့ ထွက်လာတော့၏။

အင်္ကျီရင်ဘတ်ကို သေချာကြည့်ရာ ငွေခြည်ဖြင့်ထိုးရက်ထားသည့် အင်္ဂလိပ်ဂဏန်းအက္ခရာ နံပါတ်(၁၂)ကို တွေ့ရရာ မိုးစက်မှာ ခေါင်မွေးများထောင်သွားမတတ် အံ့သြတုန်လှုပ်သွားတော့သည်။

"အို ... သူတော်ရွှေတည်ထောင်ထားတဲ့ 'ဝ'တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



သူတော်ဂိုဏ်းသားတွေဟာ ဒီ ...ဒီလိုဝတ်စုံမျိုး အပေါ်က ထပ်ဝတ်ရပြီး အကျီရဲ့ရင်ဘတ်မှာလည်း အသင်းဝင်နံပါတ်ကို ရေးထိုးထားလေ့ရှိတယ်လို့ ငါ သတင်းသဲ့သဲ့ကြားဖူးထားတယ်၊

ဒါ ...ဒါဆို လူရဲဟာ 'ဝ'တစ်လုံးဂိုဏ်းသားပေါ့ ...၊

ဟုတ်ပါပြီ ...သူဟာ ငါ့ရဲ့ မဟာရန်သူ 'ဝ'တစ်လုံး သူတော်ဂိုဏ်းကဆိုတာ သေချာပါတယ် ...၊

တောက် ...တွေ့ကြသေးတာပေါ့ လူရဲရယ်''

မိုးစက်မှာ လူရဲအပေါ် ဒေါသပြင်းစွာထွက်မဆုံးတော့ ...။

□

သူ့အား စွန့်ခွာထားရစ်ခဲ့သည့် ကေကေတစ်ယောက် သူ့ရှေ့သို့ ပြန်လည်ရောက်ရှိလာသည်ကို လူရဲမှာ အိပ်မက်နှယ် ခံစားနေရသည်။

ကေကေက သူမကို အံ့သြနားမလည်နိုင်စွာ ငေးကြောင်ကြည့်နေသည့်လူရဲအား ခပ်ပြုံးပြုံးမျက်နှာလေးဖြင့် ကြည့်လိုက်ရင်း ...

''ဘာလဲ ...ကေကေပြန်ရောက်လာလို့ သိပ်အံ့သြ





နေတယ်ပေါ့ ...ဟုတ်လား''

ဟုမေးလိုက်ရာ လူရဲက ကေကေ့ကို ဇဝေဇဝါကြည့်ရင်း ခေါင်းညိတ်ပြလိုက်လေသည်။

''ဟုတ်တယ် ကေကေ''

''ဒီထက်အံ့သြစရာကို ပြောမယ် ...တကယ်တော့ ကေကေက အစ်ကိုလူရဲထင်ထားသလို ဒုစရိုက်အဖွဲ့အစည်းဝင် တစ်ဦး မဟုတ်ပါဘူးရှင့်''

''ဒါ ...ဒါဖြင့်''

''ပုလိပ်မင်းကြီးနဲ့ စုံထောက်မင်းကြီးတို့ရဲ့ အထူးတာဝန် ပေးချက်အရ စီအိုင်ဒီရဲ့အစီအစဉ်နဲ့ 'ဝ'တစ်လုံးသူတော်ဂိုဏ်းကို ထောက်လှမ်းစုံစမ်းဖို့ အဲဒီအဖွဲ့ထဲ ဉပါယ်တံမျဉ်နဲ့ ဝင်ရောက်ခဲ့ သူပါ''

''ဟင်''

လူရဲမှာ လွန်စွာအံ့သြသွားတော့၏။

ကေကေက ဝန်းကျင်ကို မျက်လုံးဝေ့ အကဲခတ်လိုက်ပြီး နောက် ပြုံးလျက်ခပ်တိုးတိုးမေးသည်။

''ကဲ ...ဘယ့်နှယ့်လဲ ...'ဝ'တစ်လုံးသူတော်ဂိုဏ်းကို ချေမှုန်းဖို့ ကေကေနဲ့အတူ ပူးပေါင်းနိုင်မလား''

''ဟာ ...ပူးပေါင်းနိုင်တာပေါ့ ကေကေ. .ကေကေဟာ ဉာဒေဘက်တော်သားဆိုမှတော့ တို့က ဘာဖြစ်လို့ မပူးပေါင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



ရမှာလဲ''

''ဟုတ်ပြီ ... အစ်ကိုလူရဲကပါ ကေကေနဲ့ ပူးပေါင်းမယ် ဆိုရင် 'ဝ'တစ်လုံးသူတော်ဂိုဏ်းကိုဖြိုခွင်းဖို့ အစီအစဉ်ဟာ ကျိန်း သေအောင်မြင်မှာပဲ''

''ဒါထက်ကေကေ ဒီလောက်စနစ်ကျပြီး အင်အား တောင့်တဲ့ 'ဝ'တစ်လုံးသူတော်ဂိုဏ်းကို ဘယ်လိုဖြိုခွင်းကြမှာလဲ''

''စီအိုင်ဒီက အကြီးအကဲတွေနဲ့တိုင်ပင်ပြီးမှ ဘယ်လိုကြံ စည်ကြမလဲဆိုတာ ကေကေပြောမယ်လေ''

''ကောင်းပါပြီ ကေကေ ... အဲ ... ဒါထက်''

''ဘာလဲဟင်''

''စောစောကပဲ ကေကေပြောတယ်လေ ကေကေနဲ့စိတ် တူကိုယ်တူ လက်တွဲဖော်ဖြစ်နိုင်သူကိုမှ ကေကေရဲ့အချစ်ပေးနိုင် မယ်ဆို ... ခု တို့ဟာ ကေကေနဲ့စိတ်တူကိုယ်တူ ဖြစ်သွားပြီလေ ဒီတော့ ကေကေ့ရဲ့အချစ် ပေးတော့လေ''

ကေကေက လှပသောမျက်စောင်းလေးထိုးလိုက်ပြီး ..

'''ဝ'တစ်လုံးသူတော်ဂိုဏ်းကြီးကို ကေကေနဲ့အတူ တက်ညီလက်ညီဖြိုခွင်းအောင်မြင်ပြီးမှ ကေကေရဲ့ထာဝရလက်တွဲ ဖော်အဖြစ် အသိအမှတ်ပြုနိုင်မှာဆရာ ... ခုတော့ အဲဒီကိစ္စ ဟိုးထားဦး''

ဟု ပြုံးစနဲ့နဲ့ဖြင့် ပြောလိုက်ရာ လူရဲမှာ ချစ်ရသူလေး





ကို ချစ်မဝနိုင်စွာငေးကြည့်ရင်း မချင့်မရဲကြီးဖြစ်လျက် ရှိပါတော့ သတည်း ...။



www.burmeseclassic.com

www.burmeseclassic.com



## သေမင်းအမှတ် - ၁၂

သက္ကလတ်ဘောင်းဘီအနက်ဝတ်ထားပြီး ရှပ်အင်္ကျီအ နက်ပေါ်မှ ခြုံထည်ဝတ်ရုံအနက်ကိုဆင်မြန်းထားကာ ဦးခေါင်းနှ မျက်နှာတစ်ခြမ်းကိုမိုးလျက် ပဝါစည်းထားသူတစ်ဦးသည် 'ပန်း မြင့်မိုရ်'ခြံကြီးထဲသို့ ကြခတ်ဝါးစည်းရိုးကို ခဲရာခဲဆစ်ဖြိကာ မြေ တစ်ကောင်နှယ် တိတ်ဆိတ်လျှို့ဝှက်စွာ ဝင်ရောက်လာခဲ့ပြီ။

ည(၈)နာရီကျော်ရုံသာရှိသေးသဖြင့် ဦးဆက်နောင်၏ အိပ်ရာမဝင်သေးဘဲ မာတ်စက်ကို ခပ်တိုးတိုးဖွင့်ထားရာ ဖေ စီနာထရာ၏တေးသံက ညဥ့်ဝန်းကျင်ဝယ် သာယာငြိမ့်ညောင်း လွင့်ပျံ့လျက်ရှိလေသည်။

'ဝ'တစ်လုံးသူတော်ဂိုဏ်းသားဝတ်စုံဝတ်ထားသူသည်





နှင်းဆီပန်းရုံများ၏မှောင်ရိပ်ကိုကွယ်ရင်း တိုက်ကြီး၏နံဘေးသို့ ချဉ်းကပ်လာကာ အလင်းရောင်မြင်နေရသည့် မှန်ပြတင်းတစ်ခု၏ အပြင်ဘက်မှ ချောင်းမြောင်းကြည့်လိုက်လေ၏။

ညှော်ခန်းမကြီးထဲမှ ဆိုဖာဆက်တီခုံတစ်လုံးပေါ်တွင် ဦးဆက်နောင်သည် ခြေထောက်ချိတ်ထိုင်ရင်း ဆေးတံဖွာလျက် ရှိကာ ဒေါ်သုဇာမှာ ဦးဆက်နောင်၏နံဘေး ဆက်တီခုံပေါ်ထိုင်နေ ရင်း သူမ၏ရှေ့ရှိ ကျွန်းစားပွဲပုလေးပေါ်မှ ယွန်းသေတ္တာငယ်ကို ဖွင့်နေလေ၏။

ဦးမိုးပွင့်မှာမူ ဦးဆက်နောင်နှင့်မျက်နှာချင်းဆိုင်ဆက်တီ ခုံပေါ်ထိုင်နေကာ ဆက်တီနောက်မှီ၌ ကျောမှီရင်း ယွန်းသေတ္တာ လေးကိုငေးကြည့်နေလေ၏။

ဝတ်စုံနက်က မှောင်ရိပ်ထဲမှာပင်ပြုံးလိုက်ပြီးနောက် ပြ တင်းအနီးမှခွာကာ တိုက်ကြီး၏နောက်ဘက်သို့ ခြေသံလုံစွာကွေ့ တ်လာခဲ့လေ၏။

တိုက်နောက်ဘက်အရောက်တွင် နောက်ဖေးသံလိုန် လှေကားမှ အသာတက်ခဲ့တော့သည်။

လှေကားထိပ်သို့အရောက်ဝယ် ချိုင်းအောက်၌လွယ်လာ သည့်အိတ်လေးထဲမှ ကီရိယာတန်ဆာပလာအချို့ကိုထုတ်ကာ အတွင်းမှ ချက်ထိုးထားသောတံခါးချပ်အား ကြိုးစားဖွင့်တော့၏။

ကွမ်းတစ်ယာညက်ခန့်အကြာတွင် တံခါးချက်ပွင့်သွား



www.burmeseclassic.com

www.burmeseclassic.com



ရာ သူက ကြောင်တစ်ကောင်နှယ် ခြေသံလုံလုံဖြင့် တိုက်အိမ်ကြီး ထဲသို့ ဝင်ရောက်လာတော့သည်။

ခဏအကြာတွင် အိမ်အောက်ထပ်သို့ဆင်းသော ကျွန်း လှေကားကြီးမှ ခြေသံလုံလုံဖြင့် တစ်လှမ်းချင်းဆင်းသက်လာ ဖြစ်ရာ ယင်းအချိန်တွင် ဦးဆက်နောင်နှင့်ဒေါ်သူဇာတို့မှာ မှ သေတ္တာလေးထဲမှ ရတနာပစ္စည်းအချို့ကို ကြည့်ရှုလျက်ရှိလေ

"ဒါထက် ကိုမိုးပွင့် ... ရှင်တို့ဘက်မှာရော လေး သစ္စာဒေဝီရဲ့သတင်း မရဘူးလား။"

ဒေါ်သူဇာ၏အမေးကို ဦးမိုးပွင့်က ဦးခေါင်းဖြည်းဖြည်း စွာယမ်းရင်း ဖြေလိုက်၏။

"ရှမ်းဒေသဘက်မှာတော့ ဘာမှမကြားပါဘူးဗျာ၊ ကျွန် လည်း ကိုကျော်စိမ်းရဲ့သတင်းဆိုးကြားကတည်းက မန္တလေး နေအပြီးခွာပြီး တောင်ကြီးဘက်တက်သွားခဲ့တာဗျ။ လူစည် တဲ့ တောင်ကြီးမြို့ပေါ်မှာ ထင်ထင်ရှားရှားမနေဝံ့လို့ နမ့်စန်သွား ခိုလှုံနေခဲ့ရတာ ခုတော့ ကျန်းမာရေးကလည်း အတော်ချူချာ လို့ ခင်ဗျားတို့ပဲ အားကိုးစရာရှိတယ်ဆိုပြီး ရန်ကုန်ဆင်းလာ တာပါပဲ၊ ကျုပ်ရဲ့ဝေစု အဲဒီရတနာတွေကို ထုခွဲပေးကြ ကျုပ်ရောဂါက ငွေကုန်ကြေးကျခံပြီး သမားတော်ကောင်းကော နဲ့ ကုမှရမှာဗျ"

ယင်းအချိန်မှာပင် ... လှေကားပေါ်မှဆင်းလာသော





သူသည် အောက်ဆုံးလှေကားထစ်ကိုအနင်း ကျွီခနဲမြည်သံ ကြောင့် ဦးဆက်နောင်၊ ဒေါ်သူဇာနှင့် ဦးမိုးပွင့်တို့မှာ ဖျတ်ခနဲ လန့်တထိတ်လှည့်ကြည့်လိုက်ကြလေ၏။

သူတို့သည် 'ဝ'တစ်လုံးဂိုဏ်းသားဝတ်စုံရှင်အား မမျှော် လင့်ဘဲတွေ့ရရာ လွန်စွာအံ့အားသင့်သွားကြပြီးလျှင် ဦးဆက် နောင်မှာ ထိုင်ရာမှ ဆက်ခနဲထရပ်လိုက်ပြီး ...

"မင်း ... မင်း"

ဟု လက်ညှိုးငေါက်ငေါက်ထိုးကာ မျက်လုံးကြီးပြူးပြီး ပြောလိုက်စဉ်မှာပင် ရင်ဘတ်မှာ နံပါတ် (၁၂) ရေးထိုးထားသော ဝတ်စုံနက်၏လက်တစ်ဖက်က လျှပ်ပြက်သလို လှုပ်ရှားသွား တော့၏။

'ဖုတ်'

'ဒုတ်'

"အား"

ဆင်စွယ်ရိုးတပ်ဓားမြှောင်မှာ အဟုန်ပြင်းစွာဖြင့် လေ ကို ခွင်းလာပြီး အံ့အားသင့် ကြက်သေသေနေသော ဦးမိုးပွင့်၏ ရင်ဝသို့ လက်ကိုင်ရိုးအထိ စိုက်ဝင်သွားတော့ရာ ...

ဦးမိုးပွင့်မှာ နာကျင်စွာညည်းညူလိုက်ပြီးနောက် ရင်ဝရှိ ဓားရာမှသွေးတို့စီးကျလာကာ ခန္ဓာကိုယ်ကြီးမှာ နံဘေးသို့ ယိမ်းယိုင်လဲကျသွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ...မင်း"

ဝတ်စုံနက်မှာ လှေကားပေါ် ပြန်ပြေးတက်သွားရာ ဦးဆက်နောင်က လှေကားမှပြေးတက်လိုက်သည့်တွင် ဒေါ်သူဇာမှာလည်း စားပွဲအံဆွဲထဲမှ ပစ္စတိုသေနတ်လေးကို ထုတ်ယူလိုက်ပြီး ခင်ပွန်းသည်၏နောက်မှ ပြေးတက်လိုက်ပါသွားတော့၏။

ဦးဆက်နောင်နှင့်ဒေါ်သူဇာတို့မှာ အိမ်ပေါ်ထပ်အနှံ့ ရှာဖွေကြသော်လည်း ဝတ်စုံနက်၏အရိပ်အယောင်ကိုမျှ မတွေ့ရတော့ချေ။

"တောက် ...ဘယ်ပျောက်သွားပါလိမ့်"

"ဒီနောက်ဖေး အရေးပေါ်လှေကားက ဆင်းသွားတာပဲဖြစ်မယ်၊ တံခါးအဖျက်ခံထားရတယ်"

နောက်ဖေးဘက်ထွက်သောတံခါးပေါက်မှ ကြည့်လိုက်တော့ ခြံနောက်ပိုင်းတစ်ခွင်လုံးမှာ မှောင်ပိန်းတိတ်ဆိတ်လို့ ...

ဦးဆက်နောင်နှင့်ဒေါ်သူဇာတို့ အိမ်အောက်ထပ်သို့ ပြန်လည်ဆင်းသက်လာတော့ ဦးမိုးပွင့်မှာ အသက်ပျောက်လျက်ရှိချေပြီ။

"တောက် ...ဖြစ်ရလေ မိုးပွင့်ရယ်"

ဦးဆက်နောင်မှာ ယူကျုံးမရသံကြီးဖြင့် တဖျစ်တောက်တောက် ညည်းတွားမဆုံးတော့ပါ။

❒ ❒ ❒



# ဝတစ်လုံး၏ နိဂုံး

"ဝ"တစ်လုံးသူတော်ဂိုဏ်းကြီး၏ အစည်းအဝေးကျင်းပရာခန်းမကြီးမှာ အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်လျက်ရှိချေ၏။ ခန်းမမျက်နှာကြက်ပေါ်တွင် ထွန်းညှိထားသော ပဒေသာမီးဆိုင်းကြီးနှင့် နံရံကပ်မီးလုံးများ၏ အလင်းဖြန့်ကျက်ထားမှုအောက်၌ "ဝ"တစ်လုံးသူတော်ဂိုဏ်းသားများမှာ တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သက်စွာ ထိုင်နေကြလေ၏။ သူတို့၏ မျက်နှာတူရှုရှိ ကျွန်းစားပွဲကြီးနောက်မှ ပန်းကနုတ်ဘောင်ခတ် ရွှေပိန်းချ ထိုင်ခုံကြီးထက်၌ ခန္ဓာကိုယ် ခပ်မတ်မတ်အနေအထားဖြင့် ထိုင်နေသည့် ဂိုဏ်းချုပ်ကြီးသူတော်ရွှေကို ဂိုဏ်းသူဂိုဏ်းသားများက မမှိတ်မသုန်သောမျက်လုံးတို့နှင့် စိုးထိတ်စွာ စိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျက်ရှိကြလေ၏။

ဂိုဏ်းသားအမှတ် (၁) ဖြစ်သော ဂိုဏ်းခေါင်းဆောင် သူတော်ရှေ့က လက်ဝဲလက်တွင် ကိုင်ဆောင်ထားသည့် သင်သားတူလေးဖြင့် ကျွန်းစားပွဲမျက်နှာပြင်ကို သုံးကြိမ်ထုကာ အစည်းအဝေးစတင်ပြီဖြစ်ကြောင်း အချက်ပေးလိုက်ပြီးနောက် ဩဇာမာတ်ပါသည့် ပြတ်သားသောအသံဖြင့် စကားစတင်ဆို တော့၏။

'ဒုံး ••ဒုံး ••ဒုံး'

"ဝ"တစ်လုံး သူတော်ဂိုဏ်းသားတို့ အခုညမှာ အထူးအစည်းအဝေးခေါ်လိုက်တဲ့အတွက် သင်တို့ဟာ တအံ့တဩဖြစ်ကြမှာပါပဲ၊ ကျုပ်တို့အသင်းထဲ အသင်းသားအသစ်အဖြစ် ဝင်ရောက်လာသူတိုင်းကို အသင်းရဲ့ လုပ်ထုံးလုပ်နည်းစည်းကမ်းချက်တွေ ပြောဆိုရာမှာ အထူးအစည်းအဝေးကျင်းပဖို့ လိုအပ်တဲ့အခါ သူရိယ၊ သူကြီးဂေဇက်နဲ့ ဗန္ဓုလသတင်းစာကြီးတွေမှာ ဖိုးဝနှင့်လာရောက်တွေ့ဆုံပါဆိုပြီး ကျုပ်က ကြော်ငြာထည့်မှာဖြစ်တယ်၊ အဲဒီကြော်ငြာကို ဗိုတ်မိတာနဲ့ ကြော်ငြာပါတဲ့နေ့ရဲ့နောက်နေ့ည(၁၀)နာရီအရောက် ဟောဒီ ပင်မဌာနချုပ်စည်းဝေးခန်းမကြီးဆီ လာကြရမယ်ဆိုတဲ့အချက် ပါဝင်ခဲ့တယ် •••

အဲဒီလုပ်ထုံးလုပ်နည်း စည်းကမ်းချက်အတိုင်း တမြန်နေ့ကထုတ်တဲ့ သတင်းစာတွေမှာ ကျုပ်ရဲ့ကြော်ငြာပါခဲ့တယ်





ဒါကြောင့် သင်တို့ဟာ ခုလို အသင်းသား စုံစုံညီညီနဲ့ စုဝေးရောက်ရှိလာကြခြင်းပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီးခင်ဗျား"

"အထူးအစည်းအဝေးခေါ်ရတဲ့အကြောင်းရင်းကတော့ သင်တို့အထဲမှာ သစ္စာဖောက်ရှိနေလို့ပဲ"

သူတော်ရှေ့၏စကားအဆုံးတွင် အသင်းသူအသင်းသားတို့ထံမှ ထိတ်လန့်တကြား အာမေဋိတ်သံများ ထွက်ပေါ်လာတော့၏။

"ဟာ"

"ဟင်"

ထို့နောက် အစည်းအဝေးခန်းမကြီးသည် အပ်ကျသံပင်ကြားရလောက်အောင် ပြန်လည်တိတ်ဆိတ်သွားပြီး သူတော်ရှေ့၏စကားသံ ထပ်မံထွက်ပေါ်လာလေ၏။

"ကျုပ်တို့အသင်းအပေါ် သစ္စာဖောက်သူကို အသင်းရဲ့ဥပဒေအတိုင်း ဘယ်လိုတရားစီရင်မှုပြုတယ်ဆိုတာကို သိကြတယ် မဟုတ်လား"

"သိ •••သိပါတယ်ခင်ဗျား"

အသင်းသားအများစုမှာ ကျောရိုးထဲမှ စိမ့်ခနဲဖြစ်သွားပြီး သက်ဖျား ခြေဖျားတို့ပါ အေးစက်သွားကြလေတော့၏။

"အသင်းအပေါ် သစ္စာဖောက်မှုဟာ အကြီးလေးဆုံးပြစ်



www.burmeseclassic.com

www.burmeseclassic.com



မှုဖြစ်ပြီး အဲဒီအပြစ်အတွက် အပြစ်ဒဏ်ကတော့ မရဏာအဆိပ်ငွေ ခန်းထဲမှာ စီရင်မှုခံရခြင်းပဲဖြစ်တယ်၊ ဒီည သင်တို့ရဲ့ ရှေ့မှော်မှာ စီရင်ခြင်းခံရမယ့်သူတွေကတော့ အဲဒီသစ္စာဖောက်နဲ့ သစ္စာဖောက်ကိုတာဝန်ခံပြီး အသင်းထဲခေါ်သွင်းလာသူတို့ပဲဖြစ်တယ်"

ထိုအခါ အသင်းခေါင်းဆောင် သူတော်ရှေ့နှင့် အခြားအသင်းတာဝန်ရှိသူအကြီးအကဲများဖြစ်ကြသော အသင်းသားအမှတ် (၂)၊ အမှတ် (၃)နှင့် အမှတ် (၄)တို့မှလွဲ၍ ကျန်အသင်းသားအသင်းသားတို့မှာ တစ်ဦးကိုတစ်ဦး လှည့်ကြည့်လိုက်ကြပြီး သူတို့၏ ခေါင်းဆောင်ကြီး စွပ်စွဲလျက်ရှိသော သစ္စာဖောက်နှင့် ယင်းသစ္စာဖောက်အား အသင်းထဲခေါ်သွင်းမိသူတို့မှာ သူဟုတ်နိုး နိုး ငါဟုတ်နိုးနိုးဖြင့် ဇဝေဇဝါသံသယပွားကာ ရင်ခုန်ချောက်ချား ထိတ်လန့်နေကြလေတော့၏။

"ဝတစ်လုံးသူတော်တို့ . . . သင်တို့ကို ကျုပ်ဟာ အထူးတာဝန်တစ်ရပ်ပေးခဲ့တယ်၊ အဲဒီတာဝန်ကတော့ ကျုပ်ရဲ့မဟာရန်သူ လေးပွင့်သစ္စာဒေဝီကို သုတ်သင်ပစ်ဖို့ပဲဖြစ်တယ်၊ ကျုပ်နဲ့ လေးပွင့်သစ္စာဒေဝီရဲ့အကြားမှာ အမုန်းအာဃာတတွေ ဘာဖြစ်လို့ ဖြစ်ရတယ်၊ လေးပွင့်သစ္စာဒေဝီဟာ ကျုပ်ကိုသာမက ကျုပ်ရဲ့ သူငယ်ချင်းအရင်းအချာနှစ်ဦးကိုပါ တွေ့ရာသင်္ချိုင်း ဓားမဆိုင်းရန်ပြုဖို့ အငြိုးအတေးကြီးစွာ ထားနေသူဖြစ်တယ်၊ သူဟာ တကယ်လည်း ကျုပ်ရဲ့သူငယ်ချင်းကျော်ကျော်စိမ်းကို ရက်ရက်စက်





စက်ကြီး သတ်ဖြတ်သွားပြီးဖြစ်တယ်၊ နောက်ထပ် . . . ကျုပ်နဲ့ ကျုပ်ရဲ့သူငယ်ချင်းမိုးပွင့်တို့ကို ကျုပ်တို့မမြင်နိုင်တဲ့ တစ်နေရာကနေ လျှို့ဝှက်ချောင်းမြောင်းပြီး လုပ်ကြံဖို့ ကြိုးစားနေတယ်၊ ဒါကြောင့် သူက လက်မဦးခင် ကျုပ်တို့ဘက်က လက်အရင်ဦးဖို့ လိုတဲ့အတွက် သူ့ရဲ့ဓာတ်ပုံတွေကို သင်တို့ရဲ့လက်ထဲ ဖြန့်ဝေပေးထားပြီး နိုင်ငံအနှံ့ သူ့ကို ရှာဖွေသုတ်သင်ဖို့ သင်တို့ကို စားရိတ်ငွေများစွာ အကုန်အကျခံပေးပြီး စေလွှတ်ခဲ့တာဖြစ်တယ် . . .၊

ဒါပေမဲ့ . . . ကျုပ်တို့ လက်မဦးခင် လွန်ခဲ့တဲ့နှစ်ရက်နေ့ညကတော့ သူက လက်ဦးသွားပြီဖြစ်တယ်"

"အို"

"ဟင်"

"ဟာ . . . သူက ဘယ်လိုလက်ဦးသွားပါလိမ့်"

သူတော်ရှေ့၏စကားကြားရသည့်တွင် "ဝ"တစ်လုံးသူတော်ဂိုဏ်းသူဂိုဏ်းသားတို့မှာ အံ့သြတုန်လှုပ်သွားကြသဖြင့် အာမေဍိတ်သံများ မဝံ့မရဲမေးခွန်းထုတ်သံများ ထွက်ပေါ်လာရာ အလုံပိတ်ခန်းဆောင်ကြီးထဲဝယ် တဝေါဝေါဖြစ်သွားလေတော့၏။

"ဒိုး . . . ဒိုး"

"အသုံးမကျတဲ့ မြည်းတွေ၊ တန်ဘိုးမဲ့တဲ့ လားတွေ ဘိတ်စမ်း"

စားပွဲကို သစ်သားတူလေးဖြင့်ထုရင်း မိုးခြိမ်းသံကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



သော သူတော်ရှေ့၏ ဟိန်းဟောက်သံကြီး ထွက်ပေါ်လာ[...] ဂိုဏ်းသူဂိုဏ်းသားတို့မှာ လန့်ဖျပ်ငြိမ်သက်သွားကြပြန်လေတော့ ၏။

"တစ်ယောက်နဲ့ အများတောင် အသုံးမကျတဲ့ သူ[...] တွေ သင်တို့ကို လား ပင်စင်ပေးပြစ်ဖို့ပဲ ကောင်းတယ်"

သူတော်ရှေ့၏ ကြိမ်းဝါးမှုကြောင့် ဂိုဏ်းသူဂိုဏ်းသား[...] မှာ ဖက်ပုသွားကြပြီး . . . ကျောရိုးထဲမှ စိမ့်ခနဲ အေးသွားကြ[...] တော့၏။

အားလုံးငြိမ်တိတ်ကာ အပ်ကျသံပင်ကြားရလုမတတ် ဖြစ်သွားစဉ် သူတော်ရှေ့၏ အသံဝါကြီး ထွက်ပေါ်လာပြန်ပါ[...]

"လွန်ခဲ့တဲ့ နှစ်ရက်နေ့ည(၈)နာရီခွဲလောက်မှာ ကျုပ်[...] သူငယ်ချင်းမိုးပွင့်ဟာ သတ်ဖြတ်ခြင်းခံခဲ့ရတယ်"

"ဟာ"

"ဟင်"

"အို"

"အဲဒီသတ်ဖြတ်မှုကို ကျူးလွန်သူဟာ သင်တို့ထဲ[...] တစ်ယောက်ပဲ"

သူတော်ရှေ့က ဂိုဏ်းသူဂိုဏ်းသားများဘက်သို့ လ[...] ညှိုးကြီး ငေါက်ငေါက်ထိုးကာ အသံဝါကြီးဖြင့် စွပ်စွဲလိုက်[...] အားလုံးလိုလိုမှာ ရင်ထိတ်သွားပြီး ခြေဖျားလက်ဖျားတို့ အေး[...]





ကုန်ကြတော့၏။

"အဲဒီသူဟာ သစ္စာဖောက်ပဲ"

"အဲဒီသစ္စာဖောက်ဟာ အဲဒီပြစ်မှုကို ဘာဖြစ်လို့ ကျူးလွန်ရသလဲဆိုတော့ သူဟာ လေးပွင့်သစ္စာဒေဝီနဲ့ ဆက်သွယ်မှုရှိပြီး လေးပွင့်သစ္စာဒေဝီရဲ့ စေခိုင်းညွှန်ကြားချက်အရ မိုးပွင့်ကို သတ်ဖြတ်လုပ်ကြံခဲ့တာပဲဖြစ်တယ်"

"ဘာဖြစ်လို့ ဒီလိုတပ်အပ်သေချာ စွပ်စွဲနိုင်သလဲဆိုရင် မိုးပွင့်ရဲ့ ရင်မှာစိုက်ဝင်နေတဲ့ လူသတ်သမားရဲ့ ဓားမြှောင်လက်ကိုင်ရိုးဟာ ဆင်စွယ်လက်ကိုင်ရိုးဖြစ်ပြီး . . . အဲဒီလက်ကိုင်ရိုး အပေါ်မှာ လေးပွင့်သစ္စာဒေဝီလို့ ကမ္ဘည်းရေးထိုးထားလို့ပဲ"

"ဒီတော့ . . . လေးပွင့်သစ္စာဒေဝီဟာ အဲဒီသစ္စာဖောက် လူသတ်ကောင်ကို နောက်ကနေကြိုးဆွဲပြီး မကြာမီ ကျုပ်ကို သုတ်သင်ဖို့စေခိုင်းတော့မှာဖြစ်တယ်၊ ကျုပ်သာ လုပ်ကြံသတ်ဖြတ်ခံရရင် 'ဝ'တစ်လုံးသူတော်ဂိုဏ်းကြီးဟာလည်း ပြိုကွဲပျက်စီးသွားမှာဖြစ်ပြီး သင်တို့ရဲ့ဘဝရည်မှန်းချက်တွေ အားလုံး ပျက်သုဉ်းသွားမှာပဲဖြစ်တယ်"

"ကျုပ်ဟာ လေးပွင့်သစ္စာဒေဝီရဲ့ပြဿနာကို ရှင်းပြီးရင် ကျုပ်တို့ရဲ့အဖွဲ့အတွက် အချိုးကြီးပွစေမယ့်ကိစ္စတွေလုပ်ဖို့ စီမံချက်ချထားပြီးဖြစ်တယ်"

"စက်ရှင်မင်းကြီးတစ်ဦးရဲ့သမီးကို ပြန်ပေးဆွဲဖို့ကိစ္စ၊



www.burmeseclassic.com

www.burmeseclassic.com



မဂိုလမ်း (ယခုရွှေဘုံသာလမ်း) က ကုလားဘာဘူသူဌေးတစ်ဦးရဲ့ မြေတိုက်အလုံခန်းကိုဖောက်ပြီး ငွေနှစ်သိန်းကျော်လောက်တန်တဲ့ အစိုးရအာမခံစာချုပ်တွေ ခိုးယူဖို့ကိစ္စ''

''ရှိုးကုန်တိုက်သူဌေးရဲ့သမီးမွေးနေ့ပါတီပွဲမှာ တက်ရောက်ချီးမြှင့်မယ့် ဘုရင်ခံကတော်ရဲ့စိန်လည်တုံကို ပဋ္ဌလက်ဆန့်ဆန် လူပုံအလယ်မှာလုယက်ယူဖို့ကိစ္စ၊ အဲဒီကိစ္စတွေကိုဆောင်ရွက်ဖို့ အစီအစဉ်တွေချ၊ သတင်းအချက်အလက်တွေအားလုံး ထောက် လှမ်းထားပြီးဖြစ်တယ်''

''အဲဒီစီမံချက်သုံးခုစလုံးသာအောင်မြင်ရင် ကျုပ်တို့အဖွဲ့ကြီးရဲ့ရန်ပုံငွေဟာ ငါးသိန်းခွင်းလောက် တိုးလာမှာအမှန်ပဲ၊ ဒါဆို သင်တို့အကျိုးအမြတ်ခွဲဝေခံစားရမယ့်ပမာဏ ဘယ်လောက် များသွားမလဲဆိုတာ ကိုယ့်ဘာသာ တွက်ချက်ကြည့်ပေတော့''

ဂိုဏ်းသူဂိုဏ်းသားများထံမှ ပင့်သက်ရှိုက်သံကြီး ထွက်ပေါ်လာရာ အလုံခန်းကြီးထဲဝယ် လေလှိုင်းတစ်ခုရိုက်ခတ်သွားသလား ထင်ရလေ၏။

''အခုတော့ အဲဒီရည်မှန်းချက်တွေ ပျက်ယွင်းစေဖို့ သံယောက်မလိုဖွဲ့မယ့် သစ္စာဖောက်လောက်ကောင်ဟာ သင်တို့လူစုထဲမှာရှိနေပြီဖြစ်တယ်''

ဂိုဏ်းသူဂိုဏ်းသားတို့မှာ တစ်ဦးကိုတစ်ဦး မယုံသင်္ကာ





စွာဖြင့် လှည့်ကြည့်လိုက်ကြပြန်လေ၏။

ထိုစဉ် အသင်းသားအမှတ်(၁၀)က လက်တစ်ဖက်ထောင်ကာ ခွင့်တောင်းလိုက်ပြီးနောက် လက်သီးလက်မောင်းတန်းကာ အော်ပြောလိုက်ပြန်လေ၏။

''ဆရာကြီးခင်ဗျာ . . . ကျွန်တော်တို့အဖွဲ့နဲ့ အဖွဲ့ရဲ့ရည်မှန်းချက်တွေကို ဖျက်ဆီးမယ့်သစ္စာဖောက်လောက်ကောင်ကို ခုပဲ အမြန်ဆုံးဖော်ထုတ်ပြီး သုတ်သင်ရှင်းလင်းလိုက်ပါတော့ခင်ဗျာ''

''ဟုတ်တယ် . . . ဟုတ်တယ် . . . ကျုပ်တို့မြန်မြန်ချမ်းသာဖို့ သစ္စာဖောက်ကို မြန်မြန်ကြီးရှင်းပစ်မှဖြစ်မယ်''

''ဟုတ်တယ် သစ္စာဖောက်ကို မြန်မြန်ကြီးအပြစ်ဒဏ်ခတ်ပါတော့ဆရာကြီး''

သူတော်ရွှေသည် သစ်သားတူလေးဖြင့် စားပွဲကိုတဒုံးဒုံးထုလိုက်ပြန်ပြီး . . .

'ဒုံး . . ဒုံး . . ဒုံး'

''ကဲ . . . ကဲ . . . ဂိုဏ်းသူဂိုဏ်းသားများ ကျုပ်မေးမယ်၊ ကျုပ်မေးမယ့်စကားကို ပြတ်ပြတ်သားသားကြီးဖြေကြစမ်း၊ သင်တို့ရဲ့စိတ်ထဲက တစ်ကယ်ပါမှဖြေ . . . ကဲ ကျုပ်မေးပြီ''

''သင်တို့အားလုံး အခုချက်ချင်းချမ်းသာပြည့်စုံတဲ့ဘဝရောက်ချင်ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"ရောက်ချင်ပါတယ် ဆရာကြီး"

"ဟုတ်ပြီ . . . အဲဒီလို ချမ်းသာရာဘဝဆီသွားကြမယ့် ကျုပ်တို့ရဲ့ခရီးလမ်းမှာ တားဆီးလာတဲ့ အနှောင့်အယှက်တွေ ရင် ဘာလုပ်ကြမလဲ"

"ရှင်းပစ်ကြပါမယ် ဆရာကြီး"

"အဲဒီလိုနှောင့်ယှက်ဖျက်ဆီးမယ့် ရန်သူဟာ ကျုပ်တို့ရဲ့ အဖွဲ့ကြီးထဲ ရောက်ရှိနေပြီဖြစ်တယ်၊ ဒီတော့ . . . အဲဒီသစ္စာ ဖောက်ကိုဖော်ထုတ်ပြီး အပြစ်ပေးသင့်သလား မပေးသင့်ဘူး လား"

"အပြစ်ပေးသင့်ပါတယ် ဆရာကြီး"

"ဟုတ်ပြီ . . . သင်းကို အပြစ်ပေးနိုင်ဖို့ အဲဒီသစ္စာ ဖောက် ဘယ်သူဆိုတာ သင်တို့သေချာကြည့်ထားကြ၊ ကျုပ် ခုပဲ ဖော်ထုတ်တော့မယ်"

အစည်းအဝေးခန်းမကြီးမှာ အပ်ကျသံကြားရလောက် အောင်ပင် ဆိတ်ဆိတ်ငြိမ်သွားပြန်ပါ၏။

"အသင်းသားအမှတ်(၁၂) ရှေ့ကိုထွက်ခဲ့စမ်း"

သူတော်ရှေ့၏အသံဝါဝါကြီးက အသံလုံခန်းကြီးထဲတွင် ဟိန်းထွက်သွားသလို လူရဲမှာလည်း ထိတ်လန့်အံ့ဩသွားတော့၏

"ဟော့ . . . ပြောနေတာ မကြားဘူးလား . . . အသင်း သားအမှတ်(၁၂) ရှေ့ကိုထွက်ခဲ့လေ"





ဂိုဏ်းသူဂိုဏ်းသားအတော်များများက သူရှိရာသို့လှည့် ကြည့်လိုက်ကြရာ လူရဲမှာ မနေသာတော့ဘဲ အသင်းသားအ မှတ်(၅) နှင့် (၈)တို့ဘက်သို့ မသိမသာလှည့်ကြည့်လိုက်ပြီးနောက် ထိုင်နေရာမှထကာ သူတော်ရှေ့၏စားပွဲရှေ့တွင် ခြေစုံသွားရပ် လိုက်ရလေတော့၏။

"သင့်ရဲ့ခေါင်းက ပဝါကို ဖြည်လိုက်စမ်း"

သူတော်ရှေ့၏စကားအဆုံးတွင် လူရဲက ဦးခေါင်းနှင့် မျက်နှာအထက်ပိုင်းကိုဖုံးကွယ်ထားသည့်ပဝါအား ဖြည်ဖြုတ် လိုက်ရလေ၏။

"အဲဒီလူဟာ . . . သစ္စာဖောက်ပဲ၊ ကျုပ်ရဲ့သူငယ်ချင်း မိုးပွင့်ကို တမြန်နေ့ညက ဓားမြှောင်နဲ့ပစ်ပေါက်ပြီး သတ်ဖြတ်ခဲ့သူ ဟာ သူပဲ"

လူရဲမှာ လွန်စွာအံ့အားသင့်သွားပြီး ချက်ချင်းငြင်းဆို လိုက်၏။

"မှားနေပြီနဲ့တူတယ် . . . ကျွန်တော်ဟာ ဦးမိုးပွင့်ကို လုံးဝမသတ်ပါဘူး၊ သူ့ကိုမြင်တောင်မမြင်ဖူးဘူး . . . မှားနေပြီ"

"ဘာမှားနေပြီလဲ . . . မင်းဟာ အဲဒီညက အခုဝတ် ထားတဲ့ 'ဝ'တစ်လုံးသူတော်ဝတ်စုံကိုဝတ်ပြီး မိုးပွင့်ကို ဓားမြှောင် နဲ့ပစ်ပေါက် သတ်ဖြတ်ခဲ့တာ ငါ့မျက်စိနဲ့ တပ်အပ်တွေ့ခဲ့တယ်၊ ခင်း ဘာငြင်းမလဲ၊ မင်းရဲ့ရင်ဘတ်က (၁၂) ဆိုတဲ့ဂဏန်းကို



www.burmeseclassic.com

www.burmeseclassic.com



ငါ့သေချာတွေ့ခဲ့တာပဲ''

လူရဲမှာ သက်ပြင်းရှိုက်လိုက်ပြီးနောက် ဦးနှောက်ကို သုံးကာ အလျင်အမြန် ပြန်လည်စဉ်းစားလိုက်၏။

သူသည် ဤအထူးအစည်းအဝေးပွဲကျင်းပသည့် ဌာန ချုပ်ရှိရာ ခြံကြီးထဲမဝင်မီ အိတ်ထဲမှဝတ်စုံကိုထုတ်ဝတ်သည်တွင် တစ်စုံတစ်ရာထူးခြားသလိုလိုခံစားလိုက်မိမှန်း ပြန်လည်အမှတ် ရလာ၏။ ဘာကြောင့်ရယ်မသိ ဝတ်စုံကိုဝတ်လိုက်သည်တွင် ထူးခြားသောအနံ့တစ်မျိုး ရလိုက်သည်။ ထိုစဉ်ကမူ အမှုမဲ့အမှတ် မဲ့ဖြစ်ခဲ့သော်လည်း ယခုပြန်စဉ်းစားကြည့်မှ ထိုရနံ့ကို ပြန်လည် မှတ်မှတ်ဆဆ်ထင် ဖြစ်လာခဲ့၏။ ယင်းရနံ့မှာ ကိုယ်သင်းနံ့တစ်မျိုး ဖြစ်၏။ ချိုအီမွှေးသောကိုယ်သင်းနံ့ ...

ယခုထက်ထိ ထိုကိုယ်သင်းနံ့ကိုရနေတုန်း

ယင်းကိုယ်သင်းရနံ့မှာ သူအစ်မတစ်ယောက်လို ခင်မင် မိသည့် မိုးစက်(ခေါ်)လေးပွင့်သစ္စာဒေဝီ၏ကိုယ်သင်းနံ့ပင် ဖြစ်ပေ ၏။

''ဟုတ်ပြီ ... တမြန်နေ့ညက ငါဟာ ကေကေနဲ့အတူ ကျောက်မြောင်းမှာနေတဲ့ စီအိုင်ဒီစုံထောက်အင်စပက်တော်ကြီး ဦးသော်ဇင်ဆီလိုက်သွားခဲ့လို့ အိမ်ကိုည(၁၁း၀၀)နာရီကျော်မှ ပြန် ရောက်ခဲ့တယ်၊ ငါပြန်ရောက်လာတော့ မမလေးပွင့်သစ္စာဒေဝီ အိမ်ရှေ့တံခါးကိုစေ့ပြီး အိပ်နှင့်ပြီဖြစ်တယ်၊ တကယ်တော့ အဲဒီည





က သူအိပ်ချင်မှအိပ်မှာပါ၊ ငါမရှိတုန်း ငါ့ရဲ့အခန်းထဲတစ်နည်း နည်းနဲ့ဝင်ပြီး မွှေနှောက်ရာက ‘ဝ’တစ်လုံးသူတော်ဝတ်စုံကို တွေ့သွားပုံရမယ်၊ သူဟာ အင်မတန်ပါးနပ်သူမို့ ငါ့ရဲ့အကြောင်း ကိုရိပ်မိသွားနိုင်ပြီး ငါ့ရဲ့ဝတ်စုံကိုဝတ်လို့ ဦးမိုးပွင့်ကို သွားသတ် တာပဲဖြစ်ရမယ်၊ ပြီးမှ ဝတ်စုံကိုနေသားတကျပြန်ထားထားပုံရ တယ်၊ သူဝတ်ထားလို့ ဒီဝတ်စုံမှာ သူ့ရဲ့ကိုယ်သင်းနံ့စွဲနေတာပေါ့၊ ဒါကလည်း ငါ့ရဲ့အခန်းထဲက ပစ္စည်းပစ္စယတွေနဲ့ အိပ်ခန်းတံခါး သော့တို့ အရာမယွင်းတော့ သူ့ရဲ့လုပ်ရပ်ကိုမရိပ်မိခဲ့ဘူးပေါ့၊ သူက နောက်နေ့တွေမှာလည်း ဘာမှမဖြစ်သလို ဟန်မပျက် နေခဲ့တယ်၊ သူ့ရဲ့လုပ်ကွက်က ငါ့ကို သူတော်ရွှေနဲ့ထိပ်တိုက်တွေ့ အောင် ငါးကြင်းဆီနဲ့ငါးကြင်းကြော်သလို ရန်သူရဲ့တုတ်နဲ့ ရန်သူပြန်ရိုက်သလို တစ်ချက်ခုတ် နှစ်ချက်ပြတ်လုပ်ခဲ့တာပဲ၊ ငါ့ရဲ့အပေါ် တော်တော်ရက်စက်တာပါလား''

''ငါသာ သူ့အပေါ်ရက်စက်မယ်ဆိုရင် အစကတည်းက ရက်စက်လို့ရတာပေါ့၊ ငါကတော့ သူ့ကိုအစ်မတစ်ယောက်လို ခင်မင်မိလို့ မရက်စက်ရက်ခဲ့ဘူး၊ အင်းပေါ့လေ ... သူ့ဘက်က ကြည့်တော့လည်း ငါဟာသူ့ရဲ့မဟာရန်သူ‘ဝ’တစ်လုံးသူတော် ဖြစ်သွားမှန်း ရိပ်မိလိုက်ချိန်မှာ အသင်းသားဟောင်း (၅)နဲ့ (၁၂) တို့ကို မော်လမြိုင်ကျွန်းမြို့က သချိုင်းထဲမှာသတ်သလို သတ်ချင်မှာပါပဲ၊ ငါ့အပေါ် သံယောဇဉ်ဖြစ်လို့ပဲဖြစ်စေ၊ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အသက်သခင်ကို သူ့လက်နဲ့မသတ်ချင်လို့ဖြစ်စေ၊ ခုလို ဥပါယ်တံမျဉ်နဲ့ ငါရော သူတော်ရှွေလို့ခေါ်တဲ့ သူ့ရဲ့မဟာရန်သူတော်ကြီး ရန်ကြီးရွှေတို့ နှစ်ယောက်စလုံး ထိပ်တိုက်တွေ့ဒုက္ခရောက်စေဖို့ ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင်ပစ်တဲ့နည်းကို သုံးခဲ့ပုံရပါလား"

အထက်ဖော်ပြပါအတိုင်း လူရဲတွေးနေစဉ်မှာပင် သူတော်ရွှေ၏အသံဝါဝါကြီး ဟိန်းထွက်လာပြန်၏။

"'ဝ' တစ်လုံးသူတော်အသင်းသားတို့ သင်တို့ရဲ့ရှေ့မှောက်မှာရပ်နေတဲ့ရာဇဝတ်သားသစ္စာဖောက်ရဲ့အမည်ဟာ လူရဲဖြစ်တယ်၊ သူဟာ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ မြင်းကကုန်းကျေးရွာကနေ အလုပ်ရှာဖွေဖို့လာရာက ကျုပ်တို့အဖွဲ့ထဲရောက်လာသူ ဖြစ်တယ်"

"သူ့ကိုအာဝန်ခံပြီး ကျုပ်တို့အဖွဲ့ထဲသွတ်သွင်းခဲ့သူမှာလည်း အသင်းရဲ့ဥပဒေအရ သစ္စာဖောက်ဖြစ်သူနဲ့ထပ်တူ အပြစ်ရှိပြီး သစ္စာဖောက်ကိုပေးတဲ့အပြစ်ဒဏ်အတိုင်း စီရင်ခြင်းခံရမှာဖြစ်တယ်၊ ဒီတော့ သစ္စာဖောက်ကိုတာဝန်ခံပြီး အသင်းထဲသွတ်သွင်းခဲ့သူကို ဖော်ထုတ်ရမယ်"

"အသင်းသား အမှတ်(၈) ရှေ့ကိုထွက်ခဲ့စမ်း"

သူတော်ရွှေ၏အမိန့်သံဆုံးသည်နှင့် အသင်းသားအမှတ်(၈)ဖြစ်သူ ဦးသီလမှာ ကြုံတွေ့လာရမည့်ကြမ္မာကို ကြိုတင်တွက်ဆသားပြီးဖြစ်သဖြင့် စောဒကတက်ခြင်း တစ်စုံတစ်ရာ





မပြုဘဲ ထိုင်ရာမှထကာ သူတော်ရွှေ၏စားပွဲရှေ့မှာ ထွက်ရပ်လိုက်လေသည်။

"အသင်းသားအမှတ် (၈) . . . သင့်ရဲ့ခေါင်းမှာစည်းထားတဲ့ အဝတ်စကိုဖြုတ်လိုက်စမ်း"

ဦးသီလက ဦးခေါင်းနှင့်မျက်နှာကိုဖုံးကွယ်ထားသည့်အ ဝတ်စအားဖြည်ဖြုတ်ဖယ်ရှားလိုက်လေ၏။

ဖြစ်လာမည့်အရေးကိုစွမှန်သမျှကို ရင်ဆိုင်ရန်ဆုံးဖြတ်ထားပြီးဖြစ်ဟန်ရှိသည့်ဦးသီလမှာ တုန်လှုပ်ခြင်းမရှိဘဲ တည်ငြိမ်လျက်ရှိရာ သူတော်ရွှေက သူ့မျက်နှာကိုစူးစိုက်ကြည့်ရင်း လက်ညှိုးညွှန်လျက် ပြောလိုက်သည်။

"'ဝ' တစ်လုံးသူတော်တို့ ဒီလူရဲ့အမည်ဟာ ဦးသီလဖြစ်တယ်၊ သူဟာ လူရဲကို ဘိုကလေးမြို့မှာတွေ့ရှိပြီး ရန်ကုန်ခေါ်လာခဲ့ရာက ကျုပ်တို့ရဲ့အသင်းထဲ တာဝန်ခံသွင်းပေးခဲ့သူ ဖြစ်တယ်၊ သူတာဝန်ယူသွင်းပေးသူဟာ သစ္စာဖောက်ဖြစ်လို့ အဲဒီသစ္စာဖောက်နဲ့အတူ သူဟာလည်း အပြစ်ဒဏ်စီရင်ခြင်းခံရမှာ ဖြစ်တယ်"

"ဒီရာဇဝတ်သားဦးသီလရဲ့ အခြားအမည်ဟာ ဦးသက္ကဖြစ်တယ်၊ သူဟာ 'ဝ' တစ်လုံးသူတော်ဂိုဏ်းသားဖြစ်လာမှ ဦးသီလလို့နာမည်ပြောင်းခဲ့သူဖြစ်တယ်၊ ကျုပ်လိုပေါ့ . . . ကျုပ်ရဲ့အမည်ရင်းဟာ ရန်ကြီးရွှေဖြစ်ပြီး 'ဝ' တစ်လုံးသူတော်ဂိုဏ်းကို



www.burmeseclassic.com

www.burmeseclassic.com



ထူထောင်တော့မှ သူတော်ရွှေဖြစ်ခဲ့တာပဲ''

သူတော်ရွှေ ယင်းသို့ပြောနေစဉ် အသင်းသားအမှတ်(၄) ဖြစ်သူ ကေကေသည် ဦးသီလ၏မျက်နှာအား စေ့စေ့ကြည့်နေရာမှ ခန္ဓာကိုယ်လေးမှာ ဆတ်ခနဲတုန်သွားပြီး ထိုင်နေရာမှ ဖျတ်ခနဲထကာ ဦးသီလဆီပြေးသွားလေ၏။

သူမ၏အပြုအမူကို ရုတ်တရက်မို့ သူတော်ရွှေအပါအဝင် ဂိုဏ်းသူဂိုဏ်းသားတို့မှာ ကြောင်ကြည့်နေမိစဉ် ကေကေသည် သူမ၏ဦးခေါင်းပေါ်မှပဝါစကို ဖြုတ်ဖြည်ဖယ်ရှားလိုက်ပြီး ဦးသီလနှင့်မျက်နှာချင်းဆိုင်လိုက်ကာ ဦးသီလ၏ပခုံးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်လျက် ...

''ဖေဖေ ...ဖေဖေ ...ဖေဖေဟာ သမီးရဲ့ဖေဖေပေါ့နော်၊ သမီး (၈)နှစ်သမီးအရွယ်မှာ ဖေဖေနဲ့မေမေကွဲလို့ သမီးဟာ မောင်လေးနဲ့အတူ မေမေခေါ်ရာနောက်ပါသွားခဲ့ရတာပါ။ သမီးဟာ ဖေဖေဦးသက္ကနဲ့မေမေဒေါ်မြသီတို့ရဲ့သမီးကြီးပါ ဖေဖေ သမီးကို မှတ်မိရဲ့လားဟင်''

ဟု ဆို့နစ်သောအသံဖြင့်ပြောကာ ပါးပြင်ထက်သို့ မျက်ရည်များစီးကျလာပါတော့၏။

''သ ...သမီး''

ထိုစဉ် ...လုံခြုံရေးတာဝန်ခံအသင်းသားအမှတ်(၄) သည် အစည်းအဝေးခန်းမကြီးထဲပြေးဝင်လာပြီး အလန့်တကြား





သတင်းပို့လေသည်။

''ဆရာကြီး ...ဆရာကြီး ...ခြံဝင်းရဲ့အပြင်ပတ်ပတ်လည်မှာ ပုလိပ်တွေ ...ပုလိပ်တွေ''

''ဟင်''

သူတော်ရွှေသည် လွန်စွာထိတ်လန့်တုန်လှုပ်သွားပြီး ထိုင်နေရာမှ ယောင်ယမ်းကာ ဖျတ်ခနဲထရပ်လိုက်၏။

ကေကေက သူတော်ရွှေအား စူးစူးရဲရဲလှည့်ကြည့်လိုက်ကာ

''သူတော်ရွှေလို့ခေါ်တဲ့ ဦးရန်ကြီးရွှေခေါ် ဦးဆက်နောင် ...ရှင် ပြေးဖို့မစဉ်းစားနဲ့၊ ဥပဒေဘက်တော်သားတွေရဲ့ ရှေ့မှောက်မှာ အညံ့ခံလိုက်ပါ။ ရှင်တို့ဌာနချုပ်တစ်ခုလုံးကို ကျွန်မတို့ရဲ့ စီအိုင်ဒီပုလိပ်အဖွဲ့ကြီးက ဝိုင်းထားလိုက်ပါပြီ''

ဟု ပြတ်သားစွာပြောလိုက်ရာ သူတော်ရွှေသည် သူ၏ခေါင်းမှပဝါစကိုရော နှုတ်ခမ်းမွေးအတုကြီးကိုပါ ဖယ်ရှားလိုက်ပြီးနောက် ဝတ်ရုံအောက်မှပစ္စတိုကို ဆွဲထုတ်လိုက်ကာ ကေကေ့ကို ထိုးချိန်လိုက်လျက် ...

''တောက် ...လက်စသတ်တော့ စီအိုင်ဒီက စုံထောက်ဖုတ်မက သူလျှိုလာလုပ်နေတာကိုး ...သေစမ်းကွာ''

ဟု ကြိမ်းဝါးရင်း ပစ္စတိုခလုတ်ကို ဆွဲချလိုက်စဉ် ...ဦးသီလသည် ကေကေ့ကိုဆွဲလှည့်လိုက်ကာ သူ့ခန္ဓာကိုယ်ကြီးနှင့်

ခု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူအား ကာကွယ်ပေးလိုက်တော့၏။

‘ဒိုင်း’

ကော်ဒိုက်ယမ်းအား၏ ပေါက်ကွဲသံနှင့်အတူ ပစ္စတိုကျည်ဖူးသည် ဦးသီလ(ခေါ်) ဦးသက္က၏ကျောပြင်ထဲ ဖောက်ဝင်သွားရာ ဦးသီလမှာ ခါးကော့သွားရှာတော့၏။

“အား”

“အို ...ဖေဖေ”

ထိုစဉ် ...လူရဲသည် လျှပ်ပြက်သလို လျင်မြန်ခြင်းမျိုးဖြင့် သူ့ရှေ့ရှိ ကျွန်းစားပွဲကြီး၏မျက်နှာပြင်ပေါ် လက်တစ်ဖက်ထောက်ခုန်တက်လိုက်ရင်း ညာခြေဖြင့်လွှဲကာ သူတော်ရွှေ၏သေနတ်ကိုင်လက်ကို ခတ်ထည့်လိုက်တော့၏။

‘ဖောင်း’

ထို့နောက် လူရဲ ...စားပွဲခုံနံဘေးသို့ လွှားခနဲကျသွားစဉ် သူတော်ရွှေသည် သူ၏ရွှေပိန်းချကုလားထိုင်ကြီးပေါ် လျင်မြန်စွာပြန်ထိုင်လိုက်ပြီး ကုလားထိုင်လက်ရမ်းမှ လျှို့ဝှက်ခလုတ်ကိုနှိပ်လိုက်တော့၏။

‘ကျွိ ..အီ ..အီ’

ကုလားထိုင်ကြီး၏နောက်ဘက်မှ လျှို့ဝှက်တံခါးချပ်ပွင့်သွားပြီး ကုလားထိုင်မှာ နောက်သို့ရွေ့လျားဆုတ်သွားရာ သူတော်ရွှေမှာ ကုလားထိုင်ပေါ်ထိုင်လျက်ပါသွားစဉ် ...





“ကျား”

လူရဲသည် လေထဲတွင်ခုန်ပျံလျက် သူတော်ရွှေ၏ပခုံးကို အရှိန်ပြင်းစွာကန်ထည့်လိုက်တော့၏။

‘ဖောင်း’

‘ဝုန်း’

လူရဲ၏ကန်ချက် ပြင်းလွန်းသဖြင့် သူတော်ရွှေမှာ ကုလားထိုင်ပေါ်မှ နံဘေးသို့ပစ်ကျသွားလေတော့ရာ ...

‘ကျွိ ..အီ ..အီ’

ကုလားထိုင်ကြီးမှာ လူမပါဘဲ လျှို့ဝှက်အပေါက်ထဲဝင်သွားပြီး အပေါက်သည်လည်း ပြန်ပိတ်သွားတော့၏။

“တောက် ...သေနာလေး”

အသင်းသားအမှတ် (၂) သည် သူမ၏ခြုံထည်ဝတ်စုံအောက်မှ မိန်းမကိုင်ပစ္စတိုအနက်လေးကိုထုတ်ကာ လူရဲကိုဆဲရေးရင်း ပစ်ရန်ချိန်လိုက်စဉ် ...

‘ဖောင်း’

ကေကေက သူမ၏သေနတ်ကိုင်လက်ကို ခုန်ကန်လိုက်ပြီး လျှပ်ပြတ်သလို ဆက်တိုက်တိုက်ခိုက်လိုက်ရာ ...

‘ဖောင်း’

“ဖြောင်း”

“အမယ်လေး”



www.burmeseclassic.com

www.burmeseclassic.com



အသင်းသားအမှတ်(၂)အမျိုးသမီးမှာ လူရဲ၏နံဘေး ကြမ်းပြင်ပေါ် ပစ်လဲကျသွားသည့်တွင် ဦးခေါင်းမှခေါင်းစည်းပဝါ ပြေသွားတော့ရာ မျက်နှာအထင်းသားပေါ်လာတော့၏။

"ဟင် ...ဒေါ် ...ဒေါ်သူဇာပါလား"

ထိုစဉ် သူတော်ရွှေသည် လဲကျနေရာမှ ဝုန်းခနဲထပြီး လူရဲကို ဒေါသတကြီးဖြင့် တိုက်ခိုက်ရန်ပြေးလာစဉ်တွင် ...

"ဒိုင်း ...ဒိုင်း ...ဒိုင်း"

"အားလုံးမလှုပ်နဲ့ ...လက်မြှောက်ကြစမ်း"

ပြတ်သားကျယ်လောင်သော အမိန့်ပေးအော်ဟစ်သံနှင့်အတူ စီအိုင်ဒီစုံထောက်အရာရှိများ၊ ပုလိပ်အဖွဲ့ဝင်များက သေနတ်များဖြင့်ချိန်ကာ အစည်းအဝေးခန်းမကြီးထဲ ပြေးဝင်လာကြရာ ရှုတ်ရုတ်သဲသဲဖြစ်လျက်ရှိသော 'ဝ'တစ်လုံးသူတော်ဂိုဏ်းသားတို့မှာ လက်မြှောက်ကာ အညံ့ခံလိုက်ကြရပါတော့၏။

ဂိုဏ်းခေါင်းဆောင်သူတော်ရွှေ (ခေါ်) ရန်ကြီးရွှေ (ခေါ်) ဦးဆက်နောင်နှင့် သူ၏ဇနီးဒေါ်သူဇာအပါအဝင် 'ဝ'တစ်လုံးသူတော်ဒုစရိုက်ဂိုဏ်းသားဂိုဏ်းသူအားလုံးကို လက်ထိပ်ခတ်လိုက်ကြစဉ် ...

ကေကေသည် ဖခင်ကြီးဦးသီလ(ခေါ်)ဦးသက္ကအား ပြေးပွေ့ကာ ဝမ်းနည်းကြေကွဲမဆုံးဖြစ်နေရှာတော့သည်။

"ဖေဖေ ...ဖေဖေ ...ဖြစ်ရလေဖေဖေရယ်"





"သ ...သမီး ...ဖေဖေ့အတွက် ဝမ်းမနည်းနဲ့ ...ဖေ ...ဖေဟာ တစ်သက်လုံး ...မိုက် ...မိုက်ခဲ့သူပါ၊ ခုတော့ ...မိုက်ကြေး မိုက်ပြစ်ကို ခံရပြီပေါ့"

"ဖေဖေ စကားသိပ်မပြောနဲ့နော် ...ဖေဖေ့ကို ဆေးရုံပို့မယ်"

"နေ ...နေပါစေ သမီးရယ် ...ဖေဖေ့အခြေအနေကို ဖေ ...ဖေ ...သိ ...ပါတယ် ...သ ...မီးရဲ့ ...မေ ...မေနဲ့ ဖေဖေရဲ့ ...သား ...သားလေးနေကောင်းရဲ့ ...လား"

"ကောင်းပါတယ်ဖေဖေ ...မောင်လေးတောင် ဆယ်တန်းအောင်သွားပြီ"

"ဝမ်း ...ဝမ်းသာလိုက်တာကွယ်၊ ဖေ ...ဖေ့ကို ခွင့် ...ခွင့်လွှတ်ကြ ...ပါ"

စကားဆုံးသည်နှင့် ဦးသီလ (ခေါ်) ဦးသက္ကမှာ ဇာက်သည်ကျသွားပါတော့၏။

"ဖေဖေ ...ဖေဖေ ...ဖြစ်ရလေဖေဖေရယ် ...ဘီး ...ဟင့်"

စီအိုင်ဒီအဖွဲ့မှ သံမဏိမလေးဟုအမည်တွင်သော စုံထောက်အရာရှိမလေးကေကေမှာ သမုဒယသံယောဇဉ်နှင့်ပင် ငိုက်လာတော့လည်း အသည်းမမာနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီး၏အသက်မဲ့သွားပြီဖြစ်သော ခန္ဓာကိုယ်ကို ဖက်ကာ ကြေကွဲစွာရှိက်ငိုမဆုံးတော့ . . .

မည်သို့ဖြစ်စေ 'ဂ'တစ်လုံးသူတော်ဂိုဏ်းဟုကျော်ကြားသော ဒုစရိုက်ဂိုဏ်းကြီး၏သမိုင်းကဏ္ဍ တစ်ခန်းရပ်ခဲ့ပြီဖြစ်ပါ၏။

ဒုစရိုက်ဌာနချုပ်ကို ရှင်းလင်းရင်း စုံထောက်ကြီးဦးသော်ဇင်က သူတော်ရွှေကိုစစ်မေးခြင်းပြုလေသည်။

"ခင်ဗျားရဲ့သူငယ်ချင်း ဦးမိုးပွင့်ကို လေးပွင့်သစ္စာဒေဝီက ဘယ်နေရာမှာ သတ်တာလဲ"

"ကျွန်တော်တို့ရဲ့အိမ်မှာပါ"

"ဦးမိုးပွင့်ရဲ့အလောင်းရော"


"ပြဿနာတွေ မီးခိုးကြွက်လျှောက်ဖြစ်လာမှာစိုးလို့ ကျွန်တော်တို့ခြံရဲ့နောက်ပိုင်းက ရေတွင်းပျက်ကြီးထဲ ပစ်ချဖုံးဖိ ဖျောက်ဖျက်လိုက်ပါတယ်"

"အင်း . . . အဲဒီအလောင်းကို ပြန်ဖော်ရတော့မှာပေါ့"

နောက်ဆုံးတော့ ဥပဒေကိုဖျောက်ဖျက်ကျူးလွန်သူတို့မှာ ဥပဒေ၏ရှေ့မှောက်တွင် ထိုက်သင့်သောအပြစ်ဒဏ်ကိုခံယူရန် ဒူးထောက်လက်မြှောက်ရောက်ရှိရပြီဖြစ်ပါသတည်း . . .

❒❒❒





## ချစ်ခြင်းဥယျာဉ်

နောက်နေ့နံနက်မိုးမလင်းမီမှာပင်၊ လူရဲတို့၏အိမ်လေးသို့ ဝင်ထွက်နိုင်သည့် လမ်းသွယ်လေးအားလုံးတွင် စီအိုင်ဒီစုံထောက်များက အရပ်ဝတ်နှင့် နေရာဖြန့်ကျက်ယူထားပြီးဖြစ်သည်။

လူရဲက စုံထောက်အင်စပက်တော်ကြီးဦးသော်ဇင်အား ခပ်တိုးတိုးမေးမြန်းလိုက်သည်။

"အန်ကယ် . . . မမဒေဝီကို ဘယ်လိုဖမ်းမှာလဲ ခင်ဗျာ"

"ဒီနေ့ကြာသပတေးနေ့လေ ကြာသပတေးနေ့မနက်တိုင်း လေးပွင့်သစ္စာဒေဝီဟာ လှည်းတန်းဈေးသွားပြီး သစ္စာပန်း



www.burmeseclassic.com

www.burmeseclassic.com



တွေ ဝယ်တတ်တယ်ဆို''

''ဟုတ်တယ် အန်ကယ်၊ သစ္စာပန်းလေးခိုင်ကိုဝယ်ပြီး မြင်းလှည်းငှားလို့ မမဒေဝီဟာ ကိုးထပ်ကြီးဘုရားသွားဖူးလေ့ရှိတယ်၊ မနက် (၉) နာရီတိတိမှာ သစ္စာပန်းခိုင်တွေကို ဘုရားဆက်ကပ်လှူဒါန်းပြီး သစ္စာအဓိဋ္ဌာန်ပြုလေ့ရှိတယ်''

''အင်း ... ဒီတော့ ... မိုးလင်းပြီးမကြာခင် သူဟာအိမ်ကထွက်မှာပဲမဟုတ်လား။ ထွက်လာတာနဲ့ ကျုပ်တို့ဖမ်းလိုက်မှာပေါ့''

''မမဒေဝီကို ဒီလိုလမ်းဘေးမှာမဖမ်းစေချင်ဘူး။ သူဟာ အသာတကြည်အဖမ်းခံမှာမဟုတ်ဘူး။ အန်ကယ်တို့က သူ့ကို ဝိုင်းဝန်းတိုက်ခိုက်ဖမ်းဆီးတာကိုလည်း ... ကျွန်တော်ကြည့်ရက်မှာမဟုတ်ဘူး''

''တာဝန်ဝတ္တရားအရတော့ ကျုပ်တို့က တရားခံကို မမိ,မိအောင်ဖမ်းရမှာပဲ ... ဘယ်နည်းနဲ့မှ အလွတ်ခံလို့မဖြစ်ဘူး''

''အဓိကရည်ရွယ်ချက်က လေးပွင့်သစ္စာဒေဝီကို ဖမ်းမိဖို့ပဲမဟုတ်လား အန်ကယ်''

''ဟုတ်တယ်လေ ... သူကျူးလွန်ခဲ့တဲ့လူသတ်မှုတွေအတွက် သူ့ကို မလွတ်တမ်းဖမ်းရမှာပဲ''

''မမဒေဝီကို ရက်ရက်စက်စက် ဝိုင်းဝန်းတိုက်ခိုက် ဖမ်း





ဆီးတာမျိုးမလုပ်ရဘဲ အသာတကြည်ဖမ်းမိအောင် ကျွန်တော်နဲ့ ကေကေတို့ကို ကြိုးစားခွင့်ပြုပါ အန်ကယ်''

စုံထောက်ကြီးဦးသော်ဇင်မှာ တွေဝေစဉ်းစားသွားရပြီ၊ တကယ်တော့ လေးပွင့်သစ္စာဒေဝီ မည်သည့်နေရာတွင်ရှိသည်။ မည်သို့ရုပ်ဖျက်ထားသည်ဆိုသည့် အဘိုးတန်သတင်းကို လှူရဲက ပေးခဲ့ခြင်းဖြစ်သည်။

အမှန်တော့ လှူရဲသည် လေးပွင့်သစ္စာဒေဝီအပေါ် အစ်မတစ်ဦးလို ခင်မင်သံယောဇဉ်ဖြစ်မိနေပြီး လေးပွင့်သစ္စာဒေဝီအား ဒုက္ခတွေ့စေမည့်အရေးကို ပြုလုပ်လိုသူ မဟုတ်ချေ။

သို့သော် လှူရဲသည် ဒုစရိုက်လောကထဲ နောက်ဆုတ်မရအောင်ကျွံဝင်ခြင်းမပြုမီ နောင်တအသိတရားနှင့်အတူ ကေကေမှတစ်ဆင့် စီအိုင်ဒီစုံထောက်အဖွဲ့ကြီးနှင့်ပူးပေါင်းလာခဲ့ပြီးနောက် ဥပဒေကိုအကြိမ်ကြိမ်ဖောက်ဖျက်ကျူးလွန်ခဲ့သည့် လူသတ်တရားခံ လေးပွင့်သစ္စာဒေဝီအား ဖမ်းဆီးမိစေဖို့ ဝိုင်းဝန်းကူညီရန် ကတိပြုခဲ့၏။

''လူသတ်တရားခံတစ်ဦးကို အကာအကွယ်ပေးတာ၊ ရှောင်ပုန်းနေထိုင်စေဖို့ကူညီတာဟာ ဥပဒေကိုဖောက်ဖျက်ကျူးလွန်ရာရောက်တယ် ... မောင်လှူရဲ၊ အဲဒီလိုပြစ်မှုကျူးလွန်ထားသူကို ကူညီအားပေးရင် ရာဇဝတ်အပြစ်ဒဏ်ထိုက်တယ်၊ ဒီတော့ လေးပွင့်သစ္စာဒေဝီကို မင်း ဆက်လက်ပြီးအကာအကွယ်



www.burmeseclassic.com

www.burmeseclassic.com



အကူအညီမပေးပါနဲ့၊ သူဟာ လူသတ်မှုတွေကျူးလွန်ထားသူပါ။ သူ့ကို ဥပဒေရဲ့ရှေ့မှောက်ရောက်အောင်သာ ကူညီပို့ပေးပါ''

ယင်းသို့သော စုံထောက်ကြီးဦးသော်ဇင်၏ဖျောင်းဖျစကားကြောင့် လူရဲမှာ လေးပွင့်သစ္စာဒေဝီအား ဥပဒေ၏ရှေ့မှောက် ပို့နိုင်ရန် ယခုလိုကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ပါ၏။

''ဆိုပါဦး ... မောင်လူရဲ မင်းတကယ်ပဲ လေးပွင့်သစ္စာဒေဝီကို အသာတကြည်ဖမ်းမိအောင် ကြိုးစားနိုင်ပါ့မလား ... ဘယ်လိုကြံစည်ကြိုးစားမှာလဲ''

''ကျွန်တော် ကေကေနဲ့သေချာတိုင်ပင်ပြီး ကြိုးစားပါ့မယ် အန်ကယ်''

ထို့နောက် နံနက်နေခြည်အတော်အတန်လင်းဖြာလာသည်တွင် လူရဲနှင့်ကေကေတို့သည် မိုးစက်(ခေါ်)လေးပွင့်သစ္စာဒေဝီရှိရာအိမ်လေးဆီ မြေလမ်းဖြူဖြူလေးအတိုင်း လျှောက်လှမ်းလာတော့၏။

လေးပွင့်သစ္စာဒေဝီမှာ ဈေးသို့မသွားမီ နံနက်အာသာပြေ (Breakfast) အဖြစ် ကော်ဖီနှင့်ပေါင်မုန့်မီးကင်ကို စားသောက်ပြီးနောက် အိမ်ရှေ့ခန်းသို့ထွက်လာစဉ် အိမ်ပေါ်သို့တက်လာသည့် လူရဲနှင့် ကေကေကိုတွေ့ရသည်နှင့် မျက်ခုံးတို့ပင့်သွားတော့၏။

''ဘယ့်နှယ်လဲ လူရဲ ... မင်းညက တပေါင်းဘုရားပွဲသွားမယ်ဆိုပြီးပြောသွားတာ နေမြင့်မှပဲပြန်လာရသလား ...





သူကရော ဘယ်သူလဲ''

လူရဲက ကေကေ့ကို ကြိမ်ဆက်တီခုံပေါ်၌ သူနှင့်အတူထိုင်စေပြီးနောက် ...

''ထိုင်ပါဦး ... ကေကေနဲ့မိတ်ဆက်ပေးချင်လို့ ... သူက ကျွန်တော်ရဲ့ချစ်သူ ကေကေပါ''

ဟု မိတ်ဆက်ပေးလိုက်ရာ လေးပွင့်သစ္စာဒေဝီမှာ မျက်ခုံးပင့်သွားပြန်ပြီး ခေါင်းတညိတ်ညိတ်ဖြင့် လူရဲတို့စုံတွဲကို သဘောကျစွာ ပြုံးကြည့်နေတော့၏။ သူတို့ရှေ့ရှိ ကြိမ်ဆက်တီခုံ၌ လေးပွင့်သစ္စာဒေဝီ ထိုင်လိုက်သည်နှင့် လူရဲက သူမ၏မျက်နှာကိုတည့်တည့်ကြည့်ကာ မေးခွန်းထုတ်လိုက်သည်။

''အခု ဈေးမှာ သစ္စာပန်းသွားဝယ်မလို့လား''

''ဟုတ်တယ်လေ''

''အဲဒီသစ္စာပန်းလေးခိုင်ကို ဝယ်စရာမလိုတော့ပါဘူးလေ ... လေးပွင့်သစ္စာနဲ့ပတ်သက်ပြီး ဘုရားမှာ သစ္စာဆိုဖို့လည်း မလိုတော့ပါဘူး''

''ဘာ ... ဘာပြောတယ်''

စကားဆန်းပြောလာသည့်လူရဲကို လေးပွင့်သစ္စာဒေဝီက အံ့ဩနားမလည်နိုင်စွာ မျက်မှောင်ကြုတ်ကြည့်သည်။

''ကြာသပတေးနေ့မနက်တိုင်း လေးပွင့်သစ္စာနဲ့ပတ်သက်ပြီး သစ္စာအဓိဋ္ဌာန်ပြုဖို့ မလိုတော့ဘူးလို့ပြောတာပါ၊ အဲဒါဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲဆိုတော့ သူတော်ရွှေလို့ခေါ်တဲ့ ဦးရန်ကြီးရွှေ (ခေါ်) ဦးဆက်နောင်ဟာ သူ့ရဲ့ဖနီးသည်ဒေါ်သူဇာနဲ့အတူ မနေ့ညကပဲ စီအိုင်ဒီကစုံထောက်အရာရှိတွေရဲ့ ဖမ်းဆီးခြင်း ခံလိုက်ရလို့ပါပဲ"

"အို"

"ခုဆို သူတော်ရွှေ (ခေါ်) ရန်ကြီးရွှေ (ခေါ်) ဦးဆက်နောင်ဟာ ဒေါ်သူဇာနဲ့အတူ ထောင်ကြီးအချုပ်ကိုရောက်နေပါပြီ သူတည်ထောင်ထားတဲ့ 'ဝ'တစ်လုံးသူတော်ဂိုဏ်းဟာလည်း ပြိုကွဲသွားပြီး ဂိုဏ်းသားအားလုံးကိုပါ လက်ရဖမ်းဆီးနိုင်ခဲ့ပါပြီ"

မိုးစက် (ခေါ်) လေးပွင့်သစ္စာဒေဝီမှာ ဣန္ဒြေမဆည်နိုင်အောင် လှုပ်လှုပ်ရှားရှားဖြစ်သွားတော့သည်။

"မင်း ... မင်းဘာပြောတယ်၊ ဦးဆက်နောင်ဟာ သူတော်ရွှေ ... ဟုတ်လား၊ မဟုတ်နိုင်တာပဲ ... ရန်ကြီးရွှေဟာ အဲဒီရုပ်မျိုးမဟုတ်ဘူး"

"သူဟာ ဦးရန်ကြီးရွှေပါ မမဒေဝီ၊ အိန္ဒိယနိုင်ငံသားဆရာဝန်ကြီးတစ်ဦးဆီမှာ မျက်နှာကိုခွဲစိတ်လို့ ပလပ်စတစ်ဆာဂျရီနည်းနဲ့ ပြုပြင်ထားတာပါ"

"ဟင်"

လေးပွင့်သစ္စာဒေဝီ၏မျက်နှာမှာ သွေးဆုတ်သလိုဖွေးအဖြစ်သွားပြီးနောက် ချက်ချင်းဒေါသသွေးတို့ဖြင့် ရဲတက်လာတော့၏။ လွန်စွာလှုပ်ရှားသော စိတ်ခံစားမှုကြောင့် သူစိမ်းမိန်းကလေး





ကေကေရှိနေသည်ကိုပင် ဂရုမထားမိတော့ချေ ...

"တောက် ... သင်းကို တွေ့ချင်လွန်းလို့ မြေလှန်ရှာနေခါမှ သင်းကိုအနားမှာထားပြီး မျက်စိလျှံရတယ်လို့ ... ဒီလိုမှန်းသိရင် ဟိုနေ့ညက သင်းကိုပါသတ်ခဲ့ပါတယ် ... ဖြစ်ရလေ ... တောက်"

ငြိုးမာန်ကြီးလှသည့် လေးပွင့်သစ္စာဒေဝီ၏မျက်နှာကဒေါသသွေးတို့ဖြင့် ရဲရဲနီနေသည်မှာ မီးတောင်၏မျက်နှာပြင်အလား ထင်ရချေ၏။ လူရဲက သက်ပြင်းချလိုက်ပြီး ...

"စိတ်ကိုလျှော့လိုက်ပါတော့ မမဒေဝီရယ်၊ အခုဆို ဦးရန်ကြီးရွှေဟာ သူကျူးလွန်ခဲ့တဲ့ရာဇဝတ်မှုတွေအတွက် ထိုက်တန်တဲ့ အပြစ်ဒဏ်ခံရတော့မှာပါ၊ ဥပဒေရဲ့ပြင်ပကနေ မကောင်းမှု ကျူးလွန်သူတွေဟာ တစ်နေ့နေ့မှာတော့ ဥပဒေရဲ့ရှေ့မှောက်ရောက်ရစမြဲပါ၊ ရာဇဝတ်ဘေးကနေ ပြေးလို့မလွတ်ပါဘူးလေ"

ဟု လေအေးအေးဖြင့် ပြောလိုက်ရာ လေးပွင့်သစ္စာဒေဝီသည် လူရဲ၏မျက်နှာအား ဖျတ်ခနဲ စူးစူးရဲရဲကြည့်လိုက်ပြီး ...

"ဩ ... မင်းက ငါ့ကို တရားလာချနေတာလား၊ မင်းလည်း 'ဝ'တစ်လုံးသူတော်ဂိုဏ်းကပဲ မဟုတ်လား၊ မင်းဟာ အဲဒီဂိုဏ်းသား ဖြစ်ပါလျက်နဲ့ ဘာကြောင့် ငါ့ကို ဖုံးကွယ်ထားရတာလဲ ... ဘာသဘောလဲ"

ဟု ဒေါသတကြီးမေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မှန်တာပြောရရင် ကျွန်တော့်ဘဝရဲ့ အခက်အခဲကြောင့် 'ဝ'တစ်လုံးသူတော်ဂိုဏ်းထဲ မတော်တဆဝင်ဖြစ်သွားတာပါ မမဒေဝီ၊ 'ဝ'တစ်လုံးသူတော်ဂိုဏ်းချုပ်ကြီး သူတော်ရွှေ ကျွန်တော့်ကို ပေးအပ်လိုက်တဲ့တာဝန်က မမဒေဝီကိုတွေ့အောင် ထောက်လှမ်းရှာဖွေပြီး သုတ်သင်ရှင်းလင်းပစ်ဖို့ပါ။ အဲဒီလို သုတ်သင်ရှင်းလင်းနိုင်ရင် ဆုလာဘ်တွေ ထိုက်ထိုက်တန်တန် ချီးမြှင့်မယ်လို့လည်း ပြောပါတယ်၊ ကျွန်တော်ဟာ မမဒေဝီကို ရှာဖွေတွေ့ရှိတော့ သူတော်ရွှေ ခိုင်းသလိုမသတ်ရက်တဲ့အပြင် မမဒေဝီရဲ့နာကြည်းကြေကွဲစရာ အတိတ်အကြောင်းတွေ ကြားသိရပြီး ကိုယ်ချင်းစာနာစိတ်နဲ့ မောင်တစ်ဦးက အစ်မရင်းကို စောင့်ရှောက်သလို စောင့်ရှောက်ကူညီခဲ့တာ မမဒေဝီအသိပါပဲ"

"ခုတော့ ကျွန်တော့်ရဲ့တွေးခေါ်ယူဆမှုက ပြောင်းသွားပါပြီ၊ မကောင်းမှုဒုစရိုက်နယ်မှာ ကိုယ့်ကိုယ်ကိုယ် နစ်မွန်းမခံလိုတော့ဘဲ ရုန်းထွက်ဖို့ကြိုးစားရာက ဟောဒီက ကေကေနဲ့ဆုံမိခဲ့ရတာပါပဲ"

အဲဒီနောက် ... ကေကေနဲ့လက်တွဲပြီး 'ဝ'တစ်လုံးသူတော်ဂိုဏ်းကြီးကိုဖြိုခွင်းလို့ ဂိုဏ်းခေါင်းဆောင်ဇနီးမောင်နှံဖြစ်တဲ့ ဦးဆက်နောင် (ခေါ်) သူတော်ရွှေနဲ့ ဒေါ်သူဇာအပါအဝင် တစ်ဂိုဏ်းလုံးကို သက်ဆိုင်ရာက ဖမ်းဆီးရမိသွားတာပါ"

လေးပွင့်သစ္စာဒေဝီမှာ အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့်ကိုက်ရင်း ကေကေ့ကိုစူးစူးရဲရဲကြည့်လိုက်ကာ လက်ညှိုးထိုးလျက် ...

"ကေကေဟာ ဘယ်သူလဲ"

ဟု ကျားဟိန်းသံဖြင့် မေးလိုက်လေ၏။

"ကေကေဟာ စီအိုင်ဒီက စုံထောက်အရာရှိမလေးတစ်ဦးပါပဲ မမဒေဝီ ... ကေကေရဲ့အဖေအရင်းကိုယ်တိုင်က 'ဝ'တစ်လုံးဂိုဏ်းသားတစ်ဦးဖြစ်နေပြီး မနေ့ညက တစ်ဂိုဏ်းလုံးကို ဖမ်းရာမှာ ကေကေရဲ့အဖေ သေဆုံးကွယ်လွန်သွားခဲ့ရပါတယ်"

"ဩော် ... ဒီလိုလား ... ခု ... သူ ... မင်းနဲ့ လိုက်လာတာ ဘာသဘောလဲ"

"ဒီလိုပါ မမဒေဝီ ... ကေကေရော ကေကေရဲ့အထက်အရာရှိတွေနဲ့လုပ်ဖော်ကိုင်ဖက်အားလုံးပါ ကျွန်တော်ပြောပြလို့ မမဒေဝီရဲ့အကြောင်းကို သိပြီးကြပါပြီ"

"ဟင်"

လေးပွင့်သစ္စာဒေဝီမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး သူ့ရဲ့ကို အံကြိတ်ကာ စူးစူးရဲရဲကြည့်လိုက်၏။

"ခွင့်လွှတ်ပါမမဒေဝီ ... မကောင်းမှုကျူးလွန်မိသူဟာ မကောင်းမှုရဲ့ကံကို ကျေကျေနပ်နပ်ကြီးခံယူရစမြဲပါ၊ ခုဆို မမဒေဝီရဲ့လေးပွင့်သစ္စာရည်မှန်းချက်လည်း ပြည့်ခဲ့ပါပြီလေ ... ဦးကျောက်စိမ်းနဲ့ဦးမိုးပွင့်တို့ သေဆုံးသွားခဲ့ရပါပြီ၊ ဦးရန်ကြီးရွှေလည်း







www.burmeseclassic.com

www.burmeseclassic.com



ဥပဒေရဲ့ပြစ်ဒဏ်စီရင်မှုခံရပါပြီ ... ကျေနပ်ပါတော့ဗျာ''

လေးပွင့်သစ္စာဒေဝီမှာ တွေဝေငေးငိုင်သွားတော့၏။ ဖွင့်ထားသောပြတင်းမှ ခြံအပြင်ဘက်သို့လှမ်းကြည့်လိုက်တော့ ခြံရှေ့မလှမ်းမကမ်းမှ မြေလမ်းလေးဝဲယာတွင် မိုးတိုးမတ်တတ်ရပ်နေကြသော လူစိမ်းအချို့ကိုတွေ့ရသည်။ သူမအတွက် ပြေးလမ်းကြောင်းအားလုံး ပိတ်ထားပြီဖြစ်ကြောင်း ရိပ်မိခဲ့ပြီ။ လူရဲပြောသလို ရာဇဝတ်ဘေး ပြေးမလွတ်တော့ပြီပဲ ...။

လေးပွင့်သစ္စာဒေဝီက နာကျင်စွာပြုံးလိုက်ပြီးနောက် ဝတ်ထားသောရှပ်အင်္ကျီအိတ်ကပ်ထဲမှ ဆေးလုံးမည်းမည်းလေးသုံးလုံးကို ထုတ်ယူလိုက်ကာ ပါးစပ်ထဲသို့ ဖျတ်ခနဲသွင်းလိုက်သည်။

'ဂွစ်'

'ဖောင်း'

လူရဲက လေးပွင့်သစ္စာဒေဝီအား ခုန်အုပ်လိုက်ရင်းမှ လက်ယာလက်ဖြင့် သူမ၏လက်ကို လျင်မြန်စွာပုတ်ထုတ်လိုက်ရာ ဆေးမည်းမည်းလေးများ လွင့်ထွက်သွားပြီး ကောကောကလည်း သူမ အနီးသို့ ဖျတ်ခနဲချဉ်းကပ်ကာ လက်ထိပ်ခတ်လိုက်တော့၏။

''ဘဝကို ဒီလိုအရှုံးမပေးပါနဲ့ မမဒေဝီ ... ကိုယ်ပြုခဲ့တဲ့အမှုတွေအတွက် ဥပဒေကိုရဲရဲရင်ဆိုင်ပါဗျာ၊ ကျွန်တော်လည်း တတ်နိုင်သလောက်ကူညီပါ့မယ်''

ခုနစ်စဉ်ကြယ်စာပေ



''ဟုတ်ပါတယ်ရှင် ... ကောကောလည်း အစ်ကိုလူရဲပြောပြလို့ မမရဲ့နာကြည်းချက်၊ ခံစားချက်တွေကိုသိရပြီး ကိုယ်ချင်းစာမိပါတယ်၊ ဒါပေမဲ့ ဥပဒေဘက်တော်သားတစ်ဦးအနေနဲ့ ဖလှဲမရှောင်သာလို့ ခုလိုဖမ်းဆီးရတာပါ ... မမ ဥပဒေကိုရင်ဆိုင်တဲ့အခါ ဥပဒေဘောင်အတွင်းကနေ ကောကောလည်း အစ်ကိုလူရဲနဲ့လက်တွဲကူညီပါ့မယ်ရှင်''

လေးပွင့်သစ္စာဒေဝီမှာ အံကြိတ်ကာ တွေတွေကြီးထိုင်နေရာမှ စိတ်ကိုလျှော့ချလိုက်ပြီးနောက် ... မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ကြီးတငင်ငို ကြွေးလိုက်ပါတော့သတည်း ...။

◻

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီရန့်တို့သင်းထုံပျံ့လျက်ရှိသော 'ပန်းမြင့်မိုရ်ရောင်စုံ ပန်းဥယျာဉ်ခြံကြီးထဲမှ ကျောက်ဖြူသားထိုင်ခုံလေးပေါ်တွင် ထိုင်နေသည့် အသားဖြူဖြူ ရုပ်ချောချောလူငယ်လေးတစ်ဦးမှာ ဦးခေါင်းငိုက်စိုက်ချရင်း မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့်အုပ်ကာ တသိမ့်သိမ့်ရှိုက်ငိုလျက် ရှိလေသည်။

ထိုလူငယ်လေးသည်ကား ဇော်တိုးပင်ဖြစ်ပါသည်။

ကျောက်ဖြူသားထိုင်ခုံလေး၏နံဘေးတွင် ကေကေနှင့်အတူ ရပ်နေသည့်လူရဲက ဇော်တိုး၏ပခုံးတစ်ဖက်ကို ကြင်နာစွာဖျစ်ညှစ်လိုက်ရင်း ...

"သိပ်လည်း ဝမ်းနည်း အားငယ်မနေပါနဲ့ ညီလေးရေ





တိုးရယ် အစ်ကိုတို့ရှိပါတယ် ...မင်းကို ညီတစ်ယောက်လို သဘောထားပြီး အစ်ကိုတို့ ဝိုင်းဝန်းကူညီဖေးမသွားမှာပါကွာ"

ဟု အားပေးနှစ်သိမ့်လိုက်ရာ ဇော်တိုးက ခပ်ဖြည်းဖြည်းမော့ကြည့်လိုက်ရင်း ကြေကွဲဆို့နစ်စွာပြောရှာသည်။

"ဒယ်ဒီနဲ့မာမီ အဲဒီအလုပ်တွေလုပ်တာ ကျွန်တော်လုံးဝမသိခဲ့ပါဘူး အစ်ကိုရာ ကျန်ခဲ့တဲ့နှစ်နှစ်ကျော်လောက်က ခရီးထွက်မယ်ဆိုပြီး ဒယ်ဒီဟာ အိမ်ကနေ နှစ်လလောက် ပျောက်သွားခဲ့ရာက ပြန်ရောက်လာတော့ ဒယ်ဒီရဲ့ရုပ်ဟာ ပြောင်းသွားခဲ့ပါတယ်၊ ကျွန်တော်က မာမီ့ကို အဲဒီလို ဘာဖြစ်လို့ဖြစ်တာလဲလို့မေးတော့ ရှမ်းဒေသဘက်မှာ ကားအက်ဆီးဒင့်ဖြစ်ပြီး မျက်နှာခိုက်မိရာက ရုပ်ပျက်သွားလို့ မျက်နှာကိုခွဲစိတ်ပြုပြင်ကုသလိုက်ရတယ်၊ အဲဒါကြောင့် မူလရုပ်ကနေ ပြောင်းသွားတာလို့ ပြောပါတယ်၊ ကျွန်တော်ဟာ ဒယ်ဒီနဲ့မာမီတို့ရဲ့လုပ်ရပ်တွေကို တကယ်ပဲမရိပ်မိခဲ့တာပါ"

"အေးပါကွာ ...မင်းက လူငယ်ဆိုတော့ စားမယ်၊ သွားမယ်၊ သုံးဖြုန်းမယ်၊ ဒါပဲ အာရုံထားခဲ့မှာပေါ့၊ တကယ်တော့ မင်းရဲ့မိဘတွေကျူးလွန်တဲ့ ရာဇဝတ်မှုတွေအကြောင်း မင်း မသိတာပဲ ကောင်းပါတယ်လေ၊ မင်းသိရင်လည်း သူတို့ကိုတားမြစ်လို့ရမှာမှ မဟုတ်ဘဲ၊ ကဲပါလေ ...ပြီးတာလည်းပြီးပါစေတော့ မင်းရဲ့မိဘတွေ တရားဥပဒေကပေးတဲ့ပြစ်ဒဏ်ခံနေရတုန်း မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို မင်း ရပ်တည်နိုင်အောင်ကြိုးစားပေါ့ကွာ ... အစ်ကိုတို့လည်း ဝိုင်းဝန်းကူညီဖေးမပေးပါ့မယ် ... မင်းရဲ့မိဘတွေ ကျူးလွန်ခဲ့သလိုမျိုး မကောင်းမှုဒုစရိုက်ကိုတော့ လုံးဝမကျူးလွန်မိစေနဲ့နော်၊ မကောင်းမှုဆိုတာ တာရှည်အကျိုးမပေးပါဘူးကွာ ... မကောင်းမှုပြုသူဟာ မကောင်းမှုရဲ့ဒဏ်ကို တစ်နေ့ခံရစမြဲပါ"

"ဟာ စိတ်ချပါအစ်ကိုရာ ... မကောင်းမှုမှန်သမျှကို ကျွန်တော် သိပ်ကိုကြောက်သွားပါပြီ၊ ဒယ်ဒီမာမီတို့ရဲ့ အဖြစ်ဆိုးကို နမူနာယူပြီး မကောင်းမှုကိစ္စတွေနဲ့ဝေးအောင်ရှောင်ဖို့ အသိတရား အပြည့်အဝရသွားပါပြီဗျာ၊ ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာဆိုတာ တကယ်မှန်ပါတယ် အစ်ကိုရာ"

"အေး ... အေး ... ဒါဆို အစ်ကိုတို့ပြန်ဦးမယ်နော် ... အားမငယ်နဲ့နော် ငါ့ညီ"

"ဟုတ်ကဲ့ပါ အစ်ကို"

လူရဲမှာ တစ်ဦးတည်းအထီးကျန်ခဲ့ရှာလေသော ဇော်ထိုက်ကို အားပေးနှုတ်သိမ်ပြီးနောက် ကေကေ့လက်ကိုဆွဲကာ 'ပန်းမြိုင်မိုရ်'ဥယျာဉ်ခြံကြီးထဲမှ တစ်လှမ်းချင်းလှမ်းထွက်ခဲ့ပါ၏။

နေခြည်နွေးနွေးဖြာကျလျက်ရှိသော နှင်းဆီရောင် ဥယျာဉ်ကြီးထဲဝယ် တစ်ခုသောပန်းအိုး၌ ငွားငွားစွင့်စွင့်ပွင့်နေသည့် အနက်ရောင်နှင်းဆီပွင့်လေးတို့မှာ သူတို့ကိုပြုံးစုပျိုးထောင်





စိုက်ပျိုးခဲ့လေသောအရှင်သခင်နှင့် နှစ်ပေါင်းများစွာ ဝေးကွာရပေဦးတော့မည် ...

နှင်းဆီနက်လေးတို့ကို စောင်းငဲ့ကြည့်ပြီးနောက် ခြံတံခါးဝဆီ ဦးတည်လျှောက်လှမ်းရင်းမှ လူရဲက ကေကေ့လက်ဖဝါးလေးကို ညင်သာစွာဖျစ်ညှစ်လိုက်ကာ ...

"ကေကေ ... 'ဝ'တစ်လုံးသူတော်ကိစ္စကြီးကို တို့တွေအောင်မြင်စွာ ဖြေရှင်းခဲ့ပြီးပြီမို့ ကေကေရဲ့ကတိစကားအတိုင်း ကေကေရဲ့ အချစ်ကို တို့ရနိုင်ပြီပေါ့နော်"

ဟု ကေကေ၏မျက်နှာလှလှလေးကို ငဲ့ကြည့်ရင်း တိုးတိုးလေးမေးလိုက်ရာ ကေကေက ချစ်မျက်စောင်းလေးထိုးလိုက်ပြီးနောက် လူရဲ၏ပခုံးကို ဦးခေါင်းလေးမှီလိုက်ကာ ...

"ကေကေရဲ့အချစ်ရော ဘဝကိုပါ ရနိုင်ပါပြီတဲ့ရှင်"

ဟု ချစ်စဖွယ်ပြောလိုက်ပါ၏။

နှင်းဆီရနံ့တို့ကြိုင်လှိုင်လျက် လိပ်ပြာလှလှလေးတို့ ဝဲပျံမြူးတူးနေသည့် ပန်းဥယျာဉ်ကြီးထဲဝယ် ချစ်ခြင်းရနံ့တို့ဖြင့်ပါ သင်းထုံမွှေးပျံ့သွားပါတော့သတည်း။

ပြီး

- ဆက်လက်ကြိုးစားပါဦးမည်။

မိုးပြာအာရှ

www.burmeseclassic.com